# မင်္ဂလာတောင်တော်

# မှ

# ခရစ်တော်၏ဩဝါဒများ

(အီး၊ ဂျီ၊ ဝှိုက်)

# THOUGHTS FROM THE MOUT OF BLESSING

(E. G. White)

စကားချီး

ဤစာစောင်ငယ်ကို ၁၈၉၀ ခုနှစ်ကစတင်၍ ကမ္ဘာအရပ်ရပ်၌ထုတ်ဝေခဲ့ရာ လူကြိုက်များသောကြောင့် ယခုအခါ ဘာသာစကား ပေါင်းနှစ်ဆယ်ကျော်ဖြင့် ထုတ်ဝေနေပါသည်။ စာဖတ်ပရိသတ်၏ အလိုဆန္ဒပြည့်ဝစေဖို့ စောင်ရေပေါင်းမြောက်မြားစွာကို အကြိမ်ကြိမ် ထုတ်ဝေခဲ့ပါသည်။

ဤစာစောင်ကိုပြုစုသူ အယ်လင်ဂျီဝှိုက်(၁၈၂၇–၁၉၁၅)သည် ဘာသာရေးဟောပြောမှု၌သာမက ရေးသားရာ၌လည်းထင်ရှားကျော် စောသောအမျိုးသမီးကြီးဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု၊ *ပေါ့တလင်မိန်းတွင်မွေးဖွား၍ ငယ်စဉ်က နယူအင်္ဂလန်ပြည်နယ်တွင် နေထိုင်ခဲ့ပါသည်။ အလယ်ပိုင်းနှင့်အနောက်ပိုင်းပြည်နယ်များတွင် တာဝန်အရနှစ်ပေါင်းများစွာလှည့်လည်၍ တရားဒေသနာဟောပြောခဲ့ပါ သည်။ ၁၈၈၅ ခုနှစ်မှ ၁၈၈၇ ခုနှစ်အထိ ဥရောပတိုက်၌ခရစ်ယာန် သာသနာပြုဆောင်ရွက်ခဲ့ချိန်က လူထုပရိသတ်ကြီးများကိုတရား ဟောပြောခဲ့ပါသည်။ စာအုပ်များလည်းရေးသာပြုစုခဲ့ပါသည်။ ၎င်း နောက် ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံများတွင် ကိုးနှစ်ကြာမျှခရစ် ယာန်သာသနာပြုဟောပြောလျက် စာအုပ်များရေးသားပြုစုခဲ့ပါသည်။

ယင်းသို့ရေးသားပြုစုခဲ့သည့် စာအုပ်ကြီးငယ်ငါးဆယ်ကျော်တွင် ဘာသာရေး၊ ပညာရေး၊ ကျမ်းမာရေး၊ အိမ်ထောင်ရေးနှင့်လက်တွေ့ ခရစ်ယာန်အယူဝါဒများပါဝင်ပါသည်။ ၎င်းတို့တွင် ဤစာစောင်ပါဝင် ပါသည်။

---
* Portland, Maine

# စကားချီး

ဤ "မင်္ဂလာတောင်တော်မှ ခရစ်တော်၏ဩဝါဒများ" ကို ဖတ်ရှုလေ့လာသူအနေဖြင့် ခရစ်ယာန်အယူဝါဒ၏အခြေခံမူလအစဖြစ်သောမင်္ဂလာတရားတော်ကို ထိုမင်္ဂလာတောင်တော်၌ ခရစ်တော်ကိုယ်တိုင်ဟောကြားနေစဉ်က ကိုယ်ခတ်၏ ခြေတော်ရင်းသို့ရောက်နေလျက်ကိုယ်တော်၏ပကတိအသံတော်ကို ကိုယ်တိုင်နားဆင်နေရသကဲ့သို့ ခံစားရပေလိမ့်မည်။ နိုင်ငံတော်သားဖြစ်ရေးအတွက် မဟာစာချုပ်ကြီးပမာ အရေးကြီးသည့်အခြေခံသဘောတရားများကို စိတ်ဝင်စားမှုကြီးစွာဖြင့် အာရုံပြုဖတ်ရှုလေ့လာရင်း အတုမရှိသောဒေသနာတော်ဖြစ်ကြောင်းကိုယ်တိုင်တွေ့သိခံစားပေလိမ့်မည်။

အယ်လင်ဂျီဂွိုက်စာပေများ<br>
ထုတ်ဝေရေးအဖွဲ့<br>
The Trustees of the<br>
Ellen G. White Publications.

# နိဒါန်း

ဤ "မင်္ဂလာတောင်တော်မှခရစ်တော်၏ဩဝါဒများ" သည် ဘုရားသခင်၏ပလ္လင်တော်မှအသံတော်ဖြစ်၍ လောကီသားတို့အဖို့ ကောင်းကင်ဘုံမှသွန်းလောင်းသော မေတ္တာကောင်းချီးမင်္ဂလာဖြစ်ပါသည်။ လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် တာဝန်နှင့်ဆိုင်သောပညတ်တရားနှင့်ကောင်းကင်အလင်းကိုလည်းကောင်း၊ စိတ်နှလုံးညှိုးငယ်သောသူတို့အတွက် မြော်လင့်စရာနှင့်စိတ်သက်သာစရာကိုလည်းကောင်း၊ လူတို့အစဉ်မပြတ်ရင်ဆိုင်ရသည့်လောကဓံတရားပြောင်းလဲပုံမျိုးစုံနှင့် အသက်တာလမ်းတစ်လျှောက်၌ ဝမ်းမြောက်ခြင်းနှင့်နှစ်သိမ့်မှုရစေခြင်းငှာလည်းကောင်း ထိုမင်္ဂလာဩဝါဒကိုပေးတော်မူ၏။ တရားဟောဆရာအပေါင်းတို့၏ဘုရင်၊ စာသင်ဆရာအပေါင်းတို့၏အရှင်သည် ခမည်းတော်ထံမှရသောနှုတ်ကပါဠ်တော်တို့ကို အရင်းတိုင်းမြွက်ကြားတော်မူ၏။

ဤမင်္ဂလာဒေသနာတော်မှာ ယုံကြည်သောသူတို့အတွက်သာမဟုတ်ပါ၊ လူသားမိသားစုကြီးတစ်ရပ်လုံးအတွက် ခရစ်တော်၏မင်္ဂလာနှုတ်ခွန်းဆက်စကားဖြစ်ပါသည်။ မိမိသည်ကောင်းကင်ဘုံ၌မဟုတ်၊ ဤလောက၌ရှိနေတော်မူသည်ကိုလည်း ခေတ္တမျှသတမရသကဲ့သို့ အလင်းတရားလောကနှင့်ဆိုင်သောနှုတ်ခွန်းဆက်စကားများဖြင့် ရင်းနှီးစွာမိန့်တော်မူ၏။ ထိုမင်္ဂလာဒေသနာတော်တို့ကို ကိုယ်တော်မိန့်ကြားတော်မူရာ၌ အချိန်ကြာမြင့်စွာပိတ်ဆို့ထားသည့် ရေလွှတ်မြောင်းကိုဖွင့်လွှတ်လိုက်သည့်အလား ကြွယ်ဝတော်မူသည့်အသက်တော်မှအရှိန်အဟုန်ဖြင့် တင့်အပ်လျောက်ပတ်စွာထွက်ပေါ်လာပါသည်။

မိမိကိုယ်တော်တိုင်ကောင်းချီးပေးလျက် အစဉ်အသိအမှတ်ပြုမည့်အကျင့်စာရိတ္တပုံစံကို ကျွန်ုပ်တို့ယုံမှားသံသယမရှိကြစေရန် ခရစ်တော်

ရှင်းလင်းစွာဖေါ်ပြတော်မူ၏။ ဤလောကကြီး၌ကျော်စောကိတ္တိရှိလိုသော ဆန္ဒပြင်းပြသူများကိုရှောင်ဖယ်၍ ၎င်းတို့ကပယ်ထားသည့်ပရိသတ် ဘက်သို့လှည့်တော်မူလျက် မိမိ၏အလင်းတရားနှင့်အသက်ကို ယုံကြည် သူအပေါင်းတို့အား ကောင်းချီးမင်္ဂလာသွန်းလောင်းတော်မူ၏။ စိတ်နှလုံး နှိမ့်ချသောသူ၊ စိတ်နူးညံ့သိမ်မွေ့သောသူ၊ ဂုဏ်ငယ်သောသူ၊ ဝမ်းနည်း ကြေကွဲသောသူ၊ မျက်နှာငယ်သောသူ၊ နှိပ်စက်ညှဉ်းဆဲခြင်းခံရသော သူတို့အား မိမိ၏ရင်ခွင်တော်၌ ခိုလှုံခွင့်ပေးတော်မူလျက် "ငါ့ထံသို့ လာကြလော့၊ ငါသည်ချမ်းသာပေးမည်" ဟုခေါ်တော်မူ၏။

ကမ္ဘာလောကကြီးတစ်ခုလုံးဒုက္ခဆင်းရဲရောက်နေပုံကို ကြည့်ရှု ခြင်းဖြင့် လူသားကိုဖန်ဆင်းလိုက်မိသည့်အတွက် ခရစ်တော်ဝမ်းနည်း တော်မမူပါ။ လူ၏စိတ်နှလုံးအတွင်းသို့ရှုစားတော်မူရာ၌ ဒုစရိုက်ထက် ပို၍မြင်တော်မူပါ၏။ ဒုက္ခဆင်းရဲထက်လည်းပို၍မြင်တော်မူ၏။ လူသား အနေဖြင့် ဖြစ်မြောက်အောင်မြင်နိုင်သမျှကိုလည်းကောင်း၊ တက်ရောက် မြင့်မားနိုင်သမျှကိုလည်းကောင်း မိမိ၏အကန့်အသတ်မရှိသောမေတ္တာ နှင့်ဉာဏ်တော်အားဖြင့် ဆင်ခြင်၍မြင်တော်မူ၏။ လူအများအနေဖြင့် မိမိ၌ရှိသင့်သည့်ကရုဏာတရားကို အလွဲသုံးစားပြုလျက် မိမိအား ဘုရားသခင်ပေးအပ်ထားတော်မူသည့်ဂုဏ်သိက္ခာကိုဖျက်ဆီးသော်လည်း လူသားကိုကယ်တင်တော်မူခြင်းအားဖြင့် ကယ်တင်ရှင်ဘုန်းကြီးတော် မူမည်ကိုလည်းမြင်တော်မူ၏။

မင်္ဂလာတောင်တော်မှ ခရစ်တော်ဟောကြားခဲ့သမျှသောနှုတ်ကပါဌ် တော်တို့သည် ကာလအစဉ်တန်ခိုးတည်မြဲရပေမည်။ ဝါကျတိုင်းသည်လည်း သမ္မာတရားရတနာသိုက်မှထွက်သောရတနာကျောက်မြတ်မွန်များဖြစ် ပါသည်။ ကိုယ်တော်သည် မိမိယုံကြည်မျှော်လင့်သည့်အတိုင်း မင်္ဂလာရှိသော

## နိဒါန်း

သူ အသီးသီးကို တစ်မျိုးပြီးတစ်မျိုးသရုပ်ဖေါ်တော်မူရာ၌ ဖြောင့်မတ်သောအကျင့်စာရိတ္တတည်ဆောက်ထားသည့်အပေါ် အခြေပြုလျက် မိန့်တော်မူ၏။ အသက်ပေးတော်မူသောအရှင်ကိုယုံကြည်လျက် ထိုအရှင်၏ပုံစံနမူနာတော်နှင့်အညီ သက်ရှင်နေထိုင်သောသူအပေါင်းသည် ကိုယ်တော်နှုတ်မြွက်တော်မူသည့်စံနှုန်းကိုပြည့်မီအောင် သက်ရှင်နေထိုင်နိုင်ကြပေလိမ့်မည်။

---ooo---

# မာတိကာ

## မင်္ဂလာတောင်တော်မှခရစ်တော်၏ဩဝါဒများ


၁။ မင်္ဂလာတောင်တော်ဝယ်------------------- ၁
၂။ မင်္ဂလာတရားတော်--------------------- ၈
၃။ ပညတ်တော်၏ဝိညာဉ်ရေးသဘောတရားများ------ ၇၂
၄။ ကောင်းမှုပြုခြင်းတွင်ရည်ရွယ်ချက်အမှန်---------- ၁၂၅
၅။ သခင်ဘုရား၏ပတ္ထနာတော်----------------- ၁၆၃
၆။ စစ်ကြောဆုံးဖြတ်ရန်မဟုတ်၊ ဆောင်ရွက်ရန်------- ၁၉၇


---ooo---

## မင်္ဂလာတောင်တော်ဝယ်

ဗက်လင်မြို့၌ယေရှုရှင်ဖွားမြင်ခြင်းမခံယူမီ နှစ်ပေါင်းတစ်ထောင့်လေးရာကျော်က က္ကသရေလလူတို့သာယာစိုပြည်သည့် ရှေခင်တောင်ကြားမှာစုဝေးခဲ့ကြပါသည်။ ဟိုမှာဘက်နှင့်သည်မှာဘက်တွင်ရှိသောတောင်တန်းများပေါ်မှ ယဇ်ပုရောဟိတ်များက "ထာဝရဘုရားသခင်၏ပညတ်တော်တို့ကိုနားထောင်လျှင်မူကား ကောင်းချီးပေးခြင်း... နားမထောင်လျှင်မူကားကျိန်ခြင်း" ဖြစ်သည်ဟု ကောင်းချီးမင်္ဂလာ (သို့မဟုတ်) အမင်္ဂလာကကိုကြွေးကြော်ခဲ့ကြပါသည်။ (တရား၊ ၁၁း၂၇၊၂၈)။ ထိုကြောင့်ကောင်းချီးမင်္ဂလာကြွေးကြော်ခဲ့သည့် ယင်းတောင်ကို မင်္ဂလာတောင်ဟုအသိအမှတ်ပြုခဲ့ကြပါသည်။ သို့သော် ဒုစရိုက်ညါန်အတွင်းနစ်မြုပ်လျက်သောကပွေသောလူသားအား ကောင်းချီးမင်္ဂလာပေးတော်မူခဲ့ခြင်းမှာဂေရဇိမ်တောင်ပေါ်မှမဟုတ်ပါ။ က္ကသရေလလူမျိုးအနေဖြင့် စိတ်ထားမြင့်မြတ်ဖို့လမ်းခင်းပေးတော်မူခဲ့သော်လည်း က္ကသရေလလူတို့မလိုက်လျှောက်နိုင်ကြပါ။ ကိုယ်တော်၏လူများ မှန်သောယုံကြည်ခြင်း၌တည်နေကြဖို့ သခင်ယေရှုမှအပ အခြားလမ်းပြတစ်ဦးလိုအပ်လာပါသည်။ ဂေရဇိမ်တောင်ကို မင်္ဂလာတောင်ဟုအသိအမှတ်မပြုတော့ပါ။ ဂင်နေသရက်အိုင်ဘေးမှ အမည်မဖော်ပြသည့်တောင်ပေါ်မှ တပည့်တော်တို့နှင့်လူထုပရိသတ်အား မင်္ဂလာဒေသနာတော်ကို ယေရှုရှင်ဟောကြားတော်မူခဲ့သောကြောင့် ထိုတောင်ကိုသာလျှင် မင်္ဂလာတောင်တော်ဟုခေါ်တွင်ပါသည်။

ထိုတောင်ခြေမှာ ထိုအချိန်က ယေရှုရှင်၏မင်္ဂလာဒေသနာကို တပည့်တော်တို့စိတ်ကြည်နူးလျက် နာယူခဲ့ကြရာမှာ ကျွန်ုပ်တို့သာပါဝင်ခဲ့မည်ဆိုပါက သူတို့စိတ်ကြည်နူးကြသကဲ့သို့ ကျွန်ုပ်တို့စိတ်ကြည်နူး

နိုင်ကြမည်ဖြစ်ပါသည်။ မိန့်ကြားတော်မူသည့်သြဝါဒများ၏အဓိပ္ပာယ်နက်နဲပုံကို တပည့်တော်တို့ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ခွင့်ရခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်းနားလည်သဘောပေါက်ခွင့်ရကြမည်ဖြစ်ပါသည်။

ကယ်တင်ရှင်သည် မိမိ၏ဓမ္မအမှုတော်ကိုအစပြုဆောင်ရွက်တော်မူချိန်က မေရှိယအကြောင်းနှင့်ပတ်သက်၍ လူတို့ထင်မြင်ယူဆထားချက်အရ ကိုယ်တော်ကိုလက်ခံနိုင်ဖို့ လုံးဝအခြေအနေမပေးပါ။ မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို ထုံးထမ်းစဉ်လာအရ ကျင်းပကြသည့်ဘာသာရေးပွဲသဘင်အခမ်းအနားများက ဖုံးကွယ်နေပါသည်။ ပုရောဖက်တို့၏ဟောပြောချက်များကိုလည်း လောကီဆန်၍ ဂုဏ်မက်သူများ၏သြဇာအာဏာနှင့်ညီလျော်စွာအ၍အဓိပ္ပါယ်ဖွင့်ဆိုထားကြပါသည်။ ယုံဒလူတို့အနေဖြင့် ကြွလာတော်မူလတ္တံ့သောအရှင်အား အပြစ်မှကယ်ချွတ်မည့်အရှင်ဖြစ်ရမည်ဟုမျှော်မှန်းမထားဘဲ ခြသေ့်တည်းဟူသောယုဒ၏ အမျိုးဘုရင်မင်းကြီးအနေဖြင့် တိုင်းနိုင်ငံအပေါင်းကိုအုပ်စိုးတော်မူမည့်သူဖြစ်ရမည်ဟုမျှော်မှန်းထားကြပါသည်။ ရှေးပုရောဖက်တို့တွင် လူတို့၏စိတ်သဘောကိုစစ်ဆေးရှာဖွေနိုင်စွမ်းရှိသည် နှစ်ခြင်းဆရာယောဟန်အနေဖြင့်လည်း လူတို့နောင်တရကြဖို့ဟောပြောရာမှာ အလဟဿဖြစ်ခဲ့ပါသည်။ ယော်ဒန်မြစ်ကမ်းမှာ ယေရှုရှင်အားညွှန်ပြလျက် ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့ဟု ဟောပြောခဲ့ရာမှာလည်း အလဟဿဖြစ်ခဲ့ပါသည်။ ပုရောဖက်ဟေရှာယ၏အနာဂတ်စကားနှင့်အညီ ယေရှုရှင်သည် နှိပ်စက်ညှဉ်းဆဲခြင်းကိုခံရသောကယ်တင်ရှင်ဖြစ်ကြောင်း ဘုရားသခင်ကသူတို့အား ဆင့်ဆိုထားသော်လည်း သူတို့နားမလည်ကြပါ။

ဣသရေလခေါင်းဆောင်များနှင့် ခရစ်ယာန်ဓမ္မဆရာတို့အနေ ဖြင့် ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲပေးတော် မူခြင်းကိုသာ လက်ခံခဲ့ကြမည်ဆိုပါက သူတို့အား ကိုယ်တော်၏သံတမန် များအဖြစ်ခန့်ထားတော်မူမည်ဖြစ်ပါသည်။ ယုဒပြည်တွင် ပထမအနေ ဖြင့် နိုင်ငံတော်တည်ထောင်နိုင်မည်ဟုကြွေးကြော်ခဲ့ပါသည်။ ထိုနောက်မှ နောင်တရကြဖို့ဆင့်ဆိုတော်မူခဲ့ပါသည်။ ကိုယ်တော်သည်ယေရုရှလင်မြို့ ဗိမာန်တော်ကိုညစ်ညူးစေသောသူတို့အား နှင့်ထုတ်တော်မူချိန်က မိမိသည် မေရှိယဖြစ်ကြောင်း၊ အပြစ်တရားအားဖြင့် ညစ်ညူးနေသည့်မိမိ၏လူတို့ အား သန့်ရှင်းစေပြီးလျှင် ဘုရားသခင်၏ဗိမာန်တော်များအဖြစ်တည် ဆောက်ပေးနိုင်တော်မူကြောင်း ယေရှုရှင်ကြွေးကြော်တော်မူခဲ့ပါသည်။ သို့သော် ယုဒခေါင်းဆောင်တို့အနေဖြင့် စိတ်နေသဘောထားနှိမ့်ချသော နာဇရက်မြို့သား၏သင်ပြမှုကို လက်ခံဖို့ဂုဏ်နိမ့်သည်ဟုထင်ကြပါသည်။ ယေရုရှလင်မြို့သို့ ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူသောအခါ ကိုယ်တော်အား စန်ဟီဒရင်ကောင်စီတည်းဟူသော လွှတ်တော်သို့ပင် တင်၍တရားစွဲကြပါသည်။ သို့သော် ကိုယ်တော်ဘက်တွင်ရပ်တည်နေ ကြသောလူထုပရိသတ်ကို ကြောက်ရွံ့သောကြောင့်သာ ကိုယ်တော်အား အဆုံးမစီရင်ဘဲနေခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကိုယ်တော်သည် ယုဒပြည်ကိုစွန့်ခွာ၍ ဂါလိလဲပြည်မှာ မိမိ၏ဓမ္မအမှုတော်ကိုအစပြု ဆောင်ရွက်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် မင်္ဂလာတောင်တော်ပေါ်မှဒေသနာတော်ကို မဟောကြားမီ ဂါလိလဲပြည်၌လအနည်းငယ်မျှ ဓမ္မအမှုတော်ကိုဆောင် ခဲ့ပါသည်။ ထိုဒေသတစ်လျှောက်တွင် "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" (မ၊ ၄း၁၇) ဟု ကြွေးကြော်တော်မူခဲ့ရာတွင် လူတန်းစား

အလွှာအသီးသီးတို့၏စိတ်ဝင်စားမှုကို ရယူတော်မူခဲ့ပါသည်။ သူတို့၏ မြော်လင့်ချက်မီးလျှံကိုလည်း နိုးထစေနိုင်ခဲ့ပါသည်။ ပါလတိနပြည် နယ်စပ်ကိုကျော်၍ ဓမ္မဆရာသစ်အဖြစ်ကျော်စောခဲ့ပါသည်။ လူတို့ တွင်အဆင့်အတန်းအမျိုးမျိုးခွဲခြားသည့်သဘောထားရှိခဲ့ကြသော်လည်း ဤသူကား ငါတို့မြော်လင့်သောရွေးနုတ်ရှင်ဖြစ်ရမည်ဟုသဘောထား ကြပါသည်။ လူစုလူဝေးများ ယေရှုရှင်၏အနီးအပါးသို့ချဉ်းကပ်ကြပြီး တစ်မုဟုတ်ချင်းစိတ်ဝင်စားမှုအရှိန်မြင့်မားလာပါသည်။

ယခုအချိန်အထိ ခရစ်တော်နှင့်အတူတကွ ရင်းရင်းနှီးနှီးနေထိုင်ခဲ့ ကြသည့် ကိုယ်တော်၏တပည့်တော်တို့အနေဖြင့် ကိုယ်တော်၏အမှုတော် ၌ မိမိတို့အချင်းချင်းညီညွတ်မှုရှိကြဖို့၊ စည်းလုံးမှုရကြဖို့အထူးလိုအပ် လာပါသည်။ သို့မှသာကိုယ်တော်၏နောက်တော်သို့လိုက်နေကြသည့် ထိုမျှလောက်များပြားလှသော လူထုပရိသတ်အား သိုးထိန်းမဲ့သော သိုးစုကဲ့သို့မဖြစ်စေဘဲ ကြည့်ရှုစောင့်ထိန်းထားနိုင်ကြမည်ဖြစ်ပါသည်။ ကိုယ်တော်၏အမှုတော်အစပြုချိန်ကပင် အချို့တပည့်တော်များ ကိုယ်တော်၏နောက်တော်သို့လိုက်ခဲ့ကြပါသည်။ တပည့်တော်တစ်ဆယ့် နှစ်ပါးလုံးလိုလို ကိုယ်ကိုကိုယ်ယေရှုရှင်၏မိသားစုဝင်များဖြစ်သည်ဟု သဘောထားကြပါသည်။ သို့သော် ယုဒခေါင်းဆောင်တို့၏သွန်သင် ချက်များကို အများနည်းတူခံယူရရှိထားပြီးသူများဖြစ်သည်အားလျော်စွာ လောကီနိုင်ငံတည်ထောင်ဖို့အရေးကို အများနည်းတူပင် မျှော်ကိုးကြပါ သည်။ ကိုယ်တော်အနေဖြင့် မိမိ၏အမှုတော်အင်အားတောင့်တင်းဖို့ ယဇ်ပုရောဟိတ်များနှင့်ယုဒခေါင်းဆောင်တို့၏ထောက်ခံမှုကိုရယူဖို့ မကြိုးစားပါ။ လောကီဘုရင်တို့၏အာဏာတန်ခိုးမျိုးရရှိဖို့ကိုလည်း လုံးဝဥဿုံမတည်သောကြောင့် တပည့်တော်တို့မှာ စဉ်းစားရခက်နေကြ

ပါသည်။ ကိုယ်တော်သည်ကောင်းကင်နိုင်ငံတော်သို့ပြန်လည်တက်ကြွ
တော်မူပြီးသည့်နောက်ပိုင်းမှာပင် တပည့်တော်တို့အနေဖြင့် ကိုယ်တော်၏
မြင့်မြတ်သောအမှုတော်ကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ အသိတရား
အထူးလိုအပ်နေပါသေးသည်။ တပည့်တော်များ၏ယုံကြည်စိတ်နေးကွေး
သော်လည်း ကိုယ်တော်၏မေတ္တာတော်ကိုတုံ့ပြန်မှုရှိကြသောကြောင့်
စည်းကမ်းသတ်မှတ်လေ့ကျင့်ပေးပါက မိမိ၏အမှုတော်ကိုဆက်လက်
ဆောင်ရွက်နိုင်မည့်တပည့်တော်များရှိကြောင်း ကိုယ်တော်သိတော်မူ၏။
ယခုအခါ တပည့်တော်တို့အနေဖြင့် ကိုယ်တော်နှင့်အတူနေခဲ့ရချိန်
လုံလောက်ပြီဖြစ်သောကြောင့် တစ်စိတ်တစ်ဒေသအားဖြင့် ကိုယ်တော်
၏အမှုတော်ဆိုင်ရာသဘာဝကို သိရှိယုံကြည်နိုင်ကြပြီဖြစ်၍လည်း
ကောင်း၊ လူထုပရိသတ်အနေဖြင့်လည်း ကိုယ်တော်၏ဘုန်းတန်ခိုးတော်
ကို ယုံမှားသံသယဖြစ်စရာမရှိအောင် သက်သေသာဓကများရရှိကြပြီ
ဖြစ်၍လည်းကောင်း ကိုယ်တော်၏နိုင်ငံတော်နှင့်ယှဉ်သောအခြေခံ
သဘောတရားများကို သူတို့နားလည်သဘောပေါက်ပြီး အတိအလင်း
ဝန်ခံနိုင်ကြဖို့ လမ်းပွင့်နေပြီဖြစ်ပါသည်။

ယေရှုရှင်သည် မိမိရွေးချယ်ထားတော်မူသော လူတစ်စုအတွက်
ဂါလိလဲအိုင်အနီးရှိတောင်ပေါ်မှာ တစ်ညလုံးဆုတောင်းတော်မူ၏။
အရုဏ်တက်သောအခါ တပည့်တော်တို့ကိုခေါ်တော်မူလျက် ဆုတောင်း
ပတ္ထနာပြုခြင်းဖြင့်လည်းကောင်း၊ ဆုံးမညွှန်ကြားပေးခြင်းဖြင့်လည်းကောင်း
တပည့်တော်များ၏ခေါင်းပေါ်တွင်လက်တော်ကိုတင်လျက် ကောင်းချီး
ပေးတော်မူ၏။ ယင်းသို့ပြုခြင်းဖြင့် ဧဝံဂေလိအမှုတော်ဆောင်ဖို့ သူတို့ကို
ခွဲခန့်တော်မူ၏။ ထိုနောက် ဂါလိလဲအိုင်ဘေးသို့တပည့်တော်များနှင့်
အတူပြန်၍ကြွတော်မူသောအခါ နံနက်မိုးသောက်ပြီဖြစ်သောကြောင့်
လူထုပရိသတ်စုဝေးစပြုနေပါပြီ။

ဂါလိလဲမြို့ငယ်များမှလာရောက်စုဝေးနေကျပရိသတ်
အပြင် ယုဒပြည်နှင့်ယေရုရှလင်မြို့မှလည်းကောင်း၊ ယော်ဒန်မြစ်အရှေ့
ဘက်ပေရိပြည်မှလည်းကောင်း၊ ဒေကပေါလိပြည်မှတစ်ပါးအမျိုးသားစစ်
မဟုတ်သူများသည်လည်းကောင်း၊ ယုဒခရိုင်တောင်စွန်း ဣဒုမဲနယ်မှ
လည်းကောင်း၊ မြေထဲပင်လယ်ကမ်းခြေတုရုမြို့နှင့်ဇိဒုန်မြို့အပါအဝင်
ဖိနိတ်ပြည်မြို့ငယ်များမှလည်းကောင်း လူမျိုးအပေါင်းတို့သည်
ကိုယ်တော် "ပြုတော်မူသမျှကိုကြားလျှင်" ကိုယ်တော်ထံသို့ "တရားနာ
ခြင်းငှာလည်းကောင်း၊ အနာကိုငြိမ်းစေခြင်းငှာလည်းကောင်း" လာကြ
သောအခါ "ကိုယ်တော်အထဲကတန်ခိုးထွက်၍ လူအပေါင်းတို့ကို
သက်သာစေတော်မူ၏။" မာကု၊ ၃း၈။ လုကာ၊ ၆း၁၇–၁၉။

ထိုအခါကျဉ်းမြောင်းလှသည့်ဂါလိလဲကမ်းခြေတွင် ကိုယ်တော်၏
တရားတော်ကိုနာဖို့ စောင့်နေကြသောလူထုပရိသတ်ကြီးတစ်ရပ်လုံး
အနေဖြင့် ကိုယ်တော်၏စကားသံကိုကြားနိုင်လောက်အောင်မတ်တတ်ရပ်
စရာနေရာပင် မလုံလောက်တော့သောကြောင့် ကိုယ်တော်သည် ပရိသတ်
ကိုရှေ့ဆောင်တော်မူလျက် တောင်ခြေသို့ပြန်၍ကြွတော်မူ၏။ ပရိသတ်
စုဝေးဖို့အထူးသင့်လျော်သည့်မြေညီသောနေရာသို့ရောက်သောအခါ
ကိုယ်တော်တိုင်မြက်ခင်းပြင်ပေါ်၌ထိုင်တော်မူ၏။ တပည့်တော်များနှင့်
တကွ များပြားလှသောလူထုပရိသတ်ကြီးသည်လည်း ကိုယ်တော်နည်းတူ
ထိုင်ကြလေ၏။

ထူးခြားသည့်အကြောင်းတစ်စုံတစ်ရာကိုကြားရတော့မည်ဟု
ကြိုတင်မျှော်လင့်ထားသောတပည့်တော်များသည် ကိုယ်တော်၏အနီးသို့
တိုး၍ကပ်ကြ၏။ နံနက်အရုဏ်တက်ချိန်ကပြုတော်မူပုံကိုထောက်လျက်
မကြာမီတည်ထောင်တော်မူမည့် သူတို့တောင့်တနေကြသည့်နိုင်ငံတော်နှင့်
ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်တော့မည်ဟု မျှော်မှန်းနေ

ကြ၏။ ပရိသတ်အနေဖြင့်လည်း အလားတူပင်မျှော်မှန်းနေကြောင်း သူတို့အထူးအာရုံစိုက်ကာစိတ်စောလျက် နားစွင့်နေပုံများမှာ သူတို့၏ မျက်နှာများတွင်ပေါ်လွင်နေပါသည်။

စိမ်းလန်းစိုပြည်သည့် တောင်စောင်းမြက်ခင်းပြင်ပေါ်မှာထိုင် လျက် သူတို့သခင်ဘုရား၏စကားသံကိုနားစွင့်နေကြစဉ် မကြာမီ သူတို့ရရှိတော့မည်ဟု မျှော်မှန်းထားသောဂုဏ်အသရေကို သူတို့အား လုံးအာရုံစိုက်နေကြပါသည်။ ကျမ်းပြုဆရာနှင့်ဖါရိရှဲတို့ကမူ လူအများ မုန်းတီးရွံရှာသည့် ရောမအာဏာရှင်များအပေါ် မိမိတို့စိုးမိုးအုပ်ချုပ် ရတော့မည်၊ ကမ္ဘာပေါ်တွင် အကြီးဆုံးသောနိုင်ငံကြီးကို မိမိတို့စိုးပိုင် ရတော့မည်၊ ကြွယ်ဝမှုအစုံခမ်းနားမှုအဖုံဖုံကို မိမိတို့ရရှိတော့မည်ဟု စိတ်ကူးယဉ်နေကြပါသည်။ ချို့ငဲ့ကြသည့်လယ်သမားနှင့်တံငါသည် များကလည်း အိမ်ကုတ်တဲစုတ်ကလေးများအစား အိမ်ကြီးရခိုင်တို့နှင့် နေရတော့မည်၊ စားရေးသောက်ရေး မလုံလောက်သည့်အခြေမှ လွတ် မြောက်တော့မည်၊ တပင်တပန်းလုပ်ကိုင်ရှာဖွေရသည့်အသက်တာမှ အလွယ်တကူရှာဖွေရရှိတော့မည်ဟုတွေး၍ ဝမ်းမြောက်နေကြပါသည်။ နေ့အခါမှာဝတ်ရုံ၊ ညဉ့်အချိန်မှာစောင်အဖြစ် အသုံးပြုနေရသည့် သူတို့၏ဝတ်စုံကြမ်းကြီးအစား သူတို့ကိုစိုးမိုးနေကြသည့်လူမျိုး၏တန်ဖိုး ကြီးဝတ်စုံများကို ခရစ်တော်ကသူတို့အားပေးတော့မည်ဟု မျှော်လင့် နေကြပါသည်။

ဣသရေလအမျိုးသည် ဘုရားသခင်၏အရွေးချယ်ခံလူမျိုးအဖြစ် ကမ္ဘာတစ်လွှားမှာ မကြာမီဂုဏ်ပြုခြင်းခံရတော့မည်၊ ယေရုရှလင်မြို့တော် ကြီးသည် ကမ္ဘာလုံးဆိုင်ရာနိုင်ငံတော်ကြီး၏မြို့တော်ကြီးဖြစ်လာတော့ မည်ဟုလူထုပရိသတ်ကြီးတစ်ရပ်လုံးက သဲလှိုက်ရင်ဖိုမျှော်မှန်းနေကြ ပါသည်။

---ooo---

# မင်္ဂလာတရားတော်

**"ထိုအခါနှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား**
**ဆုံးမဩဝါဒပေးတော်မူသည်မှာ၊**
**စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။**
**အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည်**
**ထိုသူတို့၏နိုင်ငံဖြစ်၏။" မဿဲ ၅း၂၊၃။**

အမျိုးမျိုးအဖုံဖုံတွေးတောနေကြသော တရားနာကရိသတ်ကြီး အနေဖြင့် ယင်းစကားအသစ်အဆန်းများကို တအံ့တဩကြားလိုက်ရကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ခရစ်ယာန်ဓမ္မဆရာတို့ထံမှ မိမိတို့ကြားနာခဲ့ရသည့်ဩဝါဒများနှင့်ကွာခြားလှပါ၏။ ဤတရားစကားများတွင် သူတို့အဖို့ဂုဏ်မြောက်စရာမရှိ၊ သူတို့၏ကြီးပွားလိုစိတ်များအတွက် မျှော်လင့်ချက်မရှိပါ။ သို့သော် ယခုသူတို့၏ခရစ်ယာန်ဓမ္မဆရာသစ်အနေဖြင့် သူတို့၏စိတ်အာရုံကို လုံးဝဆွဲဆောင်နိုင်သည့် ဘုန်းတန်ခိုးရှိကြောင်း၊ မွှေးကြိုင်သည့်ပန်းရနံ့ပမာ ကိုယ်တော်ထံမှ မေတ္တာရနံ့ပျံ့လွင့်နေကြောင်း၊ ကိုယ်တော်၏နှုတ်တော်ထွက်စကားများသည်လည်း "ရိတ်သောမြက်ပင်ပေါ်မှာ ရွာသောမိုးကဲ့သို့လည်းကောင်း၊ မြေကိုစိုစေသောမိုးပေါက်များကဲ့သို့လည်းကောင်း" သူတို့ကိုယ်တိုင် ခံစားရကြပါသည်။ ဆာလံ၊ ၇၂း၆။ လူသားစိတ်နှလုံးအတွင်းမှ လျှို့ဝှက်မှုအပေါင်းကို ထိုးဖေါက်သိမြင်နိုင်သောသူဖြစ်သော်လည်း မေတ္တာကရုဏာဖြင့်ကြွလာတော်မူသောအရှင်ဖြစ်သည်ဟု လူအပေါင်းတို့၌ ပမတိအသိစိတ်ဝင်လေ၏။ မိမိတို့၏စိတ်နှလုံးအသီးသီးကိုဖွင့်၍

တရားတော်ကိုနာယူကြရာမှာ ခေတ်အဆက်ဆက်မှလူတို့သင်ယူကြဖို့၊ နားလည်ကြဖို့လိုအပ်နေသည့် ထိုသင်ခန်းစာ၏အဓိပ္ပါယ်တစ်ခုခုကို သန့်ရှင်းသောဝိညာဉ်တော်ကဖွင့်ပြတော်မူ၏။

ခရစ်တော်ခေတ်က ဘာသာရေးခေါင်းဆောင်များအနေဖြင့် သူတို့ကိုယ်သူတို့ဝိညာဉ်ရေးရာတွင် ကြွယ်ဝပြည့်စုံသောသူများဖြစ်သည်ဟု သဘောထားကြပါသည်။ ထို့ကြောင့် ဖါရိရှဲက "အိုဘုရားသခင်၊ သူတစ်ပါးတို့...ကဲ့သို့ပင်မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပါ၏" (လုကာ ၁၈း၁၁) ဟုဆုတောင်းပတ္ထနာပြုခြင်းဖြင့် သူတို့လူတန်းစားတစ်ရပ်လုံးက သူတို့လူမျိုးတစ်ရပ်လုံးလိုလိုကပင် ယင်းသို့ သဘောထားနေကြပုံကိုဖေါ်ဆောင်ထားပါသည်။ သို့သော် ယခုယေရှုရှင်အားဝန်းရံလျက်ရှိသော တရားနာပရိသတ်တွင်မူကား မိမိတို့သည် ဝိညာဉ်ရေး၌ချို့ငဲ့နေသူများဖြစ်သည်ဟုယူဆသောသူများပါဝင်ပါသည်။ ခရစ်တော်၏ဘုရားတန်ခိုးဖြင့် "အလွန်များစွာသောငါးတို့ကို" ပိုက်ကွန်အတွင်းအုပ်မိပုံကို ပေတရုမြင်ရသောအခါ ကိုယ်တော်၏ပုဆစ်တော်ကိုဦးတိုက်၍ "သခင်အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏၊ အကျွန်ုပ်ဆီမှကြွသွားတော်မူပါဟုလျှောက်လေ၏။" လုကာ၊ ၅း၆၊၈။ ထိုတောင်ခြေ၌စုဝေးနေကြသောလူထုပရိသတ်တွင်လည်း စင်ကြယ်တော်မူသော ကိုယ်တော်၏ရှေ့တော်၌ ထိုနည်းနှင်နှင်ခံစားရသူများပါဝင်ပါသည်။ "ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်း" (ဗျာ၊ ၃း၁၇) ကိုခံစားရကြပြီး "လူအပေါင်းတို့ကိုကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်" (တိတု၊ ၂း၁၃) ကိုမျှော်လင့်ကြ၏။ ထိုသို့သောသူတို့အား ခရစ်တော်၏နှုတ်တော်ထွက်စကားများက မျှော်လင့်ချက်ပေးပါသည်။

သူတို့၏အသက်တာများသည် ဘုရားသခင်ပေးတော်မူသည့်ကောင်းချီး မင်္ဂလာဖြင့်သာတည်မြဲနေကြောင်း တွေ့သိခံစားရကြပါသည်။

“ငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုလည်းဆည်းပူးပြီ။ တစ်စုံတစ်ခုကိုမျှမလို” (ဗျာ၊ ၃း၁၇)ဟု ကိုယ်ကိုကိုယ်သဘောထား သောသူများအား ကောင်းချီးမင်္ဂလာခွက်ဖလားကို ယေရှုရှင်ကမ်းလှမ်း တော်မူသော်လည်း ယင်းကရုဏာတော်ဆိုင်ရာဆုမင်္ဂလာကို သူတို့လက်မခံ၊ မထီမဲ့မြင်ပြုကြပါသည်။ မိမိသည် ပကတိကျန်းမာသည်၊ မကောင်းမှု ကိုရှောင်သည်၊ သာမန်အားဖြင့်သူတော်ကောင်းဖြစ်သည်ဟုသဘောထား ပြီး မိမိ၏အခြေအနေ၌ပင် တင်းတိမ်ရောင့်ရဲနေပါက ထိုသူတို့အနေဖြင့် ခရစ်တော်၏ကျေးဇူးတော်နှင့်ဖြောင့်မတ်ခြင်း၌ဝင်စားဖို့ ကြိုးစားမည် မဟုတ်ပါ။ မာန်မာနက မိမိ၏လိုအပ်ချက်များကိုဖုံးကွယ်ထားသော ကြောင့် ခရစ်တော်လာ၍ပေးတော်မူသည့် အတိုင်းအဆမရှိသော ကောင်းချီးမင်္ဂလာတို့ကိုမခံစားရပါ။ ထိုကဲ့သို့သောလူ၏စိတ်နှလုံးအတွင်း၌ ခရစ်တော်ကိန်းအောင်းစရာအခန်းမရှိပါ။ ကိုယ်တိုင်ကြွယ်ဝသည်၊ ဂုဏ်ရှိ သည်ဟုမြင်နေသောသူသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ယုံကြည်စွာမတောက်ခံသောကြောင့် မရနိုင်ပါ။ သူတို့ကိုယ်တိုင်ပြည့်စုံ ကုံလုံသည်ဟုသဘောထားသောကြောင့် ကိုယ်တော်ထံမှလက်ချည်း သက်သက်ထွက်ခွာသွားကြပါသည်။ ကိုယ်ကိုကိုယ်မည်သို့မျှမကယ်တင် နိုင်ကြောင်း (သို့မဟုတ်) ဖြောင့်မတ်ခြင်းအမှုကို မည်သို့မျှမဆောင်ရွက် နိုင်ကြောင်း သိသောသူတို့သည်သာလျှင် ခရစ်တော်ပေးနိုင်တော်မူသည့် အကူအညီကို တန်ဖိုးထားကြပါသည်။ ထိုသို့သောသူတို့သာလျှင် စိတ်နှလုံးနှိမ့်ချသောသူများဖြစ်၍ မင်္ဂလာရှိကြောင်း ခရစ်တော်ကြွေးကြော် တော်မူ၏။

ခရစ်တော်၏ခွင့်လွှတ်ခြင်းကိုခံရသောသူအနေဖြင့် ပထမတွင် ကိုယ်တော်ကနောင်တသံဝေဂရစေပါသည်။ သူ့အပြစ်ကိုသူမြင်ဖို့နှင့် သဘောပေါက်ဖို့မှာမူကား သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်တော်မူပါသည်။ မိမိ၏အပြစ်ကိုမြင်ဖို့ ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်ခြင်းခံရသောသူများသည် မိမိတို့၌ မည်သည့်ကောင်းမှုမရှိကြောင်း သိကြပါသည်။ မိမိတို့ပြုလေသမျှသည် ကိုယ်ကျိုးအတွက်သာဖြစ်ကြောင်း၊ ဒုစရိုက်မကောင်းမှုနှင့်ရောထွေးနေကြောင်း မြင်သိကြပါသည်။ အဝေးမှရပ်နေသောအခွန်ခံကဲ့သို့ ကောင်းကင်သို့မျှော်၍မကြည့်ဝံ့ဘဲ "အိုဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ်ရှိတော်မူပါဟုဆုတောင်းလေ၏။" လုကာ၊ ၁၈း၁၃။ ထိုသို့သောသူတို့သာ ကောင်းချီးမင်္ဂလာခံစားရကြပါသည်။ ခရစ်တော်သည် "ဤလောက၏ အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" ဖြစ်တော်မူသော ကြောင့် နောင်တသံဝေဂရသောသူတို့ အပြစ်မှဖြေလွှတ်ခွင့်ရကြပါသည်။ ယောဟန်၊ ၁း၂၉။ "သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်၊ ကတ္တီပါနီနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ ဖြူလိမ့်မည်" ဟူ၍လည်းကောင်း၊ "စိတ်နှလုံးသစ်ကိုငါပေးမည်...ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးမည်" ဟူ၍လည်းကောင်း ဘုရားသခင်ကတိထားတော်မူ၏။ ဟေရှာယ ၁း၁၈။ ယေဇကျေလ ၃၆း၂၆၊၂၇။

စိတ်နှလုံးနှိမ့်ချသောသူတို့နှင့်ပတ်သက်၍ "ကောင်းကင်နိုင်ငံတော်သည် သူတို့နိုင်ငံဖြစ်၏" ဟု ယေရှုရှင်မိန့်တော်မူ၏။ သို့သော် ထိုစဉ်ကခရစ်တော်၏တရားကိုနာယူနေကြသည့်ပရိသတ်က မျှော်မှန်းတောင့်တနေကြသည့်လောကီနိုင်ငံမဟုတ်ပါ။ ကိုယ်တော်၏မေတ္တာတော်၊

ကိုယ်တော်၏ကျေးဇူးတော်၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဆိုင်ရာ ဝိညာဉ်တော်နိုင်ငံအကြောင်းကို ခရစ်တော်က လူတို့အားဖွင့်ပြနေခြင်း ဖြစ်ပါသည်။ မေရှိယအရှင်စိုးစံတော်မူခြင်းနှင့်ဆိုင်သောအထိမ်းအမှတ် ကို လူသားအသွင်ဖြင့် ထူးခြားစွာထင်ရှားလျက်ရှိပါသည်။ ကိုယ်တော် ၏နိုင်ငံတော်သားများမှာ စိတ်နှလုံးနှိမ့်ချသောသူများ၊ စိတ်နူးညံ့သိမ်မွေ့ သောသူများနှင့် ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်း ကိုခံရသောသူများဖြစ်ကြပါသည်။ အမှုတော်သည် လုံးလုံးလျားလျား ပြီးမြောက်အောင်မြင်မှုမရသေးသော်လည်း "အလင်း၌နေသောသန့်ရှင်း သူတို့၏အမွေကို...ဆက်ဆံဝင်စားထိုက်မည်အကြောင်း ကျေးဇူးပြု" ခြင်းခံရသူတို့နှင့်အစပြုတော်မူ၏။ ကောလောသဲ ၁း၁၂။

စိတ်နှလုံးနှိမ့်ချမှုရှိသောသူများ၊ တစ်နည်းအားဖြင့် မိမိတို့၌ ကောင်းမှုတစ်စုံတစ်ခုမျှမရှိဟုခံစားရသူများ၊ ယေရှုရှင်ကိုမျှော်ကြည့် ခြင်းဖြင့် ဖြောင့်မတ်ခြင်းနှင့်ခွန်အားရရှိကြပါလိမ့်မည်။ ကိုယ်တော်က "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့" ဟု ခေါ်တော်မူ၏။ မဿဲ ၁၁း၂၈။ သင်တို့၏ချို့ငဲ့မှုကို ကိုယ်တော်၏ ကျေးဇူးတော်နှင့်လဲ၍ယူကြဖို့ ဖိတ်ခေါ်ထားတော်မူပါသည်။ ဘုရား သခင်၏မေတ္တာတော်နှင့်ကျွန်ုပ်တို့မထိုက်မတန်ပါ။ သို့သော် ကျွန်ုပ် တို့၏အာမခံဖြစ်တော်မူသောခရစ်တော်သည် ထိုက်တန်တော်မူ၏။ ကိုယ်တော်၏ထံတော်သို့လာသောသူအပေါင်းအားလည်း ကယ်တင် နိုင်စွမ်းအပြည့်အဝရှိတော်မူ၏။ သင့်အတိတ်ကဘဝအသက်တာ၏ အတွေ့အကြုံများ မည်ကဲ့သို့ပင်ရှိခဲ့စေကာမူ၊ သင်၏ယနေ့ဘဝအသက် တာသည်လည်း မည်ကဲ့သို့ပင် စိတ်ပျက်အားလေလျော့စရာဖြစ်နေစေကာ မူ၊ အရှိကိုအရှိအတိုင်း၊ အားနည်းခြင်း၊ ခိုကိုးရာမဲ့ခြင်း၊ စိတ်ပျက်ခြင်း

များဖြင့်ပင် ကိုယ်တော်၏ထံတော်သို့တိုးဝင်ချဉ်းကပ်ပါက ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အဝေးကပင်စောင့်မျှော်လျက် သင့်အားသူ၏မေတ္တာရင်ခွင်၌ပိုက်ဖက်၍ သူ၏ဖြောင့်မတ်ခြင်းဝတ်ရုံဖြင့် ခြုံ၍ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် မိမိ၏ဖြောင့်မတ်ခြင်းဝတ်ရုံဖြင့်လွှမ်းခြုံ၍ ခမည်းတော်ထံတင်ဆက်တော်မူ၏။ 'အပြစ်သား၏နေရာကို အကျွန်ုပ်ယူခဲ့ပြီးပါပြီ' ဟု ကျွန်ုပ်တို့အဖို့ဘုရားသခင်အားလျှောက်ထားတောင်းပန်တော်မူ၏။ "လမ်းလွဲသော ဤသူငယ်ကိုရှုတော်မမူပါနှင့်၊ အကျွန်ုပ်ကိုကြည့်တော်မူပါ" ဟူ၍ လျှောက်ထားတော်မူ၏။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်သားများဖြစ်သောကြောင့် သူပိုင်သည်ဟုစာတန်ကအသံကျယ်စွာအော်ဟစ်တောင်းဆိုနေသော်လည်း ခရစ်တော်အနေဖြင့် မိမိ၏အသွေးတော်အားဖြင့် တောင်းလျှောက်တော်မူခြင်းက ပို၍တန်ခိုးကြီးပါသည်။

"ထာဝရဘုရားသခင်အားဖြင့်သာ ဖြောင့်မတ်ခြင်းနှင့်အစွမ်းသတ္တိကိုရပါသည်ဟု လူတိုင်းလျှောက်ရမည်…ဣသရေလအမျိုးသားအပေါင်းတို့သည် ထာဝရဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍ ဝါကြွားကြလိမ့်မည်။" ဟေရှာယ ၄၅း၂၄၊၂၅။

**"စိတ်မသာညည်းတွားသောသူတို့သည်**
**မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူ**
**တို့သည် သက်သာခြင်းသို့ရောက်ကြလတ္တံ့။"**
**မဿဲ ၅း၄။**

ဤနေရာ၌ဖော်ပြထားသည့် စိတ်မသာညည်းတွားခြင်းဆိုသည်မှာ– စိတ်နှလုံးပါလျက် အပြစ်အတွက်မှန်သောဝမ်းနည်းခြင်းဖြစ်ပါသည်။

"ငါသည်လည်း မြေကြီးနှင့်ခွာ၍မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်း တို့ကိုငါ့ထံသို့ဆွဲမည်" ဟု ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၁၂း၃၂။ ကိုယ်တော်အား လက်ဝါးကပ်တိုင်ပေါ်၌မြှောက်ထားပုံကို မြင်ယောင်ဖို့ ဆွဲဆောင်ခြင်းခံရသူတစ်ယောက်အနေဖြင့် လူသားအပြစ် ကြီးမားပုံကိုနည်းလည်ပါသည်။ ဘုန်းတော်ရှင်သခင်ဘုရားကို နှိပ်စက် ရိုက်နှက်လျက် လက်ဝါးကပ်တိုင်ပေါ်တင်၍ ကွပ်မျက်ကြသည်မှာ အပြစ်တရား၏လုပ်ရပ်ဖြစ်ကြောင်း၊ ပြော၍မကုန်နိုင်လောက်အောင် ကြီးမြတ်သောမေတ္တာဖြင့်သူ့အားလွှမ်းခြုံထားတော်မူပါလျက် သူ့အသက် တာတစ်လျှောက်လုံးသည် ကျေးဇူးတရားမသိတတ်ခြင်းနှင့်ပုန်ကန် ဆန့်ကျင်တတ်ခြင်းဆိုင်ရာ မြင်ကွင်းတစ်ခုသာဖြစ်နေကြောင်း၊ သူ၏ အကောင်းဆုံးသောမိတ်ဆွေကိုစွန့်ပြီး ကောင်းကင်ဘုံ၏အမွန်မြတ်ဆုံး သောဆုကို အလွဲသုံးစားပြုသူဖြစ်နေကြောင်း၊ သူ့အနေဖြင့် ဘုရားသခင် ၏သားတော်ကိုလက်ဝါးကပ်တိုင်မှာ အသစ်တစ်ဖန်အသေသတ်ပြီး သွေးတော်ယိုစီးနေသည့်နှလုံးတော်ကို အသစ်တစ်ဖန်ထိုးဖေါက်သူဖြစ်နေ ကြောင်းများကို သူ့အနေဖြင့် ကွင်းကွင်းကွက်ကွက်မြင်သိပါသည်။ ၎င်းအပြင်နက်ရှိုင်းကျယ်ဝန်းမည်းမှောင်လှသည့် အပြစ်ဒုစရိုက်ချောက်ကမ်း ပါးကြီးကလည်း သူနှင့်ဘုရားသခင်ကိုခွဲထားကြောင်းသိရသဖြင့် ဝမ်းနည်းကြေကွဲ၍ စိတ်မသာညည်းတွားခြင်းဖြစ်ပါသည်။

ယင်းသို့စိတ်မသာညည်းတွားခြင်းအတွက် "သက်သာခြင်းသို့ ရောက်" ပါလိမ့်မည်။ ခရစ်တော်ထံ ကျွန်ုပ်တို့ပြေးဝင်နိုင်ကြဖို့ ကျွန်ုပ်တို့၏အပြစ်များကို ဘုရားသခင်ကဖွင့်ပြတော်မူပါသည်။ သို့မှသာ လျှင် ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အပြစ်ဒုစရိုက်၏အနှောင် အဖွဲ့မှလွတ်မြောက်ပြီး ဘုရားသခင်၏သားတော်၌ လွတ်လပ်ခွင့်ရသည် အတွက် ဝမ်းမြောက်ရလိမ့်မည်။ ကျွန်ုပ်တို့သည် စစ်မှန်သောနောင်တ

သံဝေဂဖြင့် လက်ဝါးကပ်တိုင်ခြေရင်းသို့လာ၍ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ဝန်ထုပ်ကြီးကိုချထားနိုင်ပါသည်။

စိတ်ဆင်းရဲခြင်းဝေဒနာကိုခံစားနေရသူများ၊ (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုကိုရင်ဆိုင်နေရသူများ၊ သက်သာခြင်းသို့ရောက်ဖို့ ကယ်တင်ရှင်၏နှုတ်တော်ထွက်စကားများက ကမ်းလှမ်းထားပါသည်။ ကျွန်ုပ်တို့၏ဝမ်းနည်းကြေကွဲရခြင်းများ မြေပေါ်မှပေါက်လာခြင်းမဟုတ်ပါ။ ဘုရားသခင်သည် “ဆင်းရဲစေချင်သောစိတ်နှင့် လူသားတို့ကိုညှဉ်းဆဲ၍ ဝမ်းနည်းစေတော်မူသည်မဟုတ်။” ယေရမိမြည်တမ်းစကား ၃း၃၃။ ကျွန်ုပ်တို့၌ရောက်သော အတိဒုက္ခများနှင့်စိတ်ဆင်းရဲခြင်းများကို ဘုရားသခင်က ခွင့်ပြုထားခြင်းမှာ– “မိမိသန့်ရှင်းခြင်းပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှာ ငါတို့အကျိုးကိုထောက်၍သာပေးတော်မူ၏။” ဟေဗြဲ ၁၂း၁၀။ နာကြည်းလွန်းသည်၊ ခက်ခဲလွန်းသည်ဟုထင်ရသည့် အတိဒုက္ခများကို ယုံကြည်ခြင်းအားဖြင့်လက်ခံပါက ကောင်းချီးမင်္ဂလာဖြစ်လာပါလိမ့်မည်။ လောကီရေးရာဝမ်းမြောက်မှုကိုညှိုးခြောက်စေလောက်အောင် ရက်စက်စွာထိုးနက်ခြင်းကို ကျွန်ုပ်တို့ခံရကြပါက ကောင်းကင်သို့မျှော်ကြည့်ကြရမည်ဖြစ်ပါသည်။ ဝမ်းနည်းကြေကွဲရသည့်အတွက် ယေရှုရှင်ပေးတော်မူသည့်သက်သာခြင်းသို့ရောက်ဖို့ ရှာဖွေသူမရှိပါက ကိုယ်တော်အား မသိသူအဘယ်မျှများပါလိမ့်မည်နည်း။

ကျွန်ုပ်တို့၏အကျင့်စာရိတ္တမှမစင်ကြယ်မှုများ၊ အပြေပြစ်မှုများနှင့်ခက်ထန်ခြင်းများကိုဖယ်ရှားဖို့ ကျွန်ုပ်တို့၌ရောက်သောအတိဒုက္ခများကို ဘုရားသခင်အသုံးပြုတော်မူပါသည်။ ယင်းသို့ခုတ်လှဲပိုင်းဖြတ်ခြင်း၊ ကျင်တွယ်ညှိခြင်း၊ စူးဆောက်တန်ဆာပလာနှင့်ထွင်းဖေါက်ခြင်း၊ ကော်ဖတ်နှင့်ပွတ်တိုက်အရောင်တင်ခြင်းတို့မှာ ပြင်းထန်သောခံရချက်များဖြစ်ပါသည်။ ကျောက်သွေးစက်အတွင်း အသွေးခံရခြင်းမျိုးမှာလည်း

အခံရခက်လှပါသည်။ သို့သော် ယင်းကျောက်သည် ကောင်းကင်ဗိမာန်တော်အတွင်း သင့်လျော်သည့်နေရာကဏ္ဍအတွက် အသင့်ရှိနေပါသည်။ အသုံးမဝင်သည့် မည်သည့်ပစ္စည်းကိုမျှ အရှင်သခင်က ဤမျှလောက်စေ့စပ်သေချာစွာမလုပ်ဆောင်ပါ။ မိမိပိုင်တော်မူသည့် ကျောက်မျက်များကိုသာ ဗိမာန်တော်တစ်ဆောင်အဖြစ်သို့ရောက်အောင် အရောင်တင်ပေးခြင်းဖြစ်ပါသည်။

မိမိအားယုံကြည်ကိုးစားသောသူတိုင်းအတွက် သခင်ဘုရားအမှုဆောင်တော်မူ၏။ သစ္စာရှိသူတိုင်း မွန်မြတ်သည့်အောင်မြင်မှုကိုရပါလိမ့်မည်။ မွန်မြတ်သည့်သင်ခန်းစာများကိုလည်း သင်ယူရပါလိမ့်မည်။ မွန်မြတ်သည့်အတွေ့အကြုံများကိုလည်း တွေ့ကြုံရပါလိမ့်မည်။

ဝမ်းနည်းကြေကွဲသူများကို ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဘဘုရားသခင်က မည်သည့်အခါတွင်မျှ မေ့ထားတော်မူမည်မဟုတ်ပါ။ ဒါဝိဒ်မင်းကြီးသည် "ငိုလျက်၊ ဦးခေါင်းခြုံလျက်၊ ခြေနင်းကိုချွတ်လျက် သံလွင်တောင်ပေါ်သို့တက်လေ" သောအခါ ဘုရားသခင်သည် မင်းကြီးအား ကရုဏာဖြင့်ကြည့်၍နေတော်မူ၏။ ၂ရာဇဝင်၊ ၁၅း၃၀။ ဒါဝိဒ်မင်းကြီးသည် လျှော်နေအဝတ်ကိုဝတ်လျက် သူ၏ဩတ္တပ္ပစိတ်ကလည်း သူ့ကိုထိုးနှက်နေပါသည်။ သူ၏စိတ်အတွင်းအမှန်နောင်တရနေခြင်းကို သူ၏ပြင်ပနိမ့်ချစွာဝတ်ဆင်ပုံကဖော်ဆောင်နေပါသည်။ မျက်ရည်ကျလျက် စိတ်နှလုံးကြေကွဲဝမ်းနည်းစွာဖြင့် သူ၏ကိုယ်ရေးကိစ္စကို ဘုရားသခင်အားလျှောက်ထားရာမှာ သခင်ဘုရားက မိမိ၏ကျွန်ဒါဝိဒ်ကိုလျစ်လျူရှုမထားပါ။ မိမိ၏သားရင်းလှုံ့ဆော်မှုကြောင့်ပုန်ကန်ထကြွကြသောရန်သူတို့လက်မှလွတ်မြောက်ဖို့ စိတ်သောကရောက်ကာ ဒါဝိဒ်မင်းကြီးပြေးရှောင်ခဲ့ရပါသည်။ ထိုအချိန်က ဒါဝိဒ်

မင်းကြီး၏စိတ်နှလုံးသည် ဘုရားသခင်၏မဟာမေတ္တာတော်နှင့်နီးစပ်ခဲ့သည်ထက် ပို၍နီးစပ်သောအချိန် သူ့အသက်တာမှာမရှိခဲ့ဖူးပါ။ "ငါချစ်သမျှသောသူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထိုကြောင့် ကိုယ်စိတ်ကိုကိုယ်နှိုးဆော်လော့၊ နောင်တရလော့" ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။ ဗျာ၊ ၃း၁၉။ နောင်တရသောနှလုံးသားကို ခရစ်တော်မြှင့်တင်တော်မူလျက် စိတ်မသာညည်းတွားသောသူ၏နှလုံးသားအတွင်း မိမိကိုယ်တော်တိုင်နေနိုင်လောက်အောင် သန့်စင်စေတော်မူ၏။

သို့သော်ကျွန်ုပ်တို့သည် ပြင်းစွာသောအတိဒုက္ခကိုရင်ဆိုင်ရကြသောအခါ ယာကုပ်နှင့်တူမည်မျှလောက်ရှိပါသနည်း။ ကျွန်ုပ်တို့အနေဖြင့် ရန်သူ၏လက်ဖြစ်သည်ဟုထင်မှတ်၍ မှောင်ကြီးမည်းကြီးအတွင်း ကျွန်ုပ်တို့၏စွမ်းအားကုန်ခန်းသည့်တိုင်အောင်မျက်စိမှိတ်လျက်လုံးထွေးနေကြရာ သက်သာခြင်းသို့မရောက်၊ လွတ်မြောက်ခြင်းကိုလည်းမရကြပါ။ ယာကုပ်အဖို့မူကား မိမိနှင့်လုံးထွေးနေသူသည် ပဋိညာဉ်နှင့်ဆိုင်သောကောင်းကင်တမန်ဖြစ်ကြောင်း မိုးသောက်ယံမှာ ထိုသူ၏မြင့်မြတ်သည့်တို့ထိမှုအရသိလိုက်ပါသည်။ ထိုအခါယာကုပ်ချက်ချင်းမျက်ရည်ကျလျက် ခိုကိုးရာမဲ့ဖြစ်ပြီး မိမိမျှော်ကိုးတောင်းတနေသောကောင်းချီးမင်္ဂလာကိုရဖို့ မဟာမေတ္တာတော်ရင်ခွင်အတွင်းသို့ တိုးဝင်လိုက်ပါသည်။ အတိဒုက္ခများအားဖြင့် ကျွန်ုပ်တို့အကျိုးကျေးဇူးဖြစ်ထွန်းမည်ဟု သင်ယူရပါမည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ဆုံးမတော်မူခြင်းကို မထီမဲ့မြင်မပြုဘဲ ပဲ့ပြင်တော်မူသောအခါတွင်လည်းခံနိုင်ရည်ရှိဖို့လိုအပ်ပါသည်။

“အပြစ်နှင့်အလျော့ကက် ဘုရားသခင်စစ်ဆေးတော်မူခြင်းကို ခံယူရသောသူသည် မင်္ဂလာရှိ၏။... ထိုအရှင်သည် အနာကိုဖြစ်စေ၍ ထိုအနာကိုလည်းစည်းတော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏။ သင့်ကိုအမှုခြောက်ပါးထဲက နုတ်ယူတော်မူသည် သာမက ခုနစ်ပါးသောအမှု၌လည်း ဘေးတစ်စုံတစ်ခုမျှမထိခိုက်ရ။” ယောဘ၊ ၅း၁၇–၁၉။ ဒုက္ခရောက်သောသူအားလုံးတို့ထံ ယေရှုရှင် ကြွလာတော်မူလျက် သက်သာစေတော်မူ၏။ ဆုံးပါးပျက်စီးခြင်းနှင့် ရင်ဆိုင်ရသူများ၊ နာကျင်ခြင်းဝေဒနာခံစားရသူများ၊ အတိဒုက္ခရောက် သူများသည် ကိုယ်တော်ရှိတော်မူကြောင်း မြတ်နိုးဖွယ်ရာသိမြင်ရကြ သောအခါ ရွှင်လန်းမှုရကြပါသည်။

စိတ်နှလုံးကြေကွဲဝမ်းနည်းခြင်းကို ကျွန်ုပ်တို့အမြဲတစေခံစား နေရဖို့ ဘုရားသခင်အလိုတော်မရှိပါ။ ကျွန်ုပ်တို့အနေဖြင့်ခေါင်းမော့ ပြီး ကိုယ်တော်၏မဟာမေတ္တာတော်ကိုမျှော်ကိုးဖို့ ဘုရားသခင်အလို ရှိတော်မူ၏။ ကိုယ်တော်အား မသိမမြင်နိုင်လောက်အောင် မျက်ရည် ဖုံးကွယ်နေသောသူများ၏ဘေး၌ ကျွန်ုပ်တို့၏မြတ်တော်မူသော ကယ်တင်ရှင်ရပ်နေတော်မူ၏။ ကျွန်ုပ်တို့အားလမ်းပြပို့ဆောင်တော်မူဖို့ ရိုးသားစွာယုံကြည်လျက် ကိုယ်တော်အားမော့ကြည့်ကြပါက ကျွန်ုပ်တို့ ၏လက်ကိုဆွဲကိုင်ကာ လမ်းပြတော်မူဖို့လိုလားစွာစောင့်နေတော်မူ၏။ ကျွန်ုပ်တို့၏ပူဆွေးမှု၊ ဝမ်းနည်းကြေကွဲမှုနှင့်အတိဒုက္ခများအတွက် ကိုယ်တော်၏နှလုံးတခါးကိုဖွင့်ထားတော်မူ၏။ ကိုယ်တော်သည် ထာဝရ မေတ္တာတော်အားဖြင့် ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် မိမိ၏မေတ္တာ ကရုဏာတော်အားဖြင့်ဝန်းရံထားတော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော် အား လုံးလုံးလျားလျားအာရုံပြုလျက် ကိုယ်တော်၏မေတ္တာကရုဏာတော်

အကြောင်းကို တစ်နေ့လုံးဆင်ခြင်သုံးသပ်၍နေသင့်ပါသည်။ သို့ပြုပါက နေ့စဉ်ဝမ်းနည်းရမှု၊ ရှုပ်ထွေးပွေလီမှုနှင့် သောကပွေရှုပ်မှုများကို ကျော်လွန်၍ ငြိမ်းသက်ခြင်းနယ်ပယ်အတွင်းသို့ စိတ်ဝိညာဉ်ကိုပို့ဆောင်တော်မူပါလိမ့်မည်။

"လောကကိုအောင်ခြင်းအကြောင်းမူကား ငါတို့၏ယုံကြည်ခြင်းပေတည်း" ၁ယောဟန် ၅း၄။ ဒုက္ခဆင်းရဲခြင်းနှင့်ဝမ်းနည်းကြေကွဲရသူများ ယင်းကျမ်းချက်ကိုဆင်ခြင်တွေးတော၍ မျှော်လင့်ဝမ်းမြောက်သင့်ပါသည်။

ဤလောကကြီး၏ပူဆွေးဝမ်းနည်းခြင်းနှင့် ၎င်း၏အပြစ်ကြောင့် ပူဆွေးဝမ်းနည်းရခြင်းများအပေါ် ကရုဏာသက်ဝင်၍ ယေရှုရှင်နှင့်အတူ မျက်ရည်ကျသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုကဲ့သို့သောစိတ်မသာညည်းတွားမှု၌ ကိုယ်ကျိုးဖက်မှုကင်းပါသည်။ ယေရှုရှင်ကိုယ်တော်တိုင် ဝမ်းနည်းပူဆွေးရခြင်းနှင့်ပြည့်ဝသောသူဖြစ်တော်မူသောကြောင့် မည်သည့်ဘာသာစကားနှင့်မျှ မဖော်ပြနိုင်သည့် ကြီးစွာသောကိုယ်စိတ်ဒုက္ခကိုသည်းခံနိုင်သောသူဖြစ်တော်မူ၏။ လူတို့ပြုကြသောဒုစရိုက်ကြောင့် ကိုယ်တော်၏စိတ်ဝိညာဉ်သည် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ လူသား၏လိုအပ်ချက်ပြည့်စုံဖို့နှင့် သောကမီးတောက်လောင်
လေ၏။ လူသား၏လိုအပ်ချက်ပြည့်စုံဖို့နှင့် သောကမီးတောက်လောင်
မှုမှလွတ်မြောက်ဖို့ မဆုတ်မတွန့်လုံ့လထုတ်တော်မူ၏။ အသက်ရဖို့ လူအများ မိမိထံသို့မလာကြပါက ဝမ်းနည်းဆွေး၍ နှလုံးတော်လေးလံတော်မူ၏။ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူတို့အနေဖြင့်လည်း ယင်းအတွေ့အကြုံမျိုးကိုခံစားရကြပါလိမ့်မည်။ သူတို့အနေဖြင့် ကိုယ်တော်၏မေတ္တာတော်ကို ဝေစုခံသောသူများဖြစ်ကြပါက ဆုံးရှုံးသောသူကို ကယ်တင်ရာတွင်လည်း ကိုယ်တော်နှင့်အတူ ကြီးစွာသော

ဆင်းရဲဒုက္ခကိုခံရကြပေလိမ့်မည်။ ဒုက္ခဆင်းရဲမှုတွင် ခရစ်တော်နှင့်အတူ ဝေစုခွဲယူကြသဖြင့် ဘုန်းတော်သို့ဝင်စားရာတွင်လည်း ကိုယ်တော်နှင့် အတူ ဝေစုခွဲယူခွင့်ရကြပေလိမ့်မည်။ ကိုယတော်နှင့်အတူ အမှုဆောင် လျက် ဝမ်းနည်းပူဆွေးရသောခွက်ဖလားကို ကိုယ်တော်နှင့်အတူ သောက်သောသူကိုယ်တိုင်၏ဝမ်းမြောက်ခြင်းကိုလည်း ဝေစုခွဲယူနိုင် ကြပေလိမ့်မည်။

ယေရှုရှင်သည် ဆင်းရဲဒုက္ခကိုခံခြင်းအားဖြင့် သက်သာခြင်း ခရစ်ယာန်ဓမ္မအမှုတော်ကိုဆောင်ရွက်တော်မူ၏။ "လူသား၌အမှုရောက် သောအခါ ကိုယ်တော်၌အမှုရောက်တော်မူ၏။ ထိုသို့စုံစမ်းနှောင့်ယှက် ခြင်းကိုကိုယ်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့် စုံစမ်း နှောင့်ယှက်ခြင်းအမှုနှင့်တွေ့ကြုံသောသူတို့ကိုမစခြင်းငှာ တတ်နိုင်တော် မူ၏။" ဟေရှာယ ၆၃း၉။ ဟေဗြဲ ၂း၁၈။ "ခရစ်တော်ကြောင့် ငါတို့ ခံရသောဆင်းရဲခြင်းသည် အလွန်များပြားသည်နည်းတူ ခရစ်တော်၏ ကျေးဇူးတော်အားဖြင့် ငါတို့ခံရသောသက်သာခြင်းသည် အလွန်များပြား ၏" ဟု ၂ကော ၁း၅ ၌ဖေါ်ပြပါရှိသည်နှင့်အညီ ဤခရစ်ယာန်ဓမ္မ အမှုတော်တွင် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့၍ အဆင်းရဲခံရသော သူတိုင်း သက်သာခြင်းဆုကျေးဇူးကို ဝေစုခွဲယူနိုင်ကြပေလိမ့်မည်။ စိတ်မသာညည်းတွားသောသူတို့အဖို့ အထူးကျေးဇူးတော်ရှိသည်ဖြစ်ရာ ဝိညာဉ်ကယ်တင်နိုင်ဖို့ ထိုကျေးဇူးတော်၏တန်ခိုးအားဖြင့် နှလုံးသား များကိုအရည်ပျော်စေလိမ့်မည်။ "သနားခြင်းကရုဏာ၏အဘ၊ သက်သာ ခြင်းအကြောင်းအမျိုးမျိုးတို့၏အရှင်တည်းဟူသော... ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ ဆင်းရဲခြင်း အမျိုးမျိုးကိုခံရသောသူတို့အား သက်သာစေနိုင်မည်အကြောင်း ဆင်းရဲ

ခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အားသက်သာစေတော်မူ၏။" ဟု ၂ကောရိန်သု ၁း၃၊၄ တွင် ဆိုထားသည့်အတိုင်း နာကျင်စွာထိုးနှက်ခြင်း၊ နှိပ်စက်ခြင်းခံရသောသူ၏နှလုံးအတွင်း ကိုယ်တော်၏မေတ္တာတော်လမ်းပွင့်၍ ဝမ်းနည်းကြေကွဲသူ၏အနာကိုပျောက်စေပါသည်။

**"စိတ်နှလုံးနူးညံ့သိမ်မွေ့သောသူတို့သည်**
**မင်္ဂလာရှိကြ၏။" မဿဲ ၅း၅။**

မင်္ဂလာတရားတော်တစ်လျှောက်လုံး၌ ခရစ်ယာန်အတွေ့အကြုံရင့်ကျက်သည့်လမ်းစဉ်ကိုတွေ့ရပါသည်။ ခရစ်တော်ကိုလိုအပ်ပါသည်ဟုခံစားရသောသူများ၊ အပြစ်ဒုစရိုက်ကြောင့် စိတ်မသာညည်းတွားသူများ၊ ဒုက္ခဆင်းရဲခြင်းတည်းဟူသော စာသင်ခန်းအတွင်းမှာ ခရစ်တော်နှင့်အတူထိုင်သူများသည် ဆရာတော်သခင်ဘုရားထံမှ စိတ်နူးညံ့သိမ်မွေ့ခြင်းကိုသင်ယူကြပါသည်။

ပြစ်မှားခြင်းခံရပါလျက် သည်းခံခြင်းနှင့်နူးညံ့သိမ်မွေ့နေခြင်းတို့မှာ တစ်ပါးအမျိုးသား (သို့မဟုတ်) ယုဒလူတို့ကတန်ဖိုးထားသောအရည်အချင်းများမဟုတ်ပါ။ မောရှေကသူသည် ကမ္ဘာပေါ်တွင်အနူးညံ့အသိမ်မွေ့ဆုံးဖြစ်သည်ဟု သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းခြင်းအားဖြင့်ဆိုခဲ့ပါသည်။ သို့သော် ယင်းအဆိုကို မောရှေခေတ်ကလူတို့ကချီးကျူးစရာဖြစ်သည်ဟုယူဆကြလိမ့်မည်မဟုတ်ပါ။ သနားစရာဖြစ်သည် (သို့မဟုတ်) စက်ဆုပ်စရာဖြစ်သည်ဟုပင်ထင်ကြပေလိမ့်မည်။ သို့သော်မိမိ၏နိုင်ငံတော်ကိုတည်ထောင်ရာတွင် စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းကို ဦးစားပေးအရည်အချင်းများတွင် ယေရှုရှင်ထည့်ထားတော်မူ၏။ မိမိကိုယ်ရေးကိုယ်တာတွင်လည်း ယင်းမွန်မြတ်သည့်ဂုဏ်ဒြပ်ကိုပေါ်လွင်စေတော်မူ၏။

ခမည်းတော်ဘုရားသခင်၏ဘုန်းတော်ရောင်ကိုထွန်းတောက်စေသည့်ယေရှုရှင်သည် "ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံသဏ္ဍာန်ကိုယူဆောင်" တော်မူ၏။ ဖိလိပ္ပိ ၂း၆၊၇။ မိမိကျေနပ်စွာခံယူတော်မူခဲ့သည့်နိမ့်ကျသောဘဝအသက်တာအတွေ့အကြုံအပေါင်းတွင် ဘုရင်ကြီးပမာ ပူဇော်ခြင်းကိုမခံယူဘဲ သူတစ်ပါးအဖို့ကောင်းမှုပြုအစေခံတော်မူလျက် သာမန်လူသားတို့အလယ်တွင်လှည့်လည်တော်မူ၏။ ကိုယ်တော်၏အမှုအရာတွင် အယူသီးခြင်းအရိပ်အယောင်မျှမရှိ၊ ခက်ထန်ကြမ်းတမ်းခြင်းလည်းလုံးဝမရှိပါ။ ဤလောက၏ကယ်တင်ရှင်၌ ကောင်းကင်တမန်တို့ထက်မြင့်မြတ်သည့် သဘာဝရှိသော်လည်း ကိုယ်တော်၏ဘုရားဇာတိဆိုင်ရာဘုန်းတော်တွင် စိတ်နှလုံးသိမ်မွေ့ခြင်းနှင့်ပျော့ပျောင်းသောစိတ်ကိုပေါင်းစပ်ထားတော်မူ၏။

ယေရှုရှင်သည် ကိုယ်ကျိုးအတွက်အားထုတ်ဆောင်ရွက်ခြင်းလုံးဝမရှိ၊ ပြုတော်မူသမျှတို့၌ ကိုယ်ကျိုးကင်းတော်မူ၏။ ခမည်းတော်၏အလိုတော်နှင့်ညီလျော်စွာ အရာခပ်သိမ်းကိုဆောင်ရွက်တော်မူ၏။ ဤကမ္ဘာမြေကြီးပေါ်မှမိမိ၏အမှုတော်ကိုအပြီးသတ်ချိန်တန်သောအခါ "အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဖို့ ကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ပြီးပါပြီ" ဟုမြွက်ဟတော်မူနိုင်ခဲ့ပါသည်။ ယောဟန် ၁၇း၄။ ၎င်းအပြင် "ငါ့ထံ၌နည်းခံကြလော့၊ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောထားရှိ၏" ဟူ၍လည်းကောင်း၊ "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်၊

ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်” ဟူ၍
လည်းကောင်း ကျွန်ုပ်တို့အဖို့ ဩဝါဒပေးထားတော်မူ၏။ မဿဲ
၁၁း၂၉။ ၁၆း၂၄။ ကိုယ်ကျိုးဖက်ခြင်းကို လုံးဝဖယ်ရှား၍ အတ္တစိတ်ကို
မိမိ၏နှလုံးအတွင်းမှနှင်ထုတ်ရပါမည်။

ကိုယ်ကိုငြင်းပယ်၍ ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်
၏နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောကိုလည်းကောင်း ဆင်ခြင်သော
သူသည် လူသားနှင့်တူသောသူကိုမြင်ရသောအခါ ဒံယေလကဲ့သို့
“ခွန်အားလျော့၍ မျက်နှာပျက်လျက် ကိုယ်၌အစွမ်းသတ္တိအလျှင်းမရှိ”
ဟုပြောပေလိမ့်မည်။ ဒံယေလ ၁၀း၈။ ငါတတ်နိုင်သည်၊ ငါသာလျှင်
ကြီးမြတ်သည်ဟူ၍ ကျွန်ုပ်တို့ဂုဏ်ယူနေကြပါက စာတန်၏လက်ပါးစေ
အသွင်ကို ယုတ်ညံ့စွာဖေါ်ဆောင်နေခြင်းဖြစ်ပါသည်။ မိမိ၏ထင်မြင်
ယူဆချက်အတွက် အချီအချပြောဖို့ကြိုးစားခြင်း၊ ယှဉ်ပြိုင်မှုဖြင့်အနိုင်
ရဖို့အတွက် အသင့်ရှိနေခြင်းတို့မှာ လူ၏သဘာဝဖြစ်ပါသည်။ သို့သော်
ခရစ်တော်၏ထံတော်၌ နည်းခံပြီးဖြစ်ပါက ကိုယ်ကိုကိုယ်ငြင်းပယ်ပြီး
ဖြစ်ပေလိမ့်မည်။ မာန်မာနရှိတော့မည်မဟုတ်ပါ။ မေတ္တာစိတ်စိုးမိုး၍
စိတ်ဝိညာဉ်အတွင်းငြိမ်သက်ခြင်းရှိလိမ့်မည်။ အတ္တစိတ်ကိုသန့်ရှင်းသော
ဝိညာဉ်တော်ထံဆက်ကပ်ထားပြီးဖြစ်ပါလိမ့်မည်။ ထိုအခါ အမြင့်ဆုံး
သောနေရာကိုမက်မောတော့မည်မဟုတ်ပါ။ အဓိကရလူသိများဖို့
တံတောင်တွက်ထိုးဝှေ့ပြီး ကြိုးစားတော့မည်မဟုတ်ပါ။ အကျွန်ုပ်တို့
အဖို့အမြင့်မြတ်ဆုံးသောနေရာမှာ ကယ်တင်ရှင်၏ခြေတော်ရင်း၌သာ
ရှိပါသည်ဟု သိမြင်လာပေလိမ့်မည်။ ယေရှုရှင်အားကြည့်ပြီး ကိုယ်တော်
၏လက်တော်ဖြင့်ပို့ဆောင်တော်မူဖို့ စောင့်နေပေလိမ့်မည်။ လမ်းညွှန်
တော်မူဖို့ ကိုယ်တော်၏အသံကိုနားစွင့်နေပေလိမ့်မည်။ တမန်တော်

ရှင်ပေါလုက မိမိ၏အတွေ့အကြုံအရ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။" ဟု ဂလာတိ ၂း၂၀ အရဆိုထားပါသည်။

ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အတွင်း ခရစ်တော်အားဧည့်သည်တော်အဖြစ်ပင် ဖိတ်ထားကြပါက ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း လူသားနားမလည်နိုင်သည့် ဘုရားသခင်နှင့်ဆိုင်သောငြိမ်သက်ခြင်း တည်းနေပေလိမ့်မည်။ ကိုယ်တော်သည် ဤလောက၌ ဆန့်ကျင်တိုက်ခိုက်မှုဝန်းရံလျက် သက်ရှင်နေထိုင်တော်မူခဲ့သော်လည်း ကိုယ်တော်၏အသက်တာ၌ ငြိမ်သက်မှုအပြည့်အဝရှိခဲ့ပါသည်။ အမျက်ဒေါသခြောင်းခြောင်းထွက်နေသောရန်သူတို့က အစဉ်တစိုက်နောက်မှလိုက်နေကြသော်လည်း ကိုယ်တော်က "ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည်စွန့်ပစ်တော်မမူ။ အကြောင်းမူကား နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်ဟုမိန့်တော်မူ၏။" ယောဟန် ၈း၂၉။ ဘုရားသခင်နှင့်ပြီးပြည့်စုံသည့် ဆက်ဆံမှုရရှိထားပါက မည်သည့်လူသားမုန်တိုင်းဒေါသကမျှ ယင်းငြိမ်သက်သာယာမှုကို မနှောင့်ယှက်နိုင်ပါ။ စာတန်၏နှောင့်ယှက်မှုကလည်း ယင်းငြိမ်သက်မှုကိုမဖျက်ဆီးနိုင်ပါ။ ထိုကြောင့် ကိုယ်တော်က "ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။" "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊ ငါထံ၌နည်းခံကြလော့၊ ငါသည်

နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၍၊ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်” ဟုမိန့်တော်မူခဲ့ပါသည်။ ယောဟန် ၁၄း၂၇။ မဿဲ ၁၁း၂၉။ ဘုရားသခင်၏ဘုန်းတော်ရောင်ထွန်းတောက် စေခြင်းငှာလည်းကောင်း၊ လူသား၏ဘဝကိုမြှင့်တင်ပေးရာ၌လည်း ကောင်း ငါနှင့်အတူ အမှုတော်ထမ်းပိုးကိုထမ်းကြလော့၊ သို့ပြုပါက ဝန်ထုပ်ပေါ့၍ ထမ်းပိုးထမ်းလွယ်သည်ကို သင်တို့တွေ့သိကြလိမ့်မည်။

အတ္တစိတ်က ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းကိုဖျက်ဆီးပါသည်။ ယင်းအတ္တစိတ်ရှင်သန်နေပါက ကိုယ်စိတ်အလိုသို့မလိုက်ဘဲမနေ။ ယင်းအတ္တစိတ်ကိုချိုးနှိမ်ဖို့ကိုလည်း ကြိုးစားမည်မဟုတ်ပါ။ ရိုင်းပျစွာ ပြုမူပြောဆိုခြင်းမခံရဖို့ကိုလည်း အစဉ်ကာကွယ်နေပါသည်။ သို့သော် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုချုပ်ငြိမ်း၍ ကျွန်ုပ်တို့၏အသက်ကို ခရစ်တော် နှင့်အတူ ဘုရားသခင်၌ဝှက်ထားပါက သူတစ်ပါးက လျစ်လျူရှုထား ခြင်း၊ မရိုသေမလေးစားခြင်းတို့ကို ဥပေက္ခာပြု၍ခွင့်လွှတ်နိုင်ပါလိမ့် မည်။ ပြစ်တင်ဝေဖန်ခြင်းကိုနားမထောင်ဘဲ၊ မလေးမစားပြုခြင်းနှင့် ပြောင်လှောင်ခြင်းများကိုလည်း မကြည့်ဘဲနေနိုင်ပါလိမ့်မည်။ “မေတ္တာ သည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ မေတ္တာသည်ဂုဏ်ပြိုင် ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျော်ကပ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား ၌ဝမ်းမြောက်တတ်၏၊ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏၊ ခပ်သိမ်း သောအရာကိုယုံတတ်၏၊ ခပ်သိမ်းသောအရာကိုမျှော်လင့်တတ်၏၊ ခပ်သိမ်းသောအရာကိုသည်းခံတတ်၏၊ မေတ္တာသည်ဖေါက်ပြန်ခြင်း သဘောနှင့်အစဉ်ကင်းလွတ်၏။” ၁ကော၊ ၁၃း၄–၈။။

လောကီရေးရာများအားဖြင့် ရရှိထားသောပျော်ရွှင်မှုများသည် အခြေအနေအရပ်ရပ်ပေါ်မူတည်၍ပြောင်းလဲနိုင်ပါသည်။ သို့သော် ခရစ်တော်ပေးတော်မူသည့်ငြိမ်သက်ခြင်းမှာမူကား အစဉ်မပြတ်တည်မြဲပါသည်။ ဘဝအသက်တာအခြေအနေပေါ်မူမတည်ပါ။ လောကီဥစ္စာဘဏ္ဍာအပေါ်တွင်လည်းမူမတည်ပါ။ လောကီရေးရာမိတ်သင်္ဂဟများအပေါ်တွင်လည်းမူမတည်ပါ။ ခရစ်တော်သည် အသက်စမ်းရေကိုပေးတော်မူသောအရှင်ဖြစ်တော်မူသောကြောင့် ကိုယ်တော်ထံမှလက်ခံရရှိထားသည့်ပျော်ရွှင်မှုသည် မည်သည့်အခါတွင်မျှ ပျက်ပြယ်လိမ့်မည်မဟုတ်ပါ။

နေအိမ်အတွင်း၌ခရစ်တော်ကဲ့သို့ စိတ်နူးညံ့သိမ်မွေ့ခြင်းရှိပါက အိမ်သူအိမ်သားများပျော်ရွှင်မှုရကြပေလိမ့်မည်။ ခိုက်ရန်ဒေါသပွားများစရာအကြောင်းမရှိ။ ရန်ကိုရန်ချင်းတုံ့နှင်းလိမ့်မည်မဟုတ်။ အမျက်ဒေါသကိုပြေစေလိမ့်မည်။ ထိုရောအခါနှစ်လိုဖွယ်သော မိသားစုဝင်တိုင်း၌ နူးညံ့သိမ်မွေ့သောစိတ်သဘောကူးစက်လိမ့်မည်။ ဤကမ္ဘာမြေကြီးပေါ်တွင် နူးညံ့သိမ်မွေ့သောစိတ်သဘောရှိသည့်မိသားစုတိုင်းသည် ကောင်းကင်မိသားစုကြီး၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

မဟုတ်မမှန်စွပ်စွဲမှုကြောင့် ဆင်းရဲဒုက္ခခံရခြင်းသည် ရန်သူအားကလဲ့စားချေဖို့ကြိုးစားရာမှာ စိတ်ဆင်းရဲကိုယ်ပင်ပန်းဖြစ်ရခြင်းထက်ပို၍ကောင်းပါသည်။ မုန်တီးခြင်း၊ ရန်တုံ့မူခြင်း၊ ကလဲ့စားချေခြင်းများကို စာတန်ကအစပြုခဲ့ပါသည်။ ထိုကြောင့် ယင်းသို့ပြုမူခြင်းတို့ကိုမြတ်နိုးပါက မကောင်းသောအကျိုးကိုသာပေးလိမ့်မည်။ စိတ်နှလုံးနှိမ့်ချခြင်း၊ စိတ်နူးညံ့သိမ်မွေ့ခြင်းတို့သည် ခရစ်တော်ရှိနေတော်မူခြင်း၏အကျိုးသက်ရောက်မှုများဖြစ်ရာ ကောင်းချီးမင်္ဂလာအပေါင်း၏လျှို့ဝှက်

ချက်ဖြစ်ပါသည်။ "စိတ်နှိမ့်ချသောသူတို့ကို ကယ်တင်ခြင်းအားဖြင့် အသရေတင့်တယ်စေတော်မူ၏။" ဆာလံ၊ ၁၄၉း၄။

စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် "ပြည်တော်ကိုအမွေခံရကြလတ္တံ့။" ကိုယ်ကိုကိုယ်ချီးမြှောက်လိုသောဆန္ဒပြင်းပြမှုကြောင့် ဤကမ္ဘာသို့အပြစ်တရားဝင်ရောက်ခဲ့ပါသည်။ ထိုကြောင့် သူတို့၏ပြည်တော်ဖြစ်သော ဤကမ္ဘာကို ကျွန်ုပ်တို့၏ပထမမိဘနှစ်ပါးဆုံးရှုံးသောပြည်ခရစ်တော်သည် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအားဖြင့်ဆုံးရှုံးသောပြည်တော်ကို ရွေးယူတော်မူခဲ့ပါသည်။ ကိုယ်တော်အောင်မြင်တော်မူသည်နည်းတူ ကျွန်ုပ်တို့အောင်မြင်ရမည်ဟု ကိုယ်တော်ကမှာထားတော်မူပါသည်။ ဗျာ၊ ၃း၂၁။ မာန်မာနမထားဘဲ မိမိကိုယ်ကိုဆက်ကပ်အပ်နှံထားကြပါက "စိတ်နှိမ့်ချသောသူတို့ --ပြည့်တော်ကိုအမွေခံ" ကြသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူအမွေခံများဖြစ်ကြပါလိမ့်မည်။ ဆာ၊ ၃၇း၁၁။

စိတ်နူးညံ့သိမ်မွေ့သောသူတို့အားး ကတိထားတော်မူသည့်ကမ္ဘာမြေကြီးတည်းဟူသောပြည်တော်၌ သေမင်း၏အရိပ်လွှမ်းမိုးသောမှောင်မိုက်မရှိ၊ အမင်္ဂလာနှင့်လည်းကင်းပါ၏။ "ဖြောင့်မတ်ခြင်းတရားတည်နေရာမိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည်ကတိတော်နှင့်အညီမြော်လင့်ကြ၏၊" "နောက်တစ်ဖန်ကျိန်ခြင်းဘေးတစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။" ၂ပေး ၃း၁၃။ ဗျာ ၂၂း၃။

ထိုအရပ်၌စိတ်ပျက်အားငယ်စရာမရှိ။ ဝမ်းနည်းစရာမရှိ။ အပြစ်ဒုစရိုက်မရှိ။ နာမကျန်းဖြစ်နေသည်ဟုပြောသူမရှိ။ အသုဘယာဉ်မရှိ။

ဝမ်းနည်းပူဆွေးခြင်းမရှိ။ စုတေခြင်းမရှိ။ ခွဲခွာခြင်းမရှိ။ စိတ်နှလုံးကြေကွဲရခြင်းမရှိ။ ယေရှုရှင်ရှိတော်မူသောကြောင့် ငြိမ်သက်ခြင်းရှိ၏။ ထိုအရပ်၌ "သူတို့သည် ရေစာကိုမငတ်မမွတ်ရ။ အပူကိုလည်းမခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား၊ သူတို့ကိုသနားသောသူသည် သူတို့ကိုပို့ဆောင်၍ စမ်းရေတွင်းအနားသို့လမ်းပြလိမ့်မည်။" ဟေရှာယ ၄၉း၁၀။

**"ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သော**
**သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား**
**ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့။"**
**မဿဲ ၅း၆။**

ဖြောင့်မတ်ခြင်းသည် သန့်ရှင်းခြင်းဖြစ်၍ ဘုရားသခင်နှင့်တူခြင်းဖြစ်ပါသည်။ ၎င်းအပြင် "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏၊" ၁ယော ၄း၁၆။ "အလုံးစုံသောပညတ်တော်တို့သည် ဖြောင့်မတ်ပါသည်ဖြစ်၍" ဟု ဆာလံ၊ ၁၁၉း၁၇၂ တွင်ဆိုထားသဖြင့် ဘုရားသခင်၏တရားတော်နှင့်လည်း ညီညွတ်ပါသည်။ ထိုကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာဖြစ်သတည်း။" ရောမ ၁၃း၁၀။ ဖြောင့်မတ်ခြင်းဆိုသည်မှာ–ချစ်ခြင်းမေတ္တာဖြစ်၍ ချစ်ခြင်းမေတ္တာဆိုသည်မှာ–ဘုရားသခင်၏အလင်းတရားနှင့်အသက်ဖြစ်ပါသည်။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ခရစ်တော်အားဖြင့်ရုပ်လုံးဖော်ထားပါသည်။ ခရစ်တော်ကိုလက်ခံခြင်းဖြင့် ဖြောင့်မတ်ခြင်းကိုလက်ခံရရှိပါသည်။

တပင်တပန်းရုန်းကန်ခြင်းဖြင့်လည်းကောင်း၊ တမောတပန်းကြိုးစားအားထုတ်ခြင်းအားဖြင့်လည်းကောင်း၊ ပေါပေါများများစွန့်ကြ၍အနစ်နာခံခြင်းအားဖြင့်လည်းကောင်း ဖြောင့်မတ်ခြင်းကိုရသည်မဟုတ်ပါ။ ယင်းပါရမီကိုရဖို့ ဆာငတ်ခင်မွတ်သောသူတိုင်းအား ရက်ရောစွာ

ပေးတော်မူ၏။ "အို၊ ရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့လာကြ လော့။ ငွေမရှိသောသူတို့၊ လာကြ၊ ဝယ်၍စားသောက်ကြလော့၊ ငွေမပါဘဲ အဖိုးကိုမပေးဘဲလာ၍... ဝယ်ကြလော့။" ဟူ၍လည်းကောင်း၊ "ငါကြောင့်ဖြောင့်မတ်ရာသို့ရောက်ကြလိမ့်မည်" ဟူ၍လည်းကောင်း၊ "ထိုမင်းသည် ယေဟောဝါဇေဒကနု(ဖြောင့်မတ်ခြင်း) ဟူသောဘွဲ့နာမ ရှိလိမ့်သတည်း" ဟူ၍လည်းကောင်း အရှင်ထာဝရဘုရားသခင်မိန့်တော် မူ၏။ ဟေရှာယ ၅၅:၁။ ၅၄:၁၇။ ယေရမိ ၂၃:၆။

စိတ်ဝိညာဉ်ဆာငတ်ခင်မွတ်ခြင်းကို မည်သည့်လူသားအာဏာ တန်ခိုးကမျှ မပြေစေနိုင်ပါ။ သို့သော် ယေရှုရှင်က "ငါသည် တံခါး ရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" ဟူ၍လည်းကောင်း၊ "ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တစ်ဖန်ရေငတ် မခံရ" ဟူ၍လည်းကောင်း ယေရှုရှင်မိန့်တော်မူ၏။ ဗျာ၊ ၃:၂၀။ ယောဟန်၊ ၆:၃၅။

အကျွန်ုပ်တို့၏ခန္ဓာကိုယ်ကြီးထွားရှင်သန်ဖို့ အစားအသောက် လိုအပ်သကဲ့သို့ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်ရှင်သန်ကြီးထွားဖို့နှင့် ဘုရားသခင်၏အမှုတော်ကိုဆောင်ရန် စွမ်းဆောင်ရည်ပြည့်ဝဖို့ ခရစ် တော်တည်းဟူသော ကောင်းကင်မုန့်ကိုကျွန်ုပ်တို့လိုအပ်ပါသည်။ ခန္ဓာ ကိုယ်အသက်ရှင်ဖို့နှင့် ကျန်းမာသန်စွမ်းဖို့အာဟာရဓါတ်ကိုအစဉ်တစိုက် လိုအပ်ပါသည်။ ထိုနည်းတူ အသက်ဝိညာဉ်သည်လည်း ခရစ်တော်နှင့် အစဉ်မပြတ်ဆက်သွယ်ဖို့၊ ကိုယ်တော်အား ကိုယ်ကိုကိုယ်အပ်နှံထားဖို့၊ ကိုယ်တော်အား လုံးလုံးလျားလျား မှီခိုအားကိုးဖို့လိုအပ်ပါသည်။

သဲကန္တာရအတွင်း ပင်ပန်းနွမ်းနယ်နေသည့်ခရီးသည်အနေဖြင့် စမ်းရေကိုရှာ၍တွေ့သောအခါ ပူလောင်လှသောရေငတ်မှုပြေသကဲ့သို့ ခရစ်ယာန်ရေငတ်ခြင်းကိုလည်း ခရစ်တော်တည်းဟူသောအသက် စမ်းရေကိုတွေ့သိခံယူမှသာ ရေငတ်ပြေပါလိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့် ကယ်တင်ရှင်၏စုံလင်သောဂုဏ်တော်များ အကြောင်းကိုသိသောအခါ ပုံသဏ္ဍာန်ပြောင်းလဲဖို့၊ ကိုယ်တော်စင်ကြယ်တော်မူသည်နည်းတူ ကိုယ်တော်နှင့်တူညီဖို့လိုလားကြပေလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်အကြောင်းပို၍သိလေ ကျွန်ုပ်တို့၏ အကျင့်စာရိတ္တအဆင့်မြင့်ဖို့ ပို၍လိုလားလေဖြစ်လိမ့်မည်။ ကိုယ်တော်၏ အလင်းရောင်ကိုရောင်ပြန်ဟပ်နိုင်ဖို့ကိုလည်း ပို၍စိတ်ထက်သန်လိမ့်မည်။ လူသည်ဘုရားသခင်အား လုံးလုံးလျားလျားအာရုံစိုက်၍ရှာဖွေပါက ဘုရားသခင်နှင့်ဆိုင်သောအင်အားစုသည် လူသားနှင့်ပူးပေါင်း၍ မျှော်လင့်တမ်းတနေသောစိတ်နှလုံးအတွင်းမှ "အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာနေတတ်၏။ ငါမြော်လင့်ခြင်း အကြောင်းသည် အထံတော်ကသက်ရောက်ရ၏" ဟုဆိုနိုင်ပေလိမ့်မည်။ ဆာလံ ၆၂း၅။

အကယ်၍ သင်၏စိတ်၌ပြည့်စုံမှုမရှိဟုခံစားနေရပါကလည်း ကောင်း၊ အကယ်၍သင်သည် ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်နေပါက လည်းကောင်း သင်၏စိတ်ကို ခရစ်တော်ကနှိုးဆော်နေခြင်းအတွက် သာဓကဖြစ်သောကြောင့် သင်ကိုယ်တိုင်မဆောင်ရွက်နိုင်သောကိစ္စရပ် များကို သန့်ရှင်းသောဝိညာဉ်တော်၏အထောက်အကူဖြင့်ဆောင်ရွက် ပေးရန် လမ်းစရှာခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ရေငတ်နေကြပါက ရေတိမ်သောချောင်းငယ်မှာ ရေရှာဖို့မဟုတ်ပါ။ ကျွန်ုပ်တို့၏အပေါ်

နားမှာပင် စမ်းရေတွင်းကြီးရှိနေသောကြောင့် ယုံကြည်ခြင်းလမ်းစဉ်ဖြင့် အနည်းငယ်မျှသာတက်လိုက်မည်ဆိုပါက ယင်းစမ်းရေတွင်းမှ လိုသမျှသောရေကို အခမဲ့ရယူ၍ ဝစွာသောက်သုံးနိုင်ပါသည်။

ဘုရားသခင်၏နှုတ်ကပါဠ်တော်သည် အသက်စမ်းရေဖွေလေ့လာဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်လမ်းညွှန်မှုဖြင့် စေ့စေ့ရှာဖွေလေ့လာပါက ခရစ်တော်ပေးတော်မူသည့် အသက်စမ်းရေကိုသောက်သုံးရကြပါလိမ့်မည်။ သိထားပြီးသောသမ္မာတရားအတွက် အသိသစ်အမြင်သစ်ရလိမ့်မည်။ အခိပ္ပါယ်သစ်နှင့်ကျမ်းချက်များလျှပ်တစ်ပြက်ပေါ်လိမ့်မည်။ ကယ်တင်ခြင်းဆိုင်ရာလုပ်ငန်းအတွက် အခြားဆက်စပ်နေသည့်သမ္မာတရားများကိုတွေ့သိလိမ့်မည်။ ခရစ်တော်သည် သင်၏ဘေးမှာရပ်တော်မူလျက် သင်ပြုပို့ဆောင်နေသည်ကို တွေ့သိခံစားရလိမ့်မည်။

"ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟု ယေရှုရှင်၏မိန့်တော်မူချက်ရှိပါသည်။ ယောဟန် ၄း၁၄။ သန့်ရှင်းသောဝိညာဉ်တော်က သင့်အား သမ္မာတရားကိုဖွင့်ပြတော်မူသောအခါ သင့်အနေဖြင့် ယင်းမွန်မြတ်သောအတွေ့အကြုံကို အမြတ်တနိုးသိမ်းထား၍ သင်ခံစားရသည့်စိတ်ချမ်းသာမှုအတွေ့အကြုံများကို သူတစ်ပါးအားဝေငှဖို့လိုလားပါလိမ့်မည်။ သူတို့နှင့်မိတ်ဖွဲ့ပေါင်းသင်းသောအခါတွင်လည်း ခရစ်တော်၏အမှုတော်နှင့်စပ်လျဉ်း၍ အတွေးအခေါ်သစ်များပေးနိုင်ပေလိမ့်မည်။ ကိုယ်တော်အား ချစ်မြတ်နိုးသောသူတို့ကိုဖြစ်စေ၊ မမြတ်နိုးသောသူတို့ကိုဖြစ်စေ ကိုယ်တော်၏မေတ္တာကရုဏာတော်အကြောင်း ပြောပြဆွေးနွေးဖို့အချက်အလက်သစ်များကို သင်ကိုယ်တိုင်ရလိမ့်မည်။

"သူတစ်ပါးအားပေးကြလော့၊ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။" ဟုရှင်လုကာ ၁၆း၃၈ တွင်ဖော်ပြထားခြင်းမှာ ဘုရားသခင်၏နှုတ်ကပါဌ်တော်သည် "ဥယျာဉ်များကိုရေလောင်းစရာရေကန်၊ စမ်းရေတွင်း၊ လေဗနုန်တောင်ကစီးထွက်သောမြစ်ရေ" ဖြစ်ကြောင်း ရှောလမုန်သီချင်း ၄း၁၅ တွင်ဖော်ပြထားသောကြောင့်ဖြစ်ပါသည်။ ခရစ်တော်၏မေတ္တာရေလျှင်ကို တစ်ခါတစ်ကြိမ်သောက်သုံးရဖူးသောသူသည် ပို၍ပို၍ဆက်တိုက်တောင့်တလိမ့်မည်။ သူတစ်ပါးအားဆက်လက်ဝေငှပါက ပို၍ပို၍ ကြွယ်ဝစွာလက်ခံရရှိပေလိမ့်မည်။

တစ်စုံတစ်ယောက်သောသူအား ဘုရားသခင်ဖွင့်ပြသမျှတို့သည် ထိုသူအနေဖြင့် အသိတရားနှင့်မေတ္တာတရားကို ပိုမိုခံယူနိုင်ရန်အတွက်ဖြစ်ပါသည်။ စိတ်နှလုံးအနေဖြင့် ကိုယ်တော်ကို "သာ၍" လိုပါသည်ဟုအစဉ်လိုလားတောင်းလျှောက်သောသူအား ဝိညာဉ်တော်ကထူးခြားစွာ "သာ၍" ပေးတော်မူမည်ဟု အဖြေပေးတော်မူလိမ့်မည်။ ရောမ ၅း၉၊၁၀။ အဘယ်ကြောင့်ဆိုသော်– ကျွန်ုပ်တို့၏ဘုရားသခင်သည် "ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုပြင်ခြင်းငှာတတ်နိုင်တော်မူသောဘုရားသခင်ဖြစ်တော်မူ၏။" ဧဖက် ၃း၂၀။ ပျောက်ဆုံးနေသောလူသားကိုကယ်တင်ဖို့ ကိုယ်ကျိုးစွန့်သောယေရှုရှင်အား သန့်ရှင်းသောဝိညာဉ်တော်ကို အတိုင်းအတာမရှိပေးတော်မူ၏။ သို့ပါ၍ မိမိ၏စိတ်နှလုံးအတွင်း ကိုယ်တော်နေထိုင်တော်မူဖို့ ခွင့်ပြုလက်ခံထားသောခရစ်ယာန်အား ထိုနည်းတူပေးတော်မူလိမ့်မည်။ သခင်ဘုရားကိုယ်တော်တိုင်က "ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့" ဟုမှာထားတော်မူခဲ့ပါသည်။ ဧဖက် ၅း၁၈။ ယင်းကဲ့သို့မှာထားတော်မူခဲ့သည့် ဩဝါဒကပင်လျှင် မှာထားတော်မူခဲ့သည့်အတိုင်းပြည့်စုံဖို့

ကတိတော်ဖြစ်ပါသည်။ "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်းငှာလည်းကောင်း၊" "ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏" ဟူ၍လည်းကောင်း ကောလောသဲ ၁း၁၉ နှင့် ၂း၁၀ တို့တွင်ဖော်ပြထားပါသည်။ ယင်းသို့ခရစ်တော်၌ စုံလင်ခြင်းရှိကြဖို့မှာ ခမည်းတော်ဘုရားသခင်၏ကောင်းမြတ်တော်မူသောဆန္ဒဖြစ်ပါသည်။

မြေမျက်နှာပြင်ကိုလန်းဆန်းစေသောမိုးရေပမာ ဘုရားသခင်သည် မိမိ၏မေတ္တာတော်ကိုအကန့်အသတ်မရှိ၊ အစဉ်သွန်းလောင်းတော်မူ၏။ မိုးတိမ်တို့သည် တရားမိုးကိုရွာကြစေ၊ "မြေကြီးသည်ပွင့်၍ ကယ်တင်ခြင်းအသီးကိုသီးစေ၊ ဖြောင့်မတ်ခြင်းတရားသည် တစ်ပြိုင်နက်ပေါက်စေ။" "ဆင်းရဲသောသူနှင့်ငတ်မွတ်သောသူတို့သည် ရေကိုရှာ၍မတွေ့၊ ရေငတ်၍လျှာသွေ့ခြောက်သောအခါ ငါထာဝရဘုရားသခင်သည် သူတို့စကားကိုနားထောင်မည်။ ဣသရေလအမျိုး၏ဘုရားသခင်ဖြစ်သော ငါသည် သူတို့ကိုမစွန့်၊ မြင့်သောအရပ်တို့၌မြစ်ကိုလည်းကောင်း၊ နိမ့်သောအရပ်တို့၌စမ်းရေကိုလည်းကောင်း ငါပေါက်စေမည်။ တောအရပ်၌ရေကန်များကိုလည်းကောင်း၊ သွေ့ခြောက်သောအရပ်၌ စမ်းရေတွင်းများကိုလည်းကောင်း ငါဖြစ်စေမည်" ဟု အရှင်ထာဝရဘုရားသခင်မိန့်တော်မူ၏။ ဟေရှာယ ၄၅း၈။ ၄၁း၁၇၊၁၈။

"ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကိုငါတို့ရှိသမျှသည် ခံရကြပြီ။" ယောဟန် ၁း၁၆။

"သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏၊
အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကို
ခံရကြလတ္တံ့။" မဿဲ ၅း၇။

လူသား၏စိတ်နှလုံးအတွင်း သဘာဝအားဖြင့် အေးစက်မှောင်မည်း၍ မေတ္တာမရှိပါ။ အကယ်၍ တစ်စုံတစ်ယောက်သောသူအနေဖြင့် မေတ္တာကရုဏာစိတ်၊ အပြစ်ဖြေလွှတ်လိုသောစိတ်ပြပါက မိမိအလိုအရမဟုတ်ပါ။ သူ၏စိတ်နှလုံးကိုဘုရားသခင်၏ဝိညာဉ် တော်ကလှုံ့ဆော်ပေးသောကြောင့်သာဖြစ်ပါသည်။ "ဘုရားသခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏။" ၁ယောဟန် ၄း၁၉။

ဘုရားသခင်ကိုယ်တော်တိုင်သည် ကရုဏာအပေါင်း၏မူလအစဖြစ်တော်မူ၏။ ကိုယ်တော်၏နာမတော်ကား "ချစ်သနားခြင်းမေတ္တာကရုဏာ" ဖြစ်သတည်း။ ထွက်မြောက်ရာ ၃၄း၆။ ကျွန်ုပ်တို့ကစွန့်ခွာသွားကြသော်လည်း ဘုရားသခင်က ကျွန်ုပ်တို့အားစွန့်ပစ်တော်မမူပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာတော်နှင့်ထိုက်တန်ခြင်းရှိမရှိမေးစစ်တော်မမူဘဲ မိမိ၏မေတ္တာတော်ကို ကျွန်ုပ်တို့အပေါ်သို့ ကြွယ်ဝစွာသွန်းလောင်းတော်မူလျက် ထိုက်တန်စေတော်မူ၏။ ဘုရားသခင်အငြိုးထားတော်မမူပါ၊ ပြစ်ဒဏ်ပေးဖို့ကိုလည်းမလိုလားပါ၊ ရွေးနုတ်ဖို့ကိုသာလိုလားတော်မူ၏။ မိမိအကြံအစည်များအားဖြင့်ပြတော်မူသည့် ကယ်တင်ခြင်းများသည်ပင်လျှင် လမ်းလွဲသူများအား ကယ်တင်ဖို့ဖြစ်ကြောင်းပြတော်မူ၏။ ကိုယ်တော်သည် လူတို့၏ပူဇော်ခြင်းများကိုသက်သာစေခြင်းငှာ ပြင်းပြစွာအလိုရှိတော်မူ၏။ သူတို့အနာများကိုပျောက်စေခြင်းငှာ အနာပျောက်စေသော ဗာလဖံသစ်ဆီနှင့်လိမ်းပေးဖို့အလိုရှိတော်မူ၏။ ဘုရားသခင်သည် ပြစ်မှားခြင်းအပြစ်တို့ကို "အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော" ဟုဆိုသည်မှာမှန်သော်လည်း ပြစ်မှားခြင်းအမှုတို့ကိုဖြေလွှတ်တော်မူပါလိမ့်မည်။ ထွက်မြောက်ရာ ၃၄း၇။

သနားစုံမက်တတ်သောသူတို့သည် "ဘုရားသခင်ပကတိနှင့် ဆက်သောသူ" များဖြစ်ကြသောကြောင့် (၂ပေ ၁း၄) သူတို့၌ဘုရားသခင်၏မေတ္တာကရုဏာတော်ကိုတွေ့နိုင်ပါသည်။ အကန့်အသတ်မရှိသော ကိုယ်တော်၏မေတ္တာတော်ကို သိမှီးဆည်းပူးထားသောနှလုံးသည် ပြစ်တင်ရှုတ်ချခြင်းကိုမပြုသည်သာမက ပို၍ပင်ကောင်းအောင် ပြုပြင်ပေးလိမ့်မည်။ ခရစ်တော်ကိန်းဝပ်တော်မူခြင်းသည် ရေမခန်းခြောက်နိုင်သောစမ်းရေတွင်းဖြစ်ပါသည်။ ကိုယ်တော်ရှိတော်မူသည့်နေရာ၌ ကျေးဇူးတော်ကြွယ်ဝ၍ ကောင်းကျိုးပြုမှုပြည့်လျှံဖြိုးမောက်လိမ့်မည်။

အမှားပြုမိသူ၊ စုံစမ်းနှောင့်ယှက်ခြင်းခံရသူ၊ ချို့ငဲ့နေသူနှင့် အပြစ်၌ငြိုငြင်နေသူတို့၏အသနားခံခြင်းကို ခရစ်ယာန်က သူတို့အနေဖြင့် ထိုက်တန်ကြပါ၏လားဟု မေးလိမ့်မည်မဟုတ်။ သူတို့အတွက် မည်သို့မည်ပုံကောင်းကျိုးပြုပါမည်နည်းဟုသာမေးလိမ့်မည်။ အငြိုငြင်ခံရဆုံးသောသူ၊ အယုတ်ညံ့ဆုံးသောသူကိုကြည့်ခြင်းဖြင့် ထိုသို့သောသူတို့၏အသက်ဝိညာဉ်ကိုကယ်ဆို့ ယေရှုရှင်အသေခံတော်မူကြောင်းကိုလည်းကောင်း၊ ထိုကဲ့သို့သောသူတို့အဖို့ ပြေငြိမ်းစေခြင်းအမှုတော်ကိုဆောင်ဖို့ မိမိ၏သားသမီးများအား ဘုရားသခင်တာဝန်ပေးထားတော်မူကြောင်းကိုလည်းကောင်း သူသိမြင်လိမ့်မည်။

ဆင်းရငြိုငြင်သောသူ၊ အတိဒုက္ခနှင့်ရင်ဆိုင်နေရသောသူ၊ ဖိနှိပ်ခြင်းကိုခံနေရသူတို့အား ကြင်နာတတ်သူများသည် သနားစုံမက်တတ်သောသူဖြစ်ပါသည်။ ထိုကြောင့် ယောဘက "ငါသည်ဆင်းရဲသောသမိဘမရှိသောသူ၊ ကိုးကွယ်ရာမရှိသောသူအော်ဟစ်သောအခါ ကယ်တင်တတ်၏။ ပျက်လုသောသူကောင်းချီးပေးခြင်းကိုငါခံရ၏။ မုဆိုးမ

စိတ်နှလုံးကိုရွှင်လန်းစေ၏။ ဖြောင့်မတ်ခြင်းပါရမီကို အဝတ်လုပ်၍ ငါဝတ်ဆင်၏။ တရားသည် ငါ့ဝတ်ရုံ၊ ငါ့ပေါင်းဖြစ်၏။ မျက်စိကန်းသောသူတို့အား ငါသည်မျက်စိဖြစ်၏၊ ခြေဆွံ့သောသူတို့အား ခြေဖြစ်၏။ ဆင်းရဲသောသူတို့၏အဘဖြစ်၏။ အသိအကျွမ်းမရှိသောသူတို့၏အမှုကို ငါနားထောင်၏" ဟုကြွေးကြော်ခဲ့ပါသည်။ ယောဘဝတ္ထု ၂၉း၁၂–၁၆။

အသက်ရှင်ဖို့အရေး တပင်တပန်းကြိုးစားလှုပ်ရှားရသောသူအများအပြားရှိပါသည်။ သူတို့၏ချို့တဲ့မှုကြောင့် ခံပြင်းပြီးယုံကြည်မှုနှင့်ဝေးကြပါသည်။ သူတို့အနေဖြင့် ကျေးဇူးတရားသိဖို့မလိုဟုသဘောထားကြပါသည်။ ကြင်နာသောစကားများ၊ ကိုယ်ချင်းစာသောမျက်နှာများ၊ ကျေနပ်မှုရှိပုံကိုဖော်ပြသည့်အမူအရာတို့မှာ တစ်ကိုယ်တည်းရုန်းကန်နေရသူအဖို့ ရေငတ်နေသူအား သောက်ရေတစ်ခွက်ပေးသည်နှင့်တူပါသည်။ စာနာထောက်ထားသောစကားတစ်ခွန်း၊ ကြင်နာထောက်ထားစွာပြုသည့်လှုပ်ရှားမှုတစ်ရပ်ဖြင့် ဝန်လေး၍ပင်ပန်းနေသူတစ်ဦး၏ဝန်ထုပ်ဝန်ပိုးပေါ့သွားနိုင်ပါသည်။ ကိုယ်ကျိုးမဖက်သောကြင်နာမှုဖြင့်ပြောသောစကားတစ်ခွန်း(သို့မဟုတ်)ဆောင်ရွက်ပေးမှုတိုင်းသည် ပျောက်ဆုံးနေသောလူသားအပေါ် ခရစ်တော်ထားတော်မူသည့်မေတ္တာတော်ကိုသရုပ်ဖော်ခြင်းဖြစ်ပါသည်။

သနားစုံမက်တတ်သောသူတို့သည် "သနားစုံမက်ခြင်းကိုခံရကြလတ္တံ့။" "စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကိုရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်။" သု၊ ၁၁း၂၅။ ကြင်နာသောစိတ်ထားရှိသူသည် စိတ်ငြိမ်သက်ပါသည်။ သူတစ်ပါး၏ကောင်းကျိုးကိုမျှော်ကိုးလျက် ကိုယ်ကျိုး

စွန့်ကာ အမှုဆောင်ပါက မင်္ဂလာရှိသောငြိမ်သက်မှုကိုရပါသည်။ စိတ်နှလုံးအတွင်း သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူကြောင်း သူ၏အသက်တာတွင်ပေါ်လွင်ပါက တင်းမာသောစိတ်နှလုံးတို့ကို ပျော့ပျောင်းစေလျက် စာနာထောက်ထားသောသဘောနှင့် ကြင်နာယုယလိုစိတ်တို့ကို နိုးထစေလိမ့်မည်။ စိုက်သည့်အတိုင်းရိတ်ရလိမ့်မည်။ "ဆင်းရဲသောသူကိုအောက်မေ့သောသူသည် မင်္ဂလာရှိ၏။... ထာဝရဘုရားသခင်သည် စောင့်မ၍ အသက်ချမ်းသာပေးတော်မူသဖြင့် ထိုသူသည် ပြည်တော်၌ကောင်းချီးမင်္ဂလာကိုခံရလိမ့်မည်။ ထိုသူကိုရန်သူတို့ အလိုသို့ ကိုယ်တော်သည်အပ်နှံတော်မမူပါ။ သူသည်နာဖျား၍ တုံးလုံးနေသောအခါ ထာဝရဘုရားသခင်သည် ထောက်ပင့်တော်မူမည်။ နာ၍နေစဉ်ကာလ ကိုယ်တော်သည် သူ၏အိပ်ရာရှိသမျှကို လှန်ပြန်တော်မူမည်။" ဆာလံ၊ ၄၁း၁–၃။

ဘုရားသခင်၏သားသမီးများအတွက် အမှုဆောင်ရန် မိမိ၏အသက်တာကို ဘုရားသခင်အားဆက်ကပ်ထားသောသူသည် ဤစကြဝဠာ၏ဥစ္စာစည်းစိမ်ရှိသမျှကို စိုးပိုင်ပေးစွမ်းနိုင်သော ကိုယ်တော်နှင့် ဆက်သွယ်မှုရပြီးသူဖြစ်ပါသည်။ သူ၏အသက်တာကို ဘုရားသခင်၏အသက်တော်နှင့် ထာဝရကတိတော်ရွှေကြိုးဖြင့် ချည်နှောင်ထားပြီးဖြစ်ပါသည်။ ဆင်းရဲနွမ်းပါး၍ ဒုက္ခနှင့်ရင်ဆိုင်ရသောအခါ သူ့အားဘုရားသခင် စွန့်ပစ်တော်မူမည်မဟုတ်ပါ။ "ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌စံပယ်တော်မူသောစည်းစိမ်ရှိသည့်အတိုင်း သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံတော်မူလိမ့်မည်။" ဖိလိ၊ ၄း၁၉။ နောက်ဆုံးလိုအပ်သည့်အချိန်၌ သနားစုံမက်တတ်သောသူသည် သနားစုံမက်တတ်သောကယ်တင်ရှင်၏ ကျေးဇူးတော်၌ခိုလှုံ၍ ထာဝရနေထိုင်ရာအရပ်သို့ ခေါ်ယူခြင်းကိုခံရပါလိမ့်မည်။

**"စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏၊ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတ္တံ့။" မဿဲ ၅း၈။**

ယုဒလူတို့အနေဖြင့် ဘာသာရေးဆိုင်ရာစင်ကြယ်မှုအတွက် အထူးတိကျစွာလိုက်နာကြသည်ဖြစ်ရာ ၎င်းတို့လိုက်နာကြသည့် ဘာသာရေးဥပဒေစည်းမျဉ်းများ အထူးပင်တင်းကျပ်ပါသည်။ သူတို့အနေဖြင့် စည်းကမ်းများနှင့်နည်းဥပဒေများကိုသာ ဂရုစိုက်အာရုံပြုလျက် ပြင်ပညစ်ညူးမှုဖြစ်မည်ကို ကြောင့်ကြစိုးရိမ်နေရသောကြောင့် တစ်ကိုယ်ကောင်းစိတ်နှင့်မနာလိုဝန်တိုစိတ်များဝင်လာသည်ကို သူတို့ကိုယ်တိုင် မသိကြပါ။

ယင်းသို့ဘာသာရေးဆိုင်ရာစင်ကြယ်မှုပြုခြင်းသည် မိမိ၏နိုင်ငံတော်သို့ဝင်ဖို့အတွက် စည်းကမ်းချက်တစ်ရပ်ဖြစ်သည်ဟု ယေရှုရှင်က ဩဝါဒပေးမထားပါ၊ စိတ်နှလုံးဖြူစင်ဖို့သာလိုအပ်သည်ဟုညွှန်ကြားတော်မူပါသည်။ အထက်မှသက်ရောက်သောပညာမူကား "ရှေးဦးစွာစင်ကြယ်၏" ဟု ယာကုပ် ၃း၁၇ တွင်ဖော်ပြထားပါသည်။ ညစ်ညူးမှုမှန်သမျှ ဘုရားသခင်၏မြို့တော်သို့မဝင်ရပါ။ ထိုမြို့တွင်နေထိုင်သူများ ရှေးဦးစွာစိတ်နှလုံးဖြူစင်ရပါမည်။ ယေရှုရှင်အကြောင်းသင်ယူနေသောသူသည် အပြောအဆိုနှင့်အနေအထိုင်ဆင်ခြင်ရပါမည်။ ရိုင်းပျသောအမူအရာ အတွေးအခေါ်မရှိစေရပါ။ စိတ်နှလုံးအတွင်း ခရစ်တော်ရှိနေပါက ယင်းစိတ်နှလုံးဖြူစင်၍ အတွေးအခေါ်အပြုအမူ ရည်မွန်ပါလိမ့်မည်။

"သို့သော် "စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏" ဟု ယေရှုရှင်မိန့်တော်မူရာ၌ ပို၍လေးနက်သောအဓိပ္ပါယ်ရှိပါသေးသည်။

လောကီသားတို့နားလည်သဘောပေါက်သည့်ဖြူစင်ခြင်း (သို့မဟုတ်) စင်ကြယ်ခြင်းထက်ပို၍ အဓိပ္ပါယ်လေးနက်ပါသည်။ ကာမ၊ ရာဂ၊ လောဘနှင့်ယှဉ်၍ ဖြူစင်ရပါမည်။ ရည်ရွယ်ရင်းစေတနာမှန်၍ ဝါကြွားမှုနှင့်ကိုယ်ကျိုးဖက်မှုကင်းရပါမည်။ မာန်မာနမရှိရပါ။ စိတ်နေသဘောထားနှိမ့်ချ၍ ကလေးသူငယ်ကဲ့သို့ဖြစ်ရပါမည်။

မေတ္တာရှိမှသာမေတ္တာကိုတန်ဖိုးထားတတ်ပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏၊ ထိုကြောင့် ချစ်ခြင်းမေတ္တာမရှိသောသူသည် ဘုရားသခင်ကိုမသိနိုင်။ ဘုရားသခင်သည် ရက်စက်စွာအုပ်စိုး၍ အမျက်မပြေနိုင်သောအရှင်ဖြစ်သည်ဟု စာတန်၏လှည့်ဖြားခြင်းခံရသူကသဘောထားပါသည်။ ၎င်းအပြင် လူသား၌ရှိသည့်ကိုယ့်ဖို့သာကိုယ်သိတတ်သော ထူးခြားသည့်စိတ်သဘောမှာလည်း စာတန်ကိုယ်တိုင်၏ဂုဏ်းပုဒ်ပင်ဖြစ်ပါလျက် ထိုစာတန်၏လှည့်ဖြားခြင်းကိုခံရသောသူအနေဖြင့် ယင်းစိတ်သဘောကို မေတ္တာတော်ကယ်တင်ရှင်နှင့်ဆိုင်သည်ဟုပင် သဘောထားပါသည်။ ထိုကြောင့် ကိုယ်တော်က "ငါသည် သင်နှင့်တူသည်ဟုထင်လေပြီတကား" ဟုမိန့်တော်မူ၏။ ဆာ၊ ၅၀း၂၁။ ကိုယ်တော်၏စီမံထားတော်မူချက်များကို ပိုင်စိုးပိုင်နင်းပြုသည်ဟူ၍လည်းကောင်း၊ အငြိုးထားခြင်းဖြစ်သည်ဟူ၍လည်းကောင်း အဓိပ္ပါယ်ကောက်ယူကြပါသည်။ ကိုယ်တော်၏ကျေးဇူးတော်ဘဏ္ဍာတိုက်ကြီးဖြစ်သည့် သမ္မာကျမ်းစာကိုလည်း ယင်းသို့ပင်သဘောထားကြပါသည်။ ကောင်းကင်နှင့်အမျှမြင့်၍ ထာဝရကာလနှင့်အမျှ အကျယ်အဝန်းရှိသောသမ္မာတရားတော်၏ဘုန်းတော်ကိုလည်း နားမလည်ကြပါ။ လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ခရစ်တော်ကိုယ်တိုင်သည် "သွေ့ခြောက်သောမြေ၌ ပေါက်သော အတက်ကဲ့သို့ဖြစ်သော်လည်း

သူတို့အနေဖြင့် ပမာဏပြုစရာအဆင်းတင့်တယ်ခြင်းမရှိ၊ ချစ်လိုဖွယ်သော မျက်နှာလက္ခဏာနှင့်မပြည့်စုံ" ဟုသဘောထားကြပါသည်။ ဟေရှာယ ၅၃း ၂။ ယေရှုရှင်သည် လူသား၏အသွင်ဖြင့် ဘုရားသခင်ကိုဖေါ်ညွှန်း ရန် လူတို့အလယ်တွင်ရှိတော်မူခဲ့စဉ်က ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့က "သင်သည် ရှမာရိလူဖြစ်၏၊ နတ်ဆိုးစွဲသောသူလည်းဖြစ်၏" ဟုဆိုကြ ပါသည်။ ယော၊ ၈း၄၈။ ကိုယ်တော်၏တပည့်တော်များပင်လျှင် သူတို့၏အတ္တစိတ်အမှောင်ကြောင့် ခမည်းတော်၏မေတ္တာတော်ကို သူတို့အားဖေါ်ပြရန်လာတော်မူသော ကိုယ်တော်အကြောင်းနားလည်ဖို့ နှေးကွေးကြပါသည်။ ထိုကြောင့် ကိုယ်တော်အနေဖြင့် လူတို့အလယ် တွင်တစ်ကိုယ်တည်းလှည့်လည်ခဲ့ရပါသည်။ ကိုယ်တော်၏အကြောင်း ကောင်းကင်ဘုံ၌သာပြီး ပြည့်စုံအောင်နားလည်ပါသည်။

ခရစ်တော်ဘုန်းတော်နှင့်ကြွလာတော်မူသောအခါ ဆိုးသောသူ များ၊ ကိုယ်တော်ကိုဖူးမြော်နိုင်ကြလိမ့်မည်မဟုတ်ပါ။ ကိုယ်တော်အား ချစ်မြတ်နိုးသောသူတို့အဖို့ ကိုယ်တော်၏အလင်းရောင်သည် အသက် ဖြစ်သော်လည်း ဆိုးသောသူတို့မူကား ကိုယ်တော်၏အလင်းရောင် ကြောင့် အသက်ရှင်နိုင်ကြတော့မည်မဟုတ်ပါ။ ကိုယ်တော်ကြွလာတော် မူဖို့ မြော်လင့်ခြင်းအကြောင်းသည် ဆိုးသောသူတို့အဖို့ "ဒဏ်စီရင် ခြင်းကိုခံရမည်ဟုကြောက်မက်ဖွယ်သောမြော်လင့်ခြင်း" ဖြစ်ပါသည်။ ဟေဗြဲ၊ ၁၀း၂၇။ ကိုယ်တော်သည်ထင်ရှားစွာကြွလာတော်မူသောအခါ သူတို့အားကယ်ဖို့အသေခံတော်မူသောအရှင်၏ မျက်နှာတော်ကိုမဖူး မမြင်ရအောင် ပုန်းအောင်းနေနိုင်ကြဖို့ ဆုတောင်းကြပေလိမ့်မည်။

သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းအား ဖြင့် စိတ်နှလုံးဖြူစင်သောသူတို့မူကား ပြောင်းလဲခြင်းသို့ရောက်ကြ

လိမ့်မည်။ ထိုသူတို့အနေဖြင့် ဘုရားသခင်ကိုသိမြင်နိုင်ကြပါသည်။ ဘုရားသခင်သည် မိမိ၏ဘုန်းတော်ကိုမောရှေအားဖွင့်ပြတော်မူချိန်က မောရှေအား ကျောက်ကြားမှာဝှက်ထားရပါသည်။ ထိုနည်းအတူ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ် ခရစ်တော်၌ဝှက်ထားကြပါမှ ဘုရားသခင်၏ မေတ္တာတော်ရောင်ခြည်ကို ဖူးမြင်နိုင်ကြပါလိမ့်မည်။

"စိတ်နှလုံးဖြူစင်ခြင်းကိုနှစ်သက်သောသူသည် လျောက်ပတ်သောစကားကိုပြောတတ်၍ ရှင်ဘုရင်နှင့်မိတ်ဆွေဖွဲ့ရလိမ့်မည်။" သု၊ ၂၂း၁၁။ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ ဤအချိန် ဤနေရာမှ ကိုယ်တော်အားဖူးမြော်ကြပါသည်။ ကျွန်ုပ်တို့၏စားဝတ်နေရေးအတွက် စီမံခန့်ခွဲထားတော်မူခြင်းများအားဖြင့် ဖေါ်ပြထားတော်မူသည့် ကိုယ်တော်၏ ကရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းများကို ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာအတွေ့အကြုံများအားဖြင့် ကိုယ်တော်ကို ကျွန်ုပ်တို့ ဖူးမြင်နိုင်ပါသည်။ သားတော်၏ဂုဏ်တော်အားဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့အသိအမှတ်ပြုကြပါသည်။ ဘုရားသခင်နှင့်လည်းကောင်း၊ စေလွှတ်တော်မူခြင်းခံရသောအရှင်နှင့်လည်းကောင်း သက်ဆိုင်သည့် သမ္မာတရားကို နည်းလည်ခံယူဖို့ သန့်ရှင်းသောဝိညာဉ်တော်က ပြုပြင်ပေးပါသည်။ စိတ်နှလုံးဖြူစင်သောသူတို့သည် ဘုရားသခင်အား မိမိတို့၏မြတ်နိုးဖွယ်သောရွေးနုတ်ရှင်ဖြစ်သည်ဟု အသ်စသောမိတ်သဟာယဖွဲ့မှုဖြင့်မြင်ကြပါသည်။ ၎င်းအပြင် ကိုယ်တော်၏မြတ်နိုးဖွယ်ရာဖြူစင်တော်မူသောဂုဏ်တော်အကြောင်းကိုသိရသောအခါ ကိုယ်တော်၏ ပုံသဏ္ဍာန်တော်ကိုရောင်ပြန်ဟပ်ဖို့ ဆန္ဒပြင်းပြကြပါသည်။ ဘုရားသခင်သည် နောင်တရသောသားကိုအဝေးကပင် ဆီးကြိုနေသောဖခင်နှင့်တူသည်ဟု သူတို့မြင်၍မဖေါ်မပြနိုင်လောက်အောင် ဝမ်းမြောက်ကြပြီး

သူတို့၏စိတ်နှလုံးအတွင်း ဘုရားသခင်၏ဘုန်းအသရေတော်ကို ခံစားရကြပါသည်။

စကြဝဠာကြီးအတွင်းမှ တင့်တယ်လှပသည့်အရာခပ်သိမ်းကို တန်ခိုးကြီးတော်မူသောလက်တော်ဖြင့် ဖန်ဆင်းတော်မူသောဖန်ဆင်းရှင်၏အကြောင်းကို စိတ်နှလုံးဖြူစင်သူတို့နားလည်ကြပါသည်။ ကိုယ်တော်၏မှတ်တမ်းတင်နှုတ်ကပါဌ်တော်၌မှတ်တမ်းတင်ထားသည့် ကိုယ်တော်၏ကရုဏာတော်၊ ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းနှင့် ကိုယ်တော်၏ကျေးဇူးတော်အကြောင်းများကို ပို၍ရှင်းလင်းစွာသူတို့ဖတ်ရကြပါသည်။ အသိပညာရှင်နှင့်အတတ်ပညာရှင်များအတွက် ဝှက်ထားလျက်ရှိသည့် လောကီပညာရှင်တို့နားမလည်နိုင်သည့် သမ္မာတရားတော်၏မွန်မြတ်တော်မူခြင်းနှင့်တင့်တယ်တော်မူခြင်းများအား ဘုရားသခင်၏အလိုတော်ကိုသိပြီး ၎င်းအလိုတော်နှင့်အညီလိုက်နာဆောင်ရွက်ဖို့ ကလေးသူငယ်ကဲ့သို့ဆန္ဒရှိ၍ ယုံကြည်ကိုးစားသောသူတို့အား အစဉ်မပြတ်ဖွင့်ပြထားတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ပကတိနှင့်ဆက်ဆံကြသောအခါ သမ္မာတရားတော်ကိုနားလည်ကြပါသည်။

စိတ်နှလုံးဖြူစင်သောသူတို့အနေဖြင့် ဤလောကတွင် သက်ရှင်နေထိုင်ရသည့်အချိန်ကာလကို ဘုရားသခင်၏ရှေ့တော်မှောက်၌ ကိုယ်တော်အားဖူးမြော်နေရသကဲ့သို့ပြုမူကြပါသည်။ ဧဒင်ဥယျာဉ်တော်၌ အာဒံသည် ဘုရားသခင်နှင့်အတူသွားလာပြောဆို၍နေထိုင်ခဲ့ရသည်နည်းတူ သူတို့အနေဖြင့်လည်း အနာဂတ်ကာလတွင် မသေမပျောက်နိုင်သော ခန္ဓာကိုယ်ဖြင့် ဘုရားသခင်၏မျက်နှာတော်ကို ဖူးမြင်ရကြပေလိမ့်မည်။ "ယခုတွင် ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏၊ ထိုအခါမူကား မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။" ၁ကော၊ ၁၃း၁၂။

**“သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကိုငြိမ်းစေတတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ် ခြင်းကိုခံရကြလတ္တံ့။” မဿဲ ၅း၉။**

ခရစ်တော်သည် “ငြိမ်သက်ခြင်းအရှင်” ဖြစ်တော်မူ၏။ ဟေရှာယ ၉း၆။ အပြစ်ဒုစရိုက်ကြောင့် မြေကြီးနှင့်ကောင်းကင်၌ ပျက်စီးသွားသည့်ငြိမ်သက်ခြင်းကို နဂိုနေအတိုင်းပြန်၍တည်စေရန်မှာ ကိုယ်တော်၏အမှုတော်ဖြစ်ပါသည်။ “ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။” ရောမ ၅း၁။ ဒုစရိုက်မကောင်းမှုကိုစွန့်လွှတ်ဖို့လိုလားပြီး ခရစ်တော်၏မေတ္တာတော် အတွက် မိမိ၏စိတ်နှလုံးတံခါးကိုဖွင့်ဟထားသောသူတို့သည် ကောင်းကင် ငြိမ်သက်ခြင်းကိုခံစားရပါသည်။

ငြိမ်သက်ခြင်းကိုခံစားရဖို့ အခြားနည်းလမ်းမရှိပါ၊ မိမိ၏စိတ် နှလုံးအတွင်း ခရစ်တော်၏ကျေးဇူးတော်ကိုလက်ခံထားပါက ရန်ငြိုးဖွဲ့ ခြင်းမရှိဘဲ မေတ္တာတရားနှင့်ပြည့်ဝလိမ့်မည်။ ဘုရားသခင်နှင့်လည်းကောင်း၊ လူသားအချင်းချင်းနှင့်လည်းကောင်း ငြိမ်းချမ်းမှုရထားပါက စိတ်ငြိုငြင် ပင်ပန်းခြင်းနှင့် မနာလိုဝန်တိုခြင်းရှိတော့မည်မဟုတ်ပါ။ မကောင်းမှု အကုသိုလ်ကိုရှောင်၍ မုန်းတီးတတ်သောစိတ်နှင့်လည်းကင်းလိမ့်မည်။ ဘုရားသခင်၏အလိုတော်နှင့်ညီသော စိတ်နှလုံးရှိသူသည် ကောင်းကင် ငြိမ်သက်ခြင်းကိုခံစားရသောသူဖြစ်၍ မိမိ၏ဝန်းကျင်ကို မင်္ဂလာအရှိန် အဝါနှင့်ပြည့်စုံစေလိမ့်မည်။ ယင်းငြိမ်သကက်ခြင်းနှင့်ယှဉ်သောစိတ်ဓါတ်

သည် လောကီရေးရာတုပြိုင်ခြင်းများကြောင့် ပင်ပန်းရုန်းကန်နေရသည့် နှလုံးသားများအပေါ် နံနက်နှင်းပေါက်ကဲ့သို့ကျ၍ လန်းဆန်းစေလိမ့်မည်။

ခရစ်တော်သည် တပည့်တော်တို့အား ငြိမ်သက်ခြင်းနှင့်ယှဉ်သော သတင်းတရားကိုပေး၍ ဤလောကသို့စေလွှတ်တော်မူ၏။ မည်သူမဆို သန့်ရှင်းသောအသက်တာပုံစံဖြင့် မိမိကိုယ်တိုင်ပင်သတိမထားမိဘဲ ငြိမ်သက်စွာဆွဲဆောင်နေပါက ခရစ်တော်၏မေတ္တာတော်ပေါ်လွင်လိမ့်မည်။ မည်သူမဆို မိမိ၏နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ အခြားသူတစ်စုံတစ်ယောက်သည် ကိုယ်အပြစ်ကိုစွန့်ပြီး ကိုယ့်စိတ်ကိုဘုရားသခင်အားဆက်ကပ်ဖို့ဆွဲဆောင်ပါက ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူ (သို့မဟုတ်) ငြိမ်းချမ်းရေးသမားဖြစ်ပါသည်။

"သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟုခေါ်ဝေးခြင်းကိုခံရကြလတ္တံ့" ဟုဖော်ပြပါရှိရာ သူတို့သည် ကောင်းကင်ဘုံနှင့်အဆက်အသွယ်ရှိကြောင်း ငြိမ်းချမ်းရေးနှင့်ယှဉ်သော သူတို့၏စိတ်ဓါတ်က သာဓကပြပါသည်။ ခရစ်တော်၏မွှေးကြိုင်သော ရနံ့က သူတို့အားဝန်းရံထားပါသည်။ သူတို့သည် ဤလောက၌ ဘုရားသခင်၏သားသမီးများဖြစ်ကြောင်းကို သူတို့၏မွှေးကြိုင်သော အသက်တာပုံစံဖြင့်လည်းကောင်း၊ သူတို့၏ချစ်ဖွယ်သောအကျင့်စာရိတ္တပုံစံအားဖြင့်လည်းကောင်း ပြသကြပါသည်။ သူတို့သည်ယေရှုရှင်နှင့် အတူရှိကြောင်း လူအများကအသိအမှတ်ပြုကြပါသည်။ "ချစ်တတ်သော သူမည်သည်ကား ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူဖြစ်၏။" "ခရစ်တော်၏ဝိညာဉ်တော်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်

မဆိုင်၊" သို့သော် "ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။" ၁ယော၊ ၄း၇။ ရောမ၊ ၈း၉၊၁၄။

"ကျန်ကြွင်းသောယာကုပ်အမျိုးသားတို့သည် တစ်ပါးအမျိုးသားအများတို့တွင်နေ၍၊ ထာဝရဘုရားပေးတော်မူသောနှင်းကဲ့သို့လည်းကောင်း၊ လူကိုမငံ့လင့်၊ လူသားတို့၏အလိုသို့မလိုက်သောမိုးရေကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်။" မိက္ခာ၊ ၅း၇။

**"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။" မဿဲ ၅း၁၀။**

တပည့်တော်တို့သည် လောကီဘုန်းစည်းစိမ်နှင့်ကြွယ်ဝပြည့်စုံကြလိမ့်မည်။ အသက်တာတွင် အတိဒုက္ခအမျိုးမျိုးနှင့်ကင်းဝေးကြလိမ့်မည်ဟု ယေရှုရှင်ကမျှော်လင့်ချက်ပေးမထားပါ။ သို့သော် သူတို့ကို လောကီသားတို့က မသိကြသောကြောင့် သူတို့သခင်နှင့်အတူ အပြစ်တင်ဝေဖန်ခြင်းကိုခံရပြီး ကိုယ်ကိုကိုယ်ငြင်းပယ်ရသောလမ်းစဉ်ကို လျှောက်ခွင့်ရကြလိမ့်မည်ဟု ဩဝါဒပေးထားတော်မူပါသည်။

ပျောက်ဆုံးနေသောကမ္ဘာကိုရွေးနုတ်ဖို့ ကြွလာတော်မူသောအရှင်အား ဘုရားသခင်နှင့်လူသားတို့၏ရန်သူအင်အားစုများကပူးပေါင်းလျက် အတိုက်အခံပြုကြပါသည်။ စာတန်၏လူတို့နှင့်စာတန်၏တမန်တို့ ပူးပေါင်း၍ အကြင်နာကင်းမဲ့စွာ ငြိမ်သက်ခြင်း၏အရှင်ကိုတိုက်ကြ

ပါသည်။ ကိုယ်တော်၏မိန့်တော်မူသမျှနှင့်ပြုတော်မူသမျှတို့သည် ဘုရားသခင်၏ကရုဏာတော်နှင့်သက်ဆိုင်ပါလျက် ကိုယ်တော်၏လောကီမဆန်သောအပြုအမူများကြောင့် ခါးခါးသီးသီးရန်လိုကြပါသည်။ လူတို့၏သဘာဝအရ တပ်မက်သောစိတ်အလိုကိုလိုက်ဖို့ ခွင့်ပြုတော်မမူသောကြောင့် ပြင်းထန်စွာတိုက်ခိုက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်းကိုခံရပါသည်။ ထိုနည်းတူ ခရစ်တော်ယေရှုအားဖြင့် တရားတော်၌မွေ့လျော်သောသူများကိုလည်း ရန်ငြိုးဖွဲ့တိုက်ခိုက်ကြပေလိမ့်မည်။ ဖြောင့်မတ်ခြင်းနှင့်ဒုစရိုက်၏စပ်ကြားတွင်လည်းကောင်း၊ မေတ္တာတရားနှင့်အာဃာတစပ်ကြားတွင်လည်းကောင်း၊ သမ္မာတရားနှင့်အဓမ္မဝါဒမှုစပ်ကြားတွင်လည်းကောင်း ထိန်းအုပ်၍မရသောဆန့်ကျင်တိုက်ခိုက်မှုရှိနေပါသည်။ တစ်စုံတစ်ယောက်သောသူအနေဖြင့် ခရစ်တော်၏မေတ္တာတော်နှင့်သန့်ရှင်းခြင်း၏မွန်မြတ်ပုံအကြောင်းကိုတင်ဆက်ပါက စာတန်၏နိုင်ငံတော်သားများကို ဆွယ်နေခြင်းဖြစ်ရာ အဓမ္မမင်းသားက ခုခံတိုက်ခိုက်မည်ဖြစ်ပါသည်။ ခရစ်တော်၏စိတ်ဓါတ်ကိုမွေးမြူထားသောသူများ နှိပ်စက်ညှဉ်းဆဲခြင်းနှင့်ပြစ်တင်ဝေဖန်ခြင်းကိုခံရကြပေမည်။ ကာလဒေသကိုလိုက်၍ နှိပ်စက်ညှဉ်းဆဲပုံပြောင်းလဲမည်ဖြစ်သော်လည်း အခြေခံသဘောတရားမပြောင်းလဲပါ။ အာဗေလအချိန်ကစပြီး ဘုရားသခင်၏အရွေးချယ်ခံလူတို့ အသေသတ်ခံရကြသည့်ပုံစံအတိုင်းပင်ဖြစ်ပါသည်။

လူသည် ဘုရားသခင်နှင့်သဟဇာတဖြစ်ဖို့ အားထုတ်သောအခါ လက်ဝါးကပ်တိုင်နှင့်ဆိုင်သော တိုက်ခိုက်မှုဆုံးခန်းတိုင်မရောက်သောကြောင်း တွေ့သိရပါလိမ့်မည်။ မိုးကောင်းကင်၌ရှိသောအထွတ်အမြတ်အာဏာစက်တို့နှင့် နတ်ဆိုးတို့သည် ကောင်းကင်တရားတော်ကိုလိုက်နာစောင့်ထိန်းသူခပ်သိမ်းအား စနစ်တကျစစ်ဆင်နေပါသည်။

ထိုကြောင့် နှိပ်စက်ညှဥ်းဆဲခြင်းခံရကြပါက ပူပန်သောကရောက်ရ သော်လည်း ခရစ်တော်၏တပည့်တော်တို့အဖို့ ဝမ်းမြောက်စရာပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အနေဖြင့် ကိုယ်တော်၏ ခြေရာကိုနင်းနေသောသူများဖြစ်ကြောင်း ထင်ရှားနေပါသည်။

ဤလောကတွင်အတိဒုက္ခများနှင့်ကင်းဝေးရမည်ဟု မိမိ၏ တပည့်တော်များအား သခင်ဘုရားက ကတိမပေးခဲ့သော်လည်း ပို၍ ကောင်းသောကတိတော်များကိုပေးခဲ့ပါသည်။ ကိုယ်တော်က "သင်၏ နေ့ရက်ကာလဖြစ်သည်အတိုင်း သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်" "ငါ့ ကျေးဇူးသည် သင့်အဖို့လောက်ပေ၏။ ငါ့တန်ခိုးသည်အားနည်းခြင်း အဖြစ်၌စုံလင်တတ်သည်" ဟုကတိထားတော်မူပါသည်။ တရားဟော ရာကျမ်း၊ ၃၃း၂၅။ ၂ကော၊ ၁၂း၉။ သင်သည် ကိုယ်တော်အတွက် ကြောင့် မီးလောင်တိုက်သွင်းခြင်းခံရမည်ဆိုပါက ရှေးဗာဗုလုန်ခေတ်က သစ္စာရှိသောလူငယ်သုံးဦးနှင့်အတူရှိတော်မူသကဲ့သို့ သင်၏ဘေးတွင် ယေရှုရှင်ရပ်နေတော်မူပေလိမ့်မည်။ မိမိတို့၏ရွေးနုတ်ရှင်ကိုချစ်မြတ်နိုး သောသူတို့အနေဖြင့် ကိုယ်တော်နည်းတူ အရှက်ခွဲအနှိမ်ခံရတိုင်း၊ ပြစ်တင်ဝေဖန်ခြင်းခံရတိုင်း ကိုယ်တော်နှင့်တူဖို့အခွင့်အရေးရသည်ဟု သဘောထားကာ ဝမ်းမြောက်ကြပေလိမ့်မည်။ သူတို့၏သခင်ဘုရားကို သူတို့ချစ်မြတ်နိုးကြသောကြောင့် ကိုယ်တော်အတွက် ဒုက္ခဆင်းရဲခြင်း ခံရကြပါက သာယာသည်ဟုသဘောထားကြပါသည်။

ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏လူတို့အား စာတန်က ဒုက္ခပေးခဲ့ပါသည်။ ပြင်းထန်စွာနှိပ်စက်ညှဥ်းပန်းပြီးမှ အသေသတ်ခဲ့ ပါသည်။ ယင်းသို့သူတို့အသေသတ်ခြင်းခံရကြရာ၌ အောင်မြင်သော သူများဖြစ်ကြပါသည်။ သူတို့၏မဖေါက်မပြန်ကြံ့ခိုင်စွဲမြဲသောယုံကြည်

ခြင်းဖြင့် စာတန်ထက်ကြီးမြတ်တော်မူသောအရှင်ရှိကြောင်း သာဓကပြကြပါသည်။ သူတို့၏ခန္ဓာကိုယ်ကိုစာတန်က ပြင်းထန်စွာနှိပ်စက်၍ အသေသတ်နိုင်သော်လည်း ခရစ်တော်နှင့်အတူ ဘုရားသခင်ထံတော်၌ ဝှက်ထားသောသူတို့၏အသက်ကို စာတန်ကမတို့မထိနိုင်ပါ။ သူတို့အား စာတန်ကထောင်အတွင်းအကျဉ်းချထားနိုင်သော်လည်း သူတို့၏စိတ်ဓါတ်ကိုချုပ်ချယ်ထား၍မရပါ။ သူတို့အနေဖြင့် သူတို့၏စိတ်ညှိုးငယ်ရခြင်းကိုကျော်လွန်ပြီး ဘုန်းစည်းစိမ်ကိုရှုမျှော်နိုင်သောကြောင့် "ငါတို့အားပေါ်ထွန်းလတ္တံ့သောဘုန်းတော်ကိုထောက်သော ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်" ဟူ၍လည်းကောင်း၊ "ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသောနိစ္စထာဝရဘုန်းအသရေကို ငါတို့အဖို့ဖြစ်စေတတ်၏။" ဟုပြောဆိုနိုင်ကြပါသည်။ ရောမ၊ ၈း၁၈။ ၂ကော၊ ၄း၁၈။

ကိုယ်တော်၏အရွေးချယ်ခံလူတို့၌ ရောက်ရသည့်စုံစမ်းစစ်ဆေးခြင်းများအားဖြင့်လည်းကောင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများအားဖြင့်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ထင်ရှားပါသည်။ ဤလောက၏မုန်းတီးခြင်းနှင့်နှိပ်စက်ခြင်းကိုခံရသော ဘုရားသခင်၏အသင်းတော်သည် ခရစ်တော်၏ကျောင်းတော်၌ ပညာဆည်းပူး၍ စည်းကမ်းသေဝပ်မှုကိုသင်ယူရပါသည်။ သူတို့သည် ဤကမ္ဘာမြေကြီးပေါ်၌ ကျဉ်းမြောင်းသောလမ်းစဉ်ကိုလိုက်လျှောက်၍ ဆင်းရဲဒုက္ခတည်းဟူသောမီးဖြင့်ဖြူစင်ခြင်းသို့ရောက်ကြပါသည်။ ပြင်းထန်သောစိတ်ပျက်မှုအတွေ့အကြုံများအားဖြင့်လည်းကောင်း၊ ကိုယ်တိုင်အနစ်နာခံခြင်းအားဖြင့်လည်းကောင်း တိုက်ခိုက်ဆန့်ကျင်မှုပြင်းပြသည့်စပ်ကြားမှ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြပါသည်။ သို့သော် ပြင်းထန်စွာခံယူရသည့်

အတွေ့အကြုံများအားဖြင့် အပြစ်ဒုစရိုက်၏ဆိုးကျိုးကိုလည်းကောင်း၊ အပြစ်ဒုစရိုက်၏အခဖြစ်သော်ပြစ်ဒဏ်ကိုလည်းကောင်း သင်ယူကြပြီး အပြစ်ကိုမုန်းတီးရွံ့ရှာကြပါသည်။ ခရစ်တော်နှင့်အတူ ဒုက္ခဆင်းရဲကို ခံကြသော်ကြောင့် ခရစ်တော်၏ဘုန်းစည်းစိမ်ကိုခံစားရမည့်သူများဖြစ်ပါသည်။ သန့်ရှင်းသောရူပါရုံအားဖြင့် ဘုရားသခင်၏လူများအောင်မြင်ကြပုံကို ရှင်ယောဟန်မြင်ရပါသည်။ ပုရောဖက်ကြီးက "မီးနှင့်ရောသောဖန်ရေကန်ကဲ့သို့ရှိသည်ကိုလည်းမြင်ရ၏၊ ... အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက် ဖန်ရေကန်နားမှာ ရပ်နေကြသည်ကိုမြင်ရ၏။ ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့်သိုးသငယ်၏သီချင်းကိုသီဆို၍ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍ အံ့ဩဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ခလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။" "ဤသူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခထဲကထွက်မြောက်၍ မိမိတို့၏ဝတ်ရုံကိုသိုးသငယ်၏အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍ ဗိမာန်တော်၌ဘုရားဝတ်ကိုနေ့ညဥ့်မပြတ်ပြုရကြ၏။ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူတို့သည် သူတို့တွင် ကိန်းဝပ်တော်မူမည်။" ဗျာ၊ ၁၅း၂၊၃။ ၇း၁၄၊၁၅။

> "ငါ့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍
> မမှန်ဘဲလျက် အပြစ်တကာတင်ကြ
> သောအခါ သင်တို့သည် မင်္ဂလာရှိကြ
> ၏။" မဿဲ ၅း၁၁။

စာတန်သည် မိမိ၏အရေးရှုံးနိမ့်ခဲ့သည်အချိန်မှအစပြု၍ လိမ်လည်လှည့်ဖြားခြင်းလမ်းစဉ်ဖြင့် အလုပ်လုပ်ခဲ့ပါသည်။ သူသည် ဘုရားသခင်အားမဟုတ်မမှန်ကိုယ်စားပြုခဲ့သည်နည်းတူ ဘုရားသခင်၏သားသမီးများကိုလည်း သူ၏တမန်များအားဖြင့် မတရားကိုယ်စားပြုခဲ့ပါသည်။ "ကိုယ်တော်ကိုကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ရောက်ပါ၏" ဟု ကယ်တင်ရှင်မိန့်တော်မူခဲ့ပါသည်။ ဆာလံ ၆၉း၉။ ထိုနည်းအတိုင်းပင် ကိုယ်တော်၏တပည့်တော်များခံရကြပါသည်။

လူသားတော်အနေဖြင့် ဂုဏ်အသရေပျက်အောင် မဟုတ်မမှန်ပုတ်ခတ်ပြောဆိုခြင်းကို ဤလောကအသက်တာမှာခံခဲ့ရပါသည်။ ကိုယ်တော်လောက်မည်သူမျှမခံခဲ့ရစဖူးပါ။ ကိုယ်တော်သည် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ဆိုင်ရာ အခြေခံသဘောတရားများကိုတစ်သဝေမတိမ်း လိုက်နာစောင့်ရှောက်တော်မူသောကြောင့် ပြက်ရယ်ပြုခြင်း၊ ပုတ်ခတ်ဝေဖန်ခြင်းများကိုခံရပါသည်။ အကြောင်းမဲ့သက်သက်ကိုယ်တော်အားမုန်းတီးကြပါသည်။ သို့သော် ကိုယ်တော်သည် ရန်သူတို့အလယ်၌ ငြိမ်သက်တည်ကြည်စွာရပ်တည်လျက် ပြစ်တင်ဝေဖန်ခြင်းကိုခံရသည်မှာ ခရစ်ယာန်အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း ကြွေးကြော်တော်မူလျက် မနာလိုဝန်တိုခြင်းတည်းဟူသော ရန်သူတို့၏မြားလက်နက်ကိုရင်ဆိုင်လျက် နည်းလမ်းပေးပြီးလျှင် နှိပ်စက်ညှဉ်းဆဲခြင်းခံရသောအခါ အားမငယ်ဖို့မှာထားတော်မူ၏။

မဟုတ်မမှန်ထိပါးပုတ်ခတ်ခြင်းကြောင့် ဂုဏ်သိက္ခာ၌အမည်းစက်စွန်းနိုင်သော်လည်း အကျင့်စာရိတ္တ၌ အစွန်းအထင်းမရှိနိုင်ပါ။ ယင်းအကျင့်စာရိတ္တကို ဘုရားသခင်ကွာကာစောင့်ရှောက်ထားတော်

မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် အပြစ်ဒုစရိုက်၏အလိုသို့မလိုက်ကြ ပါက လူသားချင်းကဖြစ်စေ၊ စာတန်ကဖြစ်စေ ကျွန်ုပ်တို့၏အသက် ဝိညာဉ်ကို ညစ်ညူးစေနိုင်သည့်တန်ခိုးစွမ်းအားမရှိပါ။ တစ်စုံတစ်ယောက် သောသူအနေဖြင့် ဘုရားသခင်ကိုသာအာရုံစိုက်နေပါက စိတ်ပျက်ဖွယ် ရာအတိဒုက္ခများနှင့် စုံစမ်းစစ်ဆေးခြင်းများကို အပြင်းအထန်ခံရသော အချိန်တွင်လည်း မိမိကောင်းစားစဉ်က မိမိဘက်၌ ဘုရားသခင်၏ အလင်းတရားနှင့်ကျေးဇူးတော်ကို ခံယူရရှိနေသကဲ့သို့ပင် ခံစားရပေ လိမ့်မည်။ သူ၏အပြောအဆိုအမူအရာနှင့်လုပ်ရှားမှုများကို မဟုတ်မမှန် လိမ်လည်လှည့်ဖြား၍ တစ်ဖက်သတ်ပြောဆိုကြပေမည်ဖြစ်သော်လည်း သူ့အနေဖြင့် အမှုထားလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့်ပို၍အရေးကြီးသည့်ကိစ္စရပ်ကို ဂရုစိုက်ရန်ရှိနေသောကြောင့် ဖြစ်ပါသည်။ မောရှေနည်းတူ "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိ သကဲ့သို့" ခံနိုင်ရည်ရှိလိမ့်မည်။ ဟေဗြဲ ၁၁း၂၇။ "ထင်ရှားသောအရာ တို့ကိုမကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကိုကြည့်မှတ်" ပေလိမ့် မည်။ ၂ကော၊ ၄း၁၈။

လူတို့အနေဖြင့် အဓိပ္ပါယ်အယူလွဲမှားပုံ၊ မဟုတ်မမှန်ပြောဆို တင်ဆက်ပုံအကြောင်းကို ခရစ်တော်ကျွမ်းဝင်တော်မူ၏။ ကိုယ်တော်၏ သားသမီးများအနေဖြင့် သူတို့အားမည်မျှလောက်ပင် အမနာပမကောင်း ပြော ပြစ်တင်ကြစေကာမူ၊ မည်မျှလောက်ပင်အထင်သေးအမြင်မှား ကြစေကာမူ သည်းခံလျက်၊ ယုံကြည်စိတ်ချလျက် ငြိမ်ငြိမ်ချမ်းချမ်းစောင့်နေ နိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် မထင်ရှားစေလိုသောအရာ ဟူသမျှကို လျှို့ဝှက်ဖုံးကွယ်လျက်ထားနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေသောသူများအား၁ လူတို့၏ရှေ့၊ ကောင်းကင် တမန်တို့၏ရှေ့တွင် ဘုရားသခင်ဂုဏ်ပြုတော်မူပါလိမ့်မည်။

"သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ ... ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့" ဟု ယေရှုရှင်ဟောကြားတော်မူခဲ့ပါသည်။ ၎င်းအပြင် ဘုရားသခင်၏နာမတော်ကိုအမှီပြု၍ ဟောပြောသောပုရောဖက်တို့သည် "ဆင်းရဲဒုက္ခတွေ့ခြင်း၊ သည်းခံခြင်း၏ပုံသက်သေ" များဖြစ်ကြသည်ဟုလည်း ညွှန်ပြတော်မူ၏ ယာကုပ်၊ ၅း၁၀။ အာဒံ၏သားသမီးတို့တွင် ပထမခရစ်ယာန်ဖြစ်သော အာဗေလအနေဖြင့် မာတုရအသေခံရပါသည်။ ဧနောက်သည် ဘုရားသခင်နှင့်အတူသွားလာခဲ့သော်လည်း လောကီသားတို့မသိလိုက်ကြပါ။ နောဧအား အယူသီးသောသူဖြစ်သည်၊ လောကီသားတို့ပမသိလိုက်ကြပါ။ ဟု ပြောင်လှောင်ကြပါသည်။ "အချို့သောသူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသဖြင့် စုံစမ်းခြင်းကိုခံရကြ၏။" "အချို့သောသူတို့သည် သာ၍မြတ်သောထမြောက်ခြင်းသို့ရောက်လိုသောငှာ လွတ်ခြင်းကိုမခံယူဘဲ ပြင်းစွာသောညှဉ်းဆဲခြင်းကိုခံကြ၏။" ဟေဗြဲ၊ ၁၁း၃၆၊၃၅။

ခေတ်အဆက်ဆက်မှာ ဘုရားသခင်၏ရွေးချယ်ခံသံတမန်များ ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက်အပြစ်တကာတင်ခြင်းကိုခံရကြပါသည်။ သို့သော် ယင်းသို့စိတ်ဆင်းရဲကိုယ်ဒုက္ခခံရကြသည့်အတွက် ကမ္ဘာအရပ်ရပ်တွင် ဘုရားသခင်အကြောင်း သတင်းကောင်းသတင်းမြတ်ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။ ခရစ်တော်၏တပည့်တော်တိုင်း ခရစ်တော်၏စစ်သည်တော်ဖြစ်ရာ ယင်းအမှုတော်ကိုရှေ့သို့ဆက်၍ဆက်၍ပို့ဆောင်ရပါမည်။ ယင်းသို့ပို့ဆောင်ရာ၌ ရန်သူတို့က သမ္မာတရားတော်ကို မဆန့်ကျင်နိုင်၊ အကျိုးကိုသာပြုနိုင်မည်ဟုသိထားရပါသည်။ သမ္မာတရားတော်ကိုမထီမဲ့မြင်ပြုကြသော်လည်း ၎င်းကိုရှေ့တန်းသို့ပို့လျက်

စစ်ဆေးဆွေးနွေးစရာအကြောင်းဖြစ်ပေါ်လာစေရန် ဘုရားသခင်ကြံရွယ်တော်မူ၏။ လူတို့၏ဉာဏ်မျက်စိများကိုလှုပ်ရှားထကြွစေမည်။ သဘောကွဲလွဲမှုရှိသမျှ၊ ပြင်တင်ဝေဖန်သမျှ၊ လွတ်လပ်စွာတွေးခေါ်မှုကိုကန့်သတ်ဖို့အားထုတ်သမျှတို့သည် လူတို့၏စိတ်အာရုံကိုရှင်သန်စေရန်အတွက် ဘုရားသခင်စီမံထားခြင်းများဖြစ်ပါသည်။ သို့မဟုတ်ပါက လူတို့ငိုက်မျဉ်းအိပ်ပျော်နေကြပေလိမ့်မည်။

ယင်းပုံစံနှင့်လျော်ညီစွာ အကျိုးသက်ရောက်ခဲ့ပုံကို ဘုရားသခင်၏သံတမန်လောကတွင် မကြာခဏတွေ့ကြုံရပါသည်။ အပြောအဟောကျွမ်းကျင်၍ စိတ်ထားမြင့်မြတ်သောသတေဖန်အား စန်ဟီဒရင်းကောင်စီလှုံ့ဆော်မှုကြောင့် ကျောက်ခဲနှင့်ပစ်ပေါက်၍ အသေသတ်ကြသောအခါ ဧဝံဂေလိတရားတော်လမ်းစဉ်အတွက် ဆုံးရှုံးမှုမရှိခဲ့ပါ။ သတေဖန်၏မျက်နှာကိုဘုန်းထင်ဟပ်စေသည့် ကောင်းကင်အလင်းတော်နှင့် သူ့အသက်စွန့်ချိန်က တောင်းလျှောက်သည့်ပတ္တနာတွင် ပါဝင်သောဘုရားသခင်၏ကရုဏာသံတို့သည် သူ၏အနီးတွင်ရပ်နေသည့် တစ်ယူသန်စန်ဟီဒရင်းကောင်စီဝင်ရှောလုအနေဖြင့် သူ့အမှားသူသိမြင်ဖို့ ထိုးပစ်လိုက်သည့် ချွန်ထက်သောမြားတစ်စင်းဖြစ်ခဲ့ပါသည်။ ထိုကြောင့် နှိပ်စက်ညှဉ်းဆဲသူ ဖါရိရှဲရှောလုသည် တစ်ပါးအမျိုးသားတို့နှင့် ရှင်ဘုရင်များထံသို့လည်းကောင်း၊ ဣသရေလပရိသတ်ရှိရာသို့လည်းကောင်း ကိုယ်တော်၏နာမတော်ကိုပို့ဆောင်ဖို့ ခရစ်တော်ရွေးကောက်တော်မူသောတန်ဆာဖြစ်လာပါသည်။ ထိုနောက် နှစ်ပေါင်းများစွာကြာညောင်းသောအခါ ရောမထောင်တွင်းမှ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သောတမန်တော်ပေါလုက “လူအချို့တို့သည် ငြူစူရန်တွေ့ချင်သောသဘောနှင့် ခရစ်တော်၏တရားကို ဟောပြောကြ၏။ .......ထိုသူတို့သည်

ကြည်ဖြူသောစိတ်မရှိ၊ ချည်နှောင်ခြင်းကိုငါခံရသည်တွင် သာ၍ဆင်းရဲ စေမည်ဟုအကြံရှိ၍.......ဟောပြောကြ၏။ သို့ဖြစ်၍ အဘယ်သို့နည်း၊ လျှို့ဝှက်၍ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍ဟောပြောသည်ဖြစ်စေ ခရစ်တော်၏တရားတော်ကိုဟောပြောခြင်းရှိ၏။" ဖိလိပ္ပိ၊ ၁း၁၅–၁၈။ တမန်တော်ရှင်ပေါလုသည် ထောင်အတွင်းအကျဉ်းခံရသောကြောင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဧဝံဂေလိတရားတော်ရောက်လာခဲ့ပါသည်။ ထိုကြောင့်ရောမဘုရင်တို့အုပ်စိုးသောဒေသတိုင်းမှ ဝိညာဉ်အများအံပြား ကိုခရစ်တော်အတွက် စုသိမ်းနိုင်ခဲ့ပါသည်။ အပြီးသတ်ဖျက်ဆီးပစ်ဖို့ စာတန်ကြိုးစားအားထုတ်သည့် "မဖေါက်ပြန် မပျက်စီးတတ်သော .... အသက်ရှင်၍ အစဉ်အမြဲတည်" သောဘုရားသခင်၏နှုတ်ကပါဌ် (၁ပေတရု၊ ၁း၂၃)မျိုးစေ့ကို လူတို့၏စိတ်နှလုံးများအတွင်းမှာ ကြဲဖြန့် နိုင်ခဲ့ပါသည်။ ကိုယ်တော်၏သားသမီးများအား ပြစ်တင်ရှုတ်ချခြင်း နှိပ်စက်ညှဥ်းဆဲခြင်းများကြောင့် ခရစ်တော်၏နာမတော်ထင်ရှားလျက် ဝိညာဉ်မြောက်မြားစွာကို ကယ်တင်နိုင်ခဲ့ပါသည်။

နှိပ်စက်ညှဥ်းဆဲခြင်းနှင့်ပြစ်တင်ဝေဖန်ခြင်းကိုခံ၍ ခရစ်တော် အတွက် သက်သေခံသောသူတို့အဖို့ ကောင်းကင်ဘုံ၌ရှိသောဆုမင်္ဂလာ သည်ကြီးမြတ်လှပါ၏။ လူတို့ကလောကီကောင်းစားရေးကိုသာကြည့် နေကြစဉ် ယေရှုရှင်က ကောင်းကင်ဆုမင်္ဂလာကိုညွှန်ပြတော်မူ၏။ သို့သော် ယင်းဆုမင်္ဂလာကိုတမလွန်ဘဝအတွက်သာ သီးသန့်ထားခြင်း မဟုတ်ပါ၊ ယခုဘဝအသက်တာမှအစပြုပါသည်။ ရှေးအချိန်က သခင် ဘုရား အာဗြဟံထံသို့ရောက်လာပြီး "ငါသည် သင်၏အကွယ်အကာ ဖြစ်၏။ သင်၏အကျိုးသည်အလွန်ကြီးလှ၏" ဟုမိန့်တော်မူခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁၅း၁။ ဤသည်ကား ခရစ်တော်၏နောက်တော်သို့

လိုက်သောသူအပေါင်းအတွက် ဆုမင်္ဂလာဖြစ်ပါသည်။ ကိုယ်တော်နည်းတူ စာနာတတ်ဖို့၊ ကိုယ်တော်အားသိဖို့၊ ကိုယ်တော်အားပိုင်ဆိုင်ဖို့၊ ကိုယ်တော်၏ဂုဏ်ရည်များကိုလက်ခံရရှိဖို့ စိတ်နှလုံးတံခါးများကိုပို၍ပို၍ဖွင့်လှစ်ထားပါက ယေဟောဝါဧမာန္ဒွေလ၌ "ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏။" ၎င်းအပြင် "ဘုရားသခင်၏ဇာတိတော်အဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ကိန်းဝပ်တော်မူ၏။" ကောလောသဲ ၂း၃၊၉။ ကိုယ်တော်၏မေတ္တာတော်နှင့်ဘုန်းတန်ခိုးတော်ကိုသိရန်အတွက်လည်းကောင်း၊ စစ်၍မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်းကို ပိုင်ဆိုင်ရန်အတွက်လည်းကောင်း မေတ္တာတော်၏ "အနံ့အလျား၊ အနက်အမြင့်တို့ကိုပိုင်းခြား၍သိခြင်းငှာလည်းကောင်း၊ ကိုယ်ဉာဏ်နှင့်မသိနိုင်သောခရစ်တော်၏မေတ္တာတော်ကို သိနားလည်ခြင်းငှာလည်းကောင်း သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း။" ဧဖက်၊ ၃း၁၈၊၁၉။ "ထာဝရဘုရားသခင်၏ကျွန်တို့သည် ထိုသို့သောအမွေကိုခံရ၍ ငါ့ကြောင့် ဖြောင့်မတ်ရာသို့ရောက်ကြလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။" ဟေရှာယ၊ ၅၄း၁၇။

ဖိလိပ္ပိမြို့ အကျဉ်းထောင်အတွင်း ပေါလုနှင့်သိလတို့အချုပ်ခံနေရကြစဉ်က ထိုကဲ့သို့သောဝမ်းမြောက်ခြင်းကိုသူတို့ရရှိထားကြသောကြောင့် ညဉ့်နက်သန်းခေါင်အချိန်မှာ ပတ္ထနာပြုသီဆိုလျက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းနေကြပါသည်။ သူတို့နှင့်အတူ ခရစ်တော်ရှိနေတော်မူသောကြောင့် ကိုယ်တော်၏ကိုယ်ခန္ဓာမှအလင်းရောင်နှင့် ကောင်းကင်တံတိုင်းတော်မှအလင်းရောင်တို့ကြောင့် မှောက်မိုက်သောအချုပ်ခန်း

တစ်ခုလုံး ထိန်ထိန်လင်းနေပါသည်။ ဧဝံဂေလိတရားတော်ပြန့်ပွားပုံကို ရောမထောင်အတွင်းမှရှင်ပေါလုကြားသိရသောအခါ သူ၏ခြေချင်းများကိုမေ့ထားပြီး "ငါသည်ယခုဝမ်းမြောက်၏၊ နောင်၌လည်းဝမ်းမြောက်လိမ့်မည်" ဟုမှတ်တမ်းတင်ထားခဲ့ပါသည်။ ဖိလိပ္ပိ၊ ၁း၁၈။ မင်္ဂလာတော်ငတော်မှ ခရစ်တော်ဟောကြားတော်မူခဲ့သည့် တရားစကားများသည် နှိပ်စက်ညှဉ်းဆဲခြင်းခံနေရသည့် ဖိလိပ္ပိအသင်းတော်သို့ ရေးသော ရှင်ပေါလု၏စာ၌ ပဲ့တင်ထပ်ခဲ့သည်မှာ– "သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့၊ တစ်ဖန်ငါဆိုသည်ကား ဝမ်းမြောက်ကြလော့" ဟူသတည်း။ ဖိလိပ္ပိ၊ ၄း၄။

## "သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။"
## မဿဲ ၅း၁၃။

တစ်စုံတစ်ခုသောပစ္စည်းကို မပျက်မစီးအောင်၊ မပုပ်မသိုးအောင် ကြာရှည်ခံအောင်စီမံရာတွင် ဆားကိုအထူးပစ္စည်းအဖြစ်အသုံးပြုရသောကြောင့် ၎င်းဆားကိုအထူးတန်ဖိုးထားကြပါသည်။ မိမိ၏သားသမီးတို့အား ဆားဖြစ်ကြသည်ဟုဘုရားသခင်မိန့်တော်မူရာ၌ အခြားသောလူတို့အား ကယ်တင်ရာတွင်အသုံးပြုရမည့် ကိုယ်တော်၏ကျေးဇူးတော်ပစ္စည်းများဖြစ်လာစေဖို့ သင်ပေးရန် ရည်ရွယ်ထားသောကြောင့်ဖြစ်ပါသည်။ လူတစ်မျိုးအား ဘုရားသခင်ရွေးချယ်သတ်မှတ်ထားတော်မူခဲ့ခြင်း၏အကြောင်းမှာ ဤလောကကြီး၏မျက်မှောက်တွင် ထိုလူများအား မိမိ၏မွေးစားသားသမီးများဖြစ်စေရန်သာမက ဤကမ္ဘာလောကကြီးအနေဖြင့် ယင်းလူမျိုးမှတစ်ဆင့် ကယ်တင်ခြင်းနှင့်ဆိုင်သောကျေးဇူး

တော်ကိုရရှိစေရန်အတွက်ဖြစ်ပါသည်။ တိတု၊ ၂း၁၁။ ဘုရားသခင်၏ အထူးမိတ်ဆွေဖြစ်ရန်အတွက်သာ အာဗြဟံအားရွေးချယ်ထားတော်မူသည်မဟုတ်ပါ။ ၎င်းမှတစ်ဆင့် လူမျိုးအပေါင်းတို့အား ထူးခြားသည့် အခွင့်အရေးများပေးတော်မူလိုသောကြောင့်ဖြစ်ပါသည်။ ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေသတ်ခြင်းခံတော်မူရဖို့အချိန်နီးကပ်လာသောအခါ "သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေမည်အကြောင်း အကျွန်ုပ်တို့သည် သူတို့အဖို့အလိုငှာ ကိုယ်ကိုကိုယ်သန့်ရှင်းစေပါ၏။" ဟုဆုတောင်းတော်မူခဲ့ပါသည်။ ယောဟန်၊ ၁၇း၁၉။ ထိုနည်းနှင်နှင့် သမ္မာတရားတော်၌ သန့်ရှင်းခြင်းခံယူပြီးသော ခရစ်ယာန်များအနေဖြင့်လည်း ကိုယ်ကျင့်တရားလုံးဝဖေါက်ပြားနေသူများကို ပြုပြင်ပေးနိုင်သည့် ကယ်တင်ခြင်းဆိုင်ရာထူးခြားသောဂုဏ်သတ္တိများကို ရရှိထားကြပါလိမ့်မည်။

တာရှည်ခံစေလိုသောပစ္စည်းတစ်စုံတစ်ခုတွင် ဆားကိုပေါင်းစပ်လိုက်ပါက ဆားသည် ယင်းပစ္စည်းနှင့်နှံ့စပ်အောင်ရောနှောရပါမည်။ ယင်းပစ္စည်းအတွင်းသို့စိမ့်ဝင်ရပါမည်၊ ယင်းပစ္စည်းအတွင်းသို့ပျော်ဝင်ရပါမည်။ သို့မှသာ ယင်းပစ္စည်းတာရှည်ခံပေလိမ့်မည်။ ထိုနည်းတူ ဧဝံဂေလိတရားတော်၏ကယ်တင်နိုင်သောတန်ခိုးသည်လည်း လူပုဂ္ဂိုလ်ချင်းရင်းနှီးစွာဆက်သွယ်ပေါင်းသင်းခြင်းဖြင့်သာ ထိရောက်ပါလိမ့်မည်။ ကယ်တင်ခြင်းကိုအုပ်စုလိုက်ရကြသည်မဟုတ်ပါ။ ပုဂ္ဂိုလ်တစ်ဦးချင်း ရကြပါသည်။ ပုဂ္ဂလိကဆွဲဆောင်မှု၌ တန်ခိုးစွမ်းအားရှိပါသည်။ အကျိုးထူးခံစားရစေလိုသောသူများထံ ကျွန်ုပ်တို့ချဉ်းကပ်ဖို့လိုအပ်ပါသည်။

အသက်ပမာ အရေးကြီးသော ခရစ်ယာန်တန်ခိုးစွမ်းအားကို ဆားဖြင့်ပုံဆောင်ထားပါသည်။ သူ၏စိတ်နှလုံးအတွင်း၌ရှိသောယေရှုရှင်

၏မေတ္တာတော်နှင့်ခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့် အသက်ရနံ့ကို ပျံ့နှံ့စေပါသည်။ ခရဇ်တော်၏မေတ္တာဓာ်သည်ပြန့်ပွား၍ ထိုးဖေါက်ဝင်ရောက်နိုင်သောစွမ်းဆောင်ရည်ရှိပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း ခရစ်တော်၏မေတ္တာတော်ကိန်းဝပ်ပါက အခြားသူများထံသို့ စီးဆင်းပါလိမ့်မည်။ ကျွန်ုပ်တို့၏ကိုယ်ကျိုးမဖက်သောမေတ္တာနှင့် စိတ်ဝင်စားမှုအားဖြင့် အခြားလူတို့နှင့်ရင်းနှီးမှုရကြပါလိမ့်မည်။ ရိုးသားစွာယုံကြည်သောသူတစ်ဦးအနေဖြင့် အခြားသောသူတစ်ဦး၏ကိုယ်ကျင့်တရားကောင်းမွန်လာဖို့ စွမ်းဆောင်နိုင်ပါသည်။ ယင်းသို့ပြုနိုင်ခြင်းမှာ လူ၏စွမ်းဆောင်ရည်ကြောင့်မဟုတ်ပါ၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဆောင်ရွက်မှုကြောင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ပါသည်။

"ဆားမှုကား အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတစ်ပါး အဘယ်အသုံးမျှမဝင်" ဟုယေရှုရှင်ဆက်လက်၍သတိပေးထားခြင်းမှာ အရေးကြီးသည့်အချက်ဖြစ်ပါသည်။

ခရစ်တော်၏တရားတော်ကိုနာယူ နေကြသောလူထုရိသတ် အနေဖြင့် လမ်းပေါ်ရှိလူတို့စွန့်ပစ်ထားသောဆားများသည် နေရောင်ခြည်ကြောင့် ဖိတ်ဖိတ်တောက်နေပုံကိုရှုမြင်နေရကြပါသည်။ သို့သော် ထိုဆားများ၌ အငန်ဓါတ်မရှိတော့၍ အသုံးမဝင်တော့သဖြင့် စွန့်ပစ်ထားကြသည်ဖြစ်ရာ လူတို့ကျော်နင်းစရာသာဖြစ်နေပါတော့သည်။ ဖါရိရှဲတို့၏ဘာသာရေးအခြေအနေနှင့် လူ့ဘောင်လူ့လောကအတွက် သူတို့၏ဘာသာအယူဝါဒသည် မည်ကဲ့သို့အကျိုးသက်ရောက်သည်ကို ယင်းဆားပုံစံနမူနာဖြင့် ကောင်းစွာဖေါ်ညွှန်းထားပါသည်။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးထွက်ခွာသွားပြီး ခရစ်တော်မရှိတော့သဖြင့်

အေးစက်စက်ဖြစ်နေသောသူများကိုလည်း ပုံဆောင်ထားခြင်းဖြစ်ပါသည်။ သူ၏အယူဝါဒသည်မည်ကဲ့သို့ပင်ရှိစေကာမူ ထိုသို့သောသူကိုပေါ့ဆသောသူ၊ အခြားသူများနှင့်သဘောထားမတိုက်ဆိုင်သောသူဟု လူတို့နှင့်ကောင်းကင်တမန်များကသဘောထားကြပါသည်။ ၎င်းတို့ကိုခရစ်တော်က "သင်သည် အအေးမဟုတ်၊ အပူမဟုတ်သည်ကိုငါသိ၏။ အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့အအေးမဟုတ်၊ အပူမဟုတ် နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ" ဟုမိန့်တော်မူ၏။ ဗျာ၊ ၃း၁၅၊၁၆။

ခရစ်တော်သည် ကျွန်ုပ်တို့၏ပုဂ္ဂလိကကယ်တင်ရှင်ဖြစ်သည်ဟု ရှင်သန်သောယုံကြည်ခြင်းမရှိပါက ယုံမှားသံသယအပြည့်အဝရှိနေသည့် ဤလောကီသားများအပေါ် ဩဇာညောင်းမည်မဟုတ်ပါ။ ကျွန်ုပ်တို့၌မရှိသောအရာကို သူတစ်ပါးအားဝေငှ၍မရပါ။ လူသားတို့ကောင်းချီးမင်္ဂလာခံစားရဖို့နှင့် လူသားတို့၏အခြေအနေကိုမြှင့်တင်ပေးဖို့ ကျွန်ုပ်တို့၏ဆွဲဆောင်မှုအင်အားသည် ခရစ်တော်အား ကျွန်ုပ်တို့ဆက်ကပ်သည့်အတိုင်းအတာပေါ်မူတည်ပါသည်။ ယင်းအတိုင်းအတာနှင့်လျော်ညီစွာပင် ကျွန်ုပ်တို့ဆွဲဆောင်နိုင်ပါလိမ့်မည်။ စစ်မှန်သောအတွေ့အကြုံမရှိဘဲ၊ စစ်မှန်သောမေတ္တာမပါဘဲ အမှုတော်ကိုလည်း အမှန်တကယ်မဆောင်ရွက်ပါက ကူညီမစနိုင်သောတန်ခိုးမရှိပါ၊ ကောင်းကင်နှင့်အဆက်အသွယ်မရနိုင်ပါ၊ အသက်တာတွင်လည်း ခရစ်တော်၏ချစ်ဖွယ်သောရနံ့မရှိပါ။ ယေရှုရှင်၌ရှိသောသမ္မာတရားတော်ကို အမှန်အတိုင်းဖြန့်ဝေရာမှာ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အား သံတမန်များအဖြစ်အသုံးမပြုနိုင်ပါက ကျွန်ုပ်တို့သည် အငန်ဓါတ်မရှိသောဆားပမာ လုံးဝတန်ဖိုးရှိလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၌

ခရစ်တော်၏ကျေးဇူးတော်မရှိပါက ကျွန်ုပ်တို့ယုံကြည်ပါသည်ဟု ဆိုသောသမ္မာတရား၌ သန့်ရှင်းစေနိုင်သောတန်ခိုးမရှိဟု သက်သေခံနေရာရောက်ပါသည်။ ထိုကြောင့် ကျွန်ုပ်တို့၏ဆွဲဆောင်မှုများတွင်လည်း နူတ်ကပါဌ်တော်ထိရောက်မှုမရှိပါ။ "ငါသည် လူဘာသာစကားကို လည်းကောင်း၊ ကောင်းကင်တမန်ဘာသာစကားကိုလည်းကောင်း ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သောတံပိုးခရာကဲ့သို့ လည်းကောင်း၊ တီးသံကိုသာပေးတတ်သောလင်းကွင်းကဲ့သို့လည်း ကောင်းဖြစ်၏။ ပုရောဖက်ဉာဏ်ကိုငါရ၍ နက်နဲသောအရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကိုတတ်သော်လည်းကောင်း၊ တောင်များကိုရွှေ့ နိုင်သောယုံကြည်ခြင်းအမျိုးမျိုးနှင့်ပြည့်စုံသော်လည်းကောင်း မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။ သူတစ်ပါးကိုငါကြွေးမွေး၍ ဥစ္စာရှိသမျှကိုစွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှာအပ်သော် လည်း မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ။" ၁ကော၊ ၁၃း၁–၃။

စိတ်နှလုံးအတွင်း၌ ချစ်ခြင်းမေတ္တာအပြည့်အဝရှိပါက အခြားသူများထံသို့ကူးပြောင်းပါလိမ့်မည်။ သူတစ်ပါးထံမှမျက်နှာရဖို့မဟုတ်ပါ။ ချစ်ခြင်းမေတ္တာလှုပ်ရှားမှုကြောင့်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာက အကျင့်စာရိတ္တကိုပြုပြင်ပေးပါသည်။ စိတ်လှုပ်ရှားမှုကိုထိန်းချုပ်ပါသည်။ ရန်ငြိုးဖွဲ့လိုမှုကိုနှိမ်နင်းပါသည်။ ခင်မင်စိတ်ကိုမြှင့်တင်ပါသည်။ ယင်း ချစ်ခြင်းမေတ္တာသည် စကြဝဠာနှင့်အမျှကျယ်ဝန်း၍ လုပ်သားကောင်းကင် တမန်များနှင့်စည်းဝါးကိုက်ပါသည်။ အကယ်၍ မိမိစိတ်နှလုံးအတွင်း အမြတ်တနိုးသိုထားပါက အသက်တာတစ်လျှောက်လုံးကိုသာယာစေ လျက် ဝန်းကျင်ကိုမင်္ဂလာနှင့်ပြည့်ဝစေပါသည်။ ဤအချက်တစ်ခုတည်း ကသာလျှင် ကျွန်ုပ်တို့အား ဤလောက၏ဆားဖြစ်စေပါသည်။

**“သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။”**
**မဿဲ ၅း၁၄။**

လူထုပရိသတ်အား ယေရှုရှင်ဩဝါဒပေးတော်မူရာ၌ တရားနာပရိသတ်အာရုံစိုက်စိတ်ဝင်စားကြစေရန် မကြာခဏဝန်းကျင်မှသင့်လျော်သည့် ဥပမာများကိုအသုံးပြုတော်မူပါသည်။ နံနက်စောစောပရိသတ်အများစုဝေးနေချိန်ကဖြစ်ပါသည်။ ကြည်လင်နေသည့်အရှေ့ကောင်းကင်မှတဖြည်းဖြည်းတက်လာသောနေ၏အရောင်ကြောင့် တောင်ကြားဒေသမှနေရိပ်များနှင့်ညစ်ညမ်းမှုများ တဖြည်းဖြည်းပျောက်ပြယ်သွားကြလေပြီ။ အရှေ့ကောင်းကင်ဘုန်းရောင်များမှာမူ မမှေးမမှိန်သေးပါ။ မြေတစ်ပြင်လုံးမှာ နေရောင်ခြည်လျှမ်းကာ ကျက်သရေတိုးနေပါသည်။ နှင်းဆီရောင်သန်းသည့်နံနက်ယံမိုးတိမ်များကလည်း တည်ငြိမ်သည့်ရေကန်၏ရေပြင်ပေါ်မှာ ရောင်ပြန်ဟပ်နေပါသည်။ ပန်းဖူး ပန်းပွင့်နှင့်သစ်ရွက်သစ်ခက်ကလေးများပေါ်မှာ နှင်းပေါက်ကလေးများက အဖိုးတန်စိန်ကျောက်များပမာ ဖိတ်ဖိတ်တောက်နေပါသည်။ နေ့သစ်တစ်နေ့အတွက် သဘာဝကကောင်းချီးဩဘာပေးနေပါသည်။ သစ်ပင်များပေါ်မှငှက်ကလေးများကသီဆိုအော်မြည်နေကြသည်မှာလည်း သာယာလှပါ၏။ ကယ်တင်ရှင်သည် မိမိရှေ့တော်မှောက်ရှိလူထုပရိသတ်ကိုကြည့်ပြီးမှ ကောင်းကင်မှတက်လာသောနေကိုကြည့်တော်မူလျက် “သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏” ဟု တပည့်တော်တို့အားမိန့်တော်မူ၏။ နေသည် မိမိ၏မေတ္တာလုပ်ငန်းတာဝန်ကိုလုပ်ဆောင်ဖို့ အရှေ့ကောင်းကင်မှတက်လာပြီး ညဥ့်၏မှောက်ရိပ်များကိုလွင့်စင်စေလျက် ဤလောကတစ်ခွင်လုံးကို အသက်သွင်းပေးသည်နည်းတူ ခရစ်တော်၏

နောက်တော်သို့လိုက်သောသူများအနေဖြင့် ဒုစရိုက်အပြစ်နှင့် မကောင်းမှု မှောင်မိုက်အတွင်းနစ်မွန်းနေသောပရိသတ်အား ကောင်းကင်အလင်း တရားပေးရန် မိမိတို့၏သာသနာပြုတာဝန်ကို ထမ်းဆောင်ရကြပါမည်။

ရှုခင်းသာသောပတ်ဝန်းကျင်တောင်ကုန်းပေါ်မှမြို့ကြီးရွာငယ် များကို ဝင်းဝင်းတောက်နေသည့်နံနက်နေရောင်ခြည်အောက်တွင် လှပ တင့်တယ်စွာရှုမြင်နေရသောကြောင့် ယေရှုရှင်သည် ထိုမြို့ရွာများကို လက်ညှိုးညွှန်တော်မူလျက် "တောင်ထိပ်၌တည်သောမြို့ကိုကွယ်မထား နိုင်" ဟူ၍လည်းကောင်း၊ "ဆီမီးထွန်း၍ တောင်းဇလားအောက်၌ဖုံးထား လေ့မရှိ၊ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏" ဟူ၍လည်းကောင်း မိန့်တော်မူ၏။ ကိုယ်တော်၏တရားတော်ကိုနာယူနေကြသောပရိသတ်အများစုမှာ တောင်သူလယ်သမားများနှင့်တံငါသည်များဖြစ်သောကြောင့် သူတို့၏ သာမန်နေအိမ်များတွင် အခန်းတစ်ခုတည်းသာရှိတတ်ပါသည်။ ထိုကြောင့် ဆီမီးခုံပေါ်တွင် ထွန်းညှိထားသည့် တစ်ခုတည်းသော ဆီမီးခွက်ဖြင့် တစ်အိမ်လုံးကိုလင်းစေပါသည်။ ထိုနည်းတူ "သူ တစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင် ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့" ဟုယေရှုရှင် မိန့်တော်မူ၏။

ခရစ်တော်၏ထံတော်မှပေါ်ထွက်သော အလင်းရောင်မှတစ်ပါး အခြားမည်သည့်အလင်းရောင်ကမျှ ကျဆုံးနေသောလူသားအပေါ်သို့ မထွန်းလင်းခဲ့သေးပါ။ နောင်တွင်လည်း မည်သည့်အလင်းကမျှ ထွန်းလင်းနိုင်လိမ့်မည်မဟုတ်ပါ။ အပြစ်တရား၏မှောင်မိုက်အတွင်း

ဖုံးအုပ်ခြင်းခံနေရသော ဤကမ္ဘာကိုလည်း ကယ်တင်ရှင်ယေရှုခရစ်တော်ကသာ အလင်းရောင်ပေးနိုင်ပါသည်။ ထို့ကြောင့် ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ "ထိုနှုတ်ကပါဌ်တော်၌အလင်းရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" ဟုမှတ်တမ်းတင်ထားပါသည်။ ယောဟန် ၁း၄။ ကိုယ်တော်၏အသက်ကိုလက်ခံရယူထားခြင်းအားဖြင့် ကိုယ်တော်၏တပည့်တော်များသည်လည်း အလင်းတရားသယ်ဆောင်သူများဖြစ်လာကြပါသည်။ ခရစ်တော်၏အသက်ကိုလက်ခံရယူထားသောသူတို့၏အကျင့်စာရိတ္တသည် ကိုယ်တော်၏မေတ္တာတော်ကိုရောင်ပြန်ဟပ်လျက် ဤလောက၏အလင်းဖြစ်ကြပေလိမ့်မည်။

သာမန်လူကိုယ်တိုင်၌ အလင်းတရားမရှိပါ။ ခရစ်တော်မပါရှိပါက ကျွန်ုပ်တို့အားလုံးသည် မီးမထွန်းညှိရသေးသောဖရောင်းတိုင်ကဲ့သို့လည်းကောင်း၊ နေကိုမျက်နှာမူမထားသောလကဲ့သို့လည်းကောင်းဖြစ်၍ မှောင်အတိကျနေသောကမ္ဘာအား အလင်းတရားလုံးဝမပေးနိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် တရားတော်နေမင်းဘက်သိုပလှည့်ကြည့်ပါက၊ ခရစ်တော်နှင့်တွေ့ထိကြပါက ကျွန်ုပ်တို့၏ဝိညာဉ်တစ်ခုလုံးသည် ဘုရားသခင်၏အလင်းရောင်ဖြင့် တောက်ပလျက်ရှိနေကြပေလိမ့်မည်။

ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်သောသူများအနေဖြင့် လူတို့၏အလယ်၌ အလင်းဖြစ်နေရုံမက ဤလောက၏အလင်းဖြစ်ကြပါသည်။ ကိုယ်တော်၏အမည်ကိုခံယူထားကြသောသူများအား ယေရှုရှင်က "သင်တို့သည် သင်တို့ကိုယ်ကိုငါ့အားဆက်ကပ်ထားကြသောကြောင့် ငါသည်သင်တို့အား ငါ၏ကိုယ်စားလှယ်များအဖြစ်နှင့် ဤလောကသို့စေလွှတ်သည်" ဟုမိန့်တော်မူ၏။ ခမည်း တော်သည် ကိုယ်တော်အား ဤလောကသို့စေလွှတ်တော်မူသည်နည်းတူ "အကျွန်ုပ်သည် ဤသူတို့ကိုစေလွှတ်ပါ၏" ဟုယေရှုရှင်မိန့်တော်မူ၏။ ယောဟန် ၁၇း၁၈။ ခရစ်တော်သည် ခမည်းတော်ကိုထင်ရှားဖော်ပြ

တော်မူသကဲ့သို့ ကျွန်ုပ်တို့သည် ခရစ်တော်ကိုဖော်ပြရကြပါမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အလင်းတရား၏မူလအစဖြစ်တော်မူပေါ လျက် မိမိကိုယ်ကို လူသား၏အသွင်ဖြင့် ထင်ရှားစေတော်မူကြောင်း ကို ခရစ်ယာန်တို့မမေ့မလျော့ပါလေနှင့်။ ဘုရားသခင်သည် လူသား အားတန်ဆာပလာအဖြစ်အသုံးပြုတော်မူလျက် ကောင်းချီးမင်္ဂလာများ ကိုသွန်းလောင်းတော်မူ၏။ ခရစ်တော်ကိုယ်တိုင် လူသားအဖြစ်နှင့် ဤလောကသို့ကြွလာတော်မူ၏။ လူသားသည် ဘုရားပကတိနှင့် ပူးပေါင်း၍ လူသားကိုတို့ထိရပါမည်။ ခရစ်တော်၏အသင်းတော်တည်း ဟူသော ကိုယ်တော်၏တစ်သီးပုဂ္ဂလတပည့်တော်တိုင်းသည် လူတို့အား ဘုရားသခင်ကိုဖော်ပြရန် တာဝန်ပေးခြင်းခံရသောကောင်းကင်တန်ဆာ ပလာများဖြစ်ကြပါသည်။ ပျက်စီးလုနီးနေသောဝိညာဉ်များထံသို့ သင်မှ တဆင့်ကောင်းကင်အလင်းတရားကိုပေးပို့ရန် ဘုန်းတော်ရှင်၏ ကောင်းကင်တမန်များက စောင့်နေကြပါသည်။ လူသားကိုယ်စားလှယ် အနေဖြင့် ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက် ဖို့ပျက်ကွက်ပါမည်လား။ ယင်းတာဝန်ဝတ္တရားမကျေပွန်သည့်အတိုင်း အတာနှင့်အမျှ ကတိထားတော်မူသည့်သန့်ရှင်းသောဝိညာဉ်တော်ဩဇာ သက်ရောက်မှုကို ဤကမ္ဘာကြီးအနေဖြင့် လုယူခြင်းခံရပါသည်တကား။

"သင်တို့၏အလင်းကိုလင်းစေကြလော့" ဟုယေရှုရှင်မိန့်တော် မူခဲ့ပါသည်။ "သင်တို့၏အလင်းကိုလင်းစေခြင်းငှာ ကြိုးစားကြလော့" ဟုမိန့်တော်မူခြင်းမဟုတ်ပါ။ စိတ်နှလုံးအတွင်း ခရစ်တော်ရှိနေပါက ယင်းသို့ရှိနေတော်မူသည့်အတွက် ဖြစ်ပေါ်လာသည့်အလင်းရောင်ကို ဖုံးကွယ်ထားခြင်းငှာ မစွမ်းနိုင်ပါ။ ခရစ်တော်၏နောက်တော်သို့လိုက် ပါသည်ဟု အဆိုပြုပါလျက် ဤလောက၏အလင်းမဖြစ်ကြပါက

သူတို့ထံမှအသက်ရှင်စေသော တန်ခိုးထွက်ခွာသွားသောကြောင့်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏သားသမီးစစ်တို့အနေဖြင့် မိမိတို့၏ခေတ်လူထုအတွက် အလင်းဖြစ်ခဲ့ကြသည့်အကြောင်းရင်းမှာ– "သူတို့အထဲ၌ရှိသောခရစ်တော်၏ဝိညာဉ်တော်ကြောင့်" ပင်ဖြစ်ပါသည်။ ၁ပေတရု၊ ၁း၁၁။ ယောသပ်သည် အဲဂုတ္တုပြည်တွင် အလင်းသယ်ဆောင်သူဖြစ်ခဲ့ပါသည်။ သူ၏ဖြူစင်သောစိတ်ထား၊ ကျေးဇူးပြုတတ်သောသဘောနှင့် သားသမီးတို့၌ရှိအပ်သောမေတ္တာဖြင့် ရုပ်တုကိုးကွယ်သောနိုင်ငံကြီး၌ ခရစ်တော်ကိုပုံဆောင်ခဲ့ပါသည်။ ဣသရေလပရိသတ်သည် ကျွန်ခံရာအဲဂုတ္တုနိုင်ငံမှ ကတိထားတော်မူရာနိုင်ငံသစ်သို့ချီတက်ကြသောအခါ စိတ်ထားစစ်မှန်သောသူများက ဝန်းကျင်ရှိနိုင်ငံများအတွက် အလင်းသယ်ဆောင်သူများဖြစ်ခဲ့ကြပါသည်။ ၎င်းတို့မှတစ်ဆင့် ကမ္ဘာသူကမ္ဘာသားများသည် ဘုရားသခင်ကိုမြင်နိုင်ကြပါသည်။ ဗာဗုလုန်နိုင်ငံတွင် ဒံယေလနှင့်အဖေါ်တစ်စုကလည်းကောင်း၊ ပေရသိနိုင်ငံတွင် မော်ဒကဲကလည်းကောင်း မှောင်အတိကျနေသည့် ဘုရင့်နန်းတော်များ၌ အလင်းများလင်းစေခဲ့ပါသည်။ ထိုနည်းနှင်နှင့် ခရစ်တော်၏တပည့်တော်တို့အနေဖြင့် ကောင်းကင်ခရီးတွင် အလင်းသယ်ဆောင်သူများဖြစ်ကြပါသည်။ ခမည်းတော်ဘုရားသခင်၏ကျေးဇူးတော်နှင့် ကောင်းမြတ်တော်မူခြင်းအကြောင်းကို အမှန်အတိုင်းမသိနားမလည်သေးသည့် မှောင်အတိကျနေသောကမ္ဘာပေါ်တွင် ၎င်းတို့အားဖြင့် ထင်ရှားစေနိုင်ပါသည်။ သူတို့၏ကောင်းသောအကျင့်ကိုကြည့်ခြင်းအားဖြင့် အထက်ကောင်းကင်ဘုံ၌ရှိတော်မူသောခမည်းတော်၏ဂုဏ်တော်ကို အခြားသူများက ချီးမွမ်းကြပါသည်။ အဘယ်ကြောင့်

ဆိုသော် စကြဝဠာ၏ပလ္လင်ပေါ်တွင် ဘုရားသခင်တစ်ဆူတည်းရှိတော်မူကြောင်း၊ ထိုဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းထောမနာပြုထိုက်ကြောင်း၊ ထိုကိုယ်တော်အား ဆည်းကပ်ကိုးကွယ်ထိုက်ကြောင်းဖေါ်ပြကြသောကြောင့်ဖြစ်ပါသည်။ စိတ်နှလုံးအတွင်း၌ ဘုရားသခင်၏မေတ္တာတော်အရောင်ဟပ်နေပါကလည်းကောင်း၊ ခရစ်တော်နှင့်တူသည့်သဘောတရားထင်ရှားနေပါကလည်းကောင်း ကောင်းကင်ဘုံ၏စုံလင်ပုံကိုလူတို့တန်ဖိုးထားနိုင်ရန်အရိပ်အမြွက်ပြခြင်းဖြစ်ပါသည်။

ယင်းနည်းအားဖြင့် "ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူခြင်းမေတ္တာတော်ကို" လူတို့အားယုံကြည်စရာအကြောင်းဖြစ်လာပါသည်။ ၁ယောဟန် ၄း၁၆။ ယင်းနည်းအားဖြင့် တစ်ချိန်ကအပြစ်ကြောင့်ပုပ်ပျက်နေသောနှလုံးများပြောင်းလဲဖြူစင်ပြီး "အပြစ်မရှိဘဲဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်.......ဘုန်းအသရေတော်ရှေ့၌ဆက်သခြင်းငှာ" ထိုက်တန်သည့်အခြေသို့ရောက်ကြပါသည်။ ယုဒ ၂၄။

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဟု ကယ်တင်ရှင်မိန့်တော်မူခြင်းမှာ မိမိ၏တပည့်တော်များအား ကမ္ဘာအရပ်ရပ်တွင် သာသနာပြုကြရန်အတွက် တာဝန်ပေးခွဲခန့်ထားခြင်းဖြစ်ပါသည်။ ခရစ်တော်ခေတ်က ဘုရားသခင်၏မြတ်တော်မူသောဗျာဒိတ်ပညတ်တော်များကိုစောင့်ထိန်းရန် တာဝန်ပေးအပ်ခြင်းခံရသောသူများသည် မိမိတို့နှင့်ကမ္ဘာ့နိုင်ငံအသီးသီးစပ်ကြားတွင် တစ်ကိုယ်ကောင်းစိတ်ထားခြင်း၊ မာန်မာနထောင်လွှားခြင်း၊ မျက်နှာလိုက်ခြင်းတည်းဟူသော နံရံမြင့်ကြီးကို ခိုင်မာစွာတည်ဆောက်ထားခဲ့ကြပါသည်။ ဤအရာအလုံးစုံကို ပြုပြင်ပြောင်းလဲဖို့ ကယ်တင်ရှင်ကြွလာတော်မူခဲ့ပါသည်။ ယခုပရိသတ်ကြားနာနေရသည့် ကိုယ်တော်၏နှုတ်တော်ထွက်စကားများမှာ

ယခင်က ယဇ်ပုရောဟိတ်များနှင့်ရဗ္ဗိဆရာတို့ထံမှ ကြားနာခဲ့ရသည့် ဩဝါဒများနှင့်ကွာခြားလှပါသည်။ ခရစ်တော်သည် မိမိကိုယ်ကိုသာ ချစ်သောစိတ်နှင့် အမျိုးသားခွဲခြားသောစိတ်တည်းဟူသော နံရံကြီးကို ဖြိုလှဲတော်မူလျက် လူသားမိသားစုကြီးတစ်ရပ်လုံးအပေါ် မေတ္တာတရား ပွားများဖို့ ဩဝါဒပေးတော်မူ၏။ သူတို့၏အတ္တစိတ်ဖြင့်ပြဋ္ဌာန်းထား သည့်ကျဉ်းမြောင်းသောအသိုက်အဝန်းမှ သူတို့အား ကိုယ်တော်က မြှင့်တင်ပေးတော်မူပါသည်။ သူတို့၏နယ်ခြားသတ်မှတ်မှုများနှင့် လူမျိုးရေးခွဲခြားမှုများကို ဖျက်သိမ်းတော်မူပါသည်။ အိမ်နီးချင်းများနှင့် သူစိမ်းတစ်ရံဆံများ၊ မိတ်ဆွေများနှင့်ရန်သူများစပ်ကြား ခွဲခြားမှုထား တော်မမူပါ။ ပြည့်စုံကြွယ်ဝမှုမရှိသောသူအားလုံးသည် ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောသူများဖြစ်သည်ဟူ၍လည်းကောင်း၊ ဤကမ္ဘာတစ်ဝန်းလုံး သည် ကျွန်ုပ်တို့အမှုဆောင်ရာနယ်မြေဖြစ်သည်ဟူ၍လည်းကောင်း သဘောထားရန် ဩဝါဒပေးတော်မူ၏။

ကမ္ဘာတစ်ဝန်းလုံးမှ ဝေးလံချောင်ကျသောနေရာများကိုပင် နေ၏အလင်းရောင်ကိုပေးသကဲ့သို့ ကမ္ဘာပေါ်တွင် လူသားတိုင်း ဇဝံဂေလိ အလင်းရောင်ကိုရကြစေရန် ဘုရားသခင်စီမံထားတော်မူ၏။ ခရစ်တော် ၏အသင်းတော်အနေဖြင့် သခင်ဘုရား၏အကြံအစည်တော်ကိုဖြည့်ဆည်း နေပါက သေမင်း၏အရိပ်လွှမ်းမိုးသောဒေသမှောင်ရိပ်များ၌ ထိုင်နေ ကြသောသူတို့ပင်လျှင် ဘုရားသခင်၏အလင်းတရားကိုရကြပါလိမ့် မည်။ လူတို့သည်စုဝေးလျက် တာဝန်ထမ်းဆောင်ဖို့ရှောင်ဖယ်ခြင်းနှင့် လက်ဝါးကပ်တိုင်ထမ်းဖို့ငြင်းပယ်ကြမည့်အစား အသင်းဝင်များအနေ ဖြင့် အနယ်နယ်အရပ်ရပ်သို့လှည့်လည်၍ ခရစ်တော်၏အလင်းကို လင်းစေကြပါက၊ ဝိညာဉ်များကိုကယ်တင်ဖို့ ကိုယ်တော်နည်းတူ

ဆောင်ရွက်ကြပါက ဤ "နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရား" ကို လောကီနိုင်ငံအရပ်ရပ်သို့လျင်မြန်စွာသောအဟုန်ဖြင့် သယ်ဆောင်နိုင်ကြပေလိမ့်မည်။

မေသောပေါတာမိလွင်ပြင်၌ အာဗြဟံအားခေါ်တော်မူချိန်မှအစပြု၍ ယနေ့ကျွန်ုပ်တို့ခေတ်အထိ မိမိ၏လူတို့အား ဘုရားသခင်ခေါ်တော်မူသည့်အကြောင်းရင်းမှာ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိအမှုတော်ပြီးပြည့်စုံစေရန်ဖြစ်ပါသည်။ ကိုယ်တော်က "ငါသည် သင့်ကို...ကောင်းချီးပေး၍....သင်သည် ကောင်းချီးခံရသောသူဖြစ်လိမ့်မည် ဟုမိန့်တော်မူခဲ့ပါသည်။ က၊ ၁၂း၂။ "သင်ထလော့၊ လင်းလော့ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏" ဟုဧဝံဂေလိပုရောဖက်အားဖြင့် ခရစ်တော်မိန့်တော်မူခဲ့ပြီးသည့်စကားရပ်များကိုပင် မင်္ဂလာတောင်တော်ပေါ်မှ ယနေ့ကျွန်ုပ်တို့လူမျိုးဆက်အတွက် ထပ်ဆင့်ပဲ့တင်ထပ်ခဲ့ပါသည်။ ဟေရှာယ၊ ၆၀း၁။ သင်၏စိတ်နှလုံးအတွင်းသို့ သခင်ဘုရားသခင်၏ဘုန်းတော်သက်ရောက်လာပါကလည်းကောင်း၊ "လူတစ်သောင်းတို့တွင် အထွတ်အမြတ်တော်" မှု၍ "တစ်ကိုယ်လုံးချစ်ဖွယ်သောဂုဏ်တော် အပေါင်းတို့နှင့်ပြည့်စုံတော်မူသော" အရှင်၏အလွန်တင့်တယ်ပုံကို သင်ရှုမြင်ရပါကလည်းကောင်း၊ အကယ်၍ သင်၏စိတ်ဝိညာဉ်သည် ကိုယ်တော်၏ဘုန်းတော်ရောင်ကိုရရှိသဖြင့် ရောင်ပြန်ဟပ်နေပါကလည်းကောင်း သင်၏ထံသို့ သခင်ဘုရား၏နှုတ်ကပါဌ်တော်ရောက်လာခြင်းဖြစ်ပါသည်။ မြင့်လှစွာသောတောင်ပေါ်၌ ယေရှုရှင်ဘုန်းတော်ပွင့်လျက်မျက်နှာတော်သည် နေကဲ့သို့ထွန်းတောက်တော်မူချိန်က ထိုတောင်ပေါ်မှာ ခရစ်တော်နှင့်အတူ သင်ရပ်နေပါ၏လား၊ ထိုတောင်အောက်

လွင်ပြင်မှာ စာတန်၏အစေကိုခံရသောသူအများအပြားရှိနေသည်ဖြစ်ရာ သူတို့ကိုလွှတ်ပေးဖို့ ယုံကြည်ခြင်းဆိုင်ရာသမ္မာတရားနှင့်ပတ္တနာသံကို သူတို့နားစွင့်နေကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်၏ဘုန်းတော်အကြောင်းကိုအလေးအနက်ဆင်ခြင်စဉ်းစားနေရုံမျှသာမဟုတ်ပါ။ ကိုယ်တော်၏စုံလင်ခြင်းအကြောင်းကိုလည်း ဟောပြောရကြပါမည်။ ပုရောဖက်ဟေရှာယသည် ခရစ်တော်၏ဘုန်းတော်ကိုဖူးမြင်ရသည်သာမက ကိုယ်တော်၏အကြောင်းကိုဟောပြောခဲ့ပါသည်။ ဒါဝိဒ်မင်းကြီးနက်နက်နဲနဲတွေးတော်နေစဉ်မီးတောက်ပါသည်။ ထိုနောက်မှ နှုတ်မြွက်ခဲ့ပါသည်။ ဘုရားသခင်၏အံ့ဖွယ်သောမေတ္တာတ်အကြောင်းကို အလေးအနက်ဆင်ခြင်နေစဉ်တွင် မိမိတွေ့မြင်ခံစားရပုံကို မပြောဘဲမနေနိုင်ဖြစ်၍ နှုတ်မြွက်ခဲ့ပါသည်။ အံ့ဖွယ်သောကယ်တင်ခြင်းစီမံကိန်းကြီးကိုလည်းကောင်း၊ ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏ဘုန်းတော်ကိုလည်းကောင်း ယုံကြည်ခြင်းအားဖြင့် သိမြင်ဖူးတွေ့ရပြီးမှ နှုတ်မဖွင့်ဘဲ အဘယ်သူနေနိုင်ပါမည်နည်း။ ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ကရာနီကုန်းပေါ်တွင် အသေခံတော်မူခြင်းအားဖြင့်ပြသတော်မူသည်အတိုင်းအဆမရှိသောခရစ်တော်၏ကြီးမြတ်တော်မူသည့်မေတ္တာတော်ကို အဘယ်သူသုံးသပ်ဆင်ခြင်၍ ကုန်နိုင်ပါမည်နည်း။ ယင်းအကြောင်းကို ဆင်ခြင်ရှုမျှော်ပြီး ကယ်တင်ရှင်၏ဘုန်းတော်ကိုတအံ့တသြမချီးကျူးမဖေါ်ထုတ်ဘဲ အဘယ်သူနေနိုင်ပါမည်နည်း။

“ဗိမာန်တော်၌ခပ်သိမ်းသောသူတို့သည် ဘုန်းတော်ကိုဖေါ်ပြကြစေ။” ဆာလံ ၂၉း၉။ “အကျွန်ုပ်သည်လည်း ဘုန်းတန်ခိုးအာနုဘော်တော်ကိုလည်းကောင်း၊ အံ့ဖွယ်သောအမှုတော်တို့ကိုလည်းကောင်း မြွက်ဆိုပါမည်။ သူတို့သည် ကြောက်မက်ဖွယ်သောအမှုတော်တို့၌

ပါသောတန်ခိုးကိုမြွက်ဆို၍ အကျွန်ုပ်သည်လည်း ကြီးမြတ်တော်မူခြင်း အကြောင်းကိုကြားပြောပါမည်" ဟု ဣသရေလအမျိုးဆာလံဆရာ အနေဖြင့် မိမိစောင်းကိုကိုင်လျက် သာယာစွာသီဆိုခဲ့ပါသည်။ ဆာလံ ၁၄၅း၅၊၆။

ကရာနီလက်ဝါးကပ်တိုင်ကို လူတို့အပေါ်တွင်မြင့်မားစွာမြှင့်တင်၍ သူတို့၏စိတ်အာရုံအတွေးအခေါ်များကိုဆွဲဆောင်ပါက သူတို့၏ ဝိညာဉ်ရေးစွမ်းဆောင်ရည်များကို ဘုရားသခင်က တိုက်ရိုက်အင်အား ပေးတော်မူပါလိမ့်မည်။ ထိုအခါ သခင်ဘုရားအတွက် စစ်မှန်သော အမှုတော်ဆောင်ရာမှာ အင်အားရဖို့အာရုံစိုက်နိုင်ပါလိမ့်မည်။ အမှုတော် ဆောင်များအနေဖြင့်လည်း ဤကမ္ဘာမြေကြီးကို ပညာအလင်းပေးဖို့ အသက်ကိုယ်စားလှယ်များတည်းဟူသောအလင်းရောင်များကို ကမ္ဘာ အရပ်ရပ်သို့စေလွှတ်နိုင်ပေလိမ့်မည်။

ကိုယ်တော်အား မိမိကိုယ်ကိုဆက်ကပ်ထားသည့်လူသားကိုယ် စားလှယ်တိုင်းကို ခရစ်တော်သည် ဝမ်းမြောက်စွာဖြင့်၊ အိုအထူးဝမ်း မြောက်စွာဖြင့် လက်ခံတော်မူပါသည်။ လူသားအဖြစ်ကိုပင် ယူတင် ဝတ်ဆောင်သည့်နက်ရှိုင်းလှသောမေတ္တာတော်အကြောင်းကိုလူသားမျိုးနွယ် တစ်ရပ်လုံး နားလည်သဘောပေါက်ဖို့ ကိုယ်တော်သည် လူသားနှင့် ဘုရားပကတိကို ပေါင်းစပ်တော်မူ၏။ ယင်းအကြောင်းကိုဟောပြောပါ၊ ပတ္တနာပြုပါ၊ သီဆိုပါ။ ကိုယ်တော်၏ဘုန်းတော်သတင်းကို ပင်လယ် ရပ်ခြား တိုင်းတစ်ပါးမှာကြွေးကြော်ပါ၊ ရှေ့သို့ပင် တိုး၍တိုး၍ ကြွေးကြော်ပါ။

အတိဒုက္ခများကိုသည်းခံလျက် ရင်ဆိုင်ခြင်း၊ ကောင်းချီးမင်္ဂလာ အပေါင်းကို ကျေးဇူးတရားသိတတ်စွာဖြင့်လက်ခံခြင်း၊ စုံစမ်းနှောင့်ယှက်

ခြင်းများကို ယောက်ျားပီသစွာခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်း၊ ကရုဏာနှင့်မေတ္တာကိုအလေ့အထပြု၍ဖော်ပြခြင်းတို့သည် မည်သည့်အခါကမျှ အလင်းမဝင်ရောက်သည့် မှောင်အတကျနေသော ကိုယ်ကျိုးဖက်သည့်စိတ်နှလုံးနှင့် လုံးဝဆန့်ကျင်သည့် အကျင့်သီလရှိသူ၌ ထွန်းလင်းသောအလင်းများဖြစ်ပါသည်။

---ooo---

## ပညတ်တော်၏ဝိညာဉ်ရေးသဘောတရားများ

'ဖျက်ပယ်ခြင်းငှာ ငါလာမည်မဟုတ်၊
ပြည့်စုံခြင်းငှာ ငါလာသတည်း။"
မဿ ၅း၁၇။

မိုးချုန်းလျက်၊ မီးလျှံတောက်နေသည့်သိနာတောင်ပေါ်မှ ပညတ်တော်ကိုကြွေးကြော်တော်မူသောသူမှာ ခရစ်တော်ပင်ဖြစ်တော်မူ၏။ ဘုရားသခင်၏ဘုန်းတော်သည် မီးလျှံတောက်သကဲ့သို့ တောင်ထိပ်ပေါ်တွင်တည်နေလျက် ထာဝရဘုရားသခင်ရှိတော်မူသောကြောင့် တစ်တောင်လုံးတုန်လှုပ်လေ၏။ ယင်းသန့်ရှင်းမြင့်မြတ်သည့်ပညတ်တရားကြွေးကြော်သံကို တောင်ခြေမြေပေါ်မှာ ပျပ်ဝပ်လျက်ရှိကြသောဣသရေလပရိသတ်ကြီးကလည်း ထိတ်လန့်အံ့ဩလျက် ရိုသေလေးမြတ်စွာဖြင့် နာယူနေကြလေ၏။ သို့သော် မင်္ဂလာနရားတော်ကိုဟောကြားတော်မူစဉ်က ထိုတောင်ခြေပရိသတ်မြင်ကွင်းနှင့်မူကား ကွာခြားလှပါ၏။ နွေရာသီဖြစ်၍ ထိုတောင်ထိပ်၏ဝန်းကျင်တစ်ခွင်မှာ ငှက်ကလေးများ၏သီဆိုသံမှအပ အခြားမည်သည့်အသံဗလံအနှောင့်အယှက်မျှမရှိပါ။ ထိုသို့ဆိတ်ငြိမ်နေချိန်၌ မိမိ၏နိုင်ငံတော်နှင့်ယှဉ်သော အခြေခံသဘောတရားများကိုယေရှုရှု၍မြွက်ကြားတော်မူ၏။ သို့သော် ထိုနေ့ထိုအချိန်က ထိုပရိသတ်အား မေတ္တာတော်သံအပြည့်အဝဖြင့် မိန့်ကြားတော်မူခြင်းမှာ ကိုယ်တော်တိုင် သိနာတောင်ပေါ်မှကြွေးကြော်တော်မူခဲ့သည့်ပညတ်တော်၏အခြေခံသဘောတရားများကိုဖွင့်ပြနေခြင်းကြောင့်ပင်ဖြစ်ပါသည်။

ပညတ်တော်ကိုပေးတော်မူခဲ့သည့်အချိန်က ဣသရေလပရိသတ် အနေဖြင့် အဲဂုတ္တုနိုင်ငံမှာ ကျွန်ဘဝကြာညောင်းခဲ့ပြီးဖြစ်သည့်အလျောက် လူနေမှုအဆင့်အတန်းနိမ့်ကျနေပြီဖြစ်ရာ သူတို့ကိုးကွယ်သည့် ဘုရားသခင်၏ဘုန်းတန်ခိုးကြီးမြတ်တော်မူပုံကိုပြဖို့လိုနေပါသည်။ ၎င်းအပြင် မိမိသည်မေတ္တာတော်အရှင်ဖြစ်ကြောင်းကိုလည်း ပြရပါမည်။

**"ထာဝရဘုရားသည် သနာတောင်ပေါ်ကကြွတော်မူ၏။**
**စိရအရပ်မှ ထိုသူတို့အား နေထွက်တော်မူ၏။**
**ပါရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍**
**သန့်ရှင်းသောသူအထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ၍**
**ဓမ္မမီးသည် ဣသရေလလူတို့အဖို့ လက်ယာလက်တော်မှထွက်လေ၏။**
**အကယ်စင်စစ် ထိုလူမျိုးကိုချစ်တော်မူ၏။**
**မိမိသန့်ရှင်းသူအပေါင်းတို့သည် အထံတော်ပါးတွင်ရှိကြ၏။**
**သူတို့သည်ခြေတော်ရင်း၌ပျပ်ဝပ်၍**
**စကားတော်တို့ကိုနာခံကြလေ၏။"**

**တရားဟောရာကျမ်း ၃၃း၂၊၃။**

"ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်တော်မူ၏။" ဟု အံ့ဩဖွယ်သောနှုတ်တော်ထွက်စကားတော်ဖြင့် မောရှေအား မိမိ၏

ဘုန်းတော်အကြောင်းကို ဘုရားသခင်မြွက်ဟတော်မူ၏။ ထိုနှုတ်ကပါဌ် စကားများမှာလည်း ခေတ်အဆက်ဆက်အတွက် အမွေဘဏ္ဍာဖြစ်လေ၏။ ထွက်မြောက်ရာကျမ်း ၃၄း၆၊၇။

သိနာတောင်ပေါ်မှဆင့်ဆိုခဲ့သည့်ပညတ်တော်မှာ မေတ္တာတော်၏ အခြေခံသဘောတရားများကို စနစ်တကျရှင်းပြထားခြင်းဖြစ်ရာ ကောင်းကင်ဘုံ၏ပညတ်တရားများကို ဤကမ္ဘာမြေကြီးပေါ်တွင်လည်း ဖွင့်ပြထားခြင်းဖြစ်ပါသည်။ ယင်းပညတ်များကိုကြားဖျန်တော်မူသော အရှင်၏လက်တော်သို့အပ်၍ ထိုအရှင်အားဖြင့်ကြွေးကြော်တော်မူလျက် ထိုအရှင်၏တန်ခိုးတော်အားဖြင့် လူသားတို့သည် ပညတ်တရား၏ အခြေခံသဘောတရားများနှင့်တညီတညွတ်တည်းဖြစ်ကြစေမည်အကြောင်း တည်း။ “သင်တို့သည် ငါ့ထံ၌သန့်ရှင်းသောသူဖြစ်ရကြမည်” ဟု ဣသရေလပရိသတ်အား ဘုရားသခင်မိန့်တော်မူရာ၌ ပညတ်တော်၏ ရည်ရွယ်ချက်ကိုဖော်ညွှန်းထားခြင်းဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်း ၂၂း၃၁။

သို့သော် ဣသရေလပရိသတ်အနေဖြင့် ပညတ်တော်၏ဝိညာဉ် ရေးသဘောတရားကို မသိမမြင်ကြပါ။ ယင်းပညတ်တရားများကို သူတို့လိုက်နာကြပါသည်ဟုဆိုရာ၌လည်း ပွဲသဘင်အခမ်းအနားများကို စောင့်ထိန်းလိုက်နာခြင်းမျှသာဖြစ်ပါသည်။ မေတ္တာတော်စိုးမိုးခြင်းကို ခံယူထားခြင်းမဟုတ်ပါ။ ယေရှုရှင်သည် မိမိ၏ဂုဏ်သိက္ခာနှင့်အလုပ် အားဖြင့် လူတို့ရှေ့တွင်သန့်ရှင်းခြင်း၊ ကျေးဇူးပြုခြင်းနှင့်ဖခင်တို့၌ ရှိအပ်သည့်ဘုရားသခင်နှင့်ဆိုင်သောဂုဏ်တော်တို့ကို ထင်ရှားစွာပြတော် မူခဲ့ပါသည်။ ၎င်းအပြင် ဘာသာရေးဆိုင်ရာပွဲသဘင်အခမ်းအနားများ ကို အပေါ်ယံအားဖြင့်လိုက်နာနေခြင်းသည် အကျိုးမရှိကြောင်းကိုလည်း

ဖေါ်ပြတော်မူခဲ့ပါသည်။ သို့သော် ကိုယ်တော်၏နှုတ်တော်ထွက်စကား များကို ယုဒခေါင်းဆောင်တို့မနာခံကြပါ။ တစ်နည်းအားဖြင့်ဆိုရသော် ကိုယ်တော်၏နှုတ်မြွက်စကားများကို သူတို့နားမလည်ကြပါ။ ပညတ် တရားတော်၏လိုအပ်ချက်များကို ကိုယ်တော်ကပေါ့ပေါ့တန်တန်သဘော ထားလွန်းသည်ဟု သူတို့ကယူဆကြပါသည်။ သူတို့အား ဘုရားသခင် အပ်နှင်းထားတော်မူသောအမှုတော်နှင့်ဆိုင်သည့်အခြေအမြစ်ဖြစ်သော အမှန်တရားများကို သူတို့၏ရှေ့၌ချပြပြန်သောအခါတွင်လည်း အပေါ်ယံ ကိုသာကြည့်ပြီး ယင်းပညတ်တရားများကို ဖျက်ဆီးဖို့ကြံစည်သည်ဟု စွပ်စွဲကြပါသည်။

ခရစ်တော်သည်တည်ငြိမ်စွာဖြင့် ဟောကြားလျက်ရှိသော်လည်း တန်ခိုးပါလျက် ဩဝါဒပေးတော်မူသောကြောင့် တရားနာပရိသတ်၏ စိတ်လှုပ်ရှားကြပါသည်။ ရဗ္ဗိဆရာတို့၏အသက်မဲ့သောထုံးစံဓလေ့များ နှင့်ကျပ်တည်းလွန်းသည့်စည်းမျဉ်းများကို ထပ်မံကြားရနိုးဖြင့် နားစွင့် နေကြသော်လည်း ယင်းသို့မနာမကြားရပါ။ "ကျမ်းပြုဆရာနည်းတူ မဟုတ်၊ အစိုးရသောသူနည်းတူဆုံးမဩဝါဒပေးတော်မူ" သောကြောင့် သူတို့အံ့ဩကြပါသည်။ သူတို့ဩဝါဒပေးပုံနှင့် ခရစ်တော်ဩဝါဒ ပေးတော်မူပုံမှာ အထူးတလည်ကွာခြားနေသည်ကို ဖါရိရှဲတို့ကလည်း သတိပြုမိကြပါသည်။ သမ္မာတရားတော်၏မြင့်မြတ်စင်ကြယ်တင့်တယ် ပုံကိုလည်းကောင်း၊ လူထုပရိသတ်အပေါ်နက်နဲသိမ်မွေ့စွာ ဩဇာသက် ရောက်နေပုံကိုလည်းကောင်း ယုဒဓမ္မဆရာများမြင်ကြပါသည်။ ကယ်တင်ရှင်၌ရှိသောဘုရားမေတ္တာနှင့် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ် သဘောက လူထုအား မိမိ၏ဘက်တော်သို့ဆွဲယူနေပါသည်။ လူထု အား သူတိုပပေးခဲ့သည့်ဩဝါဒများနှင့်ဆိုင်သည့် ရည်ရွယ်ချက်များ

အလဟဿဖြစ်လေပြီဟု ဖါရိရှဲတို့မြင်ကြပါသည်။ သူတို့အထင်ကြီး ဂုဏ်ယူနေကြသည့် နံရံမြင့်ကြီးကိုဖြိုလှဲနေပြီဖြစ်ကြောင်း ဖါရိရှဲတို့သတိ ထားမိကြပါသည်။ အကယ်၍ ဆက်လက်လျစ်လျူရှုနေကြပါက လူထုတစ်ရပ်လုံး ကိုယ်တော်ဘက်ပါသွားကြမည်ကို သူတို့သဘော ပေါက်လာကြပါသည်။ ထို့ကြောင့် လူထုပရိသတ်နှင့် ကိုယ်တော်စိတ် ဝမ်းကွဲစရာပေါ်ပေါက်စေရန် ဖန်တီးနိုင်မည့်အခွင့်အခါကိုရှာလျက် ကိုယ်တော်နောက်မှ ဖါရိရှဲတို့ထက်ကြပ်မကွာလိုက်နေကြပါသည်။ သို့မှသာ စန်ဟိဒရင်းကောင်စီခေါ် ဓမ္မလွှတ်တော်က ကိုယ်တော်အား ပြစ်တင်ရှုတ်ချကာ သေပြစ်စီရင်နိုင်မည်ဖြစ်ပါသည်။

ထိုတောင်ပေါ်မှာ သူလျှိုများက ကိုယ်တော်အားအနီးကပ်စောင့် ကြည့်နေကြပါသည်။ ကိုယ်တော်ကဖြောင့်မတ်ခြင်းတရား၏အခြေခံ သဘောတရားများကို ဖွင့်ဟမိန့်မြွက်တော်မူသောအခါ သိနာတောင် ပေါ်မှ ဘုရားသခင်ပေးအပ်ထားတော်မူခဲ့သည့် ဝိနည်းအထုံးအဖွဲ့များကို ဆန့်ကျင်သည်ဟု ဖါရိရှဲတို့ကတီးတိုးဝေဖန်ကြပါသည်။ မောရှေအား ဖြင့် ဆင့်ဆိုခဲ့သည့်ဘာသာရေးဆိုင်ရာဝိနည်းအထုံးအဖွဲ့များကို လူတို့ အယုံအကြည်ပျက်ပြယ်အောင် ကယ်တင်ရှင်မဖန်တီးပါ။ ထိုဣသရေလ ခေါင်းဆောင်ကြီးက ဣသရေလပရိသတ်အား ပေးအပ်ခဲ့သည့်အလင်း တရားအားလုံးကိုလည်း ခရစ်တော်ထံမှပင်ရရှိခဲ့ပါသည်။ ပညတ်တရား များကိုဖျက်ပယ်ခြင်းငှာ ကိုယ်တော်ကြွလာခြင်းဖြစ်သည်ဟု လူအများ သဘောထားနေကြစဉ် ယေရှုရှင်က "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်း များကိုဖျက်ပယ်ခြင်းငှာ ငါလာသည်ဟုမထင်ကြနှင့်" ဟူ၍ ရှင်းလင်း ပြတ်သားစွာ မမှားမယွင်းနိုင်သောစကားလုံးများဖြင့် မိန့်တော်မူလိုက် ပါသည်။

လူတို့အားဖန်ဆင်းတော်မူသောအရှင်၊ ပညတ်တရားတော်ကို ပေးတော်မူသောအရှင်ကိုယ်တော်တိုင်က ပညတ်တရားများကိုဖျက်ပယ် ရန် မိမိ၌ရည်ရွယ်ချက်မရှိကြောင်း ကြွေးကြော်တော်မူခဲ့ပါသည်။ နေရောင်ခြည်အတွင်း၌ရှိသောမြူမှုန်ကလေးမှအစ ကမ္ဘာများအပါအဝင် သဘာဝဓမ္မ၌ရှိရှိသမျှသည် ပညတ်တရားတော်၌ရပ်တည်နေကြပါသည်။ ယင်းပညတ်တရားများကိုလိုက်နာခြင်းအားဖြင့်သာ သဘာဝလောက ကြီးသည် အစီအစဉ်နှင့်အညီ တစ်သမတ်တည်းရပ်တည်နေပါသည်။ ထိုကြောင့် ဖြောင့်မတ်ခြင်းတရား၏မဟာအခြေခံသဘောတရားများက တတ်သိနားလည်နိုင်စွမ်းရှိသော သတ္တဝါအားလုံး၏အသက်ကို စိုးမိုး ထိန်းချုပ်ထားပါသည်။ ယင်းအခြေခံသဘောတရားများနှင့်ကိုက်ညီမှသာ ဤစကြဝဠာကြီးအခြေတည်ညီညွတ်မည်ဖြစ်ပါသည်။ ဤကမ္ဘာကြီးကို မဖေါ်မထုတ်မီကပင် ဘုရားသခင်၏ပညတ်တော်တည်ရှိခဲ့ပါသည်။ ၎င်း၏အခြေခံသဘောတရားများအားဖြင့် ကောင်းကင်တမန်တို့ကို စိုးမိုးထားပါသည်။ ဤကမ္ဘာမြေကြီးသည်လည်း ကောင်းကင်ဘုံနှင့် သဟဇာတဖြစ်ဖို့ လူသားများအနေဖြင့် ဘုရားသခင်၏ပညတ်ဥပဒေ များကိုလိုက်နာဖို့လိုပါသည်။ ဧဒင်ဥယျာဉ်တော်မှလူသားကိုလည်း ပညတ်တရားဥပဒေများကိုလိုက်နာဖို့ ခရစ်တော်ကိုယ်တိုင်ကပင် ဖွင့်ပြတော်မူခဲ့ပါသည်။ ထိုကြောင့် ယောဘ ၃၈း၇ ၌ "နံနက်ကြယ် တို့သည် တညီတညွတ်တည်းသီချင်းဆို၍ ဘုရားသခင့်သားအပေါင်း တို့သည် ဝမ်းမြောက်သဖြင့် ကြွေးကြော်ကြ၏" ဟုဆိုထားပါသည်။ ဤကမ္ဘာပေါ်တွင် ခရစ်တော်၏သာသနာအမှုတော်မှာ ပညတ်တရား တော်တို့ကိုပယ်ဖျက်ရန်မဟုတ်ပါ၊ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ပညတ်တရားဥပဒေစည်းကမ်းများကို လူတို့ပြန်လည်လိုက်နာကြစေဖို့ ဖြစ်ပါသည်။

ထိုမင်္ဂလာတောင်ပေါ်တွင် ယေရှုရှင်၏တရားတော်ကိုနာယူခဲ့သည့် ကိုယ်တော်ချစ်တော်မူသောတပည့်တော်က ပညတ်တရားတော်ကိုစောင့်ထိန်းရန် ထာဝရတာဝန်ရှိသည်ဟု နောက်နှစ်ပေါင်းများစွာကြာသောအခါတွင်မှ သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်တော်မူသောကြောင့် မှတ်တမ်းတင်ထားခဲ့ပါသည်။ "ဒုစရိုက်ကိုပြုသောသူမည်သည်ကား ပညတ်တော်ကိုလွန်ကျူး၏၊ ဒုစရိုက်သည်ကား ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" ဟူ၍ ၁ယောဟန် ၃း၄ တွင် ဆိုထားရာ ထိုပညတ်တော်ဆိုသည်မှာ– "ပညတ်သစ်မဟုတ်၊ ရှေးဦးစွာကပင်သင်တို့၌ရှိသောပညတ်ဟောင်းဖြစ်၏" ဟု မိမိဖော်ပြသောပညတ်အကြောင်းနှင့်ပတ်သက်၍ (၁ယောဟန် ၂း၇) တွင်ရှင်းလင်းစွာထပ်မံဖော်ပြထားပါသည်။ ရှင်ယောဟန်ဖော်ပြထားသောပညတ်တော်မှာ ဖန်းဆင်းခြင်းအချိန်ကပင်ရှိနေပြီး သိနာတောင်ပေါ်မှ ထပ်ဆင့်ပေးခဲ့သောပညတ်ဖြစ်ပါသည်။

ပညတ်တော်အကြောင်းနှင့်ပတ်သက်၍ ယေရှုရှင်က "ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်၊ ပြည့်စုံခြင်းငှာ ငါလာသတည်း" စုမိန့်တော်မူခဲ့ပါသည်။ "ပြည့်စုံခြင်းငှာ" ဟု ယေရှုရှင်မိန့်တော်မူရာတွင် "အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်" ဟု နှစ်ခြင်းဆရာယောဟန်အား မိန့်တော်မူခဲ့သည့် ကိုယ်တော်၏စကားများနှင့်သဘောချင်းတူပါသည်။ မဿဲ၊ ၃း၁၅။ ဆိုလိုသည်မှာ– ပညတ်တရား၏လိုအပ်ချက်များကိုဖြည့်ဆည်းခြင်း၊ ဘုရားသခင်၏အလိုတော်ကိုစုံလင်စွာလိုက်လျှောက်ခြင်းအတွက် ပုံစံနမူနာဖြစ်ပါသည်။

"တရားတော်ကိုချီးမြှောက်၍ ဂုဏ်အသရေနှင့်ပြည့်စုံတော်မူခြင်း" ဆိုသည်မှာ– ကိုယ်တော်၏အမှုတော်ဖြစ်ပါသည်။ ဟေရှာယ ၄၂း၂၁။

ထူးခြားစွာအကျိုးသက်ရောက်သည့် ပညတ်တရား၏အခြေခံသဘောတရားနှင့် ၎င်း၏ထာဝရတာဝန်ဝတ္တရားထင်ရှားစေဖို့ တရားတော်၏ ဝိညာဉ်ရေးဆိုင်ရာ သဘောတရားများကိုဖေါ်ပြရန်မှာ ကိုယ်တော်၏ သာသနာတော်ဖြစ်ပါသည်။

ခရစ်တော်၏ဘုရားပကတိဆိုင်ရာဂုဏ်တော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည်ဖြစ်၍ လူတို့တွင် အမြင့်မြတ်ဆုံး၊ အသိမ်မွေ့ဆုံးဖြစ်ပါသည်။ သို့သော် "လူတစ်သောင်းတို့တွင်အထွတ်အမြတ်ဖြစ်တော်မူ၏၊....တစ်ကိုယ်လုံး၌ ချစ်ဖွယ်သောဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူ၏" ဟုသန့်ရှင်းသောဝိညာဉ်တော်ဦးဆောင်မှုဖြင့် ရှောလမုန်မင်းကြီးကမှတ်တမ်းတင်ထားခြင်းနှင့်လည်းကောင်း၊ (ရှောလုမုန်သီချင်း ၅း၁၀၊၁၆) ကိုယ်တော်အကြောင်းနှင့်ပတ်သက်၍ ဒါဝိဒ်မင်းကြီးက "ကိုယ်တော်သည် လူမျိုးထက်အဆင်းလှပါ၏" ဟု ပုရောဖက်ရူပါရုံ၌မြင်ရချိန်က မြွက်ဆိုထားခြင်းနှင့်လည်းကောင်း၊ (ဆာလံ၊ ၄၅း၂)နှိုင်းစာပါက အရိပ်အမြွက်မျှသာဖြစ်ပါသည်။ ယေရှုရှင်သည် ခမည်းတော်ဘုရား၏ဇာတိအဖြစ်တော်၏ပုံသဏ္ဍာန်တော်ဖြစ်လျက် ခမည်းတော်၏ဘုန်းတော်ရောင်ဖြင့် ထွန်းတောက်တော်မူ၏။ ကိုယ်တော်သည် ကိုယ်ကိုကိုယ်ငြင်းပယ်သည့်ရွေးနုတ်ရှင်ဖြစ်တော်မူလျက် မိမိထမ်းဆောင်ရမည့်မေတ္တာတော်တာဝန်အတွက် ဤကမ္ဘာမြေကြီးပေါ်၌လှည့်လည်တော်မူခဲ့သည့်ကာလတစ်လျှောက်လုံးတွင် ဘုရားသခင်၏ပညတ်တရားတော်ဆိုင်ရာဂုဏ်တော်အတွက် အသက်ရှင်သောပုံစံနမူနာဖြစ်တော်မူ၏။ ကိုယ်တော်၏အသက်တာ၌ ကောင်းကင်မှဖြစ်ဖွားသည့်မေတ္တာနှင့် ခရစ်တော်ပီသသောအရင်းခံသဘောတရားများကိုပေါ်လွင်ထင်ရှားစေလျက် ထာဝရဖြောင့်မှန်သောသဘောတရားပေါ်တွင် အခြေခံထားပါသည်။

"ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ" ဟု ယေရှုရှင်မိန့်တော်မူ၏။ ခရစ်တော်သည် တရားတော်အလုံးစုံကို မိမိကိုယ်တော်တိုင်လိုက်နာစောင့်ထိန်းခြင်းအားဖြင့် တရားတော်ကိုပြောင်းလဲ၍မရကြောင်း၊ သို့သော် မိမိ၏ကျေးဇူးတော်အားဖြင့် အာဒံ၏သားသမီးအပေါင်း တရားတော်ကိုစုံလင်စွာလိုက်လျှောက်နိုင်ကြောင်း သက်သေပြတော်မူ၏။ လူသားတို့နှင့်စပ်ဆိုင်သောအရာအလုံးစုံတို့သည်လည်းကောင်း၊ ကယ်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်သမျှသည်လည်းကောင်း ပြီးမြောက်အောင်မြင်ခြင်းမရှိသေးမီတိုင်အောင် ပညတ်တရားတော်မှ ဗိန္ဒုတစ်လုံးမျှမပျက်စီးရဟု မင်္ဂလာတောင်တော်ပေါ်မှ ယေရှုရှင်ကြွေးကြော်တော်မူ၏။ တရားတော်ကိုပယ်ဖျက်ရမည့်အချိန်ရောက်လိမ့်မည်ဟု ယေရှုရှင်သင်ပြတော်မမူပါ။ သို့သော် ပညတ်တရားများကိုပယ်ဖျက်ခြင်းငှာ မိမိကြွလာတော်မူသည်ဟု ဘယ်သူမျှမယူဆစေခြင်းငှာ လူတို့၏ဉာဏ်မျက်စိဖြင့်ရှုမြင်နိုင်သည့်အချိန်ကာလအဆုံးထိ ပညတ်တရားအာဏာတည်လိမ့်မည်ဖြစ်ကြောင်း အတိအလင်းကြေညာတော်မူ၏။ မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးတည်နေသမျှကာလပတ်လုံး ဘုရားသခင်၏ပညတ်တော်ဆိုင်ရာသန့်ရှင်းသောအခြေခံသဘောတရားများ တည်မြဲနေမည်သာဖြစ်ပါသည်။ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ဤကမ္ဘာမြေကြီးကိုလန်းဆန်းစေဖို့ စီးဆင်းသောကောင်းချီးမင်္ဂလာအပေါင်း၏အခြေအမြစ်ဖြစ်လျက် "ကြီးမားစွာသောတောင်ရိုး" ပမာ ဆက်လက်တည်မြဲပေလိမ့်မည်။ ဆာလံကျမ်း ၃၆း၆။

ထာဝရဘုရားသခင်၏ပညတ်တော်တို့သည် စုံလင်သည်ဖြစ်၍ ပြောင်းလဲခြင်းမရှိပါ၊ ဒုစရိုက်သားသည် ပညတ်တော်၏အလိုကို မိမိ

ကိုယ်တိုင်အားဖြင့် စံချိန်မီအောင်မလိုက်နာနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ရွေးနုတ်ရှင်အဖြစ် ယေရှုရှင်ကြွလာတော်မူခဲ့ပါသည်။ လူသားသည် ဘုရားပကတိနှင့်ဆက်ဆံခြင်းအားဖြင့် ကောင်းကင်တရားတော်၏ အခြေခံစည်းမျဉ်းများနှင့်ညီညွတ်စေရန် ဆောင်ရွက်ပေးခြင်းမှာ ကိုယ်တော်၏အမှုတော်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များကိုစွန့်လွှတ်၍ ခရစ်တော်အား ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် လက်ခံကြပါက ပညတ်တရားကိုချီးမြှင့်ခြင်းဖြစ်ပါသည်။ "ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကိုပယ်ကြသလော" ဟုတမန်တော်ရှင်ပေါလုကမေးပြီး "အလျှင်းမပယ်၊ သာ၍တည်စေကြ၏" ဟု သူကိုယ်တိုင်ပင် ဖြေထားပါသည်။ ရောမ၊ ၃း၃၁။

"ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့နှလုံးထဲမှာ ပေးသွင်းမည်၊ သူတို့စိတ်ဝိညာဉ်၏အပေါ်မှာ ရေးထားမည်" ဟု ပဋိညာဉ်သစ်အားဖြင့် ကတိထားတော်မူ၏။ ဟေဗြဲ၊ ၁၀း၁၆။ ကိုယ်တော်အသေခံတော်မူချိန်က ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုညွှန်ပြသည့်စနစ်ပုံစံများပြီးပြည့်စုံခြင်းသို့ရောက်ခဲ့ပါသည်။ သို့သော် ဖြောင့်မတ်ခြင်းတရား၏အခြေခံသဘောတရားများမှာမူကား ပညတ်တော်ဆယ်ပါးတွင်ဖွဲ့စည်းပါဝင်ပြီးဖြစ်ရာ ထာဝရပလ္လင်တော်နည်းတူဖေါက်ပြန်ခြင်း၊ ပြောင်းလဲခြင်းနှင့်ကင်းပါသည်။ ပညတ်တစ်ခုကိုမျှဖျက်ပယ်ခြင်းပြုတော်မမူပါ။ ဗိန္ဓုတစ်လုံး၊ နိဂ္ဂဟိတ်တစ်ခုကိုမျှမပြောင်းမလဲပါ။ ပရဒိသုဘုံတည်းဟူသောဒေင်ဥယျာဉ်၌ လူသားအားအသိပေးခဲ့သည့် ထိုအခြေခံသဘောတရားများသည် အသက်ရှင်စေသည့်မဟာပညတ်တော်အဖြစ် ဒေင်ဥယျာဉ်တော်ပြန်လည်ထူထောင်သောအချိန်တိုင်အောင် မပြောင်းမလဲဘဲ တည်နေမည်ဖြစ်ပါသည်။

ဤကမ္ဘာမြေကြီးပေါ်၌ ဓဒင်ဥယျာဉ်ပြန်လည်ထွန်းကားစည်ပင်သော အခါ ဘုရားသခင်၏မေတ္တာတော် ပညတ်ကိုကောင်းကင်အောက် မြေကြီးပေါ်တွင် အားလုံးကလိုက်နာစောင့်ထိန်းကြမည်ဖြစ်ပါသည်။

"အိုထာဝရဘုရား၊ နှုတ်ကပါဌ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။" "ပညတ်တော်အလုံးစုံတို့သည် ဖေါက်ပြန် ခြင်းသဘောနှင့်ကင်းလွတ်ကြ၏၊ သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်း နှင့်ယှဉ်သောကြောင့် အစဉ်အမြဲတည်ကြ၏။" " သက်သေခံတော်မူချက် တို့ကို အစဉ်အမြဲထားတော်မူကြောင်းကို ရှေးဦးစွာမှစ၍ အကျွန်ုပ် သိပါ၏။" ဆာလံကျမ်း၊ ၁၁၉း၈၉။ ၁၁၁း၇၊၈။ ၁၁၉း၁၅၂။

**"အကြင်သူသည် အငယ်ဆုံးသောပညတ်တစ်ခုကို ကိုယ်တိုင်လွန်ကျူး၍ သူတစ်ပါးတို့အားလည်း ထိုအတူသွန်သင်၏၊ ထိုသူသည်ကောင်းကင် နိုင်ငံတော်၌ အငယ်ဆုံးသောသူဖြစ်လိမ့်မည်။"**

**မဿဲ ၅း၁၉။**

ထိုသူအတွက်နိုင်ငံတော်တွင် နေရာမရှိဟုဆိုလိုခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညတ်တစ်ခုကိုလိုလိုလားလားဖေါက်ဖျက် သောသူသည် အခြားမည်သည့်ပညတ်ကိုမျှ သစ္စာနှင့်လည်းကောင်း စိတ်ပါလျက်လည်းကောင်း စောင့်ထိန်းလိမ့်မည်မဟုတ်ပါ။ "ပညတ် တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင် ပညတ် တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏။" ယာကုပ် ၂း၁၀။

နားမထောင်မှုကြီးမားခြင်းကိုသာ အပြစ်ကျူးလွန်ခြင်းဖြစ်သည် ဟုမဆိုလိုပါ။ ထင်ရှားစွာဖော်ပြထားသည့်ဘုရားသခင်၏အလိုတော် တို့တွင် အငယ်ဆုံးသောအချက်တစ်ခုခုကို မစောင့်ထိန်းပါက အပြစ် ကျူးလွန်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဝိညာဉ်နှင့် အပြစ်တရားစပ်ကြား အဆက်အသွယ်ရှိနေသေးကြောင်းပေါ်လွင်ပါ သည်။ ဝတ်ပြုကိုးကွယ်ရာ၌ စိတ်နှလုံးအတွင်းသဘောကွဲလွဲခြင်းရှိစေ ပါသေးသည်။ အမှန်အားဖြင့် ဘုရားသခင်ကိုငြင်းပယ်နေသေးခြင်း၊ ကိုယ်တော်စိုးမိုးတော်မူခြင်းနှင့်ဆိုင်သော ပညတ်ဥပဒေများကိုဆန့်ကျင် နေခြင်းများရှိနေပါသည်။

အကယ်၍လူတို့အနေဖြင့် ဘုရားသခင်ဆင့်ဆိုထားတော်မူခြင်း များကိုသွေဖည်၍ မိမိတို့ကြိုက်နှစ်သက်သည့်စံနှုန်းစည်းမျဉ်းများကို ပြဋ္ဌာန်းခွင့်ရှိကြမည်ဆိုပါက မိမိတို့စိတ်အလိုနှင့်ညီလျော်မည့်စည်းမျဉ်း အမျိုးမျိုးအဖုံဖုံကိုရေးဆွဲကြပြီး ဘုရားသခင်စိုးမိုးတော်မူခြင်းကို မိမိတို့ လက်ဝယ်သို့ရယူလျက် လူတို့၏အလိုကို အကြီးဆုံးသောတန်ခိုးအာဏာ ဖြစ်စေကြလိမ့်မည်။ မြင့်မြတ်သန့်ရှင်းတော်မူသောဘုရားသခင်၏အလို တော်တည်းဟူသော မိမိဖန်ဆင်းထားတော်မူသောသတ္တဝါများအပေါ် ထားရှိသည့်မေတ္တာတော်ရည်ရွယ်ချက်ကို ရိုသေလေးစားလိုက်နာကြတော့ မည်မဟုတ်ပါ။

လူတို့အနေဖြင့် မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကိုရွေးချယ်သောအခါ တိုင်း ဘုရားသခင်နှင့်သဘောကွဲလွဲကြပါသည်။ သူတို့အနေဖြင့် ကောင်းကင်အခြေခံသဘောတရားများကိုဆန့်ကျင်တိုက်လှန်ကြသော ကြောင့် ကောင်းကင်နိုင်ငံတော်၌ သူတို့အတွက်နေရာမရှိနိုင်ပါ။ ဘုရား သခင်၏အလိုတော်ကိုအမှုမထားသောကြောင့် ဘုရားသခင်နှင့်လူတို့၏

ရန်သူစာတန်၏ဘက်တော်သားများဖြစ်သွားကြပါသည်။ လူသည် ဘုရားသခင်မိန့်တော်မူသောစကားတစ်ခွန်းအားဖြင့်မဟုတ်၊ ဘုရားသခင် မိန့်တော်မူသောစကားအများစုအားဖြင့်လည်းမဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရပါမည်။ အကျွန်ုပ်တို့အနေဖြင့် မည်မျှလောက်ပင်သေးငယ်သည်ဟုထင်ရသောနှုတ်ကပါဌ်စကားတစ်ခွန် ကိုမျှ မလေးမစားဂရုမမူဘဲမနေရပါ။ အကယ်၍မပြောပလောက်ပါ။ သဘောထားပါက လုံခြုံမှုမရှိပါ။ ယခုဘဝအသက်တာအတွက်ဖြစ်စေ တမလွန်ဘဝအသက်တာအတွက်ဖြစ်စေ လူသားအတွက်ကောင်းကျိုး မပြုသော၊ ပျော်ရွှင်မှုမပေးသောပညတ်တစ်ပါးမျှ ဘုရားသခင်၏ပညတ် တို့တွင်မပါဝင်ပါ။ ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ထိန်းသော လူသည် စည်းရိုးဝန်းရံထားဘိသကဲ့သို့ မကောင်းသောအမှုအရာများ နှင့်ကင်းဝေးပါသည်။ အကယ်၍ ဘုရားသခင်ကာရံထားသောစည်းရိုးကို တစ်နေရာရာမှဖျက်ဆီးပါက ထိုဖျက်ဆီးချိုးဖေါက်သူအနေဖြင့် ယင်းသို့ အကာအကွယ်ပေးထားသည့်တန်ခိုးကိုပယ်ဖျက်လိုက်ခြင်းဖြစ်သော ကြောင့် ရန်သူဝင်လာဖို့လမ်းဖွင့်ပေးခြင်းဖြစ်ရာ ပျက်စီးယိုယွင်းခြင်း နှင့်ကြုံရပါလိမ့်မည်။

တစ်ချက်တစ်နေရာတည်း၌သာ ဘုရားသခင်၏အလိုတော်ကို အမှုမထားဖို့ စွန့်လွှတ်လိုက်သောကြောင့် ကျွန်ုပ်တို့၏ပထမမိဘနှစ်ပါး က ဤကမ္ဘာကြီးကို ဒုက္ခရေလွှမ်းမိုးဖို့တံခါးဖွင့်ပေးလိုက်ခြင်းဖြစ်ပါ သည်။ သူတို့၏လမ်းစဉ်ကိုလိုက်သောသူတိုင်း တူညီသောအကျိုးကို ခံစားရကြပေလိမ့်မည်။ ဘုရားသခင်၏မေတ္တာတော်က ကိုယ်တော်၏ ပညတ်တိုင်းကိုအခြေခံထားပါသည်။ ကိုယ်တော်၏ပညတ်တော်ကို သွေဖည်သူတိုင်း ကိုယ်တိုင်စိတ်ဆင်းရဲဖို့၊ ပျက်စီးဆုံးရှုံးဖို့လမ်းစဉ်ကို လိုက်လျှောက်နေခြင်းဖြစ်ပါသည်။

**“သင်တို့ကျင့်သောအကျင့်သည် ဖါရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက် မလွန်မသာလျှင် သင်တို့သည် ကောင်းကင် နိုင်ငံတော်သို့မဝင်ရကြ။” မဿဲ ၅း၂၀။**

ယုဒဆရာများပြဋ္ဌာန်းထားသည့် ဓမ္မပွဲသဘင်များကိုမစောင့်ထိန်း သောကြောင့် ခရစ်တော်နှင့်တပည့်တော်တို့အား ကျမ်းပြုဆရာနှင့် ဖါရိရှဲတို့က အပြစ်သားများဖြစ်ကြသည်ဟုစွပ်စွဲကြပါသည်။ ဓမ္မဆရာ များအဖြစ် ယခင်ကသူတို့ရိုသေလေးစားခဲ့ကြသော ဘာသာရေးခေါင်း ဆောင်များက ယင်းသို့ပြင်တင်ဝေဖန်စွပ်စွဲကြသောကြောင့် တပည့်တော် များ မကြာခဏစိတ်ရှုပ်ထွေးပြီး စိတ်ဒုက္ခရောက်ရကြပါသည်။ ထိုကြောင့် ဖါရိရှဲတို့အထူးတန်ဖိုးထားသည့် ဖြောင့်မတ်ခြင်းတရားဆိုသည်မှာ အနှစ်သာရမရှိကြောင်း ယေရှုရှင်ကြွေးကြော်တော်မူလျက် သူတို့၏ လှည့်ဖြားမှုကိုဖေါ်ထုတ်လိုက်ပါသည်။ ယုဒလူမျိုးတို့အနေဖြင့် သူတို့ သည် ဘုရားသခင်၏ဘက်တော်၌သစ္စာရှိ၍ ဘုရားကိုယ်တော်ရှင်ထံမှ မျက်နှာရသည့်အထူးလူမျိုးဖြစ်သည်ဟုဆိုကြပါသည်။ သို့သော်ခရစ်တော် က သူတို့၏ဘာသာရေး၌ ကယ်တင်နိုင်သောယုံကြည်ခြင်းမရှိကြောင်း ဖေါ်ပြလိုက်ပါသည်။ ဘုရားတရားကြည်ညိုပါသည်ဟု သူတို့၏ဟန် ဆောင်မှုများ၊ လူတို့ကတီထွင်သည့်သူတို့၏ဓမ္မပွဲသဘင်ဆင်ယင်မှုများ နှင့် ပညတ်တရားတော်၏လိုအပ်ချက်များအပေါ်သူတို့ဂုဏ်ယူဝင့်ကြွား သည့်အပေါ်ယံလုပ်ဆောင်ချက်များက သူတို့အားသန့်ရှင်းစေခြင်းငှာ မစွမ်းဆောင်နိုင်ပါ။ သူတို့၏စိတ်နှလုံးမဖြူစင်၊ သူတို့၏စိတ်သဘော ထားမပြင့်မြတ်၊ သူတို့၏အကျင့်စာရိတ္တများမှာလည်း ခရစ်တော်နည်းတူ မဟုတ်ကြပါတကား။

အကျင့်တရာနှင့်ယှဉ်သော ဝတ်ပြုကိုးကွယ်နည်းအားဖြင့် စိတ်ဝိညာဉ်ကို ဘုရားသခင်၏အလိုတော်နှင့်အညီ တညီတညွတ်တည်း မဖြစ်စေနိုင်ပါ။ ဖါရိရှဲတို့၏ရှေးဆန်ပြင်းထန်လွန်းသောအယူဝါဒများတွင် နောင်တရခြင်း၊ နူးညံ့သိမ်မွေ့ခြင် (သို့မဟုတ်) ချစ်ခြင်းမေတ္တာ ဟူ၍မရှိသောကြောင့် အပြစ်သားတို့အဖို့ထိမိ၍လဲစရာသာဖြစ်နေပါသည်။ သူတို့၏ဆွဲဆောင်မှုများသည် အငန်ဓါတ်ကင်းသောဆားကဲ့သို့ ဖြစ်၍ ပုပ်ပျက်နေသော ဤလောကကြီးကိုမသန့်စင်စေနိုင်ပါ။ "မေတ္တာအားဖြင့်ပြုပြင်တတ်သော" စစ်မှန်သည့်ယုံကြည်ခြင်းကသာလျှင် စိတ်ဝိညာဉ်ကိုစင်ကြယ်ဖြူစင်စေနိုင်ပါသည်။ တဆေးကဲ့သို့အကျင့်စာရိတ္တကိုပြောင်းလဲပေးပါသည်။

ယုဒပရိသတ်အနေဖြင့် ယင်းအကြောင်းအရာအလုံးစုံတို့ကို ပုရောဖက်တို့ထံမှ သင်ယူခဲ့ပြီးဖြစ်သင့်ပါသည်။ ရှေးရာစုနှစ်ပေါင်းများစွာကပင် ဖြောင့်မတ်ခြင်းတရားကိုဘုရားသခင်၏ထံတော်မှ အော်ဟစ်တောင်းလျှောက်သောစိတ်ဝိညာဉ်အနေဖြင့် အသံနှင့်တကွ အဖြေကို ပုရောဖက်မိက္ခာမှတစ်ဆင့်ရခဲ့ပြီးဖြစ်ပါသည်။ ၎င်းမှာ "ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ်ပူဇော်သာပါလျက် ချဉ်းကပ်၍ အမြင့်ဆုံးသောဘုရားသခင်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့်အခါလည်သောနွားသငယ်ကိုဆောင်လျက် ချဉ်းကပ်ရမည်လော။ ထာဝရဘုရားသည် သိုးထီးတစ်ထောင်၊ဆီမြစ်တစ်သောင်းကို အားရနှစ်သက်တော်မူမည်လော။.......အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ၊ တရားသဖြင့်ပြုခြင်းကရုဏာကိုနှစ်သက်ခြင်း၊ သင်၏ဘုရားသခင်ရှေ့တော်၌နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှတစ်ပါး အဘယ်ပူဇော်သကာကို ထာဝရဘုရားတောင်းတော်မူသနည်း။" မိက္ခာ ၆း၆–၈။

"ဣသရေလသည် အသီးများစွာသီးသောစပျစ်နွယ်ပင်ဖြစ်၏၊ ကိုယ်အလိုအလျောက်သီးတတ်၏။" ဟု ဟောရှေ ၁၀း၁ တွင် ဖါရိရှဲတို့၏ကိုယ်ကျိုးဖက်သောအယူဝါဒ၏အနှစ်သာရကို ပုရောဖက် ဟောရှေကဖေါ်ထုတ်ထားပါသည်။ မိမိတို့အနေနှင့်ဘုရားသခင်၏ အမှုတော်ကိုဆောင်ပါသည်ဟုဆိုသော်လည်း ယုဒပရိတ်အနေဖြင့် ကိုယ်ကျိုးကိုသာရှေးရှုကြပါသည်။ သူတို့၏ဖြောင့်မတ်ခြင်းဆိုသည်မှာ ပညတ်တရားကိုသူတို့ကိုယ်ကျိုးအတွက် ရည်မှန်းလျက်သူတို့ထင်မြင် ယူဆချက်နှင့်အညီ စောင့်ထိန်းခြင်းမှ အကျိုးသက်ရောက်မှုဖြစ်ပါသည်။ ထိုကြောင့် သူတို့၏ဖြောင့်မတ်ခြင်းက သူတို့ကိုယ်တိုင်ထက်မသာပါ။ သူတို့ကိုယ်သူတို့သန့်ရှင်းဖို့ ကြိုးစားအားထုတ်ကြရာမှာ မသန့်ရှင်းသော အရာမှ သန့်ရှင်းသောအရာကို ထုတ်ယူနေကြခြင်းသာဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် ဘုရားသခင်သန့်ရှင်းတော်မူသည် နှင့်အမျှ သန့်ရှင်းပါသည်။ ကိုယ်တော်စုံလင်တော်မူသည်နှင့်အမျှ စုံလင်ပါသည်။ ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို သရုပ်ဖေါ်ထားခြင်းဖြစ်ပါသည်။ လူသည်သဘာဝအလျောက် ဆိုးသွမ်းနေသောကြောင့်လည်းကောင်း၊ အသရေပျက်နေသော ကြောင့်လည်းကောင်း၊ ဘုရားသခင်၏ဂုဏ်တော်နှင့်လုံးဝမစပ်ဟပ် သောကြောင့်လည်းကောင်း မိမိကိုယ်တိုင်အနေဖြင့် ဘုရားသခင်၏ ပညတ်တော်တို့ကို မစောင့်ထိန်းနိုင်ပါ။ ကိုယ်ကျိုး ကိုယ်စီးပွားကိုသာ လိုလားသောသူတို့၏ကောင်းမှုကုသိုလ်၌ "စင်ကြယ်ခြင်းမရှိပါ။" "ညစ်ညမ်းသောအဝတ်နှင့်တူကြပါ၏။" ဟေရှာယ ၆၄း၆။

ပညတ်တော်တို့သည် သန့်ရှင်းသောကြောင့် ယုဒပရိသတ်အနေ ဖြင့် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်စောင့်ထိန်းခြင်းအားဖြင့် ဖြောင့် မတ်ခြင်းကိုမရနိုင်ပါ။ ခရစ်တော်၏တပည့်တော်များအနေဖြင့် ကောင်းကင်

နိုင်ငံတော်သို့ဝင်လိုကြပါက ဖါရိရှဲတို့၏ဖြောင့်မတ်ခြင်းနှင့်မတူညီသော ဖြောင့်မတ်ခြင်းကိုရဖို့လိုပါသည်။ ပညတ်တရားတော်နှင့်ဆိုင်သည့် စုံလင်သောဖြောင့်မတ်ခြင်းကို သားတော်မှတစ်ဆင့် ဘုရားသခင်က ကမ်းလှမ်းထားတော်မူပါသည်။ သူတို့အနေဖြင့် ခရစ်တော်ကိုလာက်ခံဖို့ မိမိတို့၏စိတ်နှလုံးများကိုဖွင့်ထားကြပါက ဘုရားသခင်၏ပကတိ အသက်နှင့် ကိုယ်တော်၏မေတ္တာတော်ကို ကိန်းအောင်းပြီးလျှင် ကိုယ်တော်နှင့်တူစေခြင်းငှာ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်၍ ပညတ်တရားတော်က တောင်းဆိုသာဖြောင့်မတ်ခြင်းကို ဘုရားသခင်ထံတော်မှ ဆုကျေးဇူးအဖြစ်လက်ခံရရှိကြပေလိမ့်မည်။ သို့သော် ဖါရိရှဲတို့အနေဖြင့် ခရစ်တော်အား လက်မခံကြသောကြောင့် "ဘုရားသခင်၏ဖြောင့်မတ် ခြင်းတရားကိုမသိဘဲ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကိုတည်စေခြင်းငှာ ရှာကြသည်ဖြစ်ရာ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုဝန်မခံကြ။" ရောမ ၁၀း၃။

ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ခြင်းဆိုသည်မှာ မိမိတို့၏ အကျင့်စာရိတ္တဖြင့် ခရစ်တော်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်ခြင်းဖြစ် ကြောင်း တရားနာပရိသတ်အား ယေရှုရှင်သွန်သင်တော်မူ၏။ အဘယ် ကြောင့်ဆိုသော် ကိုယ်တော်၏နေ့စဉ်အသက်တာသည် ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေသည့်အသက်တာဖြစ်ကြောင်း ပရိသတ်ရှေ့ မှောက်တွင် ယေရှုရှင်ထင်ရှားပြတော်မူ၏။

> "ညီအစ်ကိုကို အထောက်မထန် အမျက်
> ထွက်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို
> ခံထိုက်ပေ၏။" မဿဲ ၅း၂၂။

“သင်၏ညီအစ်ကိုကို စိတ်အခုအခံမရှိရ။...... သင့်အမျိုးသား ချင်းသည် သင့်ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်သဖြင့်မတုံ့ရ၊ အငြိုး မထားရ၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်” ဟု မောရှေအားဖြင့် ဘုရားသခင်ပညတ်ထားတော်မူ၏။ ဝတ်ပြုရာကျမ်း ၁၉း၁၇၊၁၈။ ခရစ်တော်ဖွင့်ပြတော်မူသော သမ္မာတရားနှင့်ပုရောဖက် တို့တင်ဆက်သောသမ္မတရားတူညီပါသည်။ သို့သော် သူတို့၏စိတ် နှလုံးခိုင်မာလျက် အပြစ်ဒုစရိုက်ကိုမြတ်နိုးသောကြောင့် သူတို့စိတ် အာရုံမရှင်သန်ကြတော့ပါ။

တရားနာပရိသတ်အနေဖြင့် သူတစ်ပါးအားပညတ်တရားကို ချိုးဖေါက်သူများဖြစ်သည်ဟု ပြစ်တင်ဝေဖန်နေကြစဉ် သူတို့ကိုယ်တိုင် တူညီစွာချိုးဖေါက်နေသူများဖြစ်ကြောင်း ကယ်တင်ရှင်က မြွက်ဟလိုက် ခြင်းဖြစ်ပါသည်။ အဘယ်ကြောင်းဆိုသော် သူတို့အနေဖြင့် မနာလို ဝန်တိုသောစိတ်နှင့်မုန်းတီးသောစိတ်များကို မွေးမြူနေကြသောကြောင့် ဖြစ်ပါသည်။

ယခုသူတို့စုဝေးကြသည့်အရပ်မှ ပင်လယ်တစ်ဖက်ကမ်း၌ ရှိသောဗါရှန်ပြည်နယ်တွင် တောရိုင်း၊ တောင်ကြားတောင်ကုန်းများ ကျယ်ပြောသောကြောင့် လူသူလေးပါးအသွားအလာနည်းပါးသဖြင့် ရာဇဝတ်မှုမျိုးစုံကိုကျူးလွန်သူတို့၏ ကျက်စားရာဒေသဖြစ်ပါသည်။ ထိုအရပ်မှ လုယက်သတ်ဖြတ်တိုက်ခိုက်မှုသတင်းဆိုးများသည် ပရိသတ် စိတ်၌လတ်လတ်ဆတ်ဆတ်ပင်ရှိနေပါသေးသည်။ ပရိသတ်အများစု အနေဖြင့် ယင်းအဓမ္မလူများကို ပြင်းပြင်းထန်ထန်ရှုတ်ချစေဖန်နေကြ ပါသည်။ သူတို့ကိုယ်တိုင်အနေဖြင့်မူကား အမျက်ဒေါသပြင်းထန်သူများ၊ ပြဿနာဖန်တီးသူများဖြစ်ကြပါသည်။ သူတို့အားစိုးမိုးနေသည့်ရောမ

အာဏာပိုင်များ မုန်းတီးရှုံ့ရှာကြသလို အခြားမည်သူကိုမဆို လွတ်လပ်စွာမုန်းတီးနိုင်သည်၊ မထီမဲ့မြင်ပြုခွင့်ရှိသည်၊ မိမိတို့၏သဘောအယူအဆနှင့်မထိုက်တန်သည့် မိမိတို့၏လူမျိုးကိုလည်း ယင်းသို့ပင်ပြုနိုင်သည်ဟုသဘောထားကြပါသည်။ ထိုကဲ့သို့သောစိတ်ကိုမွေးမြူကြသောကြောင့် "လူအသက်ကိုမသတ်နှင့်" ဆိုသည့် ဆဋ္ဌမပညတ်ကိုသူတို့လွန်ကျူးနေကြပါသည်။

မုန်းတီးခြင်းနှင့်ကလဲ့စားချေလိုသောစိတ်ကို စာတန်ကအစပြုခဲ့ပါသည်။ ၎င်းစိတ်ဓါတ်ဖြင့် ဘုရားသခင်၏သားတော်ကိုအသေသတ်ခဲ့ပါသည်။ မည်သူမဆိုမနာလိုသောစိတ်ကိုမွေးမြူပါက (သို့မဟုတ်) ကရုဏာတရားမရှိပါက အဆိုပါစာတန်၏စိတ်ဓါတ်မျိုးကိုမြတ်နိုးသူဖြစ်ရာ သေခြင်းတည်းဟူသောအသီးကိုရိတ်သိမ်းရပေလိမ့်မည်။ အပင်၏မျိုးစေ့ရာ ကလဲ့စားချေလိုသောသဘော၌ ရန်တုံ့မူလိုသောမကောင်းမှုမျိုးစေ့စွဲကပ်တည်နေပါသည်။ "မိမိ၏ညီအစ်ကိုကို မုန်းသောသူမည်သည်ကား လူအသက်ကိုသတ်သောသူဖြစ်၏၊ လူအသက်ကိုသတ်သောသူတစ်စုံတစ်ယောက်၌မျှ ထာဝရအသက်မတည်သည်ကိုသင်တို့သိကြ၏။" ၁ယော၊ ၃း၁၅။

"ညီအစ်ကိုကိုကဲ့ရဲ့သောသူသည် လွှတ်တော်၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏။ ကျွန်ုပ်တို့ရွေးနုတ်ခြင်းခံရဖို့ မိမိသားတော်အား စွန့်တော်မူရာ၌ ဘုရားသခင်သည် လူသားတိုင်း၏အသက်ဝိညာဉ်ကို မည်မျှလောက်တန်ဖိုးထားကြောင်း ထင်ရှားစေတော်မူ၏။ ညီအစ်ကိုအချင်းချင်း လွတ်လပ်စွာမထီမဲ့မြင်ပြုလျက် ဝေဖန်ပြစ်တင်ဖို့ကိုလည်း ဘုရားသခင်ခွင့်ပြုတော်မမူပါ။ ကျွန်ုပ်တို့၏ဝန်းကျင်ရှိလူအသီးသီးတို့၏ အပြစ်အနာအဆာများနှင့် အားနည်းချက်များကို ကျွန်ုပ်တို့တွေ့ကောင်းတွေ့ရ

ပေမည်ဖြစ်သော်လည်း အသက်ဝိညာဉ်တိုင်းသည် ဖန်ဆင်းထားတော်မူခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်၏မြတ်တော်မူသောသွေးတော်အားဖြင့် ထပ်မံဝယ်ယူထားတော်မူခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်ပိုင်တော်မူသောပစ္စည်းများဖြစ်ပါသည်။ လူအပေါင်းတို့ကို မိမိ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူသောကြောင့် အယုတ်နိမ့်ဆုံးသောသူများကိုပင်လျှင် လေးစားစွာဖြင့်လည်းကောင်း၊ ကြင်နာသိမ်မွေ့စွာဖြင့်လည်းကောင်း ပြုစုဆက်ဆံရပါမည်။ လူတိုင်းကိုရွေးနုတ်ဖို့ မိမိ၏အသက်တာကို ခရစ်တော်စွန့်တော်မူသောကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သူ့ကိုမဆိုစက်ဆုပ်ရွံရှာဖွယ်သောစကားတစ်ခွန်းကိုမျှပြောပါက ဘုရားသခင်၏ရှေ့တော်၌ စာရင်းရှင်းရလိမ့်မည်။

"အဘယ်သူသည် သင့်ကိုထူးခြားစေသနည်း၊ သူတစ်ပါးလက်မှ မခံမယူဘဲ အလိုအလျောက်ရသောအရာတစ်စုံတစ်ခုမျှ သင်၌ရှိသလော၊ သူတစ်ပါးလက်မှခံယူသည်မှန်လျှင် မခံမယူသကဲ့သို့အဘယ်ကြောင့် ဝါကြွားသနည်း။" "သူတစ်ပါးပိုင်သောလူကိုစစ်ကြောစီရင်သော သင်သည် အဘယ်သူနည်း၊ သူသည် မိမိသခင်စီရင်သောအားဖြင့်သာ အပြစ်လွတ်ခြင်း၊ အပြစ်ခံခြင်းသို့ရောက်ရ၏။" ၁ကော၊ ၄း၇။ ရောမ၊ ၁၄း၄။

"ညီအစ်ကိုကိုကျိန်ဆဲသောသူသည် ဂေဟင်နာအရပ်၌ မီးရှို့ခြင်းကိုခံထိုက်ပေ၏။" ဤမြန်မာကျမ်းချက်အရ "ကျိန်ဆဲသောသူ" ဟု အသုံးပြုထားသည့်စကားရပ်ကို အင်္ဂလိပ်ကျမ်းစာတွင် "လူမိုက်ဟု ပြောသောသူ" ဟုဆိုထားပါသည်။ ဓမ္မဟောင်းကျမ်းတွင် ယင်းစကားလုံးကိုအယူဖေါက်ပြန်သောသူ (သို့မဟုတ်) ဆိုးသွမ်းလမ်းစဉ်သို့လိုက်သောသူများအတွက် အသုံးပြုပါသည်။ (၁ရော၊ ၂၆း၂၁။ သု၊ ၁း၇ တွင် လူမိုက်။ ဒေသနာ၊ ၂း၁၄။ ဟေရှာ၊ ၃၅း၈ တွင်မိုက်သောသူ)။ မိမိ၏

ညီအစ်ကိုအား အယူ ဖေါက်ပြန်သောသူဖြစ်သည် (သို့မဟုတ်) ဘုရားသခင်ကိုမထီမဲ့မြင်ပြုသောသူဖြစ်သည်ဟု ပြစ်တင်ရင်တော်ချသောသူသည် မိမိကိုယ်တိုင်အားဖြင့် ယင်းကဲ့သို့ပင် ပြစ်တင်ရှုတ်ချခြင်းခံထိုက်သည်ဟု ယေရှုရှင်က သြဝါဒပေးတော်မူခြင်းဖြစ်ပါသည်။

မောရှေ၏ခန္ဓာကိုယ်ကိုအကြောင်းပြု၍ ခရစ်တော်နှင့်စာတန်ပြိုင်ဆိုင်ငြင်းခုံရသောအခါ "ကဲ့ရဲ့စွာသောပြင်တင်ခြင်းကိုမပြုဝံ့ပါ။" ယုဒ၊ ၉။ ကိုယ်တော်အနေနှင့် ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုမိပါက စာတန်၏လက်ဝယ်သို့ရောက်သွားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကဲ့ရဲ့ပြစ်တင်စွပ်စွဲခြင်းအမှုသည် စာတန်သုံးစွဲသည့်လက်နက်ဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် စာတန်အား "ငါတို့ညီအစ်ကိုများကို .......အပြစ်တင်သောသူ" ဟုအမည်ပေးထားပါသည်။ ဗျာဒိတ်ကျမ်း၊ ၁၂း၁၀။ စာတန်၏မည်သည့်လက်နက်ကိုမျှ ခရစ်တော်အသုံးမပြုပါ။ "ထာဝရဘုရားသခင်သည် သင့်ကိုဆုံးမတော်မူစေသတည်း" ဟူသောစကားရပ်ဖြင့်သာ ရင်ဆိုင်တော်မူခဲ့ပါသည်။ ယုဒ၊ ၉။

ယင်းသို့ပြုမူပြောဆိုတော်မူခြင်းဖြင့် ကျွန်ုပ်တို့အတွက် ပုံစံနမူနာပြတော်မူခဲ့ပါသည်။ ခရစ်တော်၏ရန်သူများကို ကျွန်ုပ်တို့ရင်ဆိုင်ရကြသောအခါ ကလဲ့စားချေသည့်ပုံစံမျိုး၊ စွပ်စွဲသည့်ပုံစံမျိုးကိုပင်မဖြစ်စေသင့်ပါ။ ဘုရားသခင်အား ကိုယ်စားပြု၍ ပြောရသောသူတစ်စုံတစ်ယောက်အနေဖြင့် စာတန်နှင့်ရင်ဆိုင်ပြောဆိုရသောအခါ ကောင်းကင်ဘုံရှင်ဘုရင်ကြီးကိုယ်တိုင်ပင် မပြောမသုံးသည့်စကားမျိုးကိုမပြောမသုံးသင့်ပါ။ ပြစ်တင်ဝေဖန်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်းအမှုမှာ ဘုရားသခင်၏အငန်းအတာသာဖြစ်ပါသည်။

"ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ။"

မဿဲ ၅း၂၄။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာဆိုသည်မှာ– အပြုသဘောဖြင့် လှုပ်ရှားခြင်းဆိုင်ရာအခြေခံသဘောတရားဖြစ်ပါသည်။ ၎င်းပြင် အခြားသူများကောင်းချီးမင်္ဂလာခံစားရဖို့ အစဉ်စီးထွက်နေသောစမ်းရေ တွင်းလည်းဖြစ်ပါသည်။ ထိုကြောင့် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းထက် ပိုပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း ခရစ်တော်၏ချစ်ခြင်းမေတ္တာ ကိန်းအောင်းပါက ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူများကို မမုန်းမည်သာမက သူတို့အပေါ်မေတ္တာရှိကြောင်းထင်ရှားပြဖို့ နည်းမျိုးစုံဖြင့်ရှာဖွေလိမ့်မည်။

"သင်သည်ပူဇော်သကာကို ယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သကာကိုထား၍သွား လော့၊ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ပူဇော်သကာကိုတင်လော့" ဟု ယေရှုရှင်မိန့်တော်မူ၏။ ယဇ်ပူဇော်သောသူအနေဖြင့် ဘုရားသခင်၏ မေတ္တာတော်နှင့်ကျေးဇူးတော်ကို ခရစ်တော်အားဖြင့်သာ မိမိခံစားနိုင် သည်ဟုယုံကြည်ကြောင်း ယဇ်ပူဇော်ခြင်းအားဖြင့်ပြပါသည်။ တစ်စုံ တစ်ယောက်သောသူအနေဖြင့် ဘုရားသခင်၏ခွင့်လွှတ်တတ်သော မေတ္တာတော်ကို ယုံကြည်ပါသည်ဟုဆိုလျက် မိမိ၌မေတ္တာစိတ်မရှိပါက သဘာဝမကျပါ။

ဘုရားသခင်ကိုဆည်းကပ်ကိုးကွယ်ပါသည်ဟုအဆိုပြုသော သူတစ်ယောက်အနေဖြင့် မိမိ၏ညီအစ်ကိုကိုပြစ်မှားပါက (သို့မဟုတ်) ထိခိုက်နစ်နာစေပါက မိမိ၏ညီအစ်ကိုရှေ့တွင် ဘုရားသခင်၏ဂုဏ်တော် ကို မတရားပုံဆောင်နေခြင်းဖြစ်သောကြောင့် ဘုရားသခင်၏အလိုတော် နှင့်ညီစေဖို့ ယင်းပြစ်မှားခြင်းကိုဝန်ခံရမည်။ အပြစ်ဖြစ်သည်ဟုအသိ အမှတ်ပြုရမည်။ ညီအစ်ကိုအား ကျွန်ုပ်တို့ကပြစ်မှားမိသည်ထက်

ကျွန်ုပ်တို့အား သူကပို၍ပြစ်မှားကောင်း ပြစ်မှားပေလိမ့်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏တာဝန်လျော့မသွားပါ။ ဘုရားသခင်ထံကျွန်ုပ်တို့ချဉ်းကပ်ကြသောအခါ အခြားညီအစ်ကိုသည် ကျွန်ုပ်တို့၌အပြစ်တင်ခွင့်တစ်စုံတစ်ရာရှိသည်ဟုအောက်မေ့သတိရလျှင် ကျွန်ုပ်တို့၏ဆုပတ္တနာကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ပူဇော်သကာကိုရပ်ဆိုင်းထားပြီးမှ သဘောကွဲလွဲသောညီအစ်ကိုထံသို့သွား၍ မာန်မာနမထားဘဲ ကျွန်ုပ်တို့၏အပြစ်အမှားကိုဖော်ပြဝန်ချ၍ အပြစ်ဖြေလွှတ်ခွင့်တောင်းရပါမည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုအား တစ်နည်းနည်းအားဖြင့် ထိခိုက်နစ်နာအောင်ပြုမိပါကလည်းကောင်း၊ သူ၏ငွေကိုအလွဲသုံးစားပြုမိပါကလည်းကောင်း ယင်းသို့နစ်နာဆုံးရှုံးစေသည့်အတွက် လျော်ကြေးပေးရမည်။ သူ၏အကြောင်းကိုအမှတ်တမဲ့ မဟုတ်မမှန်သက်သေခံပါကလည်းကောင်း၊ သူပြောသောစကားကို မဟုတ်မမှန်လက်ဆင့်ကမ်းမိပါကလည်းကောင်း ယင်းသို့ပြောဆိုပြုမူခြင်းဖြင့်သူ၏ဩဇာသက်ရောက်မှုကို တစ်နည်းနည်းအားဖြင့် ထိခိုက်နစ်နာစေရန်ပြုမိပါက ယင်းသို့ပြောဆိုဆွေးနွေးခဲ့သူများထံသို့ ကျွန်ုပ်တို့ကိုယ်တိုင်သွား၍ မိမိမဟုတ်မမှန်ပြောဆိုခဲ့သမျှကို ပြန်၍ရုပ်သိမ်းရမည်။

အကယ်၍ ညီအစ်ကိုအချင်းချင်းစပ်ကြား ကြုံတွေ့ရသည့်အခက်အခဲများကို သူတစ်ပါးရှေ့တွင်ချမပြဘဲ မိမိတို့အချင်းချင်းခရစ်ယာန်မေတ္တာသဘောဖြင့် ပွင့်လင်းစွာဖြေရှင်းကြပါက မည်မျှလောက်များပြားသောမကောင်းမှုတို့ကို ကွယ်ကာထားနိုင်ပါလိမ့်မည်နည်း။ ယင်းသို့ပြုကြပါက ယုတ်ညံ့ညစ်ညူးစေငြိုးခဲ်းကိုဖြစ်စေသည့် နာကြည်းစရာအခြေခံဖြစ်ရပ်များသည် မည်မျှလောက်လျော့နည်းသွားပါလိမ့်မည်နည်း။ ခရစ်ယာန်များအနေဖြင့် ကိုယ်တော်၏မေတ္တာတော်၌ မည်မျှလောက်ရင်းနှီးကြင်နာစွာ စည်းလုံးမှုရကြပါလိမ့်မည်နည်း။

**"ကိလေသာစိတ်နှင့်သူ့ မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ။" မဿဲ ၅း၂၈။**

ကာမ၊ ရာဂ၊ လောဘနှင့်ယှဉ်၍ ယုဒလူတို့က တစ်ပါးအမျိုးသားတို့ကို အထင်အမြင်သေးကြပါသည်။ မိမိတို့အနေဖြင့်သာ ကိုယ်ကျင့်တရားမြင့်မြတ်သည်ဟု ဂုဏ်ယူဝင့်ကြွားကြပါသည်။ ပါလတိနပြည်သည် ရောမအုပ်စိုးမှုအောက်သို့ရောက်ခဲ့သောကြောင့် ရောမအရာထမ်းများနှင့် ယုဒပရိသတ်စပ်ကြား အမြဲတစေပြဿနာပေါ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းနိုင်ငံခြားသားများနှင့်အတူ တစ်ပါးအမျိုးသား ထုံးစံဓလေ့များ၊ ဖြုန်းတီးရမ်းကားခြင်းများ၊ ရေလွှမ်းမိုးဘိသကဲ့သို့ အရှိန်အဟုန်နှင့်ဝင်လာပါသည်။ ရောမအရာရှိများသည် သူတို့၏အလှအပဆင်ထားသော မယားငယ်မယားမြှောင်များဖြင့် ကပေရနောင်မြို့တွင်းလမ်းကြီးလမ်းမများမှာ လှည့်လည်ကြသောကြောင့် ခရီးသွားလာနေသောသူများကို အနှောင့်အယှက်ဖြစ်စေပါသည်။ ဆိတ်ငြိမ်နေသောပင်လယ်ရေပြင်မှ အပျော်စီးလှေများဖြင့် အပျော်ကြူးသူတို့၏အသံဗလံများမလည်း ရုံဖန်ရုံခါပတ်ဝန်းကျင်ကိုဆူညံစေပါသည်။ ယင်းလူတန်းစားများကို ခရစ်တော်ကပြစ်တင်ရှုတ်ချလိမ့်မည်ဟု တရားနာပရိသတ်ကမျှော်မှန်းစောင့်စားနေကြပါသည်။ သို့သော် သူတို့၏စိတ်နှလုံးဆိုးညစ်ပုံများကိုဖွင့်ပြလိုက်သည့်စကားလုံးများကိုသာ တအံ့တသြကြားလိုက်ရကြပါသည်။

မကောင်းသောအတွေးအခေါ်များ၌ မွေ့လျော်ခြင်းကိုစိတ်နှလုံးအတွင်း၌ မည်မျှလောက်လျှို့ဝှက်၍သိုထားစေကာမူ သူ၏စိတ်နှလုံးကိုအပြစ်ဒုစရိုက်ကစိုးမိုးထားသေးကြောင်း၊ စိတ်ဝိညာဉ်သည် သည်းခြေနှင့်

အမျှ ခါးလှသည့်အခြေအနေ၌ပင်ရှိနေသေး၍ ဒုစရိုက်ကချုပ်ကိုင်စိုးမိုး ထားသေးကြောင်း ယေရှုရှင်က ဖွင့်ဟမိန့်ကြားတော်မူ၏။ မစင်ကြယ် သောမြင်ကွင်းများကို နှစ်သက်သောသူ၊ မကောင်းသောအတွေးအခေါ် ၏အလိုသို့လိုက်သောသူ၊ ရာဂစိတ်နှင့်ရူစားတတ်သောသူတို့သည် သူတို့၏စိတ်ဝိညာဉ်ခန်းမများ၌ လျှို့ဝှက်ထားသောမကောင်းမှု၏ သဘာဝမှန်ကို စိတ်နှလုံးကြေကွဲရသောပူဆွေးဒုက္ခဖြင့်လည်းကောင်း လူသိရှင်ကြားပြုသောဒုစရိုက်ပုံစံဖြင့်လည်းကောင်း အရှက်တကွဲအကျိုး နည်းမြင်ရလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်းအချိန်က မြင်သာသည့် မကောင်းမှုကို မဖန်တီးသေးပါ။ သို့သော် ယင်းစုံစမ်းနှောင့်ယှက်ခြင်းက စိတ်နှလုံးအတွင်း၌ဖုံးကွယ်လျက်ရှိသောမကောင်းမှုများကို ကြီးထွားရှင်သန် စေပါသည်။ "နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သောကြောင့်" လူသည် သူ၏ "စိတ်နှလုံးထင်သည်အတိုင်းဖြစ်၏။" သု၊ ၄း၂၃၊ ၂၃း၇။

> "လက်ယာလက်ဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင်
> ထိုလက်ကိုဖြတ်ပစ်လော့။" မဿဲ ၅း၃၀။

မိမိတစ်ကိုယ်လုံးသို့ရောဂါမပြန့်ပွားစေရန် ကွယ်ကာတားဆီး ဖို့နှင့် မိမိ၏အသက်မဆုံးရှုံးစေဖို့အတွက်ဆိုပါက လူသည် မိမိ၏ လက်ယာလက်ကိုပင် စွန့်လွှတ်ပေလိမ့်မည်။ သို့ပါ၍ မိမိ၏ဝိညာဉ် ရေးအသက်တာအတွက်ဆိုပါက ပို၍ပင်စွန့်လွှတ်သင့်ပါသည်။

အဆင့်အတန်းယုတ်နိမ့်ပြီး စာတန်၏ကျွန်ဖြစ်နေသောဝိညာဉ် များအနေဖြင့် ဘုရားသခင်၏သားတို့အား ကမ်းလှမ်းထားသည့်

လွတ်လပ်မှုကိုဝေစုရဖို့ ဧဝံဂေလိတရားတော်အားဖြင့်ရွေးနုတ်ရပါမည်။ ဘုရားသခင်၏ကြံရွယ်တော်မူချက်မှာ အပြစ်၏အကျိုးသက်ရောက်မှုဖြစ်သော ဆင်းရဲဒုက္ခမှလွတ်မြောက်စေရန်အတွက်သာမဟုတ်ပါ။ အပြစ်ဒုစရိုက်အတွင်းမှလည်း လွတ်မြောက်ကြစေရန်ဖြစ်ပါသည်။ အသရေပျက်ရုံမျှမက ယိုယွင်းနေသောအသက်ဝိညာဉ်အား "ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး" သည့် "သားတော်၏ပုံသဏ္ဌာန်နှင့်တညီတည်းဖြစ်စေခြင်းငှာ" "အကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရား၏ကျေးဇူးတော်" ဖြင့် လွှမ်းခြုံဝတ်ဆင်လျက် စင်ကြယ်သန့်ရှင်းစေပြီးမှ ပုံသဏ္ဌာန်ပြောင်းလဲပေးရန်ဖြစ်ပါသည်။ ၁ကော၊ ၂း၉။ ရောမ ၈း၂၉။ ဆာလံ ၉၀း၁၇။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်တစ်ညီတစ်သဏ္ဌာန်တည်းဖြစ်ပြီးလူတို့ခံစားရမည့်တမလွန်ဘဝဘုန်းစည်းစိမ်ကို ထာဝရကာလတွင်မှသာမျက်ဝါးထင်ထင်သိမြင်ရပေလိမ့်မည်။

ယင်းမြင့်မြတ်သည့်အဆင့်ကို ကျွန်ုပ်တို့ရရှိဖို့အသက်ဝိညာဉ်အနေဖြင့် ထိမိ၍လဲစရာမှန်သမျှကို အနစ်နာခံပြီးစွန့်လွှတ်ရပါမည်။ မိမိ၏စိတ်အလိုအားဖြင့်သာ အပြစ်ဒုစရိုက်က ကျွန်ုပ်တို့အားစိုးမိုးထားပါသည်။ ယင်းအလိုဆန္ဒကိုချုပ်တည်းခြင်း (သို့မဟုတ်) စွန့်လွှတ်ခြင်းကိုမျက်စိတစ်ဖက်ထုတ်ပစ်ခြင်း (သို့မဟုတ်) လက်ယာလက်ကိုဖြတ်ပစ်ခြင်းနှင့်ပုံဆောင်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏အလိုတော်အတိုင်း လိုက်လျှောက်သည်ဟုဆိုရာတွင် ဆွံ့အချို့တဲ့သည့်အသက်တာ၌အသက်ရှင်ရမည်ဟု ကျွန်ုပ်တို့မကြာခဏမှတ်ယူကြပါသည်။ သို့သော်ယင်းသို့ဆွံ့အချို့တဲ့နေခြင်းဖြင့် အသက်ရှင်ခြင်းသို့ဝင်စားခြင်းက ပို၍

ကောင်းမြတ်သည်ဟု ခရစ်တော်မိန့်တော်မူ၏။ အတိဒုက္ခဟု ကျွန်ုပ်တို့ယူဆသောအရာမှာ အမြင့်မြတ်ဆုံးသောအကျိုးကျေးဇူးရဖို့အတွက်လမ်းစဖြစ်ပါသည်။

ဘုရားသခင်သည် အသက်၏မူလအစဖြစ်တော်မူ၏။ ထို့ကြောင့်ကိုယ်တော်နှင့်ဆက်ဆံမှသာ ကျွန်ုပ်တို့အသက်ကိုရပါလိမ့်မည်။ ဘုရားသခင်နှင့်ဆက်ဆံမှသာ ကျွန်ုပ်တို့ခေတ္တခဏမျှသောအသက်ရှင်ပေလိမ့်မည်။ အသက်ကိုပိုင်ဆိုင်ခွင့်မရှိပါ။ "ကာမဂုဏ်စည်းစိမ်၌ပျော်မွေ့သောမုဆိုးမမူကား အသက်ရှင်လျက်ပင် အသေဖြစ်၏။" ၁တိမောသေ ၅း၆။ ကျွန်ုပ်တို့၏အလိုဆန္ဒရှိသမျှကို ဘုရားသခင်အားဆက်ကပ်ထားပါမှ ဘုရားသခင်က ကျွန်ုပ်တို့လိုအပ်သည့်အသက်ကိုပေးလိမ့်မည်။ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအားဖြင့်သာ ဘုရားသခင်ပေးတော်မူသည့်အသက်ကိုရလိမ့်မည်။ ထိုအသက်ကိုရမှသာ ယေရှုရှင်မိန့်တော်မူ၏။ သောဒုစရိုက်များကိုအောင်မြင်လိမ့်မည်ဟု ယေရှုရှင်မိန့်တော်မူ၏။ သင့်အနေဖြင့် ယင်းမကောင်းမှုဒုစရိုက်များကို သင်၏စိတ်နှလုံးအတွင်း၌လူတို့မမြင်မသိအောင် ဝှက်ထားနိုင်စရာအကြောင်းရှိသော်လည်း ဘုရားသခင်၏ရှေ့တော်၌ အဘယ်သို့လျှင် ရပ်တည်၍နေနိုင်ပါမည်နည်း။

မိမိ၏အလိုရမ္မက်ရှိသမျှကို ဘုရားသခင်အားမဆက်မကပ်ဘဲမိမိ၏အလိုဆန္ဒကိုသာစွဲလမ်းနေမည်ဆိုပါက မရဏာလမ်းစဉ်ကိုရွေးချယ်နေခြင်းဖြစ်ပါသည်။ အပြစ်ဒုစရိုက်ရှိလေရာ၌ ဘုရားသခင်သည်လောင်မီးဖြစ်တော်မူ၏။ အပြစ်ကိုစွန့်လွှတ်ဖို့ မကြိုးစား မလိုလားဘဲစွဲလမ်းနေပါက ဘုရားသခင်၏ရှေ့တော်၌ ယင်းအပြစ်လောင်ကျွမ်းသောအခါ သင်လည်းပါသွားပေလိမ့်မည်။

မိမိကိုယ်ကိုဘုရားသခင်အား ဆက်ကပ်အပ်နှံထားရာ၌ ကိုယ်တိုင်အနစ်နာခံဖို့လိုပါသည်။ သို့သော် ယင်းအနစ်နာခံခြင်းသည် နိမ့်သောအရာသာဖြစ်၍မြင့်မြတ်သောအရာကိုရဖို့အတွက်ဖြစ်ပါသည်။ လောကီရေးရာ၌ အနစ်နာခံခြင်းဖြင့် ဝိညာဉ်ရေးရာကိုရမည်ဖြစ်ပါသည်။ ပျက်စီးယိုယွင်းတတ်သောအရာကိုစွန့်လွှတ်ခြင်းဖြင့် ထာဝရရေးရာကိုရဖို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အလိုဆန္ဒကိုလုံးဝဖျက်ဆီးပစ်ရမည်ဟု ဘုရားသခင်က သတ်မှတ်မထားပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၌အလိုဆန္ဒရှိပါမှ ကျွန်ုပ်တို့လုပ်ဆောင်ဖို့ ကိုယ်တော်အလိုရှိတော်မူသည့်ကိစ္စရပ်ကိုပြီးမြောက်အောင် ကျွန်ုပ်တို့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မူလအလိုဆန္ဒကို ကိုယ်တော်အားဆက်ကပ်ထားပြီးမှသာ ပြန်လည်ပြုပြင်ပေးသည့်စင်ကြယ်သောအလိုဆန္ဒကို ကျွန်ုပ်တို့ပြန်၍ရရှိပါလိမ့်မည်။ သို့မှသာ ဘုရားသခင်သည် ကျွန်ုပ်တို့မှတစ်ဆင့် မိမိ၏မေတ္တာတော်နှင့်တန်ခိုးတော်ကို သွန်းလောင်းနိုင်လိမ့်မည်။ ယင်းသို့ ဆက်ကပ်ရသည့်အတွက် ကိုယ်စိတ်အလိုသို့လိုက်တတ်သောသူအတွက် မည်မျှလောက်ပင်ခက်ခဲနာကြည်းစရာဖြစ်သည်ဟု ထင်မှတ်ရစေကာမူ ထိုသူအတွက် "သာ၍ကောင်း၏။"

ယာကုပ်သည် ပေါင်ခြံကိုထိုးခြင်းခံရသောကြောင့် ထော့ကျိုးဖြစ်လျက် ပဋိညာဉ်ကောင်းကင်တမန်၏ရင်ခွင်၌လဲကျသောအချိန်ရောက်မှ အောင်နိုင်သောယုံကြည်ခြင်းအားဖြင့်သာ အောင်မြင်ကြောင်းသိရပြီး 'ဘုရားသခင်နှင့်အတူရှိသောမင်း' ဟူသောဘွဲ့နာမကိုရပါသည်။ "သူသည်ထော့နဲ့သွား" ရသောအခါမှ ဧသော၏လက်နက်ကိုင်တပ်သားများ သူ့ရှေ့မှာအေးချမ်းသွားပါသည်။ (ကမ္ဘာဦးကျမ်း၊ ၃၂း၃၁)။ မင်းဆက်တစ်ဆက်၏အမွေခံဖြစ်သည်ဟု ဝင့်ကြွားဂုဏ်ယူသော ဖါရောဘုရင်မင်းသည်လည်း ယာကုပ်ရှေ့မှာ ကိုင်းညွတ်ရိုသေစွာ ကောင်းချီး

မင်္ဂလာခံယူရပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည်လည်း "ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ရောက်" တော်မူ၏။ ဟေဗြဲ ၂း၁၀။ ယုံကြည်ခြင်းဆိုင်ရာသားသမီးများသည်လည်း "အနာမှထမြောက်၍ ကျန်းမာခြင်း" ကိုရပြီး "တစ်ပါးအမျိုးသားတို့၏တပ်များကို ဖျက်ဆီး" နိုင်ခဲ့ပါသည်။ ဟေဗြဲ ၁၁း၃၄။ ထိုနည်းတူ "ခြေဆွံ့သော သူပင် လုယူရာဥစ္စာကိုလုယူရ၏။" ဟေရှာယ ၃၃း၂၃။ ၎င်းအပြင် "အားနည်းသောသူသည်......ဒါဝိဒ်မင်းကဲ့သို့လည်းကောင်း၊ ဒါဝိဒ် မျိုးသည်......ထာဝရဘုရား၏ ကောင်းကင်တမန်ကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်။" ဇာခရိ ၁၂း၈။

**"လူသည် ...... မိမိမယားနှင့်ကွာအပ်သလော။"**
**မဿဲ ၁၉း၃။**

ယုဒလောကတွင် တစ်စုံတစ်ယောက်သောသူသည် အသေးငယ် ဆုံးသောပြစ်မှားမှုကလေးတစ်ခုကိုအကြောင်းပြလျက် မိမိဇနီးကို ကွာရှင်း ခွင့်ရှိပါသည်။ ယင်းသို့ကွာရှင်းခြင်းခံရသောအမျိုးသမီးအနေဖြင့် အိမ်ထောင်သစ်ပြုခွင့်ရှိပါသည်။ ယင်းအလေ့အထကြောင့် စက်ဆုပ် ရွံ့ရှာဖွယ်ရာအကြောင်းများနှင့် ဒုစရိုက်မကောင်းမှုပွားများပါသည်။ မင်္ဂလာတောင်တော်မှယေရှုရှင်ဟောကြားတော်မူသည့် ဒေသနာတော် တွင်မူကား မင်္ဂလာသစ္စာဆိုထားခြင်းကိုဖေါက်ဖျက်ခြင်းအကြောင်းမှ အပ လင်ခန်းမယားခန်းပြတ်စဲခြင်းမပြုရန် အတိအလင်းဆင့်ဆိုထား ပါသည်။ "မှားယွင်းခြင်းအကြောင်းမှတစ်ပါး အခြားသောအကြောင်း ဖြင့် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့်စုံဖက်သောသူသည်

မိမိမယားကိုပြစ်မှား၏၊ ကွာသောမိန်းမနှင့်စုံဖက်သောသူသည်လည်း သူ့မယားကိုပြစ်မှားသည်ဟုမိန့်တော်မူ၏။”

တရားဝင်ကွာရှင်းခြင်းအကြောင်းနှင့်ပတ်သက်၍ ဖါရိရှဲတို့က ကိုယ်တော်အားထပ်မံမေးလျှောက်ကြသောအခါ ယေရှုရှင်ကဖန်ဆင်းတော်မူသည့်အချိန်က အစပြုတည်ထောင်ခဲ့သည့်မင်္ဂလာစုံဖက်ခြင်းအကြောင်းကို တရားနာပရိသတ်အားထောက်ပြမူလျက် “သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကိုမောရှေစီရင်၏၊ အစအဦး၌ ထိုသို့မဟုတ်” ဟူ၍မိန့်တော်မူ၏။ မဿဲ ၁၉း၈။ ဘုရားသခင်ကိုယ်တော်တိုင်က “အလွန်ကောင်းသည်” ဟုမိန့်မြွက်တော်မူခဲ့သည့်မင်္ဂလာရှိသောဧဒင်ခေတ်ကိုပြန်၍ရည်ညွှန်းတော်မူ၏။ ထိုအချိန်က မင်္ဂလာစုံဖက်ခြင်းနှင့်ဥပုသ်နေ့ကိုအစပြုတည်ထောင်တော်မူခဲ့ရာ လူသားအကျိုးထူးခံစားရခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ ယင်းအဖွဲ့အစည်းနှစ်မျိုးကိုတည်ထောင်တော်မူခဲ့ပါသည်။ ထိုအချိန်က သန့်ရှင်းသောမင်္ဂလာစုံတွဲကို ဘုရားသခင်ကိုယ်တိုင် စုလျားရစ်ပတ်ပေးတော်မူရာ၌ “ယောကျ်ားသည် ကိုယ့်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း(ဇနီး)၌မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်” ဟုမိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၂း၂၄။ နောက်ဆုံးသောနေ့ရက်ကာလတိုင်အောင် အာဒံ၏သားသမီးအပေါင်းတို့လိုက်နာရမည့်မင်္ဂလာစည်းမျဉ်းဥပဒေကို ယင်းသို့ကိုယ်တော်ကရှင်းပြတော်မူ၏။ ထာဝရခမည်းတော်ဘုရားကိုယ်တော်တိုင်က ကောင်းသည်ဟုမိန့်မြွက်တော်မူခဲ့သည့်စည်းမျဉ်းဥပဒေသည် လူသားဖွံ့ဖြိုးဖို့နှင့် ကောင်းချီးမင်္ဂလာခံစားရဖို့အတွက် အမြင့်မြတ်ဆုံးစည်းမျဉ်းဥပဒေဖြစ်ပါသည်။

လူသားစောင့်ထိန်းဖို့ ဘုရားသခင်ယုံကြည်လွဲအပ်ထားသည့် အခြားကောင်းမြတ်သောကျေးဇူးတိုင်းကဲ့သို့ပင် အိမ်ထောင်ပြုခြင်းဆိုင်ရာ ဆုကျေးဇူးကိုလည်း အပြစ်ဒုစရိုက်ကြောင့် လူတို့အခိပ္ပါယ်အယူအဆ လွဲမှားနေကြပါသည်။ သို့သော် ယင်းဆုကျေးဇူးကို မူလအတိုင်းပြန်လည် စင်ကြယ်တင့်တယ်စေဖို့မှာ ဧဝံဂေလိတရားတော်၏ရည်ရွယ်ချက် တစ်ရပ်ဖြစ်ပါသည်။ဓမ္မဟောင်းကျမ်းတွင်လည်းကောင်း၊ ဓမ္မသစ်ကျမ်း တွင်လည်းကောင်း ခရစ်တော်သည် ကရာနီလက်ဝါးကပ်တိုင်ပေါ်မှ ဝယ်ယူရွေးနုတ်ထားတော်မူသည့် မိမိ၏လူများနှင့် မိမိစပ်ကြားသိမ်မွေ့ မွန်မြတ်သည့်ဆက်သွယ်မှုကို အိမ်ထောင်မှုဖြင့် ပုံပမာပြုထားပါသည်။ "မစိုးရိမ်နှင့်၊" "အကြောင်းမူကား သင့်ကိုဖန်ဆင်းတော်မူသောသူသည် သင်၏လင်ဖြစ်တော်မူ၏။ နာမတော်ကား ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်း၊" "အိုဖေါက်ပြန်သောသူငယ်တို့၊ ပြန်လာကြလော့ ဟုထာဝရဘုရားမိန့်တော်မူ၏။ (*အကြောင်းမူကား ငါသည် သင်တို့ နှင့်အိမ်ထောင်ပြုပြီးလေပြီ)။" ဟေရှာယ၊ ၅၄း၄၊၅။ ယေရမိ၊ ၃း၁၄ "ငါချစ်ရာသခင်ကိုငါပိုင်ဆိုင်ပေ၏၊ ငါ့ကိုလည်းသခင်ဆိုင်ပေ၏ ဟု "သီချင်းတကာတို့၏သီချင်း" ၌သတို့သမီး၏အသံကိုကြားရပါ သည်။ ၎င်းအပြင်သူမအတွက် "လူတစ်သောင်းတို့တွင် အထွတ်အမြတ် ဖြစ်တော်" မူသောသူက "ငါချစ်သောနှမ၊ သင်သည်အပြစ်တစ်စုံ တစ်ခုမျှမရှိ၊ တစ်ကိုယ်လုံးလှပပေ၏" ဟု မိမိရွေးယူထားသောသူကို ဆိုလေ၏။ ရှောလမုန်သီချင်း၊ ၂း၁၆။ ၅း၁၀။ ၄း၇။

နောက်ပိုင်းတွင် တမန်တော်ရှင်ပေါလုက ဧဖက်ခရစ်ယာန်များ ထံသို့ ရေးသားပေးပို့သောစာ၌ ခရစ်တော်သည် အသင်းတော်၏ခေါင်း ဖြစ်တော်မူသကဲ့သို့လည်းကောင်း၊ ကိုယ်တော်သည် နားလည်နိုင်ခဲ့သော

ခန္ဓာကိုယ်၏ကယ်တင်ရှင်ဖြစ်တော်မူသကဲ့သို့လည်းကောင်း ခင်ပွန်းသည်ဇနီးသည်အတွက် ခေါင်းဖြစ်ရမည်၊ ဇနီးကိုအကွယ်အကာပေးသူဖြစ်ရမည်၊ အိမ်ထောင်ကိုစုစည်းထားသူဖြစ်ရမည်၊ မိသားစုဝင်အားလုံးကိုဝန်းရံထားသူဖြစ်ရမည်ဟု သခင်ဘုရားပညတ်ထားတော်မူကြောင်း သရုပ်ဖော်ထားပါသည်။ ထို့ကြောင့် "အသင်းတော်သည် ခရစ်တော်၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့ မိန်းမတို့သည်လည်း ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ်ခင်ပွန်း(ဇနီး)ကိုချစ်ကြလော့။ ထိုအသင်းတော်သည် သန့်ရှင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှာ နှုတ်ကပါဌ်တော်၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း ထိုအသင်းတော်အဖို့အလိုငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။ ထိုနည်းတူ ယောကျ်ားတို့သည် .... မိမိခင်ပွန်း(ဇနီး)တို့ကိုချစ်ရကြမည်။" ဧဖက်၊ ၅း၂၄–၂၈။

လူသားကိုမြှင့်တင်ရန်အတွက် အခြေအမြစ်ဖြစ်သော ယင်းအဖွဲ့အစည်းကို ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သာ ဘုရားသခင်ချမှတ်ထားတော်မူသည့်ပုံစံနှင့်အညီ အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ အခြားနည်းလမ်းမရှိပါ။ ထိုနည်းအားဖြင့် ဤကမ္ဘာမြေကြီးပေါ်၌ရှိသော မိသားစုအနေဖြင့် မိမိတို့၏စည်းလုံးညီညွတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် မေတ္တာတရားပွားခြင်းဖြင့် ကောင်းကင်မိသားစုကို ကိုယ်စားပြုနိုင်ကြပါလိမ့်မည်။

ယနေ့လူမှုရေးလောကအခြေအနေမှာလည်း ခရစ်တော်ခေတ်က ကဲ့သို့ပင် ကောင်းကင်၏စံလင်သောရည်မှန်းချက်ဖြစ်သည့် ဤမွန်မြတ်သောမင်္ဂလာဖွဲ့စည်းပုံကို ဝမ်းနည်းဖွယ်ရာအခိပ္ပါယ်ဖေါ်ဆောင်နေပါသည်။ သို့ပါလျက် ပျော်ရွှင်မှုရဖို့၊ မိတ်ဖက်ကောင်းဖို့ မျှော်မှန်းထားသူများပင်လျှင် နာကြည်းစရာနှင့်စိတ်ပျက်စရာများကို ရင်ဆိုင်ရသောကြောင့် ခရစ်တော်၏ဧဝံဂေလိတရားတော်က စိတ်သက်သာမှုပေးပါသည်။ ကိုယ်တော်၏ဝိညာဉ်တော်ကပေးစွမ်းနိုင်သည့် သည်းခံခြင်းနှင့် သိမ်မွေ့နူးညံ့ခြင်းက ယင်းဆိုးရွားသောကြမ္မာအတွက် သာယာမှုပေးပါလိမ့်မည်။ ခရစ်တော်ကိန်းအောင်းတော်မူသည့်စိတ်နှလုံးသည် ကိုယ်တော်၏မေတ္တာတော်နှင့်ပြည့်ဝသဖြင့် ကျေနပ်မှုအပြည့်အဝရှိလိမ့်မည်ဖြစ်ရာ သူတစ်ပါးကဂရုစိုက်ဖို့၊ စာနာထောက်ထားဖို့ မျှော်ကိုးနေရခြင်းဖြင့် စိတ်ဒုက္ခရောက်သည့်အခြေအနေမျိုးကို မဆိုက်ရောက်နိုင်ပါ။ ၎င်းအပြင် မိမိ၏စိတ်ဝိညာဉ်ကိုဘုရားသခင်အား ဆက်ကပ်ထားခြင်းအားဖြင့် လူ၏ဉာဏ်စွမ်းဖြင့်မတတ်နိုင်သောအရာကို ဘုရားသခင်၏ဉာဏ်တော်က ဆောင်ရွက်ပေးတော်မူပါလိမ့်မည်။ ကိုယ်တော်၏ကျေးဇူးတော်ကိုဖွင့်ပြခြင်းအားဖြင့် တစ်ချိန်ကအလေးမမူဂရုမစိုက်တတ်သော (သို့မဟုတ်) စိမ်းကားတတ်သောနှလုံးသားများသည် လောကီဆိုင်ရာထက်ပို၍ခိုင်မြဲသော၊ ပို၍ခံနိုင်ရည်ရှိသောသံယောဇဉ်ချည်နှောင်းမှုတည်းဟူသော အတိဒုက္ခအပေါင်းအတွက် ခံနိုင်ရည်ပြည့်ဝသောမေတ္တာ ရွှေးကြိုးဖြင့်ချည်နှောင်ထားပြီးဖြစ်ပေလိမ့်မည်။

"ကျိန်ဆိုခြင်းကိုအလျှင်းမပြုရ။"
မဿဲ ၅း၃၄။

ဤပညတ်ကိုပေးထားသည့်အကြောင်းရင်းမှာ– "ကောင်းကင်ဘုံကား ဘုရားသခင်၏ပလ္လင်" ဖြစ်သောကြောင့် "ကောင်းကင်ဘုံကိုတိုင်တည်၍မကျိန်ရ၊" "မြေကြီးကိုတိုင်တည်၍မကျိန်ရ၊ မြေကြီးကားဘုရားသခင်၏ခြေတင်ရာခုံဖြစ်သတည်း။ ယေရုရှင်လင်မြို့ကိုတိုင်တည်၍မကျိန်ရ၊ မဟာမင်းကြီး၏မြို့တော်ဖြစ်သတည်း။ ဆံခြည်တစ်ပင်ကိုမျှဖြူစေခြင်း၊ မည်းစေခြင်းငှာမတတ်နိုင်သောကိုယ်ဦးခေါင်းကို တိုင်တည်၍မကျိန်ရ" ဟူ၍ဖော်ပြထားခြင်းများကြောင့်ဖြစ်ပါသည်။

အရာခပ်သိမ်းကိုဘုရားသခင်ထံတော်မှရရှိပါသည်။ ဘုရားသခင်ထံတော်မှရရှိသည့်အရာ၊ ခရစ်တော်၏သွေးတော်အားဖြင့်ဝယ်၍မထားသည့်အရာတစ်စုံတစ်ခုမျှ ကျွန်ုပ်တို့၌မရှိပါ။ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာရှိသမျှသည် ဘုရားသခင်၏အသက်ဖြစ်သောကြောင့် လက်ဝါးကပ်တိုင်တံဆိပ်ရိုက်နှိပ်ပြီးမှ၊ တန်ဖိုးအကြီးမြတ်ဆုံးသောသွေးတော်ဖြင့်ဝယ်ယူပြီးမှ ကျွန်ုပ်တို့လက်ခံရရှိထားခြင်းဖြစ်ပါသည်။ ထိုကြောင့်ကျွန်ုပ်တို့ရှိရှိသမျှကို ကျွန်ုပ်တို့ပိုင်ပစ္စည်းဖြစ်သည်ဟုသဘောထား၍ကျွန်ုပ်တို့၏စကားတစ်ခွန်းအတည်ဖြစ်ဖို့အတွက် မည်သည့်ပစ္စည်းကိုမျှအာမခံပစ္စည်းအဖြစ်အသုံးမပြုနိုင်ပါ။

ဘုရားသခင်၏နာမတော်ကိုမလေးမစားမပြုဖို့ တတိယပညတ်အားဖြင့် တားမြစ်သည်ဟု ယုဒလူတို့နားလည်ထားကြသော်လည်းအခြားကျိန်ဆိုခြင်းများကိုမူ လွတ်လွတ်လပ်လပ်ပြုနိုင်သည်ဟုသဘောထားကြပါသည်။ သူတို့ခေတ်က ကျမ်းသစ္စာကျိန်ဆိုသည့်အလေ့အထများရှိခဲ့ပါသည်။ မမှန်မကန်ကျိန်ဆိုခြင်းကိုမောရှေမှတစ်ဆင့် တားမြစ်ထားခဲ့ပါသည်။ သို့သော်ကျိန်ဆိုထားသည့်ကတိဝန်ခံချုပ်တစ်ခုမှလွတ်ဖို့သူတို့မှာနည်းမျိုးစုံရှိပါသည်။ အကယ်၍ ပညတ်တရားကိုတစ်နည်း

တစ်ဖုံတိမ်းရှောင်ခြင်းဖြင့်သာ ဖုံးကွယ်ထားမည်ဆိုပါက မဟုတ်မဟတ် လုပ်ဖို့အမှန်အားဖြင့် သူတို့မကြောက်ကြပါ၊ မတရားထွက်ဆိုဖို့ကိုလည်း သူတို့မတွန့်မဆုတ်ကြပါ။

ယုဒလူတို့ကျမ်းသစ္စာကျိန်ဆိုနေပုံများမှာ ဘုရားသခင်၏ပညတ်တော်ကို ဖေါက်ဖျက်နေသည့်အလေ့အထဖြစ်ကြောင့် ယေရှုရှင်က ပြစ်တင်ရှုတ်ချလိုက်ပါသည်။ သို့သော် တရားဥပဒေအရ ကျမ်းသစ္စာကျိန်ဆိုခြင်းကို ကယ်တင်ရှင်ကမတားမြစ်ပါ။ ထွက်ဆိုသမျှအမှန်ဖြစ်ကြောင်း၊ မမှန်မကန်ထွက်ဆိုချက်လုံးဝမပါကြောင်း၊ ဘုရားသခင်ကြည့်ရှုတော်မူဖို့ ထုံးစံနှင့်အညီလျှောက်ထားခြင်းဖြစ်ပါသည်။ စန်ဟီဒရင်းကောင်စီလွှတ်တော်၌ ယေရှုရှင်အား တရားစွဲဆိုချိန်က ကျမ်းသစ္စာကျိန်ဆိုခြင်းဖြင့် သက်သေခံဖို့ ကိုယ်တော်မငြင်းပယ်ခဲ့ပါ။ ယဇ်ပုရောဟိတ်မင်းက ကိုယ်တော်အား "သင်သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်မှန်သည်မမှန်သည်ကို ငါ့အားပြောဟောခြင်းငှာ အသက်ရှင်တော်မူသောဘုရားသခင်ကို ငါတိုင်တည်၍ သင့်ကိုကျိန်ဆိုစေသည်ဟုဆိုလျှင် ယေရှုရှင်က သင်ဆိုသည်အတိုင်းမှန်၏" ဟူ၍ ဖြေတော်မူ၏။ မဿဲ ၂၆း၆၃၊၆၄။ အကယ်၍ခရစ်တော်က မင်္ဂလာတောင်ပေါ်မှဟောကြားတော်မူသော မင်္ဂလာတရားတော်တွင် တရားစီရင်ရေးနှင့်ဆိုင်သော ကျမ်းသစ္စာကျိန်ဆိုခြင်းကို ပြစ်တင်ဝေဖန်မှုပြုခဲ့ပါက လွှတ်တော်တွင်ကိုယ်တော်အား တရားစွဲဆိုချိန်က ထိုယဇ်ပုရောဟိတ်မင်းအား အပြစ်ဖေါ်ပြဆုံးမပြီး မိမိ၏တပည့်တော်တို့ လိုက်နာဖို့ မိမိပိုင်ဩဝါဒတစ်ခုခုပေးခဲ့မည်သာဖြစ်ပါသည်။

လူသားအချင်းချင်းလိမ်ညာဖို့ မကြောက်သောသူများရှိပါသည်။ သို့သော် မိမိတို့၏ဖန်ဆင်းရှင်အား လိမ်လည်ပါက ကြောက်မက်ဖွယ်

ဖြစ်သည်ဟု သူတို့သင်ယူထားကြပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကလည်း သွန်သင်တော်မူပါသည်။ အကယ်၍ကျမ်းသစ္စာကျိန်ဆိုခြင်းပြုပါက သူတို့အနေဖြင့် လူတို့ရှေ့တွင်သာသက်သေခံနေကြသည်မဟုတ်၊ ဘုရားသခင်၏ရှေ့တော်မှောက်တွင်ပါ သက်သေခံနေကြသည်ကို တွေ့သိခံစားဖို့လိုပါသည်။ အကယ်၍ မဟုတ်မမှန်သက်သေထွက်ဆိုကြပါက သူတို့၏စိတ်ကိုအတပ်သိ၍ အမှန်ကိုအတိအကျသိတော်မူသောအရှင်အား သက်သေခံနေခြင်းဖြစ်ပါသည်။ ယင်းအပြစ်နှင့်ပတ်သက်၍ ခံရမည့်အကြောက်မက်ဖွယ်ရာစီရင်ချက်ကိုသိထားခြင်းဖြင့်သူတို့နှုတ်ကိုစောင့်စည်းနိုင်ကြပေလိမ့်မည်။

ကျမ်းသစ္စာကျိန်ဆိုထားပြီး ဖြစ်ရပ်မှန်အတိုင်းသက်သေခံနိုင်ပါက ခရစ်ယာန်ပီသပါသည်။ ၎င်းအနေဖြင့် မိမိတွေးခေါ်ပြောဆိုသမျှဘုရားသခင်၏ရှေ့တော်၌ ထင်ရှားလျက်ရှိကြောင်းသိထားသဖြင့်ကိုယ်တော်၏ရှေ့တော်၌ လုပ်ဆောင်ပြောဆိုပြုသမျှကို ယင်းသို့သိထားသည်နှင့်လျော်ညီအောင် ပြောဆိုနေထိုင်ပါသည်။ သို့ပါ၍ တရားဥပဒေအရ လုပ်ဆောင်သက်သေခံဖို့လိုအပ်လာသောအခါတွင်လည်း မိမိသက်သေခံသမျှ အမှန်များသာဖြစ်ကြောင်း၊ မဟုတ်မမှန်သောစကားလုံးဝမပါကြောင်း ဘုရားသခင်ကိုယ်တော်အား သက်သေအဖြစ်တည်နေတော်မူဖို့ တိုင်တည်လျှောက်ထားခွင့်ရှိပါသည်။

သာမန်စကားပြောရာမှာ ကျိန်ဆိုဖို့မလိုအောင် အခြေခံကျင့်ထုံးဓလေ့တစ်ခုကို ယေရှုရှင်ပြဋ္ဌာန်းတော်မူပါသည်။ တိကျမှန်ကန်သည့်အတိုင်း တစ်သဝေမတိမ်းပြောဆိုဖို့ "သင်၏စကားမှာဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်ဖြစ်စေလော့။ ဤထက်လွန်သောစကားသည် မကောင်းသောအရာနှင့်စပ်ဆိုင်ပေ၏" ဟူ၍ စကားပြောခြင်းဆိုင်ရာစည်းမျဉ်းများကိုချမှတ်ထားတော်မူ၏။

အဓိပ္ပါယ်မရှိသောစကားရပ်၊ စကားညှပ်နှင့်စကားပိုများသည် ညစ်ညူးခြင်း၊ အစွန်းမလွတ်သောကြောင့် အထက်ပါစည်းမျဉ်းက ရှုတ်ချထားပါသည်။ ယနေ့လူမှုဆက်ဆံရေးတွင်လည်းကောင်း၊ စီးပွား ရေးလောကတွင်လည်းကောင်း ခေတ်စားနေသည့်လှည့်စားသောချီးကျူး စကားများ၊ အမှန်တရားကိုပါးနပ်စွာရှောင်ခြင်းများ၊ မြှောက်ထိုးပင့် တော်ပြောဆိုခြင်းများ၊ ပုံကြီးချဲ့၍ပြောဆိုခြင်းများနှင့် ကူးသန်းရောင်း ဝယ်မှုတွင် ပုံမှားရိုက်ခြင်းများကိုလည်း ယင်းစည်းမျဉ်းကပင် ရှုတ်ချ ထားပါသည်။ မိမိနဂိုမူလအခြေအနေနှင့်မတူအောင် အယောင်ဆောင် သူများ (သို့မဟုတ်) စိတ်မပါဘဲ ဟန်ဆောင်၍ပြောနေသူများ၌ သစ္စာမရှိဟု ယင်းစည်းမျဉ်းကသွန်သင်ပါသည်။

ခရစ်တော်၏ယင်းဩဝါဒများတို့ကို အလေးထားကြပါက မကောင်းပြောခြင်းနှင့် မညှာမတာဝေဖန်ခြင်းများကိုရှောင်ကြပေလိမ့် မည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါး၏အပြုအမူနှင့်ရည်ရွယ်ချက် များကိုဝေဖန်ပြောဆိုရာ၌ မည်သို့လျှင်တိကျမှန်ကန်နိုင်ပါမည်နည်း။ ဂုဏ်ပြိုင်းခြင်း၊ ဆန္ဒစောခြင်း၊ တစ်ဦးအပေါ်တစ်ဦးက မကျေမနပ်ဖြစ် ခြင်းများကြောင့် အထင်အမြင်ပြောင်းသွားမှုမည်မျှလောက်များပါ သနည်း။ ရုတ်တရက်ကြည့်လိုက်ခြင်း၊ စကားတစ်ခွန်းပြောလိုက်ခြင်းနှင့် တကွ အသံနေအသံထားပုံကြောင့် သေရေးရှင်ရေးတမျှမှားနိုင်ပါသည်။ အမှန်ဖြစ်ရပ်များကိုပင် အထင်လွဲအမြင်မှားအောင်ဖေါ်ထုတ်ပြောဆို နိုင်ပါသည်။ အမှန် "ထက်လွန်သောစကားသည် မကောင်းသောအရာ နှင့်စပ်ဆိုင်ပေ၏။"

ခရစ်ယာန်တို့ပြုမူလုပ်ဆောင်သမျှ နေရောင်ခြည်ပမာထုတ်ချင် ခပ်မြင်သင့်ပေသည်။ အမှန်သည် ဘုရားသခင်နှင့်သက်ဆိုင်၍ လိမ်လည်

လှည့်ဖြားခြင်းနည်းမျိုးစုံမှာ စာတန်နှင့်စပ်ဆိုင်သည်ဖြစ်ရာ ဖြောင့်မှန်သည့်အမှန်တရားလမ်းစဉ်မှ သွေဖည်သူတိုင်းသည် ကိုယ်တိုင်သစ္စာဖေါက်၍ မတရားသောသူတစ်ယောက်၏တန်ခိုးအာဏာလက်အောက်သို့ ကိုယ်ကိုကိုယ်ပို့ဆောင်နေသူဖြစ်ပါသည်။ သို့သော်အမှန်တရားကိုအတိအကျပြောဆိုဖို့လွယ်ကူသည့်ကိစ္စ၊ ပေါ့တန်သည့်ကိစ္စမဟုတ်ပါ။ အမှန်ကိုသိမထားပါက အမှန်ကိုမပြောနိုင်ပါ။ ကြိုတင်မှန်းဆထားသည့်အယူအဆများ၊ တစ်ဖက်သတ်စိတ်ထားများ၊ မစုံမလင်သောအသိများ၊ ဆုံးဖြတ်ချက်မှားများစသည်တို့က ကျွန်ုပ်တို့ပြုမူပြောဆိုစရာများကိုအမှန်အတိုင်းသိဖို့ အတားအဆီးများဖြစ်နေကြသည်မှာ မည်မျှလောက်များနိုင်ပါသနည်း။ သမ္မာတရားဖြစ်တော်မူသောအရှင်က ကျွန်ုပ်တို့၏စိတ်အာရုံကို အမြဲအစဉ်လမ်းပြနေခြင်းမရှိပါက ကျွန်ုပ်တို့အမှန်ကိုမပြောနိုင်ကြပါ။

တမန်တော်ရှင်ပေါလုမှတစ်ဆင့် ခရစ်တော်က “သင်တို့စကားသည် ...... အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ၊” “ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်၊ ကြားနာသောသူတို့၏အကျိုးကိုပြုစုစေခြင်းငှာ တည်ဆောက်စရာဖို့ ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့” ဟုမိန့်တော်မူ၏။ ဧဖက် ၄း၂၉။ ကောလောသဲ ၄း၆။ ယင်းကျမ်းချက်များကိုထောက်ရှုခြင်းအားဖြင့်မင်္ဂလာတောင်တော်မှခရစ်တော်၏ဩဝါဒအရ ရွတ်နောက်ခြင်း၊ ပေါ့ပေါ့ဆဆပြုမူပြောဆိုခြင်း၊ မစင်ကြယ်သောစကားများကို အပြန်အလှန်ပြောဆိုခြင်းများကိုရှုတ်ချကြောင်း မြင်သိနိုင်ပါသည်။ ယင်းမင်္ဂလာတရားတော်အရ ကျွန်ုပ်တို့ပြောဆိုသောစကားများမှန်ရုံသာမက စင်ကြယ်ဖို့လိုအပ်ပါသည်။

ခရစ်တော်ကိုသိကျွမ်းသူများ "အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံ" ဘဲနေကြလိမ့်မည်။ ဧဖက် ၅း၁၁။ သူတို့၏အသက်တာ ပုံစံနှင့်လျော်ညီစွာ သူတို့ပြောဆိုသောစကားများ၌ရိုးသားခြင်း၊ ဖြောင့် မှန်ခြင်းနှင့်မှန်ကန်ခြင်းရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် "သူတို့ နှုတ်၌မုသားမရှိ" ဟုချီးကျူးခြင်းကိုခံရသောသန့်ရှင်းသူများနှင့်မိတ် သဟာယဖွဲ့ဖို့ ပြင်ဆင်နေကြသောကြောင့်ဖြစ်ပါသည်။ ဗျာ၊ ၁၄း၅။

**"နှောင့်ယှက်သောသူကိုမဆီးမတားနှင့်၊**
**သင်၏ပါးတစ်ဖက်ကိုသူတစ်ပါးပုတ်လျှင်**
**ပါးတစ်ဖက်ကိုလှည့်၍ပေးဦးလော့။"**
**မဿဲ ၅း၃၉။**

ယုဒလူတို့အနေဖြင့် ရောမစစ်သည်များနှင့်ရောနှောဆက်ဆံ နေထိုင်ရကြသောကြောင့် အမြဲအစဉ်စိတ်အနှောင့်အယှက်များနှင့်ကြုံရ ကြပါသည်။ ယုဒနိုင်ငံနှင့်ဂါလိလဲပြည်တစ်လျှောက်သတ်မှတ်ထားသည့် နေရာများတွင် ရောမစစ်တပ်မှတပ်ခွဲများချထားပါသည်။ ယင်းတပ်ခွဲ များရှိနေသည့်အတွက် သူတို့၏နိုင်ငံအနေဖြင့် အဆင့်အတန်းယုတ်နိမ့် နေပြီဖြစ်ကြောင်း သတိပေးသကဲ့သို့ဖြစ်နေပါသည်။ ကျယ်လောင်စွာ တံပိုးမှုတ်သံများဖြင့် သူတို့၏နိုင်ငံတန်ခိုးထွားပုံကိုပေါ်လွင်စေလျက် ရောမအလံကိုအလေးပြုနေကြသောရောမတပ်ဖွဲ့များကို ရှုမြင်ရကြသော အခါ နာကြည်းကြပါသည်။ ပြည်သူများနှင့်စစ်သည်တို့စပ်ကြား မကြာခဏအချင်းပွားရန်ငြိုးထားကြပါသည်။ ရောမစစ်ဗိုလ်တစ်ဦးအနေ ဖြင့် တစ်နေရာမှတစ်နေရာသို့ အထက်အမိန့်အရ အလျင်အမြန်ပြောင်းရွှေ့

ရသောအခါ လမ်းခုလတ်၌တွေ့ရသည့်ယုဒတောင်သူများကိုဖမ်းဆီးပြီး တောင်တစ်လျှောက် ဝန်ထုပ်ဝန်ပိုးများသယ်ဆောင်စေခြင်း၊ အခြားလိုအပ်သည့်တာဝန်များကိုထမ်းဆောင်စေခြင်းပြုကြပါသည်။ ယင်းသို့ပြုခြင်းမှာ ရောမဥပဒေနှင့်ဓလေ့ထုံးစံအရဖြစ်သောကြောင့် ခုခံငြင်းဆိုပါက ရက်စက်စွာပြုမူပြောဆိုခြင်းကိုခံရပါသည်။ ထိုကြောင့် ရောမထမ်းပိုးလက်အောက်မှလွတ်မြောက်ဖို့ နေ့စဉ်နှင့်အမျှပို၍ပို၍ ဆန္ဒပြင်းပြလာပါသည်။ အထူးသဖြင့် ကြမ်းတမ်းခက်တရော်၍ ရဲရင့်သောဂါလိလဲလူတို့အနေဖြင့် ထကြွပုန်ကန်လိုစိတ်ပြန့်ပွားလာပါသည်။ ကပေရနောင်မြို့သည် နယ်ခြားဒေသ၌ရှိသောကြောင့် ရောမအစောင့်တပ်ချထားပါသည်။ ယေရှုရှင်ဟောကြားနေသောအချိန်မှာပင် တပ်ခွဲတစ်ခွဲကိုတရားနာပရိသတ်ကရှုမြင်ရကြသောကြောင့် ဣသရေလအမျိုးသားများအရှက်တကွဲအကျိုးနည်းအနှိမ့်ခံရသည်ကိုသတိရကြပြီး နာကြည်းကြပါသည်။ ထိုအချိန်တွင် ရောမဂုဏ်မောက်နေခြင်းကို ချိုးနှိမ်မည့်သူမှာခရစ်တော်သာဖြစ်သည်ဟုမျှော်လင့်ပြီး ကိုယ်တော်အား စိတ်တက်ကြွစွာကြည့်ကြပါသည်။

ယေရှုရှင်သည် ဝမ်းနည်းစွာဖြင့် မိမိရှေ့မှောက်တွင် မျက်နှာငယ်သူများအားကြည့်ရှုတော်မူလျက် သူတို့၏စိတ်တွင်ကလဲ့စားချေလိုသည့်မကောင်းမှုစိတ်စွဲနေသည်ကိုမြင်သိတော်မူ၏။ သူတို့အားဖိနှိပ်ချုပ်ချယ်ထားသူများ၏တန်ခိုးအာဏာကိုချေမှုန်းဖို့ နာကြည်းစွာဆန္ဒပြနေပုံကိုလည်းသိတော်မူ၏။ ထိုအခါ ကိုယ်တော်သည် ဝမ်းနည်းပူဆွေးစွာဖြင့် “နှောင့်ယှက်သောသူကိုမဆီးမတားနှင့်၊ သင်၏ပါးတစ်ဖက်ကိုသူတစ်ပါးပုတ်လျှင် ပါးတစ်ဖက်ကိုလှည့်၍ပေးဦးလော့” ဟုမိန့်တော်မူ၏။

ယင်းသို့ဩဝါဒပေးတော်မူခြင်းမှာ ဓမ္မဟောင်းကျမ်းကိုပြန်၍ ထုတ်ဖေါ်ခြင်းဖြစ်ပါသည်။ "မျက်စိကိုဖျက်သည့်အတွက် မျက်စိဖျက်ခြင်းကိုလည်းကောင်း၊ သွားကိုချိုးသည့်အတွက် သွားချိုးခြင်းကိုလည်းကောင်း" ဟု ဝတ်ပြုရာကျမ်း၊ ၂၄း၂၀ တွင်ဖေါ်ပြထားသည်မှာ မောရှေအားဖြင့်ဆင့်ဆိုထားသည့်ပညတ်တရား၏ပြဋ္ဌာန်းချက်တစ်ခု အမှန်ပင်ဖြစ်ပါသည်။ သို့သော် ၎င်းမှာ ပြည်ထဲရေးနှင့်ဆိုင်သောဥပဒေ ဖြစ်ပါသည်။ "ငါသည်ရန်တုံ့ပြုမည်ဟုမဆိုနှင့်၊" "သူသည် ငါ၌ပြုအပ်သည့်အတိုင်း သူ၌ပြုမည်......ဟုမဆိုနှင့်၊" "သင်၏ရန်သူလဲသော အခါ ဝမ်းမမြောက်နှင့်၊" "သင်၏ရန်သူသည် မွတ်သိပ်လျှင်လုပ်ကျွေးလော့၊ ရေငတ်လျှင်သောက်စရာဖို့ပေးလော့" ဟု သခင်ဘုရား၏နှုတ်တော်ထွက်စကားများရှိသောကြောင့် အဘယ်သူမျှကိုယ်တိုင်ကလဲ့စားချေခြင်းဖြင့် တရားမျှတမှုမရနိုင်ပါ။ သု၊ ၂၀း၂၂။ ၂၄း၂၉၊၂၇။ ၂၅း၂၁။

ခရစ်တော် ဤလောကတွင်သက်ရှင်နေထိုင်တော်မူခဲ့စဉ်က ယင်းအခြေခံသဘောတရားများကို ကိုယ်တိုင်ကျင့်သုံးခြင်းဖြင့်ဖေါ်ထုတ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကောင်းကင်အိမ်တော်ကိုစွန့်၍ ဤလောကသို့ဆင်းကြွလာတော်မူခဲ့သည်မှာ မိမိရန်သူများအား အသက်မှန့်ပေးဖို့ဖြစ်ပါသည်။ ကိုယ်တော်၏အသက်တာတစ်လျှောက် ပုခက်တွင်းမှသင်္ချိုင်းဂူတွင်းသို့ရောက်သည့်တိုင်အောင် ကိုယ်တော်အား သားပုပ်လေလွင့်ပြောခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းအမျိုးမျိုးပြုကြသော လည်း ခွင့်လွှတ်တတ်သောမေတ္တာတော်ကိုသာပြတော်မူ၏၊ "ရိုက်သော သူတို့အား ငါ့ကျောကိုလည်းကောင်း၊ နားပန်းဆံကိုနှုတ်သောသူကို အား ငါ့ပါးကိုလည်းကောင်း ငါအပ်ပေး၏။ အရှက်ခွဲခြင်းနှင့်တံတွေး

ထွေးခြင်းမှငါသည် ကိုယ်မျက်နှာကိုမလွှဲ။” “ထိုသူသည်ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာဆောင်သွားသောသိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍ သိုးသည်အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။” ဟေရှာယ ၅၁း၆။ ၅၃း၇။ ၎င်းအပြင် ကရာနီလက်ဝါးကပ်တိုင်မှမိမိကိုအသေသတ်သူများအတွက် ဆုတောင်းပတ္ထနာနှင့် သေလုဆဲသူခိုးကြီးအတွက်မြော်လင့်ခြင်းကို ခေတ်အဆက်ဆက်သို့တုင်ပေးတော်မူ၏။

ခရစ်တော်နှင့်အတူ ခမည်းတော်အစဉ်ရှိတော်မူသောကြောင့်ဤလောကအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်အရာမှအပ အခြားမည်သည့်အရာကိုမျှ ခရစ်တော်၏အပေါ်သို့မကျရောက်စေခြင်းငှာခမည်းတော်၏အကန့်အသတ်မရှိသောမေတ္တာတော်က ကာကွယ်ထားပါသည်။ ဤအချက်မှာ ကိုယ်တော်စိတ်သက်သာစေဖို့အတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်မှာလည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ခရစ်တော်၏ဝိညာဉ်တော်ကိုရသောသူသည် ခရစ်တော်နှင့်အတူနေထိုင်သောသူဖြစ်ပါသည်။ သူ့ကိုချိန်၍ထိုးနှက်သောအခါ သူ့ကိုဝန်းရံတော်မူသည့် ကယ်တင်ရှင်ကိုထိပါသည်။ သူ့ထံသို့ရောက်လာသောအရာမှန်သမျှ ခရစ်တော်ထံမှလာပါသည်။ ခရစ်တော်သည် သူ၏အကွယ်အကာဖြစ်တော်မူသောကြောင့် မကောင်းမှုကို သူကိုယ်တိုင်ခုခံဖို့မလိုပါ။ သခင်ဘုရားခွင့်ပြုတော်မမူပါက သူ့ကိုအဘယ်အရာကမျှမတို့မထိနိုင်ပါ။ “ဘုရားသခင်ကိုချစ်သော ..... သူတို့၏အကျိုးကိုခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြ၏။” ရောမ ၈း၂၈။

"သင့်အင်္ကျီကိုယူလို၍ တရားတွေ့သောသူအား သင့်ဝတ်ရုံကို လည်းယူစေခြင်းငှာ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကိုအနိုင် ပြု၍ ခရီးတစ်တိုင်သွားစေ၏။ ထိုသူနှင့်တကွနှစ်တိုင်သွားဦးလော့။"

တပည့်တော်များအနေဖြင့် အာဏာပိုင်တို့၏တောင်းဆိုချက် များကို မငြင်းဆန်ရုံသာမက တောင်းဆိုသည်ထက်ပင် ပို၍ဆောင်ရွက် ပေးဖို့ ယေရှုရှင်မိန့်မှာတော်မူ၏။ ပေးအပ်သည့်တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌တတ်နိုင်ပါက နိုင်ငံအတွင်းပြဋ္ဌာန်းသည့်စည်းမျဉ်းဥပဒေ ထက်ပင် ပို၍ဆောင်ရွက်ပေးသင့်ကြောင်း မှာထားတော်မူ၏။ မောရှေ အားဖြင့် ပြဋ္ဌာန်းထားသည့်စည်းမျဉ်းဥပဒေအရ ဆင်းရဲနွမ်းပါးသူများ အား ကြင်နာစွာစောင့်ရှောက်ကြဖို့လိုအပ်ပါသည်။ ဆင်းရဲသောသူတစ် ယောက်အနေဖြင့် မိမိချေးယူသောငွေအတွက် အာမခံအဖြစ် မိမိအဝတ် အထည်ကိုပေးသောအခါ မြီရှင်အနေဖြင့် နေအိမ်အတွင်းသို့ဝင်ခွင့် မရှိပါ၊ မိမိထံယူလာဖို့ လမ်းပေါ်မှစောင့်နေရပါသည်။ ၎င်းအပြင် အခြေအနေမည်သို့ပင်ဖြစ်ပေါ်လာစေကာမူ ယင်းအပေါင်းပစ္စည်းကို ပိုင်ရှင်အား ညဥ့်အချိန်ရောက်သောအခါ ပြန်၍ပေးရပါမည်။ တရား ဟောရာကျမ်း ၂၄း၁၀–၁၃။ ယင်းကရုဏာနှင့်ယှဉ်သောပြဋ္ဌာန်းချက် များကို ခရစ်တော်ခေတ်ရောက်သောအခါ စောင့်ထိန်းသူမရှိသလောက် ဖြစ်နေလေပြီ။ သို့သော် တပည့်တော်တို့အနေဖြင့် တရားရုံးဆုံးဖြတ် ချက်များကိုလိုက်နာကြဖို့၊ အကယ်၍ မောရှေ၏ပညတ်ထက်ပို၍ တောင်းဆိုလျှင်ပင် လိုက်လျောကြဖို့၊ သူတို့၏အဝတ်အထည်တစ်ချို့ တစ်ဝက်ကိုတောင်းဆိုပါက ပေးကြဖို့ ယေရှုရှင်မှာထားတော်မူ၏။ ဤထက်ပို၍မှာထားတော်မူသည်မှာ မြီရှင်အားပေးအပ်စရာရှိသည်များ ကိုပေးဆပ်ကြဖို့၊ အကယ်၍ တရားရုံးကဆုံးဖြတ်သည့်အတိုင်းအတာ

ထက်ပို၍ ပေးဆပ်ရန်တောင်းဆိုပါကပေးဆပ်ဖို့၊ "သင့်အင်္ကျီကိုယူ၍ တရားတွေ့သောသူအား သင့်ဝတ်ရုံကိုလည်းယူစေခြင်းငှာ အခွင့်ပေးဦးလော့" ဟုယေရှုရှင်မှာထားတော်မူ၏။ ဆက်သားဖြစ်သူက သင့်အား တစ်မိုင်ခရီးကိုသွားဖို့တောင်းဆိုပါက သူနှင့်အတူနှစ်မိုင်သွားဦးလော့ ဟုလည်း မှာထားတော်မူ၏။

ယေရှုရှင်ဆက်လက်၍မှာထားတော်မူသည်မှာ– "တောင်းသောလူအားပေးလော့၊ ချေးငှားလိုသောသူကိုလည်းမငြင်းမပယ်နှင့်" ဟူသတည်း။ ယင်းသင်ခန်းစာကိုမောရှေအားဖြင့်လည်း သင်ပြထားတော်မူခဲ့သည်မှာ– "ဆင်းရဲသောညီအစ်ကို၌ သင်သည် သနားသောစိတ်ကို မချုပ်တည်းရ၊ လက်ကိုလည်းမပိတ်ရ၊ သင်၏လက်ကိုသူ့အဖို့ကျပ်ကျပ်ဖွင့်၍ သူ၏ဆင်းရဲပျောက်လောက်အောင်ချေးငှားရမည်။" တရားဟောရာကျမ်း ၁၅း၇၊၈။ ကယ်တင်ရှင်၏ဩဝါဒကို ဤကျမ်းချက်ကသဘောပေါက်စေပါသည်။ ဆင်ခြင်သုံးသပ်ခြင်းမပြုဘဲ တောင်းသမျှပေးရမည်ဟု ယင်းကျမ်းချက်ကမသွန်သင်ပါ။ "သူ၏ဆင်းရဲပျောက်လောက်အောင် ချေးငှားရမည်" ဟုဆိုထားခြင်းမှာ ချေးငှားခြင်းမဟုတ်၊ ပေးကမ်းစွန့်ကြဲခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှင်လုကာ ၆း၃၅ တွင် "တစ်စုံတစ်ခုကိုရမည်ဟုမျှော်လင့်ခြင်းမရှိဘဲ ချေးငှားကြလော့" ဟူ၍ရေးထားသည်ကိုဖတ်ရပါသည်။

> "မိမိ၏စွန့်ကြဲပေးကမ်းစရာများနှင့်အတူ ကိုယ်ကိုကိုယ်ပေးစွန့်သောသူသည် သုံးဦးသောသူတည်းဟူသော မိမိကိုယ်ကိုလည်းကောင်း၊ မိမိနှင့်စပ်ဆိုင်သောသူကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း ကျွေးမွေးသောသူဖြစ်၏။"

### "သင်တို့၏ရန်သူကိုချစ်ကြလော့။"
### မဿဲ ၅း၄၄။

"နှောင့်ယှက်သောသူတို့ကိုမဆီးတားနှင့်" ဟုကယ်တင်ရှင်က ဩဝါဒပေးတော်မူသောအခါ ကလဲ့စားချေတတ်သောယုဒပရိသတ်အဖို့ ခက်ခဲသောဆိုရိုးစကားတစ်ရပ်ဖြစ်နေပါသည်။ ထိုကြောင့် အချင်းချင်း မုန်းတီးတိုးဝေဖန်နေကြသောအချိန်တွင် ပို၍ကြီးသောပညတ်ကိုပေးတော် မူ၏။

"ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်လော့၊ ရန်သူကိုမုန်းလော့ဟူသော ပညတ်စကားကိုသင်တို့ကြားရပြီ၊ ငါပညတ်သည်ကား သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှာ သင်တို့၏ရန်သူကိုချစ်ကြလော့၊ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့၊ သင်တို့ကိုမုန်းတီးသောသူတို့အား ကျေးဇူးပြုကြလော့၊ သင်တို့ကိုညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကိုဆုတောင်းကြလော့။"

ယင်းသဘောတရားပါသောပညတ်ကို ယုဒဘာသာရေးခေါင်း ဆောင်များက အဓိပ္ပါယ်လွဲမှားအောင်အနက်ဖွင့်ဆိုလျက် တင်းကျပ်သည့် ဥပဒေများအဖြစ်သို့ရောက်စေခဲ့ပါသည်။ သူတို့ကိုယ်သူတို့ အခြားသူတို့ ထက်သာသည်၊ ဣသရေလအမျိုးဖြစ်သောကြောင့် သီလဂုဏ်တော်အား ဖြင့် ဘုရားသခင်ထံတော်မှမျက်နှာရသူများဖြစ်သည်ဟု သဘောထား ကြပါသည်။ သို့သော် သူတို့၏လုပ်ဆောင်ပုံများသည် သူတို့ရှုတ်ချသော အခွန်ခံတို့နှင့်အပြစ်သားများထက် ပို၍မြင့်မြတ်သည့်ရည်ရွယ်ချက် များဖြင့် လုပ်ဆောင်ပေးကြောင်း သာဓကထင်ရှားပါမှ ယင်းလုပ်ဆောင် ချက်များသည် ခွင့်လွှတ်တတ်သောမေတ္တာဖြင့် လုပ်ဆောင်ခြင်းဖြစ် လိမ့်မည်ဟု ယေရှုရှင်ကထောက်ပြတော်မူ၏။

ဤစကြဝဠာကြီးကိုစိုးပိုင်တော်မူသောအရှင်အား "ကျွန်ုပ်တို့၏ အဘ" ဟု နာမတော်သစ်ဖြင့် မိမိ၏တရားနာပရိသတ်အား ယေရှုရှင် ကညွှန်ပြတော်မူရာ၌ ဘုရားသခင်၏နှလုံးတော်သည် မည်မျှလောက် သိမ်မွေ့စွာဖြင့် သူတို့အားတမ်းတတော်မူကြောင်း ထင်ရှားပြတော်မူ၏။ "အဘသည် သားတို့ကိုသနားစုံမက်သည်နည်းတူ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏။" ဟု ဆာလံ ၁၀၃း၁၃ ၌ဖေါ်ပြပါရှိသည့်အတိုင်း ပျောက်ဆုံးနေသောသူတိုင်းအတွက် ဘုရား သခင်စိုးရိမ်တော်မူကြောင်းပြတော်မူ၏။ ဘုရားသခင်၏ယင်းအယူအဆ ကိုသမ္မာကျမ်းကသာ သွန်သင်ပါသည်။ အခြားသောဘာသာအယူဝါဒ များ ဤလောကအတွက် ယင်းသို့မသွန်သင်ပါ။ အကြီးမြင့်ဆုံးသော အရှင်သည် မေတ္တာတော်ရှင်မဟုတ်၊ ကြောက်လန့်စရာကောင်းသည့် အရာတစ်ခုသာဖြစ်သည်။ သားသမီးတို့အပေါ် မိမိ၏မေတ္တာတော် ဆုကျေးဇူးကိုသွန်းလောင်းတော်မူသည့်အဘဘုရားမဟုတ်၊ ပူဇော်ပသ ခြင်းများပြုမှသာ ကျေအေးတတ်သည့်ကြောက်မက်ဖွယ်သောဘုရား ဖြစ်သည်ဟု လူတို့ယူဆစေရန် မိစ္ဆာအယူဝါဒက သွန်သင်ပါသည်။ ဘုရားသခင်၏အကြောင်းနှင့်စပ်လျဉ်း၍ ရှေးပုရောဖက်များ၏ယင်း သွန်သင်ချက်တို့ကို ဣသရေလပရိသတ်ကပင်လျှင် မျက်စိမှောက်နေ ကြသောကြောင့် ဖခင်တို့၌ရှိအပ်သည့် ကိုယ်တော်၏မေတ္တာတော် အကြောင်းနှင့်ပတ်သက်သည့် မြတ်တော်မသောသွန်သင်ချက်ကို ယခုကဲ့သို့ဖွင့်ပြတော်မူသောအခါ ဤကမ္ဘာအတွက်လက်ဆောင်သစ် ဖြစ်သည်၊ ယခုမှအစပြုသည့် ဘာသာရပ်ဖြစ်သည်ဟုယူဆကြပါသည်။

မိမိအား ကိုးကွယ်ဝတ်ပြုသူများကိုသာ ဘုရားသခင်ချစ်မြတ် နိုးတော်မူသည်ဟု ယုဒလူတို့မှတ်ယူခဲ့ကြပါသည်။ သူတို့၏ရှုထောင့်

အရဆိုပါက ယုဒဓမ္မဆရာတို့၏ဆင့်ဆိုချက်များကို လိုက်နာသော သူများကိုသာ ဘုရားသခင်ကချစ်တော်မူသည်၊ အခြားလူမျိုးအပေါင်း ကို ဘုရားသခင်မနှစ်မြို့သည်သာမက ကျိန်ခြင်းအမင်္ဂလာကိုခံရသော သူများဖြစ်သည်ဟုသဘောထားကြပါသည်။ ယေရှုရှင်၏ဩဝါဒမှာ ယင်းသို့မဟုတ်ပါ၊ ဆိုးသူကောင်းသူမခွဲမခြားဘဲ ကမ္ဘာသူကမ္ဘာသားအား လုံးကို ဘုရားသခင်၏မေတ္တာရောင်ခြည်ဖြင့် ဖုံးအုပ်ထားတောမူ၏။ ယင်းအမှန်တရားကိုသဘာဝဓမ္မမှသင်ယူရရှိပြီးဖြစ်သင့်ပါသည်။ အဘယ် ကြောင့်ဆိုသော် ဘုရားသခင်သည် "ကောင်းသောသူ၊ မကောင်းသော သူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏၊ ဖြောင့်မတ်သော သူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။"

ဤကမ္ဘာမြေကြီးသည် နေကိုအချိန်မှန်ဆက်တိုက်လှည့်ပတ်လျက် နှစ်စဉ်နှစ်တိုင်းရာသီအလိုက် စားရန်သောက်ဖွယ်မျိုးစုံနှင့်တကွ လိုအပ် သည့်အရာခပ်သိမ်းကိုပေါပေါများများထုတ်ပေးနေခြင်းမှာ ပင်ကိုသတ္တိ ကြောင့်မဟုတ်ပါ၊ ကောင်းကင်ဂြိုလ်နက္ခတ်ရှိသမျှ သူ့လမ်းနှင့်သူ အစီအစဉ်အတိုင်းလည်ပတ်နေကြစေရန် ဘုရားသခင်၏လက်တော်ဖြင့် လမ်းညွှန်နေတော်မူသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်၏တန်ခိုးတော် အားဖြင့် နွေရာသီ၊ မိုးရာသီဟူ၍လည်းကောင်း၊ မျိုးစေ့ကြဲချိန်၊ ရိတ်သိမ်း ချိန်ဟူ၍လည်းကောင်း၊ နေ့အချိန်၊ ညဥ့်အချိန်ဟူ၍လည်းကောင်း ပုံမှန်အတိုင်းဆက်လက်ဖြစ်စေပါသည်။ ကိုယ်တော်၏နှုတ်တော်ထွက် အမိန့်အားဖြင့် သစ်သီးဝလံများဖွံ့ဖြိုးကြပါသည်၊ သစ်ရွက်များထွက်၍ အပွင့်များအချိန်မှန်ဖူးပွင့်ကြပါသည်။ ကျွန်ုပ်တို့၌ရှိသည့်ကောင်းသော အရာမှန်သမျှ၊ နေထွက်ရာနေ့တိုင်း၊ မိုးရွာသွန်းရာရက်တိုင်း၊ အနည်း ငယ်မျှသောစားစရာကိုရတိုင်း၊ အသက်ရှင်ခွင့်ရသောအခိုက်အတန့်သည် မေတ္တာတော်ဆုကျေးဇူးများဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ချစ်စရာမကောင်း၊ မချစ်တတ်လျက်ပင်၊ "အချင်းချင်းမုန်းသောသူဖြစ်လျက်ပင်၊" ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်ကရုဏာထားတော်မူ၏။ "ငါတို့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်၏စေတနာစိတ်တော်နှင့် လူတို့ကိုချစ်တော်မူသောမေတ္တာတော်သည် ပေါ်ထွန်းသောအခါ ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့်......ငါတို့ကိုကယ်တင်တော်မူ၏။" တိတု၊ ၃း၃–၅။ ကိုယ်တော်၏မေတ္တာတော်ကို ကျွန်ုပ်တို့သည် ယင်းမေတ္တာတော်နှင့်အညီ ကြင်နာခြင်းနှင့်သိမ်မွေ့ခြင်းရှိကြပေလိမ့်မည်။ ယင်းမေတ္တာမျိုးသည် ကျွန်ုပ်တို့ကျေနပ်သောသူများကိုသာမဟုတ်၊ အချို့တဲ့ဆုံးသောသူ၊ အမှားယွင်းဆုံးသောသူ၊ ဒုစရိုက်နှင့်အပြည့်ဝဆုံးသောသူတို့ကိုပင် ကရုဏာသက်ဝင်လိမ့်မည်။

ဘုရားသခင်၏သားသမီးများဆိုသည်မှာ– ကိုယ်တော်ရှင်၏သဘာဝကိုဆက်ဆံသောသူများဖြစ်ပါသည်။ ဘုရားသခင်၏မိသားစုဝင်ဖြစ်ဖို့ လောကီဂုဏ်အဆင့်မလိုပါ။ လူသားအချင်းချင်းကိုချစ်တတ်သည့်မေတ္တာစစ်မေတ္တာမှန်သာလိုအပ်ပါသည်။ ဒုစရိုက်သားများပင်လျှင် ဘုရားသခင်၏ဝိညာဉ်တော်ကို လုံးလုံးလျားလျားမငြင်းပယ်ပါက ကြင်နာမှုကို ကြင်နာမငဖြင့်တုံ့ပြန်လိမ့်မည်။ သူတို့ကိုမုန်းသောသူတို့အား ပြန်၍မုန်းကြစေကာမူ မေတ္တာကိုမေတ္တာနှင့်တုံ့ပြန်ကြပေလိမ့်မည်။ သို့သော်မုန်းတီးခြင်းကိုမေတ္တာဖြင့်တုံ့ပြန်ဖို့ဆိုပါက ဘုရားသခင်၏ဝိညာဉ်တော်ပါဝင်ဖို့လိုအပ်ပါသည်။ ကျေးဇူးမသိတတ်သောသူနှင့် ဆိုးညစ်သောသဘောရှိသူတို့အား ကြင်နာခြင်း၊ မည်သည့်အရာကိုမျှ

မမျှော်ကိုးဘဲ ကောင်းမှုပြုခြင်းများသည် အမြင့်ဆုံးသောဘုရားသခင်၏ အဆင့်မြင့်သားသမီးများဖြစ်ကြောင်း ဖော်ပြသည့်အမှတ်လက္ခဏာမှန် ဖြစ်၍ ကောင်းကင်ဘုရင်၏တံဆိပ်အမှတ်အသားလည်းဖြစ်ပါသည်။

**"ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော**
**သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ**
**သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။"**
**မဿဲ ၅း၄၈။**

"ထို့ကြောင့်" ဆိုသည့်စကားရပ်မှာ– အထက်ကဆိုခဲ့ပြီးသည့် အကြောင်းအချက်များနှင့်ပတ်သက်၍ နိဂုံးချုပ်ကောက်ချက်ချရန် ဦးတည်လိုက်ခြင်းဖြစ်ပါသည်။ ယေရှုရှင်သည် မိမိ၏တရားနာပရိသတ် အဖို့ ဘုရားသခင်၏အမှန်အားကိုးအားထားပြုနိုင်သော ကရုဏာမေတ္တာ တော်အကြောင်းကို သရုပ်ဖော်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပရိသတ် အနေဖြင့်လည်း စုံလင်ခြင်းရှိကြဖို့မိန့်ကြားတော်မူ၏။ သင်တို့၏ကောင်း ကင်ဘုံရှင်အဘဘုရားသခင်သည် "ကျေးဇူးမသိတတ်သောသူ၊ ဆိုးညစ် သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ" သည်ဖြစ်၍လည်း ကောင်း၊ (လုကာ ၆း၃၅)၊ သင်တို့၏ဘဝကိုမြှင့်တင်ရန် အလို့ငှာ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူသည်ဖြစ်၍ သင်တို့သည် ကောင်းကင်တမန် တို့ရှေ့၊ လူတို့ရှေ့၌အပြစ်အနာအဆာမရှိဘဲ ရပ်တည်နိုင်ကြစေရန် အလိုရှိတော်မူသည်ဟု ယေရှုရှင်မိန့်တော်မူ၏။

ကျေးဇူးတော်အားဖြင့် ထာဝရအသက်ရဖို့ အခြေခံစည်းမျဉ်းများမှာ ဧဒင်ဥယျာဉ်ခေတ်ကအတိုင်းပင်ဖြစ်ရာ စုံလင်သောဖြောင့်မတ်ခြင်း၊ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ကိုယ်တော်၏မေတ္တာတော်ဆိုင်ရာပညတ်တရား၏အခြေခံသဘောတရားများကို စုံလင်စွာလိုက်လျောညီထွေ ကျင့်စောင့်ခြင်းတို့ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင်ဖွင့်ပြထားသည့်အကျင့်စာရိတ္တအဆင့်အတန်းသည် ဓမ္မသစ်ကျမ်း၌ဖွင့်ပြထားသည့်အကျင့်စာရိတ္တအဆင့်အတန်းနှင့်တူညီပါသည်။ ယင်းအဆင့်အတန်းမှာ ကျွန်ုပ်တို့လိုက်၍ မမီနိုင်သောအဆင့်အတန်းမဟုတ်ပါ။ ဘုရားသခင်ပြဋ္ဌာန်းတော်မူသည့်ပညတ် (သို့မဟုတ်) စည်းမျဉ်းတိုင်းကိုအသေချာဆုံးသောကတိတော်တစ်ခုစီဖြင့် အခြေခံထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်နှင့်တူနိုင်ဖို့အသင့်စီမံထားတော်မူသည်ဖြစ်ရာ ကိုယ်တော်၏ကျေးဇူးတော်တန်ခိုးပျက်ပြယ်သည်တိုင်အောင်ဆန့်ကျင်ဘက်မပြုသောသူတိုင်း အောင်မြင်မှုရကြဖို့ ကိုယ်တော်ဆောင်ရွက်တော်မူပါလိမ့်မည်။

ကျွန်ုပ်တို့၏ဘုရားသခင်သည် ပြော၍မကုန်နိုင်သောမေတ္တာတော်ဖြင့် ကျွန်ုပ်တို့အားချစ်တော်မူသည်ဖြစ်ရာ လူသား၏ဉာဏ်ဖြင့်မသိနိုင်သည့် ယင်းမေတ္တာတော်အတိမ်အနက်၊ အနံအလျား အနည်းငယ်မျှလောက်ကိုပင်နားလည်ပါက ကျွန်ုပ်တို့၌ရှိသောချစ်ခြင်းမေတ္တာနိုးထလိမ့်မည်၊ ခရစ်တော်၏ချစ်ခြင်းနိုးဖွယ်ရာဆွဲဆောင်နိုင်စွမ်းကို ဖွင့်ပြခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့သည်အပြစ်သားဖြစ်လျက်ပင်ခရစ်တော်သည် ကျွန်ုပ်တို့အားချစ်တော်မူကြောင်းကိုသိရခြင်းအားဖြင့်လည်းကောင်း ခိုင်မာသောနှလုံးသားအရည်ပျော်လျက်သိမ်မွေ့ခြင်းသို့ရောက်ပြီးလျှင် အပြစ်သားသည်ပြောင်းလဲ၍ ကောင်းကင်၏သားသမီး

တစ်ဦးဖြစ်လာပါသည်။ ဘုရားသခင်သည် အနိုင်အထက်ပြုသော လမ်းစဉ်ကို အသုံးပြုတော်မမူပါ။ နှလုံးသားအတွင်းမှအပြစ်ကိုနှင်ထုတ်ရန် မေတ္တာလမ်းစဉ်ကိုအသုံးပြုတော်မူ၏။ ယင်းမေတ္တာလမ်းစဉ်ဖြင့် မာန်မာနထောင်လွှားခြင်းကို နူးညံ့သိမ်မွေ့ခြင်းသို့လည်းကောင်း၊ ရန်ငြိုးဖွဲ့ခြင်းနှင့် မယုံကြည်ခြင်းကိုမေတ္တာနှင့် ယုံကြည်ခြင်းသို့လည်းကောင်း ပြောင်းပေးတော်မူ၏။

ယုဒပရိသတ်အနေဖြင့် စုံလင်ခြင်းသို့ရောက်ဖို့ ပင်ပန်းကြီးစွာကိုယ်တိုင်အားထုတ်ကြိုးပမ်းမှုပြုကြသော်လည်း မအောင်မြင်ကြပါ။ သူတို့၏ဖြောင့်မတ်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတော်သို့မည်သည့်အခါတွင်မျှမရောက်နိုင်ကြောင်း ခရစ်တော်က သူတို့အားမိန့်ကြားပြီးဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်ရမည့်သူများ ပိုင်ဆိုင်ကြမည့်ဖြောင့်မတ်ခြင်းဆိုင်ရာသီးခြားထင်ရှားသည့်အရည်အချင်းများကို ယခုပင်ကိုယ်တော်ညွှန်ပြတော်မူ၏။ တောင်ပေါ်မှဟောကြားတော်မူသည့်မင်္ဂလာတရားတော်၌ ယင်းအကျိုးကျေးဇူးများကို တစ်ဆက်တည်းရှင်းလင်းဖော်ပြတော်မူလျက် ယခုတွင် ဘုရားသခင်သည် "စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့" ဟု ဝါကျတစ်ခုတည်းဖြင့် ယင်းအကျိုးကျေးဇူးတို့၏မူလအစနှင့်သဘာဝကိုညွှန်ပြတော်မူ၏။ ပညတ်တော်သည် ဘုရားသခင်၏ဂုဏ်တော်ကိုပုံတူကူးထားခြင်းဖြစ်ပါသည်။ ဘုရားသခင်အုပ်စိုးတော်မူခြင်းဆိုင်ရာ မူလအုတ်မြစ်၏အခြေခံသဘောတရားများစုံလင်မှုထင်ရှားပုံကို ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့၏အဘ၌ ဖူးမြင်ကြပါကုန်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ နေမှနေရောင်ခြည်ဖြာထွက်သကဲ့သို့ ကိုယ်တော်ထံမှမေတ္တာ၊ အလင်းနှင့်ဝမ်းမြောက်

ခြင်းတို့သည် ကိုယ်တော်ဖန်ဆင်းတော်မူသည့်သတ္တဝါအပေါင်းသို့ စီးဆင်းပါသည်။ ပေးစွန့်ခြင်းသည် ကိုယ်တော်၏သဘာဝဖြစ်ပါသည်။ ကိုယ်တော်၏အသက်တာပင်လျှင် ကိုယ်ကျိုးမဖက်သောမေတ္တာတော် စီးဆင်းရာဌာနဖြစ်တော်မူ၏။

**"ကိုယ်တော်၏ဘုန်းတော်သည် ကိုယ်တော်၏**
**သားသမီးတို့အဖို့ ကောင်းကျိုးသာ၊**
**ကိုယ်တော်၏ဝမ်းမြောက်ခြင်းသည် နူးညံ့သိမ်မွေ့**
**သောဖခင်တို့၏သဘာဝပါ။"**

ကိုယ်တော်သည်စုံလင်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း စုံလင်ခြင်းရှိကြဖို့မိန့်တော်မူ၏။ ကိုယ်တော်သည် ဤစကြဝဠာကြီး အတွက် အလင်းနှင့်ကောင်းချီးမင်္ဂလာဗဟိုဌာနဖြစ်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝန်းကျင်ငယ်အတွက် အလင်းနှင့်ကောင်း ချီးမင်္ဂလာဗဟိုဌာနဖြစ်ရပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်၌ မည်သည့်အရာမျှ မရှိသော်လည်း ကျွန်ုပ်တို့အပေါ်သို့ကိုယ်တော်၏မေတ္တာတော်အရောင် ထွန်းလင်းပါက ကျွန်ုပ်တို့အနေဖြင့် ထိုအလင်းကိုရောင်ပြန်ဟပ်ရပါ မည်။ ဘုရားသခင်သည် မိမိ၏အတိုင်းအတာအားဖြင့် စုံလင်တော် မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း "ကိုယ်တော်ထံမှချေးငှားရရှိ ထားသည့်ကောင်းမြတ်တော်မူသည့်ကောင်းမှု" ဖြင့် ကျွန်ုပ်တို့၏အတိုင်း အတာနှင့်လျော်ညီစွာ စုံလင်နိုင်ကြပါလိမ့်မည်။

သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ.....စုံလင်ခြင်းရှိ ကြလော့ဟု ယေရှုရှင်သြဝါဒပေးတော်မူ၏။ အကယ်၍ သင်တို့သည်

ဘုရားသခင်၏သားသမီးများဖြစ်ကြပါက ကိုယ်တော်၏သဘာဝကို ဆက်ခံထားသူများဖြစ်လျက် ကိုယ်တော်နှင့်တူမည်သာဖြစ်ပါသည်။ သားသမီးတိုင်း မိမိ၏အဘထံမှရရှိထားသောအသက်ဖြင့် သက်ရှင်နေထိုင်ပါသည်။ သင်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြပါက ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် ဖြစ်ဖွားစေသောသားသမီးများဖြစ်ကြပါက ဘုရားသခင်၏အသက်ဖြင့် သင်တို့အသက်ရှင်ကြပါသည်။ "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား" လျက်ရှိတော်မူ၏။ ကောလောသဲ ၂း၉။ ၎င်းအပြင် "ငါတို့၏သေတတ်သောခန္ဓာ၌" ယေရှုရှင်သည် အသက်ရှင်တော်မူကြောင်းထင်ရှားပါ၏။ ၂ကော ၄း၁၁။ သင်၌ရှိသောထိုအသက်သည် ကိုယ်တော်၌ရှိသောအသက်အားဖြင့် ဖြစ်ဖွားစေသည့်အကျင့်စာရိတ္တနှင့်လုပ်ဆောင်မှုများကို ဖြစ်ထွန်းထင်ရှားစေပါလိမ့်မည်။ ယင်းသို့အားဖြင့် "ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏" ဟု ကျမ်းစာလာသည်နှင့်အညီ သင်သည် လည်းပညတ်တော်ဆိုင်ရာစည်းမျဉ်းတိုင်းနှင့် သဟဇာတဖြစ်လိမ့်မည်။ ဆာလံ ၁၉း၇။ "ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်" မေတ္တာဖြင့်ပြုပြင်ခြင်းအားဖြင့် "တရား၌ပါသောပညတ်တို့ကိုစောင့်ရှောက်" နိုင်ကြပေလိမ့်မည်။ ရောမ ၈း၄။

---ooo---

## ကောင်းမှုပြုခြင်းတွင်ရည်ရွယ်ချက်အမှန်

**"လူများတို့မြင်စေခြင်းငှာ ကိုယ်သီလအကျင့်ကို
သူ့ရှေ့မှောက်၌မကျင့်မည်အကြောင်း
သတိပြုကြလော့။" ရှင်မဿဲ ၆း၁။**

မင်္ဂလာတောင်တော်ပေါ်မှခရစ်တော်မြွက်ကြားတော်မူသည့် နှုတ်ကပါဌ်တော်မှာ ကိုယ်တော်ရှင်၏အသက်တာပုံစံဖြင့်ထင်ရှားစေပြီးသည့် နှုတ်မမြွက်သောဩဝါဒများကိုဖော်ထုတ်ခြင်းသာဖြစ်ပါသည်။ သို့သော်ပရိသတ်ကသဘောမပေါက်ပါ။ ထိုမျှလောက်တန်ခိုးကြီးတော်မူပါလျက် အကောင်းဆုံးဟုသူတို့သဘောထားသောအရာကိုရဖို့ ယင်းတန်ခိုးအာဏာကို မည်သည့်အတွက်အသုံးမပြုကြောင်း သူတို့နားမလည်ကြပါ။ သူတို့၏စိတ်ဓါတ်၊ သူတို့၏စေတနာနှင့်သူတို့၏နည်းလမ်းများက ကိုယ်တော်နှင့်ဆန့်ကျင်နေပါသည်။ တရားတော်ကိုသူတို့အထူးပင်ရိုသေလေးစားကြပါသည်ဟု အဆိုပြုထားကြသော်လည်း အမှန်အားဖြင့် သူတို့ကိုယ်တိုင်ဂုဏ်ရှိဖို့ကိုသာ သူတို့အားထုတ်နေကြခြင်းဖြစ်ပါသည်။ ကိုယ်ကိုကိုယ်မြတ်နိုးပါက တရားတော်ကိုချိုးဖောက်ခြင်းသာဖြစ်ကြောင်း ခရစ်တော်အထင်အရှားပြတော်မူ၏။

ဖါရိရှဲတို့မြတ်နိုးသောအခြေခံသဘောတရားများမှာ ခေတ်အဆက်ဆက်မှလူသားတို့၏သဘာဝသဘောသာဖြစ်ပါသည်။ ဖါရိရှဲအယူဝါဒမှာ လူသား၏သဘာဝစိတ်ဓါတ်ပင်ဖြစ်ပါသည်။ မိမိ၏သဘောထားနှင့်နည်းလမ်းတို့မှာ ယုဒဆရာတို့၏သဘောထားနည်းလမ်းများနှင့်ဆန့်ကျင်ကြောင်း၊ မိမိ၏ဩဝါဒများမှာမူကား ခေတ်အဆက်ဆက်မှ

လူသားတို့တူညီစွာလိုက်နာကျင့်သုံးဖို့ဖြစ်ကြောင်း ကယ်တင်ရှင်ဖော်ပြတော်မူ၏။

ခရစ်တော်ခေတ်က ဖါရိရှဲတို့အနေဖြင့် ကောင်းကင်ဘုံကအသိအမှတ်ပြုဖို့ကျိုးစားခြင်းမှာ လောကီရေးရာဂုဏ်အသရေရှိဖို့နှင့် ဥစ္စာပစ္စည်းပေါကြွယ်ဝဖို့အတွက်ဖြစ်ပါသည်။ ယင်းသို့ကြွယ်ဝဂုဏ်ရှိခြင်းမှာလည်း သူတို့၏ကောင်းမှုကုသိုလ်အတွက်ဆုမင်္ဂလာဖြစ်သည်ဟုသဘောထားကြပါသည်။ ယင်းသို့သူတို့ကောင်းမှုပြုကြရာ၌လည်း လူထုပရိသတ်ရှေ့မှောက်တွင် ပြစား၍ပြုကြပါသည်။ သို့ပါလျက် သူတို့သည် စင်ကြယ်သောသူများဖြစ်ကြောင်း ပရိသတ်ရှေ့တွင်ပေါ်လွင်ထင်ရှားကျော်ကြားစေဖို့နှင့် ပရိသတ်၏စိတ်ကိုဆွဲဆောင်ဖို့ ယင်းသို့ပြုခြင်းဖြစ်ပါသည်။

ယင်းသို့သူတို့ဟန်ပြဝါကြွားကြပုံကို ယေရှုရှင်ကပြစ်တင်ဆုံးမတော်မူလျက်၊ ယင်းသို့သောကောင်းမှုပြုပုံကို ဘုရားသခင်အသိအမှတ်ပြုတော်မမူကြောင်း၊ သူတို့အထူးတလည်လိုလားကြသည့်အတိုင်း လူအများကချီးကျူးခြင်း၊ မြှောက်ပင့်ပြောဆိုခြင်းများကိုသာ သူတို့ရရှိကြလိမ့်မည်ဖြစ်ကြောင်း၊ အခြားဆုမင်္ဂလာရဖို့မရှိတော့ကြောင်း ခရစ်တော်မိန့်ကြားတော်မူ၏။

"သင်သည်အလှူဒါနကိုပေးသောအခါ ပေးကြောင်းကိုမထင်ရှားစေခြင်းငှာ လက်ယာလက်ပြုသည့်အမှုကို လက်ဝဲလက်မသိစေနှင့် မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့" ဟု ကိုယ်တော်မိန့်တော်မူ၏။

ယင်းသို့ယေရှုရှင်မိန့်တော်မူရာ၌ စေတနာမှန်ဖြင့်ပြုသောကောင်းမှုများကို အစဉ်ဝှက်ထားရမည်ဟုမဆိုလိုပါ။ သန့်ရှင်းသော

ဝိညာဉ်တော်တိုက်တွန်းခြင်းဖြင့် တမန်တော်ရှင်ပေါလုက မာကေဒေါနိ ခရစ်ယာန်များအနေဖြင့် ကိုယ်ကျိုးမဖက် ရက်ရောသောစေတနာဖြင့် ပြုကြသည့်ကောင်းမှုများအကြောင်းကို လျှို့ဝှက်၍မထားဘဲ သူတို့၌ ပြုတော်မူသည့်ခရစ်တော်၏ကျေးဇူးတော်များအကြောင်းကိုလည်းကောင်း၊ သူတို့၏ရက်ရောသောစေတနာကို သူတစ်ပါးတို့က အတုယူကြပုံကို လည်းကောင်းဖော်ထုတ်၍ပြောခဲ့ပါသည်။ ထိုမျှမက ကောရိန်သုအသင်း တော်အား "ထိုသို့သင်တို့စေတနာစိတ်အားကြီးခြင်းအကြောင်းအရာ သည် အများသောသူတို့ကိုနှိုးဆော်တိုက်တွန်းလေပြီ" ဟုစာဖြင့် ချီးကျူး လိုက်ပါသည်။ ၂ကောရိန်သု ၉း၂။

ခရစ်တော်၏ဩဝါဒမှာ အဓိပ္ပါယ်ရှင်းလှပါ၏။ လူတို့ထံမှ ချီးကျူးဂုဏ်ပြုခြင်းကိုခံရဖို့အတွက် ရည်ရွယ်ချက်ဖြင့် ကောင်းမှုမပြု သင့်ကြောင်း၊ ဘုရားဝတ်၌အမှန်မွေ့လျော်ပါက ပြစားဖို့ကြိုးစားလိမ့် မည်မဟုတ်ကြောင်း၊ သူတစ်ပါးကချီးကျူးဖို့ မြှောက်ပင့်ပြောဆိုဖို့ လုလားနှစ်သက်သောသူများမှာ အမည်အားဖြင့်သာ ခရစ်ယာန်များ ဖြစ်ကြောင်းထင်ရှားနေပါသည်။

ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူအနေဖြင့် သူတို့ပြုသောကောင်းမှုများသည် ကိုယ်တော်၏တန်ခိုးတော်နှင့်ကျေးဇူး တော်အားဖြင့်သာ ပြုနိုင်ကြသောကြောင့် ကိုယ်တော်၏ဂုဏ်တော်ကို ထင်ရှားစေရန်အတွက်သာဖြစ်သင့်ပါသည်။ ပြုလေ့သမျှသောကောင်းမှု တို့မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ ပြီးမြောက်အောင်မြင် ပါသည်။ ဝိညာဉ်တော်ကိုပေးထားခြင်းမှာလည်း ယင်းဝိညာဉ်တော်ကို ရရှိထားသူဂုဏ်ကြီးဖို့မဟုတ်၊ ပေးထားတော်မူသောအရှင်၏ဂုဏ်တော်ကို ထင်ရှားစေဖို့အတွက်ဖြစ်ပါသည်။ ခရစ်တော်၏အလင်းရောင်ကိုရရှိ

ထားသောသူ၏နှုတ်မှ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလိမ့်မည်။ သင်၏ပတ္တနာများ၊ သင်၏တာဝန်ထမ်းဆောင်ပုံများ၊ သင်၏အလှူဒါနများ၊ သင်၏ကိုယ်ကျိုးကိုစွန့်၍ အနစ်နာခံပုံများသည် သင်၏အတွေးအခေါ် (သို့မဟုတ်) သင်၏အပြောအဆိုများကို ဦးတည်ထားလိမ့်မည်မဟုတ်ပါ။ ယေရှုရှင်၏ဂုဏ်တော်ကိုချီးမွမ်းလျက်၊ ကိုယ်ကိုကိုယ်ဝှက်ထားလျက်၊ နေရာတိုင်းတွင် ခရစ်တော်အားဦးစားပေးလျက် ထင်ရှားစေလိမ့်မည်။

ကျွန်ုပ်တို့သည် စေတနာစိတ်ထားကောင်းမွန်စွာဖြင့်ပေးကမ်းစွန့်ကြဲကြရပါမည်။ လူအများ၏အချီးအမွမ်းကိုခံလို၍ ပြစားလျက်ပြုသောကောင်းမှုကုသိုလ်မဖြစ်စေရပါ။ ဒုက္ခရောက်နေသူအားမေတ္တာနှင့်ကြင်နာစွာပြုစုရပါမည်။ စိတ်ရင်းမှန်သောရည်ရွယ်ချက်နှင့်စိတ်နှလုံးပါသောကြင်နာမှုကိုသာ ကောင်းကင်မှတန်ဖိုးထားပါသည်။ ရိုးသားသောချစ်ခြင်းမေတ္တာရှိ၍ မိမိ၏စိတ်နှလုံးကို လုံးဝဥဿုံဆက်ကပ်ထားသူအား ဩဖိရစ္ဆေစင်ထက်ပို၍ ဘုရားသခင်တန်ဖိုးထားတော်မူ၏။

ဆုလာဘ်ရဖို့စဉ်းစားဘဲ အများကောင်းကျိုးကိုသာရှေးရှုရမည်။ သို့သော် ယင်းသို့ဖြူစင်သောစိတ်ထားဖြင့်ပြုသည့်ကောင်းမှုအတွက်အကျိုးကျေးဇူးမခံစားရဘဲမနေပါ။ “မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။” ဘုရားသခင်ကိုယ်တော်တိုင်ပင်လျှင် ကျွန်ုပ်တို့အဖို့ မဟာဆုတော်ကြီးဖြစ်သောကြောင့် အခြားသောအရာအားလုံး အကျုံးဝင်နေပါသည်။ ကိုယ်တော်ကိုရသောသူသည် ကိုယ်တော်၏ဂုဏ်သိက္ခာတော်ကို မိမိ၏အကျင့်သီလ၌ခံယူထားပြီးဖြစ်၍ ကိုယ်တော်နှင့်တစ်သွေးတစ်သားတည်းဖြစ်လာပါသည်။ ထိုအခါ ကိုယ်တော်ကိုရရှိထားသည့်အတွက် ဝမ်းမြောက်

ခြင်းရှိပါသည်။ စိတ်တူသဘောတူခြင်းကိုသာ တန်ဖိုးထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူသားအချင်းချင်းအတွက် အကျိုးပြုဖို့ကိုယ်ကိုကိုယ် ဘုရားသခင်အားဆက်ကပ်ထားပြီးဖြစ်ပါမှ ကိုယ်တော်ကမိမိကိုယ်ကို ကျွန်ုပ်တို့အားပေးအပ်ထားမည်ဖြစ်ပါသည်။

ဘုရားသခင်၏ကြွယ်ဝသောဆုမင်္ဂလာများကို ဦးစွာပထမကျွန်ုပ်တို့လက်ခံမရရှိထားပါက သူတစ်ပါးအားလက်ဆင့်ကမ်းဝေငှဖို့လိုအပ်သောကောင်းချီးမင်္ဂလာအဖြာဖြာကို ကျွန်ုပ်တို့၏ကိုယ်စိတ်နှလုံးအတွင်းသို့ထားဖို့နေရာပေးနိုင်မည်မဟုတ်ပါ။ ပင်လယ်ရေပေါ်သို့ရောက်အောင်စီးဆင်းသည့်ရေစီးသောချောင်းကလေးအတွက် နေရာပေးသောတောင်ကမ်းပါးယံနှင့်မြေပြင်များ၌ ဆုံးရှုံးမှုလုံးဝမရှိပါ။ ယင်းသို့သူတို့က နေရာပေးကြသည့်အတွက် အဆပေါင်းများစွာသောအကျိုးကို သူတို့က ပြန်၍ရကြပါသည်။ အဘယ်ကြောင့်ဆိုသော် လမ်းတစ်လျှောက်လုံး သီချင်းဆိုလျက်စီးဆင်းလာသော ထိုချောင်းကလေးသည် သူသွားရာလမ်းတစ်လျှောက်လုံးကို စိမ်းလန်းစိုပြည်မှုပေးခဲ့ပါသည်။ ချောင်းကမ်းပါးတွင်ရှိသောမြက်ပင်ကလေးများကို ပို၍စိမ်းလန်းစိုပြည်စေလျက်၊ သီးပင်များကိုပို၍သီးပွင့်စေလျက်၊ ပန်းပင်များကိုပို၍ဖူးပွင့်စေပါသည်။ ပူပြင်းလှသောနွေရာသီအချိန်ကာလသို့ရောက်သောအခါ၌လည်း သွေ့ခြောက်၍အညိုရောင်သန်းနေသောမြေပြင်ပေါ်တွင် ချောင်းရိုးတစ်လျှောက်သာယာစိုပြည်သည့်အမှတ်အသားကိုပြထားပါသည်။ ထိုသို့တောင်ပေါ်မှရတနာရေစီးဆင်းရာဖို့နေရာပေးသောမြေပြင်သည် အလှအပနှင့်လန်းဆန်းမှုကိုဆင်မြန်းလျက် တင့်တယ်လှပစွာတည်နေသည်မှာ မိမိကဲ့သို့ပင် လောကီသားတို့အတွက် ကောင်းချီးမင်္ဂလာရတနာစီးဆင်းစေဖို့ ကိုယ်ကိုကိုယ်ဆက်ကပ်ထားသူများသည်လည်း မိမိနည်းတူ

ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုခံစားရလိမ့်မည်ဖြစ်ကြောင်း သာဓကပြနေခြင်းဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးသူများအား ကရုဏာပြကြသောသူတို့ခံစားရမည့် ကောင်းချီးမင်္ဂလာများနှင့်ပတ်သက်၍ ပုရောဖက်ဟေရှာယက "မွတ်သိပ်သောသူကိုအစာကျွေးခြင်း၊ နေရာမရှိဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင်အဝတ်ကိုပေးခြင်း၊ ကိုယ့်အသားကိုမရှောင်ဘဲနေခြင်းမဟုတ်လော။ သို့ပြုလျှင် သင်၏အလင်းသည် မိုးသောက်သောအလင်းကဲ့သို့ပေါ်ထွန်း၍ အလျင်အမြန်ကျန်းမာခြင်းသို့ရောက်လိမ့်မည်။ ......ထာဝရဘုရားသခင်သည် သင့်ကိုအစဉ်ပဲ့ပြင်တော်မူမည်၊ အစာခေါင်းပါးသောကာလ၌ဝစွာကျွေး၍......... သင်သည် ရေလောင်းသောဥယျာဉ်ကဲ့သို့လည်းကောင်း၊ ရေမပြတ်နိုင်သောစမ်းရေတွင်းကဲ့သို့လည်းကောင်းဖြစ်လိမ့်မည်။" ဟေရှာယ ၅၈း၇–၁၁။

ကရုဏာဖြင့်ရက်ရောစွာပေးလှူစွန့်ကြဲမှုအတွက် နှစ်ဆသောကောင်းချီးမင်္ဂလာကိုခံစားရပါသည်။ မရှိဆင်းရဲ၍ အမှန်ပင်လိုအပ်နေသောသူအား ပေးကမ်းစွန့်ကြဲပါက အခြားသောသူများအတွက်ပါကောင်းချီးမင်္ဂလာဖြစ်စေသည်သာမက မိမိကိုယ်တိုင်အနေဖြင့်လည်း အဆပေါင်းများစွာသောကောင်းချီးမင်္ဂလာကိုခံစားရပါသည်။ ခရစ်တော်၏ကျေးဇူးတော်သည် သူ၏စိတ်နှလုံးအတွင်း ထူးခြားသည့်အကျင့်သီလကို ဖွံ့ဖြိုးစေသောကြောင့် ကိုယ့်ဖို့သာ ကိုယ်သိတတ်သည့်မူလစိတ်နှင့်ဆန့်ကျင်လျက် သိမ်မွေ့နူးညံ့ခြင်း၊ မြင့်မြတ်ခြင်း၊ ဗဟုသုတကြွယ်ဝခြင်းဖြင့် ပြည့်ဝသည့်အသက်တာကိုဖြစ်ထွန်းစေပါသည်။ တိုးတိုးတိတ်တိတ်ပြုသည့်ကြင်နာမှုများအားဖြင့် စိတ်နှလုံးများစည်းလုံးမှုရကြပြီး ယင်းသို့ရက်ရောသည့်စိတ်ကိုနိုးထစေသောအရှင်၏စိတ်နှလုံးတော်

အနီးသို့ဆွဲယူခြင်းကိုခံရလိမ့်မည်။ အနည်းငယ်မျှသောဂရုစိုက်မှု၊ ကိုယ်ကျိုးမဖက်သောမေတ္တာဖြင့် အနည်းငယ်မျှသောပြုစုမှုတို့သည် ပန်းပွင့်ကလေးတစ်ပွင့်မှ ညင်သာစွာထွက်ပေါ်လာသည့်အမွှေးနံ့သာပမာ သူ၏အသက်တာမှမသိမသာထွက်ပေါ်လာစေကာမူ သူ၏အသက်အတွက်ရရှိသည့်ကောင်းချီးမင်္ဂလာနှင့်ပျော်ရွှင်မှုများမှာမူကား သေးငယ်လိမ့်မည်မဟုတ်ပါ။ သူတစ်ပါး၏ကောင်းကျိုးနှင့်ပျော်ရွှင်မှုအတွက် ကိုယ်ကျိုးစွန့်၍ ပြုသောကောင်းမှုမှန်သမျှသည် ဤလောက၌မည်မျှလောက်ပင်သေးငယ်၍ အများ၏ချီးကျူးခြင်းကိုမခံရစေကာမူ ကြွယ်ဝမှုအပေါင်းနှင့်ပြည့်စုံတော်မူသည့်အရှင်၊ ဘုန်းကြီးတော်မူသည့်ဘုရင်ဖြစ်တော်မူသော်လည်း ကျွန်ုပ်တို့အတွက်ဆင်းရဲခြင်းကိုခံတော်မူသည့် ကောင်းကင်ဘုံရှင်နှင့်အတူရှိကြောင်း ကောင်းကင်ကအသိအမှတ်ပြုခြင်းကိုခံရပါသည်။

ကြင်နာသောစိတ်ဖြင့် ကောင်းမှုကိုလျှို့ဝှက်၍ပင် ပြုခဲ့မည်ဖြစ်သော်လည်း ယင်းသို့ပြုသောသူ၏အကျင့်သီလအတွက် အကျိုးဖြစ်ထွန်းမှုကိုမူကား ဝှက်ထား၍မရနိုင်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူများပီသစွာ စိတ်ပါကိုယ်ရောက်လုပ်ဆောင်ပါက ဘုရားသခင်နှင့်အတူ ကိုယ်ချင်းစာစိတ်ရှိလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်ကလည်း ကျွန်ုပ်တို့၏စိတ်ကိုနှိုးဆော်တို့ထိတော်မူလိမ့်မည်။ ယင်းသို့ဘုရားသခင်တို့ထိတော်မူသောကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည်လည်း ကိုယ်တော်နှင့်မြင့်မြတ်စွာသဟဇာတဖြစ်လိမ့်မည်။

မိမိအားယုံမှတ်လွှဲအပ်ထားသည့်ဆုကျေးဇူးများကို ပညာဉာဏ်အမြော်အမြင်နှင့်ဖွံ့ဖြိုးစေသောသူတို့အား ဘုရားသခင်ကိုပို၍များသောစွမ်းရည်သတ္တိတို့ကိုပေးတော်မူ၏။ ထိုသို့ပေးအပ်ထားသည့်စွမ်းရည်

သတ္တိများကို တစ်ပါးတည်းသောသားတော်၏တန်ခိုးနှင့်ကျေးဇူးတော်အားဖြင့် အသုံးပြုလျက် ကောင်းမှုပြုကြပုံများကိုလည်း အသိအမှတ်ပြုဖို့ ဘုရားသခင်လိုလားနှစ်သက်တော်မူ၏။ ယင်းသို့ကောင်းမှုပြုခြင်းနှင့်ကောင်းသောဆန္ဒကိုပြခြင်းအားဖြင့် မိမိတို့၏ခရစ်ယာန်အကျင့်ခလေ့ဖွံ့ဖြိုးမှု၊ စုံလင်ဖို့ပြုစုပျိုးထောင်သောသူတို့အနေဖြင့် သူတို့ကြဲဖြန့်ထားသောမျိုးစေ့ကောင်းများအတွက် အသီးအနှံကောင်းများကိုလာလတ္တံ့သောကမ္ဘာသစ်တွင် ရိတ်သိမ်းရကြပေလိမ့်မည်။ ဤကမ္ဘာမြေကြီးပေါ်၌ အစပြုခဲ့သည့်အလုပ်သည် ပို၍မြင့်မြတ်သန့်ရှင်းသောအသက်တာသို့ရောက်သောအခါ ပြည့်စုံပြီးမြောက်ခြင်းသို့ရောက်၍ ထာဝရတည်လိမ့်မည်။

**"သင်သည်ဆုတောင်းပတ္ထနာပြုသောအခါ**
**လျှို့ဝှက်သောသူတို့နည်းတူမပြုနှင့်။'**
**ရှင်မဿဲ ၆း၅။**

ဖါရိရှဲတို့နာရီပေါင်းများစွာပတ္ထနာရွတ်ဆိုလေ့ရှိကြပါသည်။ များသောအားဖြင့် သူတို့သတ်မှတ်ထားသည့်နေရာ၌ဖြစ်စေ၊ ဝေးလှစွာသောဒေသတွင် သတ်မှတ်ထားသည့်အချိန်၌ဖြစ်စေ၊ လူသူလေးပါရှုပ်ရှက်ခက်သွားလာနေကြသည့်လမ်းဆုံလမ်းမ၌ဖြစ်စေ၊ ပရိသတ်စုံရာဈေးကွက်၌ဖြစ်စေ မတ်တတ်ရပ်လျက်သူတို့၏ထုံးစံအရ ပတ္ထနာရှည်ကြီးကို ကျယ်လောင်စွာရွတ်ဆိုတတ်ကြပါသည်။ မိမိကိုယ်တိုင်ဂုဏ်ထင်ရှားစေဖို့ ယင်းသို့ဘုရားဝတ်ပြုပုံကို စေတနာအပြည့်အဝနှင့် သခင်ယေရှုဆုံးမတော်မူ၏။ သို့သော်ပရိသတ်အလယ်၌ သခင်ယေရှုသဘောမတူဟုဆိုလိုခြင်းမဟုတ်ပါ။ မိမိကိုယ်တော်တိုင်ပင်လျှင် တပည့်တော်များနှင့်အတူ လူထုပရိသတ်ကြီးရှေ့တွင်ဆုတောင်းပတ္ထနာပြုတော်မူ၏။

သို့သော် ကိုယ်ရေးကိုယ်တာနှင့်သက်ဆိုင်သောပတ္ထနာကိုမူကား ပရိသတ် အလယ်တွင် တောင်းလျှောက်ဖို့မဟုတ်ကြောင်း သင်ပြတော်မူခြင်းဖြစ်ပါသည်။ တိတ်ဆိတ်သောနေရာ၌ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ကိုယ်ရေးကိစ္စပတ္ထနာသံများကို အခြားသူများမှအပ ပတ္ထနာသံတော်ကိုနားထောင်တော်မူသည့်ဘုရားသခင်ကိုယ်တော်တိုင် ကြားတော်မူစေရန်အတွက်သာဖြစ်ပါသည်။ မိမိ၏လေးသောဝန်ထုပ်အတွက် အသနားခံဆုပန်နေပုံကို စပ်စုလိုသောသူတို့ကြားဖို့မလိုပါ။

"သင်သည်ဆုတောင်းသောအခါ ဆိတ်ညံရာအခန်းသို့ဝင်၍" ဟု သခင်ယေရှုမိန့်တော်မူခြင်းမှာ ဆုတောင်းပတ္ထနာပြုဖို့အတွက် ဆိတ်ညံသောနေရာကိုရွေးချယ်ရန် မှာထားတော်မူခြင်းဖြစ်ပါသည်။ သခင်ယေရှုသည် ခမည်းတော်ဘုရားသခင်နှင့်ဆက်သွယ်ဖို့နေရာရွေးတော်မူခဲ့သည်နည်းတူ ကျွန်ုပ်တို့လည်းရွေးချယ်သင့်ပါသည်။ ကျွန်ုပ်တိုပသည် ဘုရားသခင်နှင့်တစ်ကိုယ်တည်းအေးအေးဆေးဆေးတွေ့ဆုံနိုင်ဖို့နေရာကို မည်မျှပင်သေးနုပ်စေကာမူ ရွေးချယ်သင့်ပါသည်။

"မထင်ရှားသောအရပ်၌ရှိသော်မူသော သင်၏အဘကိုဆုတောင်းလော့။" ကျွန်ုပ်တို့သည် ကလေးသူငယ်ကဲ့သို့ယုံကြည်ကိုးစား၍ သခင်ယေရှု၏နာမတော်ဖြင့် ဘုရားသခင်၏ရှေ့တော်သို့ဝင်ခွင့်ရှိပါသည်။ မည်သည့်လူသားကြားဖျန်သူကိုမျှမလိုပါ။ ကျွန်ုပ်တို့ကိုသိ၍ ကျွန်ုပ်တို့အား ချစ်သောသူတစ်ဦးကိုပြောပြနေဘိသကဲ့သို့ သခင်ယေရှုမှတစ်ဆင့် ဘုရားသခင်အား ကျွန်ုပ်တို့ရင်ဖွင့်နိုင်ပါသည်။

ဘုရားသခင်မှတစ်ပါး အခြားမည်သူတစ်စုံတစ်ယောက်မျှမမြင်မတွေ့နိုင်သည့် မထင်ရှားသောနေရာ၊ ကိုယ်တော်မှအပ အခြားမည်သူကမျှမကြားနိုင်သည့် တိတ်ဆိတ်သောနေရာ၌ ကျွန်ုပ်တို့၏လျှို့ဝှက်သော

ဆန္ဒနှင့် တမ်းတခြင်းများကို အတိုင်းထက်အလွန်ကရုဏာကြွယ်ဝတော်မူသည့် ခမည်းတော်၏ရှေ့တော်မှောက်တွင် သွန်ချတော်င်းလျှောက်သင့်ပါသည်။ ထိုအခါ လူသား၏လိုအပ်ချက်အတွက်တောင်းလျှောက်ပါက မည်သည့်အခါကမျှမဆုတ်မတွန့်သောအသံတော်သည် ကျွန်ုပ်တို့၏ဆိပ်ငြိမ်နေသောဝိညာဉ်အတွင်း၌ပင် ကျွန်ုပ်တို့အား အဖြေပေးတော်မူပါလိမ့်မည်။

"ထာဝရဘုရားသခင်သည်......အလွန်သနားစုံမက်တော်မူ" (ယာကုပ် ၅း၁၁) သောကြောင့် လမ်းလွဲသောသား နောင်တရ၍ ဝန်ချတောင်းပန်ခြင်းကိုကြားရဖို့နှင့်လက်ခံဖို့ မမောမပန်းသောမေတ္တာဖြင့် စောင့်စား၍နေတော်မူ၏။ ချစ်လှစွာသောသားငယ်ကလေးက မိမိအားအသိအမှတ်ပြုသည့်အပြုံးမျက်နှာကလေးကို စောင့်ကြည့်နေသောမိခင်ပမာ ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှကျေးဇူးတော်သိတတ်သည့်တုံ့ပြန်မှုတစ်စုံတစ်ခုကိုမြင်ရဖို့ စောင့်၍ကြည့်နေတော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အားမည်မျှလောက်ကရုဏာထား၍ စိတ်ပါစွာဖြင့် တမ်းတစောင့်မျှော်နေကြောင်း ကျွန်ုပ်တို့သိဖို့ကိုယ်တော်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့၏အခက်အခဲများကို ကိုယ်တော်ကကိုယ်ချင်းစာနိုင်စေခြင်းငှာလည်းကောင်း၊ ကျွန်ုပ်တို့၏ဝမ်းနည်းကြေကွဲငြီးများကို ကိုယ်တော်၏မေတ္တာတော်ဖြင့် သက်သာမှုရစေခြင်းငှာလည်းကောင်း ကျွန်ုပ်တို့၏ဒဏ်ရာများကို ကိုယ်တော်က ကုသပေးတော်မူစေခြင်းငှာလည်းကောင်း၊ ကျွန်ုပ်တို့၏အားနည်းချက်များကို ကိုယ်တော်၏စွမ်းအားဖြင့် ပေါင်းစပ်ပေးတော်မူရန်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏မလုံလောက်မှုကို ကိုယ်တော်၏ကြွယ်ဝမှုဖြင့် ဖြည့်ပေးတော်မူစေရန်အတွက်လည်းကောင်း ကိုယ်တော်ထံ ကျွန်ုပ်တို့ချဉ်းကပ်တောင်းလျှောက်ဖို့

ဘုရားသခင်ခေါ်နေတော်မူ၏။ ကိုယ်တော်ထံချဉ်းကပ်သောသူအပေါင်း စိတ်ပျက်ရသည်ဟူ၍မရှိပါ။ "ထာဝရဘုရားကိုမျှော်ကြည့်ကြလော့၊ အလင်းကိုရကြလိမ့်မည်၊ မျက်နှာရက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။" ဆာလံ ၃၄း၅။

မထင်ရှားသောအရပ်၌ ဘုရားသခင်ကိုရှာ၍ မိမိတို့၏လိုအပ်ချက်များကိုတင်ပြအသနားခံကြသောသူများသည် အလဟဿမဖြစ်ပါ။ "မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။" ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အစဉ်မိတ်သဟာယဖွဲ့ကြပါက ကျွန်ုပ်တို့၏မျက်စိဖြင့်မမြင်ရသည့်တစ်ကမ္ဘာလုံး၏တန်ခိုးများက ကျွန်ုပ်တို့အားဝန်းရံလျက်ရှိကြောင်း ခံစားတွေ့သိရလိမ့်မည်။ သခင်ယေရှုအား မျှော်ကြည့်ခြင်းဖြင့် ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့်တစ်သဏ္ဌာန်တည်းဖြစ်လိမ့်မည်။ ကိုယ်တော်ကိုမျှော်ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ပြောင်းလဲကြလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့၏အကျင့်စလေ့သည် ကောင်းကင်နိုင်ငံတော်နှင့်သင့်လျော်အောင်ပျော့ပျောင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မွန်မြတ်ခြင်းသို့တိုင်ရောက်လိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆက်ဆံလျက် မိတ်သဟာယဖွဲ့ခြင်းများဖြင့် အမှန်ရရှိမည့်အကျိုးထူးများမှာ ဘာသာတရား၌ ကြည်ညိုမှုတိုးပွားခြင်း၊ စင်ကြယ်ခြင်း၊ စိတ်ဓါတ်တက်ကြွခြင်းတို့ဖြစ်ပါသည်။ ပတ္တနာပြုရာ၌လည်း ပို၍အသိတရားဝင်လာလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆိုင်သောပညာကို သင်ယူရရှိနေကြသည်ဖြစ်သောကြောင့် ယင်းပညာသည် ကျွန်ုပ်တို့၏ဖွဲ့လုံ့လရှိသောအသက်တာပုံစံ၌ပေါ်လွင်လိမ့်မည်။

အကူအညီရဖို့၊ အထောက်အကူရဖို့၊ တန်ခိုးစွမ်းအားရဖို့အတွက် လေးလေးနက်နက်ဆုတောင်းပတ္တနာပြုလျက် ဘုရားသခင်အား နေ့စဉ်

ဆည်းကပ်သောသူ၌ မြင့်မြတ်သောဆန္ဒများ၊ သမ္မာတရားနှင့်တာဝန်ကို ထင်ရှားစွာသိမြင်ခြင်း၊ မြင့်မြတ်သောရည်ရွယ်ချက်ဆိုင်ရာ လှုပ်ရှားမှုများနှင့်ဖြောင့်မတ်ခြင်းတရားအတွက် အဆက်မပြတ်ဆာလောင်မွတ်သိပ်ခြင်းရှိလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှုကို ဆက်လက်တည်မြဲစေပါက ကျွန်ုပ်တို့၏စိတ်နှလုံးများကိုစိုးမိုးထားသည့်အလင်းတရား၊ ငြိမ်သက်ခြင်းနှင့်ကြည်လင်တည်ငြိမ်ခြင်းများကို အခြားသောသူများနှင့် ကျွန်ုပ်တို့ဆက်ဆံပေါင်းသင်းရာ၌ လက်ဆင့်ကမ်းဝေငှနိုင်ကြပေလိမ့်မည်။ ဆုတောင်းပတ္ထနာပြုရာ၌ရရှိသည့်ခွန်အားအပေါ် ဆင်ခြင်တုံတရားရှိဖို့နှင့် ပြုစုစောင့်ရှောက်တတ်ဖို့အတွက် ဖွဲလုံ့လနှင့်အားထုတ်၍ စိတ်အာရုံအားဖြင့်လေ့ကျင့်ပေးမှုကို ပေါင်းစပ်ပါက ကျွန်ုပ်တို့၏နေ့စဉ်တာဝန်များကိုဆောင်ရွက်ဖို့အသင့်ရှိနေပါလိမ့်မည်။ ၎င်းအပြင် မည်သည့်အခြေအနေ၌ပင်ရှိစေကာမူ ကျွန်ုပ်တို့၏စိတ်ခါတ်ငြိမ်သက်လိမ့်မည်။

ဘုရားသခင်ထံ ကျွန်ုပ်တို့ချဉ်းကပ်ကြသော်အခါ ကိုယ်တော်အတွက် စကားပြောဖို့၊ ကိုယ်တော်၏နာမတော်ကိုချီးမွမ်းထောမနာပြုဖို့ ကျွန်ုပ်တို့အား ဘုရားသခင်သင်ပေးတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဘဘုရားသခင်အား ချီးမွမ်းချီးမွမ်းထောမနာပြုဖို့ ကောင်းကင်တမန်တို့၏သီချင်းမှတေးသံသာကို သင်ပေးတော်မူလိမ့်မည်။ အသက်တာ၏လှုပ်ရှားမှုတိုင်းတွင် ကယ်တင်ရှင်ရှိတော်မူကြောင်းဖေါ်ပြသည့်အလင်းတရားနှင့်မေတ္တာထင်ရှားလိမ့်မည်၊ ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့် အသက်ရှင်သူ၏အသက်တာကို မည်သည့် ပြင်ပအန္တရာယ်ကမျှ ထိုးဖေါက်ဝင်ရောက်နိုင်မည်မဟုတ်ပါ။

**"သင်တို့ဆုတောင်းသောခါသာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့် အထပ်ထပ်မမြွက်ကြနှင့်။" ရှင်မဿဲ ၆း၇။**

သူတို့၏ဆုတောင်းပတ္ထနာများ၌ပင် သူတို့၏အပြစ်များကို ပြေစေနိုင်သည့်ကုသိုလ်ကောင်းမှုရှိသည်ဟု သာသနာပလူတို့အယူရှိကြပါသည်။ ထို့ကြောင့် သူတို့၏ဆုတောင်းပတ္ထနာပို၍ရှည်လျားလေ သူတို့ပို၍ကုသိုလ်ရလေဟု သဘောထားကြပါသည်။ သူတို့ကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် သန့်ရှင်းခြင်းသို့သူတို့ရောက်ကြမည်ဆိုပါက သူတို့ကိုယ်တိုင်၌ဝမ်းမြောက်စရာအကြောင်း၊ ဝါကြွားစရာအကြောင်းရှိပါသည်။ ယင်းသို့ဆုတောင်းပတ္ထနာပြုကြခြင်းမှာ ကိုယ်အပြစ်ကိုကိုယ်ဖြေသည့်သဘောတရားနှင့်ဆိုင်သည့်အယူအဆဖြစ်သောကြောင့် မှားသောဘာသာရေးစနစ်အားလုံး၏အခြေအမြစ်ပင်ဖြစ်ပါသည်။ ဖါရိရှဲတို့အနေဖြင့် သာသနာပအယူအဆနှင့်ဆိုင်သောပတ္ထနာကိုလက်ခံကျင့်သုံးခဲ့ကြပါသည်။ သို့သော် ယနေ့ကျွန်ုပ်တို့ခေတ်တွင်မရှိတော့ပါ၊ ကိုယ်ကိုကိုယ်ခရစ်ယာန်ဖြစ်သည်ဟုဝန်ခံသောသူများ မကျင့်သုံးတော့ပါ။ သာသနာပလူတို့၏ "အချည်းနှီးသောစကားဖြင့် အထပ်ထပ်မြွက်ဆိုခြင်း" ဆိုသည်မှာ ထုံးစံအရရွတ်ဆိုနေကျဝါကျများဖြစ်၍ စိတ်နှလုံးအတွင်းမှ ဘုရားသခင်ကို အမှတ်ဆက်ကပ်လိုသည့်ခံစားမှုကြောင့် မဟုတ်ပါ။

ဆုတောင်းပတ္ထနာပြုခြင်းသည် အပြစ်ဖြေခြင်းမဟုတ်ပါ။ ဆုတောင်းပတ္ထနာပြုခြင်း၌ ကောင်းမှုကုသိုလ်မရှိပါ။ ကျွန်ုပ်တို့အသုံးပြုနိုင်သည့်အတင့်တယ်ဆုံး၊ အကြွယ်ဝဆုံးသောစကားရပ်အားလုံးသည် သန့်ရှင်းလိုသောဆန္ဒတစ်ရပ်၌ပင် မတူညီပါ။ စိတ်နှလုံးအတွင်းမှ

အမှန်ခံစားမှုကိုဖော်ထုတ်ခြင်းမဟုတ်ပါက အာဝဇ္ဇန်းအရွှင်ဆုံးသော ပတ္တနာပင်ဖြစ်လင့်ကစား အချည်းနှီးသက်သက်မြွက်ဆိုခြင်းမျှသာဖြစ် ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိတ်ဆွေတစ်ဦးထံမှ ကျွန်ုပ်တို့လိုအပ် သည့်အရာတစ်စုံတစ်ခုကို အမှန်ပင်ရလိမ့်မည်ဟုမျှော်မှန်းလျက် မေတ္တာ ရပ်ခံသည့်ပုံစံအတိုင်း ကျွန်ုပ်တို့အမှန်လိုအပ်သည့်အရာများကို ရိုးသား စွာဖြင့်စိတ်နှလုံးပါလျက် တောင်းလျှောက်သည့်ပတ္တနာဖြစ်ပါက ယုံကြည် ခြင်းနှင့်ဆိုင်သောပတ္တနာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ခမ်းနားထည်ဝါသော ချီးမွမ်းစကားများကို ဘုရားသခင်အလိုတော်ရှိသည်မဟုတ်ပါ။ မိမိ ကိုယ်တိုင်၌ ခွန်အားလုံးဝမရှိကြောင်း၊ အပြစ်နှင့်လည်းပြည့်ဝလျက်ရှိ ကြောင်း သဘောပေါက်၍ဝမ်းနည်းကြေကွဲစွာပြုသောပတ္တနာ၌ အသံပင် မထွက်စေကာမူ ကရုဏာတော်အရှင်အဘခမည်းတော်၏စိတ်တော်နှင့် တွေ့မည်သာတည်း။

> **"သင်တို့သည်အစာရှောင်ခြင်းအကျင့်ကို**
> **ကျင့်သောအခါ လျှို့ဝှက်သောသူတို့နည်းတူ**
> **မကျင့်ကြနှင့်။" ရှင်မဿဲ ၆း၁၆။**

ဘုရားသခင်၏နှုတ်ကပါဌ်တော်လာ အစာရှောင်ခြင်းဆိုသည်မှာ အသွင်အပြင်မျှသာမဟုတ်ပါ။ အစားအသောက်ရှောင်ခြင်း၊ လျှော်တင် အဝတ်ကိုဝတ်ဆင်ခြင်း၊ မိမိခေါင်းပေါ်၌ပြာကိုတင်ခြင်းတည်းဟူသော ပြင်ပလက္ခဏာများသာမဟုတ်ပါ။ မိမိ၏အပြစ်ဒုစရိုက်အတွက် အမှန်ပင် ဝမ်းနည်းကြေကွဲသောကြောင့် အစာရှောင်ခြင်းဖြစ်ပါက လူတို့ရှေ့၌ ထင်ပေါ်စေခြင်းငှာပြုမည်မဟုတ်ပါ။

ကျွန်ုပ်တို့နာခံဖို့ဘုရားသခင်မှာထားတော်မူသည့် အစာရှောင်ခြင်းအတွက် ရည်ရွယ်ချက်မှာ– စိတ်ဝိညာဉ်ကပြုသည့်မကောင်းမှုအပြစ်အတွက် ခန္ဓာကိုယ်ကိုအနာတရဖြစ်စေရန်မဟုတ်ပါ။ အပြစ်တရား၏ ဝမ်းနည်းဖွယ်ရာဆိုးကျိုးကိုသိ၍ ဘုရားသခင်၏ရှေ့တော်၌ စိတ်နှလုံးနှိမ့်ချလျက် ကိုယ်တော်ထံမှအပြစ်ဖြေလွှတ်ခြင်းဆိုင်ရာကျေးဇူးတော်ကိုလက်ခံရရှိဖို့အတွက် ကျိုးနွံစွာကိုယ်တော်ထံချဉ်းကပ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် "အဝတ်ကိုမဆုတ်ဘဲ နှလုံးကိုဆုတ်လျက် သင်တို့၏ဘုရားသခင်ထာဝရဘုရားထံတော်သို့ပြန်လာကြလော့" ဟု ဣသရေလပရိသတ်အား ဘုရားသခင်မိန့်တော်မူ၏။ ယောလ ၂း၁၃။

သန့်ရှင်းသောသူတို့နှင့်အတူ အမွေခံရဖို့ ကိုယ်ကိုကိုယ်ဆုံးမ၍ မရနိုင်ပါ။ ကိုယ်တိုင်ကျင့်၍ရသည့်ကောင်းမှုကုသိုလ်များဖြင့်လည်း ဝယ်ယူ၍မရနိုင်ပါ။ "ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့်ကိုကျင့်ခြင်းငှာ အဘယ်သို့ပြုရမည်နည်း" ဟု ခရစ်တော်ယေရှုရှင်အားမေးလျှောက်ကြသောအခါ ကိုယ်တော်က "ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား အလိုတော်နှင့်ညီသောအကျင့်တည်း" ဟုဖြေကြားတော်မူ၏။ ယောဟန် ၆း၂၈၊၂၉။ နောင်တရခြင်းဆိုသည်မှာ– "ငါ" တည်းဟူသော မိမိကိုယ်တိုင်မှခရစ်တော်ထံသို့ပြန်လာခြင်းဖြစ်ရာ ခရစ်တော်အား ကျွန်ုပ်တို့လက်ခံရရှိသောအခါ ယုံကြည်ခြင်းဖြစ်ရာ ခရစ်တော်အား ကျွန်ုပ်တို့၏အသက်တာ၌ အသက်ရှင်၍ ကျွန်ုပ်တို့၏အကျင့်ကောင်းများထင်ရှားလိမ့်မည်။

"သင်သည် အစာရှောင်သောအခါ အစာရှောင်သည်ကိုလူများတို့ရှေ့မှာ မထင်ရှားစေဘဲ မထင်ရှားသောအရပ်၌ရှိတော်မူသော သင်တို့အဘရှေ့တော်၌သာ ထင်ရှားစေခြင်းငှာ ခေါင်းကိုလိမ်းကျံလော့၊

မျက်နှာကိုလည်းသစ်လော့၊ မထင်ရှားသောအရာကိုမြင်တော်မူသော သင်တို့အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့" ဟု သခင်ယေရှုမိန့်တော်မူ၏။ မဿဲ ၆း၁၈။ ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့အတွက် ပြုသမျှတို့ကိုဝမ်းမြောက်ရွှင်မြူးလျက်ပြုရကြပါ မည်၊ ဝမ်းနည်းခြင်း၊ စိတ်ညှိုးငယ်ခြင်းတို့ဖြင့် ပြုရန်မဟုတ်ပါ။ သခင်ယေရှု၏ဘာသာအယူဝါဒ၌ ညှိုးငယ်စရာမရှိပါ။ ခရစ်ယာန်တို့ အနေဖြင့် သူတို့၏သခင်ဘုရား၌စိတ်ပျက်ခြင်းရှိနေကြသည့်အလား ဝမ်းနည်းပူဆွေးပုံကိုပြကြပါက ကိုယ်တော်၏ဂုဏ်တော်ကိုမဟုတ်မမှန် ကိုယ်စားပြုခြင်းသာဖြစ်သောကြောင့် ကိုယ်တော်၏ရန်သူများက ကိုယ်တော်အားအပြစ်ဆိုနိုင်ကြဖို့ လမ်းခင်းပေးခြင်းသာဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့၏အဘဖြစ်သည်ဟု နှုတ်အားဖြင့်သူတို့အဆိုပြု ကြမည်ဖြစ်သော်လည်း သူတို့၏စိတ်ညှိုးငယ်ပုံနှင့်ဝမ်းနည်းပူဆွေးပုံများ ကြောင့် သူတို့အနေဖြင့် မိဘမဲ့ဖြစ်နေကြောင်း ကမ္ဘာသို့ကြေညာနေခြင်း ဖြစ်ပါသည်။

ခရစ်ဓာတ်၏အမှုတော်၌ ဆွဲဆောင်မှုအင်အားရှိကြောင်း ကျွန်ုပ် တို့ပြကြဖို့ ကိုယ်တော်အလိုရှိတော်မူ၏၊ အမှန်အားဖြင့်လည်း ကိုယ်တော် ၏အမှုတော်၌ ဆွဲဆောင်မှုအင်အားရှိပါ၏။ ကိုယ်ကိုကိုယ်ငြင်းပယ် ခြင်းများနှင့် စိတ်နှလုံးအတွင်းလျှို့ဝှက်စွာခံစားနေရသည့်အတိဒုက္ခများ ကို ကရုဏာသက်ဝင်တော်မူသောကယ်တင်ရှင်၏ရှေ့တော်၌ ထင်ရှား ပါစေ၊ လေးသောဝန်းထုပ်များကို လက်ဝါးကပ်တိုင်ခြေရင်း၌ ချထား၍ သင့်အားပထမဦးစွာချစ်တော်မူသည့်ကိုယ်တော်၏မေတ္တာတော်၌ ဝမ်း မြောက်ရွှင်မြူးလက် ရှေ့သို့ချီတက်ပါ။ ဘုရားသခင်ကိုယ်တော်နှင့် စိတ်ဝိညာဉ်စပ်ကြား လျှို့ဝှက်စွာလုပ်ရှားနေသည့်လုပ်ငန်းများကို လူသားတို့

အနေဖြင့် မည်သည့်အခါမျှ ထင်ရှားသိမြင်နိုင်မည်မဟုတ်သော်လည်း စိတ်နှလုံးအတွင်း၌ဝိညာဉ်တော်၏ဆောင်ရွက်တော်မူသည့်အတွက် အကျိုးသက်ရောက်မှုကိုကား လူတိုင်းမြင်သာလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် "မထင်ရှားသောအရာကိုမြင်တော်မူသော သင်တို့အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။"

**"မြေကြီးပေါ်မှာ ဘဏ္ဍာကို**
**မဆည်းပူးကြနှင့်။"**
**ရှင်မဿဲ ၆း၁၉။**

ဤလောကမှာဘဏ္ဍာကိုဆည်းပူးထားပါက ကြာရှည်ခံမည် မဟုတ်ပါ။ သူခိုးတို့ထွင်းဖေါက်ခိုးယူနိုင်ပါသည်။ သံချေးပိုးရွတို့ဖျက် ဆီးလိမ့်မည်။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေးနှင့်မကင်းနိုင်ပါ။ ထို့မျှမက "အကြင်အရပ်၌သင်တို့၏ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့သင်တို့၏ စိတ်နှလုံးရောက်တတ်၏။" ဤလောက၌ပစ္စည်းဥစ္စာရှာဖွေစုဆောင်း ထားပါက ကောင်းကင်ရေးရာများကို အာရုံပြုနိုင်လိမ့်မည်မဟုတ်ပါ။

ယုဒခေတ်ကငွေကို တပ်မက်မောသည့်လောဘစိတ်စိုးမိုးခဲ့ပါ သည်။ စိတ်နှလုံးအတွင်း၌ ရှိသင့်သောဘာသာရေးနှင့်ဘုရားသခင်၏ နေရာကိုလောကီဆန်မှုက အစမွဲသိမ်းပိုက်ထားပါသည်။ ယနေ့ခေတ်၌ လည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ကြွယ်ဝလိုသည့်လောဘစိတ်နှင့် ဥစ္စာဘဏ္ဍာကိုမက်မောသည့်ဆန္ဒလွဲကဲသောကြောင့် မွန်မြတ်သည့် လူ့ အသက်တာကိုဖျက်ဆီးသည်သာမက ငရဲ၌ကျဆုံးနစ်မွန်းသည်တိုင် အောင် လူသားဘဝကိုဖေါက်ပြန်ယိုယွင်းစေပါသည်။ စာတန်၏အမှု၌

စိုးရိမ်ကြောင့်ကြစရာအပြည့်အဝရှိပါသည်။ ပွေလိမ်ရှုပ်ထွေးပါသည်၊ ငြီးငွေ့ဖွယ်ရာပင်ပန်းစွာလုပ်ဆောင်ရပါသည်။ ဘဏ္ဍာဆည်းပူးသူများ အနေဖြင့် ဤလောကမှာ ယာယီမျှသာစုသိမ်းထားနိုင်ပါသည်။

ထိုကြောင့် "သံချေး၊ ပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖေါက် မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌သင်တို့၏ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့သင်တို့၏ စိတ်နှလုံးရောက်တတ်၏" ဟု သခင်ယေရှုမိန့်တော်မူ၏။

"ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးကြလော့" ဟူ၍ သခင်ယေရှုဩဝါဒပေးထားတော်မူခြင်းမှာ ထိုဘဏ္ဍာကိုသင်တို့အဖို့ဆည်းပူးကြလော့ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ဘဏ္ဍာကို ဆည်းပူးခြင်းမှာ သင်၏ကိုယ်ကျိုးအတွက်ဖြစ်ပါသည်။ ဤလောက၌ သင်ပိုင်ဆိုင်သမျှထဲမှ ယင်းသို့စုဆောင်းထားသမျှကိုသာလျှင် သင်ကိုယ်တိုင်အမှန်ပိုင်လိမ့်မည်။ ကောင်းကင်ဘုံ၌ဆည်းပူးထားသောဘဏ္ဍာများ ပျက်စီးဆုံးရှုံးသည်ဟူ၍မရှိပါ။ ယင်းဘဏ္ဍာများကိုဘုရားသခင်ကာကွယ်စောင့်ထိန်းထားတော်မူသောကြောင့် မီးဘေး၊ ရေလွှမ်းမိုးခြင်းအန္တရာယ် သံချေးပိုးရွဖျက်ဆီးခြင်း၊ သူခိုးထွင်းဖေါက်ခိုးယူခြင်းမရှိတော့ပါ။

ခရစ်တော်လေးစားတော်မူသည့် ယင်းတန်ဖိုးမဖြတ်နိုင်သော ဘဏ္ဍာများမှာ– "သန့်ရှင်းသောသူတို့ခံရသောအမွေတော်၏ဘုန်းစည်းစိမ်" ပင်ဖြစ်ပါသည်။ ဧဖက် ၁း၁၈။ ခရစ်တော်၏တပည့်တော်များအား ကိုယ်တော်၏ထူးခြားသောအဖိုးတန်ကျောက်မျက်ရတနာများဟု ခေါ်ဆိုပါသည်။ "သူတို့သည် မြေပေါ်၌ထင်ရှားသောသရဖူမျက်မွန်ကဲ့သို့ ဖြစ်ကြလိမ့်မည်၊" "လူသည် ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်း ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက် အဖိုးထိုက်မည်အကြောင်း

ငါပြုမည်" ဟု ကိုယ်တော်မိန့်တော်မူ၏။ ဇာခရိ ၉း၁၆။ ဟေရှာယ ၁၃း၁၂။ မိမိ၏လူတို့စင်ကြယ်ခြင်းနှင့်စုံလင်ခြင်းသို့ရောက်ကြသည်မှာ မိမိခံစားတော်မူရသည့်ဆင်းရဲခြင်းနှင့်အရှက်ကွဲခြင်းအတွက် ဆုလာဘ်များဖြစ်သည်ဟူ၍လည်းကောင်း၊ မိမိ၏မေတ္တာနှင့်ဘုန်းအသရေတော်၏နောက်ဆက်တွဲများဖြစ်သည်ဟူ၍လည်းကောင်း ခရစ်တော်မှတ်ယူတော်မူ၏။ ခရစ်တော်သည်ဘုန်းတော်ရောင်ဖြာထွက်တော်မူရာဗဟိုဌာနကြီးဖြစ်တော်မူ၏။

ရွေးနုတ်ခြင်းဆိုင်ရာမဟာအမှုတော်ကြီး၌ ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်ုပ်တို့အား ခရစ်တော်ခွင့်ပြုထားတော်မူ၏၊ ကိုယ်တော်အသေခံတော်မူခြင်းနှင့်အဆင်းရဲခံတော်မူခြင်းအတွက် ရရှိသည့်ကြွယ်ဝမှုများကိုလည်း ကျွန်ုပ်တို့ဝေစုရဖို့ ကိုယ်တော်ကမ်းလှမ်းထားတော်မူ၏။"ငါတို့မြော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ဦးရစ်သရဖူကား အဘယ်သို့သောအကြောင်းအရာနည်း။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ ရှေ့တော်၌သင်တို့သည် ထိုသို့အကြောင်းအရာဖြစ်ကြသည်မဟုတ်လော။ သင်တို့သည် ငါတို့၏ဘုန်းအသရေ၊ ငါတို့၏ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ကြသတည်း။" ၁သက်သာလောနိတ် ၂း၁၉၊၂၀။ ယင်းဘဏ္ဍာမျိုးကို ကျွန်ုပ်တို့ဆည်းပူးကြဖို့ ခရစ်တော်မှာထားတော်မူ၏။ အသက်တာ၌ အကြီးမြတ်ဆုံးသောရိတ်သိမ်းစရာမှာ အကျင့်စာရိတ္တသာဖြစ်ပါသည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ပြောသမျှစကား၊ ပြုသမျှအမှုတို့သည် တစ်စုံတစ်ယောက်သောသူအား ကောင်းကင်သို့မျှော်မှန်းဖို့ သူ၏အာရုံကိုအစပျိုးနှိုးဆော်ပေးခြင်းသည်လည်းကောင်း၊ ခရစ်တော်နှင့်တူသောအကျင့်စာရိတ္တတည်ဆောက်ဖို့အတွက် ကြိုးစားအားထုတ်မှု

မှန်သမျှသည်လည်းကောင်း ဘဏ္ဍာကိုကောင်းကင်ဘုံ၌ဆည်းပူးထား
ခြင်းဖြစ်ပါသည်။

အကြင်အရပ်၌ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့စိတ်နှလုံးရောက်လိမ့်
မည်။ သူတစ်ပါး၏အကျိုးအတွက် အားထုတ်ဆောင်ရွက်သည်နှင့်အမျှ
ကျွန်ုပ်တို့အတွက်လည်း အကျိုးထူးပါသည်။ ဧဝံဂေလိတရားတော်
ပြန့်ပွားရေးအတွက်ငွေကိုဖြစ်စေ၊ အချိန်ကိုဖြစ်စေ ပေးလှူသောသူသည်
အမှုတော်၌စိတ်ဝင်စားခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများဖြင့် ကိုယ်တိုင်
ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းသို့ပြုခြင်းဖြင့် အခြားဝိညာဉ်
များထံသို့လည်း ဧဝံဂေလိတရားတော်ရောက်ရှိနိုင်ပါသည်။ သူ၏
စေတနာမေတ္တာများကိုလည်း သူတစ်ပါးတို့ရရှိခံစားရပါသည်။ သူ
ကိုယ်တိုင်သည်လည်း သူတစ်ပါးအတွက်ကောင်းကျိုးအများဆုံးပြုနိုင်
ဖို့ စိတ်တက်ကြွလျက် ဘုရားသခင်အား ကိုယ်ကိုကိုယ်ဆက်ကပ်ထား
လိမ့်မည်။

နောက်ဆုံးသောနေ့သို့ရောက်၍ လောကီရေးရာကြွယ်ဝမှုများ
ပျက်စီးဆုံးရှုံးခြင်းသို့ရောက်သောအခါ ကောင်းကင်ဘုံ၌ဘဏ္ဍာကို
ဆည်းပူးထားသောသူအနေဖြင့်မူကား သူ၏အသက်တာနှင့်ဆိုင်သော
အမြတ်အစွန်းကို တွေ့မြင်ရလိမ့်မည်။ ခရစ်တော်၏ဩဝါဒများကို
ကျွန်ုပ်တို့အာရုံစိုက်ကြပါက မြင်တော်မူသည့်ဖြူသောပလ္လင်တော်ကြီး၏
ဝန်းကျင်၌ စုရုံးကြသောအခါ ကျွန်ုပ်တို့ဆောင်ရွက်မှုကြောင့် ကယ်တင်
ခြင်းရသောသူများကို မြင်ရကြပေလိမ့်မည်။ ထိုသူတို့တွင် တစ်ယောက်
သောသူက အခြားသောသူများကိုလည်းကောင်း၊ ထိုသူတို့မှတစ်ဆင့်
အခြားအခြားသောသူများကိုလည်းကောင်း၊ တစ်ဆင့်ပြီးတစ်ဆင့်
ကယ်တင်နိုင်ကြသောကြောင့် ကောင်းကင်အနားယူစခန်းသို့ လူထုပရိသတ်

အမြောက်အမြားရောက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့၏သရဖူများကို သခင်ယေရှု၏ခြေတော်ရင်း၌ချထားနိုင်ကြလိမ့်မည်ဖြစ်ကြောင်း၊ မကုန်မဆုံးနိုင်သည့်ထာဝရကာလပတ်လုံး ကိုယ်တော်အားချီးမွမ်းထောမနာပြုနိုင်ကြပါလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိခွင့်ရကြပါလိမ့်မည်။ ခရစ်တော်၏အမှုတော်ဆောင်များသည် ရွေးနုတ်တော်မူသောအရှင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သောသူများအနေဖြင့် ရွေးနုတ်ခြင်းခံရပြီးသူများနှင့်ဆုံတွေ့ရကြသောအခါ မည်မျှလောက်ဝမ်းမြောက်ကြပါလိမ့်မည်နည်း။ အသက်ဝိညာဉ်ကယ်တင်ခြင်းအမှုတော်၌ သစ္စာတည်သောသူများအတွက် ကောင်းကင်နိုင်ငံတော်သည် မည်မျှလောက်မွန်မြတ်ပါလိမ့်မည်နည်း။

"သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင် ဘုရားသခင်၏လက်ယာတော်ဘက်မှ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသောအထက်အရာတို့ကိုရှာကြလော့။" ကောလောသဲ ၃း၁။

**"မျက်စိကြည်လင်မျှင် တစ်ကိုယ်လုံး**
**လင်းလိမ့်မည်။" ရှင်မဿဲ ၆း၂၂။**

ရည်ရွယ်ချက်တည်ငြိမ်လျက် ဘုရားသခင်အားစိတ်ရောကိုယ်ပါဆက်ကပ်ထားခြင်းနှင့်ဆိုင်သောအခြေအနေကို ကယ်တင်ရှင်ကညွှန်ပြနေခြင်းဖြစ်ပါသည်။ သမ္မာတရားတော်ကိုရှင်းလင်းစွာနေလည်ဖို့ သံသယမရှိ၊ ရိုးသားသည့်ရည်ရွယ်ချက်ရှိလျက် မည်သည့်အခြေအနေ၌မဆို ယင်းတရားတော်နှင့်အညီအသက်ရှင်ဖို့ ဆုံးဖြတ်ပြီးဖြစ်ပါက ဘုရားသခင်၏ထံတော်မှအလင်းတရားကိုရလိမ့်မည်။ အပြစ်တရားနှင့်

အပေးအယူမျှနေခြင်းကိုရင်ဆိုင်းလိုက်ရသောအချိန်တွင် မှန်သောဘာသာတရားကိုင်းရှိုင်းခြင်းကိုအစပြုပါသည်။ ထိုအချိန်တွင် စိတ်နှလုံးအတွင်းမှ ရှင်ပေါလုပြောသကဲ့သို့ "ငါပြုသောအမှုတစ်ခုဟူမူကား နောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်းတိုးတိုင်သို့ငါလိုက်ပြေး၏။" "ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏။" "ခရစ်တော်ကိုအမြတ်ရ၍ ထိုသခင်၌တည်ပါမည်အကြောင်း ခပ်သိမ်းသောအရာတို့ကို မစင်ကဲ့သို့ငါထင်မှတ်၏။" ဖိလိပ္ပိ၊ ၃း၁၃၊၁၄၊ ၈–၁၀၊၁၁။

သို့သော် ကိုယ်ကိုကိုယ်မြတ်နိုးသောစိတ်ကြောင့် မျက်စိမမြင်နိုင်လျှင် တစ်ကိုယ်လုံး၌မှောင်အတိကျလိမ့်မည်။ "မျက်စိမွေးယုက်လျှင် တစ်ကိုယ်လုံးမိုက်လိမ့်မည်။" ထိုမျှလောက်ကြောက်မက်ဖွယ်ကောင်းသောအမှောင်ထုက ယုဒလူတို့အားဖုံးအုပ်ထားခဲ့သောကြောင့် သူတို့သည် ခေါင်းမာလျက်မယုံကြည်ဘဲ သူတို့အားအပြစ်မှကယ်တင်ဖို့ကြွလာတော်မူသောအရှင်၏ဂုဏ်တော်နှင့်အမှုတော်ကို သူတို့တန်ဖိုးမထားနိုင်ကြပါ။

ဘုရားသခင်အားယုံကြည်ကိုးစားမှုမတည်မငြိမ်ဖြစ်ပြီး မိမိ၏စိတ်ဇဝေဇဝါဖြစ်လာသည်ကိုလိုက်လျောပါက စုံစမ်းနှောင့်ယှက်ခြင်း၏အလိုသို့လိုက်ဖို့ အစပြုခြင်းဖြစ်ပါသည်။ မိမိကိုယ်ကိုဘုရားသခင်အားလုံးလုံးလျားလျားဆက်ကပ်ထားဖို့ မရွေးချယ်ပါက အမှောင်ထုအောက်သို့ ကျွန်ုပ်တို့ရောက်သွားကြပါသည်။ အကယ်၍ခြွင်းချက်ထားမည်ဆိုပါက စာတန်ဝင်လာဖို့လမ်းဖွင့်ထားရာရောက်သောကြောင့် ကျွန်ုပ်တို့

လမ်းမှားအောင် လာရောက်သွေးဆောင်လိမ့်မည်။ ယုံကြည်ခြင်းအား ဖြင့် ဘုရားသခင်အားမမြင်နိုင်လောက်အောင် စာတန်က ကျွန်ုပ်တို့၏ စက္ခုအာရုံကိုဖုံးကွယ်ထားနိုင်မည်ဆိုပါက မလွဲမရှောင်သာဘဲ ကျွန်ုပ် တို့အပြစ်ပြုကြမည်ကို စာတန်ကကောင်းစွာသိထားပါသည်။

အပြစ်ပြုလိုသောဆန္ဒလွှမ်းမိုးနေပါက အသက်ဝိညာဉ်အနေဖြင့် ယောင်ယောင်မှားမှားဖြစ်နေကြောင်းပြပါသည်။ ယင်းဆန္ဒကိုလိုက်လျော တိုင်း အသက်ဝိညာဉ်အနေဖြင့် ဘုရားသခင်ကိုအလိုမရှိအောင် အားပေး နေခြင်းဖြစ်ပါသည်။ စာတန်၏လမ်းစဉ်အတိုင်းလိုက်လျှောက်ပါက မကောင်းသောအမှုအရာ၏အရိပ်များက ကျွန်ုပ်တို့အားလွှမ်းမိုးထား လိမ့်မည်ဖြစ်ရာ ကျွန်ုပ်တို့၏ခြေလှမ်းတိုင်းကို ပို၍ပို၍မှောင်စေလျက် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းရှိမှောင်မိုက်သည်လည်း ပို၍မိုက်လာ လိမ့်မည်။

ဝိညာဉ်ရေးလောကသာမက သဘာဝလောကကိုလည်း ယင်း ဥပဒေကပင်စိုးမိုးထားပါသည်။ မှောင်မိုက်အတွင်း၌သာပျော်ပိုက်နေသော သူတစ်ယောက်အနေဖြင့် နောက်ဆုံးတွင် စက္ခုအာရုံကွယ်ပျောက်လိမ့် မည်။ သူ့အနေဖြင့်သန်းခေါင်ယံထက်ပို၍မှောင်သည့်အမှောင်အတွင်း ပိတ်ထားခြင်းကိုခံနေရသောကြောင့် မွန်းတည့်ချိန်၏အတောက်ပဆုံး အလင်းရောင်ကပင် သူ့အားအလင်းမပေးနိုင်ပါ။ "မှောင်မိုက်၌ကျင်လည် သွားလာ" သောသူသည် "မှောင်မိုက်ကြောင့် သူ၏မျက်စိမမြင်နိုင် သဖြင့် အဘယ်အရပ်သို့ကိုယ်သွားသည်ကိုကိုယ်မသိ။" ၁ယော ၂း၁၁။ မကောင်းမှုကိုအလျှော့မပေးဘဲ ဆက်၍မြတ်နိုးနေပါက၊ ဘုရားသခင်၏ မေတ္တာတော်ခေါ်သံကိုကြားပါလျက် အမှုမထားမနာခံပါက အပြစ်သား အနေဖြင့် ကောင်းသောအရာကိုမမြင်နိုင်တော့ပါ။ ကောင်းကင်အလင်း

ရရှိဖို့အတွက် ဘုရားသခင်ကိုလည်းအလိုမရှိတော့ပါ။ ကရုဏာတော်ခေါ်သံ၌ မေတ္တာတော်အပြည့်အဝရှိနေပါသေးသည်။ သူတို့၏စိတ်ဝိညာဉ်အတွင်း ပထမဦးစွာကပင် အရဏ်တက်ခဲ့သောအလင်းသည်လည်း ထွန်းတောက်မြဲထွန်းတောက်လျက်ရှိပါ၏၊ သို့သော် ထိုအသံသည် နားထိုင်းသူ၏နားဝသို့လည်းကောင်း၊ ထိုအလင်းသည်လည်း မျက်စိမမြင်သောသူ၏ရှေ့သို့လည်းကောင်း ရောက်ကြလေတော့သတည်း။

ကယ်တင်ခြင်းရဖို့ မြော်လင့်ချက်ရှိသေးမည်ဆိုပါက မည်သည့်အသက်ဝိညာဉ်ကိုမျှ မိမိသဘောအတိုင်း ထင်ရာစိုင်းနေဖို့ ဘုရားသခင်အဆုံးတင်စွန့်ပစ်ထားတော်မူမည်မဟုတ်ပါ။ "လူသားသည် ဘုရားသခင်ထံတော်မှခွဲထွက်သွားခြင်းသာဖြစ်၍ ဘုရားသခင်ကလူသားအားစွန့်ပစ်ထားခြင်းမဟုတ်ပါ။" ကောင်းကင်ဘုံရှင်အဘဘုရားသခင်သည် ဖျောင်းဖျလျက်၊ သတိပေးနှိုးဆော်လျက် မေတ္တာကရုဏာတော်ဖြင့် နောက်ထပ်၍ပေးသည့်အခွင့်အရေးရှိသမျှ လုံးဝအလဟဿဖြစ်သည်အထိ ကျွန်ုပ်တို့၏နောက်မှလိုက်၍ ခေါ်နေတော်မူ၏။ ဘုရားသခင်၏ဝိညာဉ်တော်ကို ယနေ့ငြင်းပယ်ပါက ပို၍ကြီးမြတ်သောတန်ခိုးဖြင့် နောက်ထပ်ရောက်လာမည့်အလင်းတရားကို ဒုတိယအကြိမ်ငြင်းပယ်ဖို့ လမ်းခင်းနေခြင်းသာဖြစ်သောကြောင့် အပြစ်သား၌သာတာဝန်ရှိပါသည်။ ယင်းသို့လျှင် တစ်ဆင့်ပြီးတစ်ဆင့်တိုး၍ဆက်ကာ ငြင်းပယ်နေပါက နောက်ဆုံးတွင် အလင်းတရားကိုစိတ်မဝင်စားနိုင်တော့ဘဲ ဘုရားသခင်၏ဝိညာဉ်တော်ခေါ်သံကိုပင် တုံ့ပြန်နိုင်ဖို့နည်းလမ်းမရှိတော့ပါ။ ယင်းအခြေသို့ရောက်သောအခါ "သင်၏အလင်းသော်ကား" မှောင်မိုက်ဖြစ်လျက် "အလွန်မိုက်စွတကား။" ကျွန်ုပ်တိုပအမှန်သိထားပြီးသည့်သမ္မာတရားတော်ကိုပင်လျှင် အဓိပ္ပါယ်လွဲမှားအောင်ကောက်ယူ၍ ဝိညာဉ်မျက်စိလုံးဝကွယ်လိမ့်မည်။

**“အဘယ်သူမျှသခင်နှစ်ဦးအစေကိုမခံနိုင်။”**
**ရှင်မဿဲ ၆း၂၄။**

လူသည်သခင်နှစ်ဦး၏အစေကိုခံလိမ့်မည်မဟုတ်ဟု ခရစ်တော် မိန့်တော်မူခြင်းမဟုတ်ပါ။ မခံနိုင်ဟုမိန့်တော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သောစိတ်ဝင်စားစရာနှင့် ငွေဘုရားနှင့်ဆိုင်သောစိတ်ဝင်စားစရာများ၌ တူညီမှု (သို့မဟုတ်) စာနာမှုမရှိပါ။ အောင့်အည်းသည်းခံဖို့၊ ကိုယ်ကျိုးစွန့်ဖို့၊ ရပ်ချိန်တန်ရပ်ဖို့ ခရစ်ယာန်အသိစိတ်ကတိုက်တွန်းသောအချိန်တွင် လောကီရေးရာဝင်လာပြီး ကိုယ်ဖို့သာကိုယ်သိတတ်သည့်ဗီဇမျိုးစေ့ကြောင့် တစ်ဖက်တွင် ကိုယ့်ကိုကိုယ်ငြင်းပယ်လျက် ခရစ်တော်၏နောက်တော်သို့လိုက်သောသူဖြစ်ပြီး အခြားတစ်ဖက်တွင်မူကား ကိုယ်အကျိုးကိုသာလိုလားလျက် လောကီရေးရာများကိုသာလိုလားသောကြောင့် ခေတ်ဆန်ခြင်း၊ ပေါ့ပေါ့တန်တန်ပြုခြင်း၊ အပျော်အပါးလိုက်စားခြင်းတို့ဖြင့်သာ အချိန်ကုန်နေပါသည်။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ယင်းအခြားတစ်ဖက်၌ ရပ်တည်၍မဖြစ်နိုင်ပါ။

မည်သူမျှဘက်မလိုက်ဘဲ ကြားနေ၍မရပါ။ ဘုရားသခင်ကိုမကိုးကွယ်၊ ဖြောင့်မတ်ခြင်းတရား၏ရန်သူကိုလည်း မချစ်သည့်အလယ်အလတ်လူတန်းစားဟူ၍မရှိပါ။ ခရစ်တော်သည် မိမိလူသားကိုယ်စားလှယ်များ၌အသက်ရှင်၍ သူတို့၏စွမ်းဆောင်ရည်များဖြင့် အမှုတော်ဆောင်လျက် သူတို့၏အရည်အချင်းများဖြင့်လုပ်ရှားတော်မူ၏။ သူတို့၏ဆန္ဒကို ကိုယ်တော်၏အလိုတော်နှင့်အညီဆက်ကပ်လျက် ကိုယ်တော်၏ဝိညာဉ်တော်ဖြင့် သူတို့လှုပ်ရှားကြပါသည်။ ထိုအခါသူတို့ကိုယ်တိုင်အသက်ရှင်ခြင်းမဟုတ်၊ ခရစ်တော်သည် သူတို့၌အသက်ရှင်တော်မူ၏။

မိမိကိုယ်ကိုဘုရားသခင်အား လုံးလုံးလျားလျားဆက်ကပ်မထားသော သူသည် အခြားသောတန်ခိုးအာဏာတစ်ခု၏အုပ်စိုးခြင်းကိုခံနေသောသူ၊ လုံးဝကွဲပြားသောအကြံပြုချက်များပေးသူ၏အသံကိုနာခံရသောသူဖြစ် ပါသည်။ ဟိုတစ်ဝက် သည်တစ်ဝက်အမှုဆောင်နေသောလူသားကိုယ် စားလှယ်အနေဖြင့် အမှောင်ထု၏ဗိုလ်ခြေများအတွက် အောင်မြင်သော လူသားကိုယ်စားလှယ်ဖြစ်နေပါသည်။ ခရစ်တော်၏စစ်သည်ဟု အဆိုပြု ပါလျက် စာတန်၏အဖွဲ့သားများနှင့်ဆက်သွယ်ထောက်ပံ့နေပါက ခရစ်တော်၏ရန်သူအဖြစ်သို့ ကိုယ်ကိုကိုယ်ပို့ဆောင်နေခြင်းသာဖြစ်ပါ သည်။ ယုံကြည်စွာလွဲအပ်ထားသည့်မွန်မြတ်သောအရာကို အလွဲသုံးစား ပြုလျက် စာတန်နှင့်ခရစ်တော်၏စစ်သည်တော်မှန်များစပ်ကြားတွင် ကွင်းဆက်ကိုယ်စားလှယ်များဖြစ်နေသောကြောင့် ခရစ်တော်၏စစ်သည် တော်များကို သူတို့မှတစ်ဆင့် ရန်သူက တဖြည်းဖြည်းခိုးယူနေပါသည်။

ဤလောကအတွင်း အခိုင်မာဆုံးသောဒုစရိုက်ခံတပ်မှာ စွန့်ပစ် ထားခြင်းခံရသောအပြစ်သား (သို့မဟုတ်) လျစ်လျူရှုထားခြင်းခံနေရ သောသူ၏အပြစ်အသက်တာမဟုတ်ပါ။ သမာဓိဂုဏ်ရှိသည်ဟုမှတ်ယူ ရသော်လည်း၊ တည်ကြည်ဖြောင့်မတ်သည်ဟုယူဆရသော်လည်း မြင့်မြတ်သည်ဟုထင်ရသော်လည်း မိမိနှစ်သက်သောမကောင်းမှုတစ်စုံ တစ်ခုကို လိုလားစွာမွေးမြူထားသူ၏အသက်တာဖြစ်ပါသည်။ ချောက် ကမ်းပါးကြီးအစွန်းမှာ တုန်လှုပ်လျက် စိုးရိမ်ကြောက်ရွံ့နေရဘိသည့် အလား ကြီးမားလှသည့်စုံစမ်းနှောင့်ယှက်မှုတစ်ရပ်ကို လျှို့ဝှက်စွာ ရုန်းကန်တွန်းလှန်နေရသောစိတ်ဝိညာဉ်သည် အပြစ်တရားနောက်သို့ ပါသွားဖို့ အင်အားအကြီးဆုံးသောဆွဲဆောင်မှုကိုခံနေရခြင်းအတွက် ပုံစံနမူနာဖြစ်ပါသည်။ အသက်တာ၌ မြင့်မြတ်သောအယူအဆများ

အမှန်တရားများနှင့်ဂုဏ်သိက္ခာများစုံလင်စွာရှိသော်လည်း ဘုရားသခင်၏သန့်ရှင်းသောပညတ်တစ်ခုခုကိုချိုးဖေါက်နေပါက မိမိရရှိထားသည့်ဆုမင်္ဂလာများကို အလွဲသုံးစားပြုပြီး အပြစ်တရား၏ဆွဲဆောင်မှုနောက်သို့လိုက်နေခြင်းဖြစ်ပါသည်။ ထူးခြားထက်မြက်သောပညာဉာဏ်၊ စွမ်းရည်သတ္တိ၊ ကိုယ်ချင်းစာတတ်ခြင်းများသာမက ရက်ရောသောစေတနာနှင့်ကြင်နာစွာပြုစုခြင်းများသည်ပင်လျှင် အခြားသောအသက်ဝိညာဉ်များအား ယခုဘဝအသက်တာအတွက်သာမက တမလွန်ဘဝအသက်တာအတွက်ပါ မြှူဆွယ်၍ဖမ်းစားသည့်စာတန်၏လက်နက်များဖြစ်နေနိုင်ပါသည်။

"လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာတို့ကိုလည်းကောင်း မချစ်ကြနှင့်၊ လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ၊ လောက၌ရှိသမျှသောအရာတည်းဟူသောကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ကြွယ်ဝခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။" ၁ယောဟန် ၂း၁၅၊၁၆။

"မစိုးရိမ်ကြနှင့်။" ရှင်မဿဲ ၆း၂၅။

သင့်အားအသက်ကိုပေးတော်မူသည့်အရှင်သည် သင့်အဖို့အစားအစာနှင့်ထောက်ပံ့မှုလိုကြောင်းသိထားတော်မူ၏။ သင်၏ကိုယ်ခန္ဓာကိုဖန်ဆင်းထားတော်မူသောအရှင်သည် သင်လိုအပ်သည့်အဝတ်အတွက်သတိမထားဘဲနေတော်မူမည်မဟုတ်။ ပို၍ကောင်းသောဆုမင်္ဂလာအပေါင်းကိုပေးတော်မူသောအရှင်သည် သင်၌ပြည့်စုံကုံလုံမှုရှိဖို့ အခြားလိုအပ်သောအရာများကိုမပေးဘဲနေတော်မူမည်လော။

ယေရှုရှင်သည် ဝန်လေးပင်ပန်းခြင်းမရှိ၊ စိုးရိမ်ကြောင့်ကြမှု ကင်းသည့်ငှက်ကလေးများပျော်ရွှင်မြူးထူးလျက် သီဆိုကျူးရင့်နေကြပုံကို မိမိ၏တရားနာပရိသတ်အားညွှန်ပြတော်မူလျက်– “ထိုငှက်ကလေးတို့သည် မျိုးစေ့ကိုမစိုက်မကြဲ၊ စပါးကိုမရိတ်” သို့သော် မြတ်တော်မူသောခမည်းတော်သည် သူတို့လိုအပ်သမျှအတွက် အသင့်စီမံထားတော်မူ၏ဟုမိန့်တော်မူပြီးမှ– “ထိုငှက်တို့ထက်သင်တို့သည် အလွန်မြတ်သည် မဟုတ်လော” ဟုမေးတော်မူ၏။

“ကိုယ်တော်မသိဘဲစာငှက်တစ်ကောင်မျှမြေသို့မကျရ၊
ပျပ်ဝပ်၍မကိုးကွယ်သော်လည်း သခင်ယေရှုသိတော်မူ၏
ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အစဉ်ရှိတော်မူ၏၊
ဝမ်းနည်းကြေကွဲရခြင်းများကိုလည်းမှတ်တော်မူ၏၊
ကိုယ်တော်အားအစဉ်ကိုးစားသောအသက်ဝိညာဉ်ကို
မည်သည့်အခါမျှ၊ မည်သည့်အခါမျှစွန့်ပစ်တော်မမူပါ။”

တောင်ကမ်းပါးယံမြေပြင်မြင့်မှာ ပန်းမာလာမျိုးစုံဖြင့် သာယာစိုပြည်လျက် နံနက်ခင်း၏အလှအပနှင့်လန်းဆန်းနေပုံကို လက်ညှိုးညွှန်တော်မူလျက်– “တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကိုဆင်ခြင်အောက်မေ့ကြလော့” ဟု သခင်ယေရှုမိန့်တော်မူ၏။ ပန်းပင်ကလေးများနှင့်ပန်းပွင့်ကလေးတို့၏လှပနုနယ်သော အရောင်အဆင်းနှင့်ကျက်သရေရှိပုံကို လူသားတို့ကျွမ်းကျင်မှုဖြင့် တုပနိုင်ကြမည်ဖြစ်သော်လည်း အရွက်ကလေးတစ်ရွက်နှင့်ပွင့်ဖတ်ကလေးတစ်ခုစီအား မည်သို့လျှင်အသက်သွင်းပေးနိုင်ပါမည်နည်း။ ကောင်းကင်ကြယ်အပေါင်းကိုဖန်ဆင်းတော်မူသည့်အရှင်သည်ပင်လျှင် လမ်းဘေး၌

လန်းဆန်းနေသည့်ပန်းပွင့်ကလေးများကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းထားသမျှသောအရာတို့သည် ဘုရားသခင်၏ကြီးမြတ်တော်မူသော နှလုံးတော်ကိုကြည်သာဝမ်းမြောက်စေကြ၏။ မြေမြင်၌ရှိသော ပန်းကလေးတို့အား လက်တော်ဖြင့်အလှဆင်ထားသည်မှာ လောကီဘုရင်တကာတို့၏ဝတ်စားတန်ဆာများထက် သာလွန်လှပပါ၏။ ထို့ကြောင့် "ယုံကြည်အားနည်းသောသူတို့၊ ယနေ့အသက်ရှင်နေလျက် နက်ဖြန်မီးဖိုထဲရောက်သောတောမြက်ပင်ကို ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးတော်မူလျှင် ထိုမျှမကသင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော။"

ပန်းပွင့်ကလေးများကို ဖန်ဆင်းတော်မူသောအရှင်၊ စာငှက်ကလေးများအားသီဆိုသံကိုပေးထားတော်မူသောအရှင်မိန့်တော်မူသည်ကား– "တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကိုဆင်ခြင်အောက်မေ့ကြလော့။" "မိုးကောင်းကင်၌ကျင်လည်သောငှက်များကိုကြည့်ရှုဆင်ခြင်ကြလော့" ဟူသတည်း။ သဘာဝ၏အလှအပများကိုဆင်ခြင်သောအားဖြင့် စာသင်ခန်းအတွင်းမှမပေးနိုင်သောဘုရားသခင်နှင့်ဆိုင်သည့်ပညာကိုပို၍ဆည်းပူးနိုင်ပါသည်။ နှင်းပန်းပွင့်ဖတ်ကလေးများပေါ်၌ သင့်အဖို့သတင်းစကားကို ဘုရားသခင်ရေးထားတော်မူသည်ဖြစ်ရာ ယခင်ကသင်ကိုယ်တိုင်တတ်သိထားပြီးသည့်မယုံကြည်ခြင်း၊ ကိုယ်ကျိုးဖက်ခြင်းနှင့်စိုးရိမ်ကြောင့်ကြတတ်ခြင်းများကိုဖျက်ဆီးပြီးမှသာ ထိုသတင်းစကားကိုသင်ဖတ်၍ နားလည်ပေလိမ့်မည်။ သီဆိုတတ်သောငှက်ကလေးများနှင့်လှပနုနယ်သောပန်းပွင့်ကလေးများကို သင့်အဖို့ဖန်ဆင်းထားတော်မူသည်မှာ သင်၏ဘဝအသက်တာတစ်လျှောက်လုံး၌ ပျော်ရွှင်ချမ်းမြေ့မှုရရှိစေရန် မေတ္တာတော်အပြည့်အဝနှင့်

ဘုရားသခင်က ပေးထားတော်မူသည်ကိုထင်ရှားစွာသိသာစေရန်ဖြစ်ပါသည်။ ပန်းကလေးများနှင့်ငှက်ကလေးများမရှိဘဲ သင်အသက်ရှင်ဖို့လုံလောက်ပါသည်။ သို့သော် အသက်ရှင်ရုံမျှလောက်သာ စီမံထားခြင်းအားဖြင့် ဘုရားသခင်တင်းတိမ်တော်မမူပါ။ သင့်အားမေတ္တာနှင့်သတိရနေကြောင်း ပြတော်မူဖို့ ကောင်းကင်နှင့်မြေကြီးတစ်ခွင်လုံးတွင် အလှအပများကို အနည်းငယ်မျှစီဆင်ယင်ထားတော်မူ၏။ ဖန်ဆင်းထားသမျှသောလှပတင့်တယ်မှုအလုံးစုံတို့မှာ ဘုရားသခင်ကိုယ်တော်ရှင်၏ဘုန်းတော်ကိုအနည်းငယ်မျှလောက်ရောင်ပြန်ဟပ်နေခြင်းဖြစ်ပါသည်။ သင်၏အသက်တာ၌ ပျော်ရွှင်ဝမ်းမြောက်မှုရှိစေခြင်းငှာ ဘုရားသခင်သည်မိမိတန်ခိုးတော်ကျွမ်းကျင်ပုံကို သဘာဝဓမ္မ၌ ထိုမျှလောက်ရက်ရောသောစေတနာဖြင့်ပြထားတော်မူခြင်းကို ထောက်ရှုဆင်ခြင်ပါက သင့်အတွက်အမှန်လိုအပ်သည့်ကောင်းချီးမင်္ဂလာများကို ပေးတော်မူမည်မမူမည်ကို သင့်အနေဖြင့် သံသယရှိဖို့လိုပါသေးသလား။

"တောနှင်းပင်ကို .....ကိုဆင်ခြင် အောက်မေ့ကြလော့။" မိမိ၏ပွင့်ဖတ်ကလေးကို နေရောင်ခြည်ဘက်သို့လှည့်၍ ပွင့်စေသောပန်းကလေးတိုင်းသည် ကြယ်နက္ခတ်အပေါင်းကို စိုးမိုးထားသည့်စည်းမျဉ်းဥပဒေတော်ကြီးကိုနာခံနေခြင်းသာဖြစ်သောကြောင့် ၎င်း၏အသက်တာမည်မျှရိုးသားတင့်တယ်၊ ချစ်ဖွယ်ကောင်းလှပါသနည်း။ ခရစ်တော်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်သည့်ချစ်ဖွယ်သောအကျင့်စာရိတ္တအကြောင်း ကျွန်ုပ်တို့သဘောပေါက်စေဖို့ ပန်းပွင့်ကလေးများကိုကြည့်ရှုဆင်ခြင်စေခြင်းငှာ ဘုရားသခင်အလိုရှိတော်မူ၏။ ပန်းပွင့်ကလေးများအား ထိုမျှလောက်တင့်တယ်လန်းဆန်းစေခြင်းငှာ ဖန်ဆင်းထားတော်မူသည့်အရှင်အနေဖြင့် အသက်ဝိညာဉ်အားလည်း ခရစ်တော်၏ဂုဏ်တော်များနှင့်တူသည့်အကျင့်

စာရိတ္တများနှင့် ကိုယ်ကိုကိုယ်ဆင်မြန်ထားဖို့ ပို၍ပင်အလိုရှိတော်မူပါသည်။

တောနှင်းပင်တို့အဘယ်သို့ကြီးပွားသည်ကို ဆင်ခြင်ကြဖို့ သခင်ယေရှုမိန့်မှာတော်မူခြင်းမှာ စိုစွတ်မည်းမှောင်နေသည့်မြေကြီး (သို့မဟုတ်) မြစ်ရေချောင်းရေအောက်ရှိမြေပြင်ပေါ်မှ အပင်ကလေးများပေါက်လာပြီး လှပမွှေးကြိုင်သောအပွင့်ကလေးများကိုပေးနိုင်ကြောင်း စဉ်းစားနိုင်ကြစေခြင်းငှာဖြစ်ပါသည်။ အညိုရောင်နှင်းပန်းဥကြမ်း၏အတွင်းမှ အလှအပကလေးထွက်ပေါ်လာလိမ့်မည်ဟု အဘယ်သူစဉ်းစားလိမ့်မည်နည်း။ သို့သော် ထိုပန်းဥအတွင်း၌ ဘုရားသခင်ဝှက်ထားတော်မူသည့်အသက်ကို နေရောင်နှင့်မိုးရေတို့ဖြင့် ဘုရားသခင်ခေါ်ထုတ်တော်မူသောအခါ ကျက်သရေရှိလှသည့်မြတ်နိုးဖွယ်ရာအလှအပကို လူတို့တအံ့တသြရှုမြင်ရကြပါသည်။ ထိုနည်းတူ လူသားတိုင်း၏အသက်ဝိညာဉ်အတွင်း ဝှက်ထားသည့်ဘုရားသခင်၏အသက်ကိုဖော်ထုတ်သောအခါ နေရောင်မိုးရေများပမာ လူတိုင်းလူတိုင်းထံသို့ကြွယ်ဝစွာသောကောင်းချီးမင်္ဂလာများ ရက်ရက်ရောရောအခမဲ့ရောက်လာပြီး ကိုယ်တော်၏ကျေးဇူးတော်သို့ ကိုယ်ကိုဆက်ကပ်ကြလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပါဌ်တော်အားဖြင့် ပန်းပင်များကိုဖန်ဆင်းတော်မူ၏၊ ထိုနှုတ်ကပါဌ်တော်ကပင် ကိုယ်တော်၏ဝိညာဉ်တော်ဆိုင်ရာကျေးဇူးတော်များကို သင့်အားထုတ်ပေးပါလိမ့်မည်။

ဘုရားသခင်၏ပညတ်တော်သည် မေတ္တာတော်ပညတ်ဖြစ်ပါသည်။ ကိုယ်တော်သည် သင့်အားအလှအပတို့နှင့်ဝန်းရံထားခြင်းမှာ ပညာဗဟုသုတများကို နှိုက်နှိုက်ချွတ်ချွတ်ကိုယ်အတွက်ရှာဖို့၊ တူးဆွဆောက်လုပ်ဖို့၊ ကြိုးစားအားထုတ်ချည်ငင်ရက်လုပ်ဖို့မဟုတ်ကြောင်းကို

သင်ပေးခြင်းမဟုတ်ပါ။ အသက်တာ၌ရှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်းရှိစေရန် ပန်းပွင့်ကလေးများနည်းတူမေတ္တာလမ်းစဉ်ဖြင့် သူတစ်ပါး၏အသက်တာများအား ကြည်ရွှင်ချမ်းမြေ့မှုပေးစေရန်နှင့် ခရစ်တော်၏မေတ္တာတော်၌ တင့်အပ်လျောက်ပတ်စွာ တည်နေကြရန်ဖြစ်ပါသည်။

မိဘတို့အားမှာကြားလိုသည်မှာ– သင်တို့၏သားသမီးကလေးများအား ပန်းပွင့်ကလေးများမှပညာသင်ပေးပါ။ ပန်းဥယျာဉ်တွင်းသို့ဖြစ်စေ၊ လယ်ကွင်းလယ်ပြင်ထဲသို့ဖြစ်စေ သူတို့အားခေါ်သွားပြီး သစ်ရိပ်ကောင်းရာအောက်၌ထိုင်လျက် ဘုရားသခင်၏မေတ္တာတော်သတင်းစကားကိုသဘာဝမှဖတ်ယူနားလည်ဖို့ သင်ပေးပါ။ ငှက်ကလေး၊ ပန်းပွင့်ကလေးသစ်ပင်ကလေးများနှင့်ဆက်စပ်လျက် ကိုယ်တော်၏အကြံအစည်များနှင့်ပတ်သက်၍ သိကောင်းစရာများကိုသင်ပေးပါ။ နှစ်လိုဖွယ်သောအရာများနှင့်တင့်တယ်လျောက်ပတ်သောအရာများ၌ ဘုရားသခင်၏မေတ္တာတော်ပေါ်လွင်နေပုံများကို သားသမီးတို့သဘောပေါက်လောက်အောင်လမ်းပြပါ။ သင်၏အယူဝါဒနှင့်နှစ်သက်ဖွယ်ကောင်းပုံကို သူတို့အားဆက်လက်ဖေါ်ပြထောက်ခံပါ။ ယင်းသို့သင်ပြထောက်ခံရာ၌ ကြင်နာခြင်းတရားကိုလက်တွေ့ပြပါ။

ဘုရားသခင်၏မေတ္တာတော်ကြီးမြတ်လှသည်ဖြစ်၍ သူတို့၏သဘာဝကို ဘုရားသခင်၏အလိုတော်နှင့်လျော်ညီအောင် ပြောင်းလဲပေးနိုင်ကြောင်း၊ သူတို့၏အသက်တာပုံစံများသည် ပန်းပွင့်ကလေးများပမာလှပလျက် ကျက်သရေရှိနေကြဖို့ ဘုရားသခင်အလိုရှိတော်မူကြောင်း၊ မွှေးကြိုင်သည့်ပန်းပွင့်ကလေးများကို သူတို့ရှူးဆွတ်စုသိမ်းနေကြစဉ် ယင်းပန်းပွင့်ကလေးများကို ဖန်ဆင်းထားတော်မူသောအရှင်သည် ယင်းပန်းပွင့်ကလေးများထက် တင့်တယ်တော်မူကြောင်းကို

သားသမီးတို့အားသင်ပေးပါ။ ယင်းသို့သင်ပြပါက သူတို့၏နုနယ်သော နှလုံးသားကလေးများသည် ကိုယ်တော်၏နှလုံးတော်နှင့်တပေါင်းတစည်း တည်းဖြစ်လာကြပါလိမ့်မည်။ "တစ်ကိုယ်လုံး၌ချစ်ဖွယ်သောဂုဏ်တော် အပေါင်းတို့နှင့်ပြည့်စုံတော်မူ" သောအရှင်သည် သူတို့အတွက်နေ့စဉ် အဖော်နှင့်သူတို့သိသောမိတ်ဆွေဖြစ်လာပြီး သူတို့၏အသက်တာကလေး များသည်လည်း ကိုယ်တော်နည်းတူစင်ကြယ်လျက် ပုံသဏ္ဍာန်ပြောင်းလဲ ခြင်းသို့ရောက်ကြပါလိမ့်မည်။

### "ဘုရားသခင်၏နိုင်ငံတော် ....... ကိုရှေးဦးစွာ ရှာကြလော့။" ရှင်မဿဲ ၆း၃၃။

လောကီနိုင်ငံနှင့်ပတ်သက်၍ ခရစ်တော်တစ်စုံတစ်ရာကြေညာ တော့မည်ဟု ကိုယ်တော်၏တရားနာပရိသတ်က ဆန္ဒစောလျက်စောင့် မျှော်နေကြပါသည်။ ကောင်းကင်ဘဏ္ဍာများအကြောင်းကို သူတို့အား သခင်ယေရှုကဖွင့်ပြနေတော်မူသော်လည်း အများသောသူတို့က သူတို့ အနေဖြင့် ကိုယ်တော်နှင့်ဆက်သွယ်ခြင်းအားဖြင့် ဤလောက၌မည်ကဲ့သို့ ကြီးပွားတိုးတက်ပါလိမ့်မည်နည်းဟုသာ အဓိကထား၍စဉ်းစားနေကြပါ သည်။ လောကီရေးရာများကိုသာ သူတို့ဦးစားပေးစိုးရိမ်နေကပါသည်။ ထို့ကြောင့် သူတို့သည်လည်း သူတို့ဝန်းကျင်၌ရှိကြသည့်တစ်ပါးအမျိုး သားတို့နည်းတူ လူသတ္တဝါတို့၏စားဝတ်နေရေးအတွက် စီမံကြည့်ရှု နေတော်မူသည့်ဘုရားသခင်မရှိဘိသကဲ့သို့ နေထိုင်သောသူများဖြစ် ကြောင်း သခင်ယေရှုဖေါ်ပြတော်မူ၏။

“ထိုအရာများကို လောကီသားအမျိုးမျိုးတို့သည် ရှာဖွေတတ်ကြ၏” ဟူ၍လည်းကောင်း၊ “ထိုအရာများကိုသင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်သိတော်မူ၏။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုရှေးဦးစွာရှာကြလော့၊ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့” ဟူ၍လည်းကောင်း သခင်ယေရှုမိန့်တော်မူ၏။ လုကာ ၁၂း၃၀။ မဿဲ ၆း၃၂၊၃၃။ မေတ္တာ၊ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းတို့နှင့်ဆိုင်သောနိုင်ငံတော်ကို သင်တို့အားဖွင့်ပြခြင်းငှာ ငါလာခဲ့သည်ဖြစ်၍ ထိုနိုင်ငံတော်ကိုခံယူခြင်းငှာ သင်တို့၏စိတ်နှလုံးများကိုဖွင့်ထားကြလော့ဟူ၍လည်းကောင်း၊ ထိုနိုင်ငံ၏အမှုသည် သင်တို့အဖို့အကြီးမြတ်ဆုံးသောအကျိုးကျေးဇူးဖြစ်သည်ဟုမှတ်ကြလော့၊ ဝိညာဉ်ရေးရာနိုင်ငံဖြစ်သောလည်း ဤဘဝနှင့်ဆိုင်သည့်စားဝတ်နေရေးအတွက် စိုးရိမ်ကြောင့်ကြစရာမရှိ၊ သင်တို့သည် ကိုယ်ကိုကိုယ်ဘုရားသခင်၏အမှုတော်အတွက်ဆက်ကပ်ထားကြပါက ကောင်းကင်ဘုံနှင့်တကွ ဤကမ္ဘာမြေကြီးပေါ်တွင် တန်ခိုးအကြီးဆုံးသောအရှင်သည် သင်တို့အမှန်လိုအပ်သည့်စားဝတ်နေရေးအတွက် အသင့်စီမံတော်မူလိမ့်မည်ဟူ၍လည်းကောင်း သခင်ယေရှုမိန့်တော်မူ၏။

ကျွန်ုပ်တို့အနေဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်ဖို့မလိုတော့ဟု သခင်ယေရှုမိန့်တော်မူခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ပထမ ကိုယ်တော်သည်နောက်ဆုံး၊ ကိုယ်တော်သည်အရာခပ်သိမ်းဖြစ်တော်မူသည်ဟု ကျွန်ုပ်တို့သဘောထားကြဖို့ သင်ပြတော်မူခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တနှင့်အသက်တာ၌ ကိုယ်တော်၏ဖြောင့်မတ်စွာပြုပြင်ခြင်းကို အဟန့်အတားဖြစ်စေမည့် စီးပွားရှာခြင်း၊ ဆန္ဒစောလွန်းခြင်း၊ အပျော်အပါးလိုက်စားခြင်းတို့ကိုရှောင်ဖို့ ဩဝါဒပေးတော်မူ၏။

ကျွန်ုပ်တို့ပြုလုပ်ဆောင်ရွက်သမျှ သခင်ဘုရားအတွက်ဆောင်ရွက်နေသကဲ့သို့ ကြိုးစားအားထုပ်ဆောင်ရွက်ရမည်။

ဤလောက၌ ယေရှုရှင်သက်ရှင်နေထိုင်တော်မူခဲ့စဉ် မိမိအသက်တာတစ်လျှောက် အသေးအဖွဲ့မှအစ မည်သည့်ကိစ္စရပ်၌မဆို မိမိဂုဏ်သိက္ခာမကျစေခြင်းငှာ လူတို့ရှေ့မှောက်၌ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေတော်မူ၏။ အရာခပ်သိမ်းကိုလည်း ခမည်းတော်၏အလိုတော်နှင့်အညီ ဆောင်ရွက်ပြောဆိုတော်မူ၏။ ကိုယ်တော်၏ပုံစံနမူနာအတိုင်းသာ ကျွန်ုပ်တို့လိုက်လျှောက်ကြပါက ကျွန်ုပ်တို့အမှန်ပင်လိုအပ်သည့်အရာခပ်သိမ်းကို "ထပ်၍ပေးတော်မူလတ္တံ့" ဟုအတိအလင်းကတိထားတော်မူ၏။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဖျားနာလျက်နေသည်ဖြစ်စေ၊ ကျန်းမာလျက်နေသည်ဖြစ်စေ၊ ပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မည်သည့်အခြေအနေ၌ပင်ရှိနေစေကာမူ ကိုယ်တော်၏ကျေးဇူးတော်ဆိုင်ရာကတိတော်အားဖြင့် လူတိုင်းအဖို့အသင့်စီမံထားတော်မူ၏။

အသက်ဝိညာဉ်တစ်ဦးအနေဖြင့် မည်မျှလောက်ပင်အားအင်ချည့်နဲ့နေစေကာမူ ကိုယ်တော်အားမျှော်ကြည့်၍ အကူအညီတောင်းလျှောက်ပါက ကိုယ်တော်၏ထာဝရလက်တော်ဖြင့် ဝန်းရံထားတော်မူပါလိမ့်မည်။ တောင်ကုန်းများရှိအဖိုးတန်အရာများပျက်စီးနိုင်သော်လည်း ကိုယ်တော်အတွက်အသက်ရှင်သော အသက်ဝိညာဉ်မူကား ကိုယ်တော်နှင့်အတူနေရလိမ့်မည်။ "လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီကျင့်သောသူမူကား နိစ္စထာဝရတည်၏။" ၁ယောဟန် ၂း၁၇။ ဤလောက၌နေရစဉ် ကိုယ်ဆင်းရဲစိတ်ဒုက္ခရောက်လျက် ဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေရ

သော်လည်း ဘုရားသခင်၏လမ်းညွှန်ဦးဆောင်မှုနှင့်ပညာကိုရဖို့အတွက်ဖြစ်စေ၊ သက်သာမှုနှင့်ငြိမ်သက်မှုကိုရဖို့အတွက်ဖြစ်စေ ကိုယ်တော်ထံချဉ်းကပ်ဆည်းပူးသောသူအား ကောင်းကင်ရွှေတံခါးများကိုဖွင့်၍လက်ခံတော်မူလိမ့်မည်။ ကောင်းကင်တမန်တို့၏သီဆိုသံများဖြင့်ကြိုဆိုလိမ့်မည်။ အသက်ပင်၏အသီးကိုလည်းစားသုံးရလိမ့်မည်။ "တောင်ကြီးတို့သည်ရွေ့၍ တောင်ငယ်တို့သည်လှုပ်ရှားသော်လည်း ငါ၏မေတ္တာသည် သင်မှမရွေ့ရ၊ ငါ၏ငြိမ်သက်ခြင်းပဋိညာဉ်သည်လည်း မလှုပ်ရှားရဟု သင်၌သနားခြင်းကရုဏာတော်စိတ်ရှိတော်မူသောထာဝရဘုရားမိန့်တော်မူ၏။" ဟေရှာယ ၅၄း၁၀။

> **"ထိုကြောင့်နက်ဖြန်အဖို့မစိုးရိမ်ကြနှင့်......**
> **ယနေ့၌ရှိသောမကောင်းမသင့်သောအရာသည်**
> **ယခုနေ့အဖို့လောက်ပေ၏။" ရှင်မဿဲ ၆း၃၄။**

ကိုယ်တော်၏အမှုတော်ကိုဆောင်ဖို့ ကိုယ်ကိုကိုယ်ဘုရားသခင်အား ဆက်ကပ်ထားပြီးဖြစ်ပါက မနက်ဖြန်အဖို့စိုးရိမ်စရာမရှိပါ။ သင်ကိုးစားသောအရှင်သည် အစမှအဆုံးတိုင်အောင်သိတော်မူ၏။ သင်သည် မနက်ဖြန်ပေါ်ပေါက်မည့်ဖြစ်ရပ်များကို ကြိုတင်၍မသိနိုင်သော်လည်း အရာခပ်သိမ်းကိုတတ်နိုင်တော်မူသောအရှင်သိတော်မူ၏။

ကျွန်ုပ်တို့ဆောင်ရွက်စရာရှိသည်များကို ကျွန်ုပ်တို့ကိုယ်တိုင်စီမံဆောင်ရွက်ကြပါက၊ အောင်မြင်ဖို့ကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့်စီမံဆောင်ရွက်ကြပါက ကျွန်ုပ်တို့အား ဘုရားသခင်ပေးအပ်မထားသည့်တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ ကိုယ်တော်၏အကူအညီ

မပါဘဲ ထမ်းဆောင်နေခြင်းလည်းဖြစ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သော တာဝန်ကို ကျွန်ုပ်တို့ယူဆောင်ထားခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်၏နေရာကိုယူထားရာရောက်ပါသည်။ ကျွန်ုပ်တို့၌ စိုးရိမ်ကြောင့်ကြမှုရှိကောင်းရှိလိမ့်မည်၊ အန္တရာယ်နှင့်ဆုံးရှုံးမှုကိုလည်း ကြိုတင်မျှော်မှန်းထားပေလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ယင်းသို့ပင်အမှန်ဖြစ်ရလိမ့်မည်။ သို့သော်ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်တော်မူသောကြောင့် ကျွန်ုပ်တို့အတွက် ကောင်းဖို့ကိုသာ ပြုတော်မူမည်ဟု အမှန်ယုံကြည်ကိုးစားထားကြပါက အနာဂတ်အတွက် ကျွန်ုပ်တို့စိုးရိမ်စရာမရှိတော့ပါ။ သားငယ်သည် ချစ်သောမိဘအား ယုံကြည်ကိုးစားသကဲ့သို့ ဘုရားသခင်အား ကျွန်ုပ်တို့ယုံကြည်ကိုးစားရပါမည်။ ထိုအခါ ကျွန်ုပ်တို့၏ဆန္ဒများသည် ဘုရားသခင်၏အလိုတော်၌ ငုံမိနေပြီဖြစ်သောကြောင့် ကျွန်ုပ်တို့၌ဒုက္ခများနှင့်စိတ်ပျက်အားလျော့ရခြင်းများရှိတော့မည်မဟုတ်ပါ။

ကျွန်ုပ်တို့မနက်ဖြန်ထမ်းဆောင်ရမည့်တာဝန်များအတွက် ယနေ့အကူအညီပေးမည်ဟု ခရစ်တော်ကကတိပေးမထားပါ။ “ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏” ဟုသာမိန့်တော်မူ၏။ ၂ကော ၁၂း၉။ သို့သော်တောကြီးကန္တာရအတွင်း၌ပေးခဲ့သောမန္နမုန့်ပမာ ကိုယ်တော်၏ကျေးဇူးတော်ကိုလိုသောနေ့အတွက် မှန်မှန်ပေးတော်မူ၏။ တောကြီးအတွင်းဘုရားဖူးလှည့်လည်ခဲ့ကြသည့်ဣသရေလပရိသတ်နည်းတူ တစ်နေ့တာအတွက်လိုအပ်သည့်ကောင်းကင်မုန့်ကို နံနက်အစဉ်အတိုင်း ကျွန်ုပ်တို့တွေ့ကြမည်သာဖြစ်ပါသည်။

ကျွန်ုပ်တို့အဖို့တစ်နေ့တာသာရှိပါသည်။ ဤနေ့အတွင်း၌လည်း ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်အဖို့သာအသက်ရှင်ရပါမည်။ ခရစ်တော်

သည် ကျွန်ုပ်တို့အားအမြဲစောင့်ရှောက်နေတော်မူသောကြောင့် ကျွန်ုပ်တို့၏ကိုယ်ရေးကိစ္စအဝဝနှင့် စီမံချက်များကိုဖြစ်စေ၊ စိုးရိမ်ကြောင့်ကြစရာများကိုဖြစ်စေ ထိုတစ်နေ့တာအတွင်း လေးစားစွာဆည်းကပ်လျက် ကိုယ်တော်၏လက်ဝယ်သို့အပ်ရပါမည်။ "ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာကြံစည်သောအကြံမဟုတ်ဘဲ သင်တို့သည် မြော်လင့်သောအကျိုးကိုရမည်အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ကြံစည်သောအကြံတို့ကိုငါသိ၏။" "သင်တို့သည်ပြောင်းလဲ၍ ငြိမ်ဝပ်စွာနေလျှင် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။ ငြိမ်ဝပ်စွာနေခြင်း ယုံကြည်ခြင်းအားဖြင့် ခွန်အားအစွမ်းကိုရကြလိမ့်မည်။" ယေရမိ ၂၉း၁၁။ ဟေရှာယ ၃ဝး၁၅။

သင်သည် ဘုရားသခင်ကိုနေ့စဉ်ရှာဖွေဆည်းကပ်လျက် ပြောင်းလဲပါက၊ သင်သည်ဝိညာဉ်ရေးနှင့်ဆိုင်၍ သင်၏ကိုယ်ပိုင်ရွေးချယ်မှုဖြင့် ဘုရားသခင်၌လွတ်လပ်ခြင်းနှင့်ဝမ်းမြောက်ခြင်းရှိပါက၊ သင်သည် ကိုယ်တော်၏ကျေးဇူးတော်ခေါ်သံကို ဝမ်းမြောက်စွာလက်ခံပါက ခရစ်တော်ထမ်းပိုးကိုထမ်း၍လာခြင်းဖြစ်ပါသည်။ ထိုထမ်းပိုးသည် နားထောင်ခြင်းဆိုင်ရာအမှုတော်ဆောင်သည့်ထမ်းပိုးဖြစ်သောကြောင့် သင့်အနေဖြင့် ညည်းညူစရာမရှိတော့ဘဲ သင်၏အခက်အခဲများကိုလည်းဖယ်ရှားပြီးဖြစ်လိမ့်မည်။ ယခုသင်ရင်ဆိုင်ရသည့်ရှုပ်ထွေးသောပြဿနာကိုလည်း ဖြေရှင်းပြီးဖြစ်လိမ့်မည်။

---ooo---

# သခင်ဘုရား၏ပတ္ထနာတော်

**"ထိုကြောင့်သင်တို့ဆုတောင်းရမည်မှာ။"**
**ရှင်မဿဲ ၆း၉။**

သခင်ဘုရား၏ပတ္ထနာတော်ကို ကယ်တင်ရှင်ကနှစ်ကြိမ်ပေးတော်မူခဲ့ပါသည်။ မင်္ဂလာတောင်တော်မှဒေသနာတော်ကိုဟောကြားတော်မူချိန်က တရားနာပရိသတ်အား ယင်းပတ္ထနာတော်ကိုပထမအကြိမ်ပေးတော်မူခဲ့ပါသည်။ နောက်ပိုင်းလအနည်းငယ်ကြာသောအခါ တပည့်တော်တို့သာရှိနေကြစဉ် ထပ်၍ပေးတော်မူခဲ့ပါသည်။ တပည့်တော်များသခင်ဘုရားထံတော်မှခွဲထွက်သွားကြပြီး မကြာမီပြန်လာကြသောအခါ ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်နှင့်ဆက်သွယ်လျက် ပတ္ထနာပြုနေကြပုံကိုတွေ့ကြပါသည်။ သူတို့ပြန်ရောက်လာကြသည်ကိုပင် သိပုံမပေါ်ပါ။ အသံကျယ်စွာဆက်၍ပတ္ထနာပြုနေပါသည်။ ကယ်တင်ရှင်၏မျက်နှာတော်သည် မိုးကောင်းကင်အလင်းပမာတောက်ပလျက် မျက်မြင်မရသောအရှင်၏ရှေ့တော်မှောက်သို့ရောက်နေပုံပေါ်ပါသည်။ ကိုယ်တော်၏နှုတ်တော်ထွက်စကားများ၌ အသက်ရှင်သောတန်ခိုးပါ၍ ဘုရားသခင်ကိုယ်တော်တိုင်နှင့် စကားပြောနေပုံရပါသည်။

နားထောင်နေကြသောတပည့်တော်များအနေဖြင့် သူတို့၏စိတ်နှလုံးအတွင်း၌ အလေးအနက်ခံစားရကြပါသည်။ ကိုယ်တော်သည် ခမည်းတော်နှင့်ဆိတ်ကွယ်ရာအရပ်မှာ နာရီပေါင်းများစွာဆက်သွယ်တော်မူခဲ့ပုံများကို သူတို့အမှတ်ရနေကြပါသည်။ နေ့စဉ်နှင့်အမျှ မိမိအားဝန်းရံလျက်လိုက်ပါကြသည့် ဓမ္မပရိသတ်အား ရဗ္ဗိဆရာတို့၏

အခမ္ဘအယူဝါဒများကိုဖွင့်ပြတော်မူရာ၌ မရပ်မနားအမှုဆောင်ရသော ကြောင့် လုံးဝမောပန်းနွမ်းနယ်သည့်အခြေသို့ဆိုက်သဖြင့် ကိုယ်တော်၏ မယ်တော်နှင့်ညီတော်များကသာမက တပည့်တော်များကပါကိုယ်တော် အနေဖြင့် အသက်တော်ကိုစွန့်ရတော့မည်ဟုစိုးရိမ်နေကြပါသည်။ သို့သော် ယင်းသို့ပင်ပန်းရသည့်တစ်နေ့တာ၏အဆုံးတွင် မိမိ၏ခမည်း တော်နှင့်နာရီပေါင်းများစွာဆက်သွယ်တော်မူလျက် ပတ္ထနာပြုပြီး၍ ပြန်လာသောအခါ ကိုယ်တော်၏မျက်နှာတော်၌ငြိမ်သက်မှုအပြည့်အဝ ရှိနေပုံ၊ ကိုယ်တော်တိုင်အားဖြင့်ကြည်လင်သွက်လက်နေပုံများကို တပည့်တော်တို့အမှတ်ရကြပါသည်။ ကိုယ်တော်သည်ခမည်းတော်နှင့် ယင်းသို့နာရီပေါင်းများစွာဆက်သွယ်တော်မူပြီးမှ နံနက်အစဉ်အတိုင်း လူတို့ထံသို့အလင်းတရားကိုယူဆောင်ခဲ့ပါသည်။ ကိုယ်တော်ပတ္ထနာ ပြုနေသောအချိန်၌ ကိုယ်တော်၏တန်ခိုးကြီးသောနှုတ်မြွက်ခြင်းများနှင့် အလုပ်များတွင် အဆက်အသွယ်ရဖို့တပည့်တော်များရောက်လာကြပါ သည်။ ကိုယ်တော်သည် နူးညံ့သိမ်မွေ့နှိမ့်ချလျက်ဦးညွတ်ပြီးမှ တောင်းလျှောက်နေပုံကို တပည့်တော်များနားထောင်စဉ် သူတို့ကိုယ် တိုင်အံ့ဩမိန်းမောလျက် မာန်မာနနှိမ့်ချသည့်စိတ်သဘောများဝင်လာပြီး ကိုယ်တော်၏ပတ္ထနာသံရပ်စဲသွားသောအခါ သူတို့သည်လည်း ယင်းသို့ ပတ္ထနာပြုဖို့လိုအပ်ကြောင်းကို အလေးအနက်သတိတရားရကြသဖြင့် "သခင်၊ ဆုတောင်းစေခြင်းငှာ .... အကျွန်ုပ်တို့အားနည်းပေး" လမ်းပြ တော်မူပါဟု လျှောက်ကြပါသည်။ လုကာ ၁၁း၁။

ဆုတောင်းပုံနည်းစနစ်အသစ်ကို ယေရှုရှင်က သူတို့အားသင်ပြ တော်မမူပါ။ ယခင်က သင်ပြခဲ့သည့်အတိုင်းသာ သင်တို့နားလည်ဖို့ လိုသည်၊ ၎င်း၏လေးနက်သောအဓိပ္ပါယ်ကို သင်တို့မကောက်မယူ

ကြသေးဟူသောအခိပ္ပါယ်ဖြင့် ယခင်ကသင်ပြပြီးသည့်ပတ္ထနာကိုပင် ထပ်၍ပေးတော်မူ၏။

သို့သော် ယင်းစကားလုံးများကိုသာ ကျွန်ုပ်တို့အတိအကျအသုံးပြုရမည်ဟု ကယ်တင်ရှင်သတ်မှတ်ထားတော်မူခြင်းမဟုတ်ပါ။ မိမိ၏စံနမူနာတော်ကို လူသားတော်အနေဖြင့် သင်ပြတော်မူခြင်းဖြစ်ပါသည်။ လွယ်ကူသည့်စကားလုံးများဖြစ်သောကြောင့် ကလေးသူငယ်အနေဖြင့်ပင်လက်ခံကျင့်သုံးနိုင်ပါသည်။ သို့သော်လိုရင်းအချက်ပြည့်စုံလှသောကြောင့် ယင်းအချက်များ၏ဆိုလိုရင်းများကို ဦးနှောက်အကောင်းဆုံးသောသူများပင်လျှင် မည်သည့်အခါမျှပြီးပြည့်စုံအောင် နားလည်မည်မဟုတ်ပါ။ ကျေးဇူးတော်အပေါင်းကိုချီးမွမ်းလျက် ဘုရားသခင်အား ကျွန်ုပ်တို့ဆည်းကပ်ကိုးကွယ်ကြဖို့၊ ကျွန်ုပ်တို့၏အမှန်လိုအပ်ချက်များကို၏တောင်းလျှောက်ကြဖို့၊ ကျွန်ုပ်တို့၏အပြစ်များကိုဖေါ်ပြတောင်းပန်ကြဖို့၊ ကတိတော်နှင့်အညီ ကိုယ်တော်၏ကျေးဇူးတော်ကိုတောင်းခံကြဖို့ ကျွန်ုပ်တို့အားသင်ပြတော်မူခြင်းဖြစ်ပါသည်။

> **“သင်တို့သည်ဆုတောင်းလျှင်မြွက်ဆိုရမည်မှာ**
> **ကောင်းကင်ဘုံ၌ရှိတော်မူသော**
> **အကျွန်ုပ်တို့အဘ။” ရှင်လုကာ ၁၁း၂။**

ကိုယ်တော်၏အဘကို ကျွန်ုပ်တို့၏အဘဟုခေါ်ကြဖို့သခင်ယေရှုသင်ပေးတော်မူပါသည်။ ကျွန်ုပ်တို့အား ညီအစ်ကိုများဟုခေါ်ကြဖို့သခင်ယေရှုရှက်တော်မမူပါ။ ဟေဗြဲ ၂း၁၁။ ကယ်တင်ရှင်အနေဖြင့်ကျွန်ုပ်တို့အား ဘုရားသခင်၏မိသားစုဝင်များအဖြစ် ကြိုဆိုလက်ခံတော်

မူဖို့ စိတ်ပါလိုလားတော်မူလှသောကြောင့် ဘုရားသခင်၏ထံတော်သို့ ကျွန်ုပ်တို့ချဉ်းကပ်ကြသောအခါ "အကျွန်ုပ်တို့အဘ" ဟု အစပြုခေါ်ဆို လျက် ဆုတောင်းပတ္ထနာပြုကြဖို့ သင်ပေးတော်မူ၏။ ထိုသို့အားဖြင့် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏တော်စပ်ပုံအတွက် အာမခံချက်ပေးတော် မူ၏။

ဘုရားသခင်သည် မိမိ၏သားတော်အား ချစ်တော်မူသည်နည်းတူ ကျွန်ုပ်တို့ကိုလည်းချစ်တော်မူကြောင်း ဖေါ်ပြသည့်အံ့ဩဖွယ်ရာအမှန် တရားနှင့်ပတ်သက်၍ အားတက်ဖွယ်ရာနှင့်စိတ်သက်သာစရာများကို ဤပုံဤနည်းဖြင့်ကြွေးကြော်တော်မူ၏။ သခင်ယေရှုသည် မိမိ၏ တပည့်တော်တို့အဖို့ နောက်ဆုံးအကြိမ်ဆုတောင်းတော်မူစဉ်က "ကိုယ်တော်သည်.......အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူ" ကြောင်း ထည့်သွင်းဖေါ်ပြတော်မူခဲ့ပါသည်။ ယောဟန် ၁၇း၂၃။

စာတန်က သူပိုင်သည်ဟုအဆိုပြုလျက် ရက်စက်စွာဖြင့် အဓမ္မ စိုးမိုးထားသောဤကမ္ဘာကြီးကို ဘုရားသခင်၏သားတော်က မိမိ၏ မေတ္တာတော်ဖြင့်ဝန်းရံလျက် ယေဟောဝါအရှင်၏ပလ္လင်တော်နှင့်ပြန် လည်ဆက်စပ်ပေးတော်မူရာ၌ မဟာအောင်မြင်မှုကြီးတစ်ရပ်ကိုရယူနိုင် ခဲ့ပါသည်။ ထိုအောင်မြင်မှုကြီးကိုရသောအခါ ခေရုဗိမ်နှင့်ကောင်းကင် တမန်သရပ်များအပါအဝင် မည်သည့်အခါကမျှမကျဆုံးခဲ့သည့်ကမ္ဘာ များမ မရေမတွက်နိုင်သည့်ကောင်းကင်ဗိုလ်ခြေအပေါင်းက ဘုရား သခင်နှင့်သိုးသငယ်၏ဂုဏ်တော်ကိုချီးမွမ်းလျက် သီဆိုကျူးအေးကြ ပါသည်။ ကျဆုံးပြီးသောလူသားအတွက် ကယ်တင်ခြင်းလမ်းစဉ်ကို ဖွင့်၍ ဤကမ္ဘာမြေကြီးကိုအပြစ်တရား၏ကျိန်ခြင်းအမင်္ဂလာမှရွေးနက်

ပြီးသောအခါ သူတို့အားလုံးဝမ်းမြောက်ကြပါသည်။ ထိုအံ့ဖွယ်သော မေတ္တာဝန်းရံခြင်းကိုခံရသောသူများအနေဖြင့် မည်မျှလောက်ပို၍ဝမ်း မြောက်သင့်ပါသနည်း။

ကျွန်ုပ်တို့အနေဖြင့် မိဘမဲ့များဖြစ်နေကြပါသလားဟူ၍ မည်သည့် အခါမျှ သံသယဖြစ်စရာအကြောင်းမရှိပါ။ တရားတော်ကိုချိုးဖေါက် သောကြောင့် အပြစ်သင့်နေသောလူသားအဖို့ သခင်ယေရှုကိုယ်တော် တိုင် လူသားဘဝကိုခံယူတော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် ထာဝရငြိမ် သက်ခြင်းကိုခံစားရဖို့၊ အာမခံချက်ရှိဖို့ ကျွန်ုပ်တို့ကဲ့သို့ လူသားဘဝကို ကိုယ်တော်တိုင်ခံယူတော်မူ၏။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏အကျိုးဆောင် တော်ကြီးရှိနေသည်ဖြစ်ရာ ကိုယ်တော်အား မိမိ၏ကယ်တင်ရှင်ဖြစ်သည် ဟု လက်ခံသောသူတိုင်း ကိုယ့်အပြစ်အတွက် ကိုယ်တိုင်တာဝန်ယူဖို့ မိဘမဲ့စွန့်ပစ်ထားခြင်းမခံရပါ။

"ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ ၏။" "သားမှန်လျှင်အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏၊ ခရစ် တော်နှင့်အတူဘုန်းဝင်စားမည်အကြောင်း ထိုသခင်နှင့်အတူဆင်းရဲဒုက္ခ ကိုခံရလျှင် ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏။" "နောက် မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး၊ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟုငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတ္တံ့။" ၁ယောဟန် ၃း၂။ ရောမ ၈း၁၇။

ဘုရားသခင်ထံကျွန်ုပ်တို့ချဉ်းကပ်ဖို့အတွက် ရှေးဦးစွာသော လိုအပ်ချက်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့အားချစ်တော်မူကြောင်းသိ၍

ယုံကြည်ထားဖို့ဖြစ်ပါသည်။ (၁ယော၊ ၄း၁၆)။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏မေတ္တာတော်ဆွဲဆောင်မှုအားဖြင့်သာ ကျွန်ုပ်တို့ကိုယ်တော် ထံသို့ ချဉ်းကပ်နိုင်ကြပါသည်။

ဘုရားသခင်၏မေတ္တာတော်အကြောင်းသိနားလည်ပါက ကိုယ် ကိုကိုယ်ငြင်းပယ်လိမ့်မည်။ ဘုရားသခင်အား ကျွန်ုပ်တို့၏အဘဟုခေါ် ခြင်းဖြင့် ကိုယ်တော်၏သားသမီးအပေါင်းသည် ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမများဖြစ်ကြောင်းအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် လူသား မျိုးနွယ်တစ်ရပ်လုံး၏တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် မိသားစုကြီး တစ်ခုတည်း၌ပါဝင်နေကြပါသည်။ ဘုရားသခင်ထံတော်မှ ကျွန်ုပ်တို့ အသနားခံကြသောအခါ ကျွန်ုပ်တို့ကိုယ်တိုင်အတွက်သာမက ကျွန်ုပ် တို့နှင့်စပ်ဆိုင်သောသူအားလုံးအတွက်ပါဝင်ရပါမည်။ ကောင်းချီးမင်္ဂလာ ကို ကိုယ်အဖို့သာတောင်းလျှောက်ပါက မှန်သောပတ္ထနာမဟုတ်ပါ။

ဘုန်းတန်ခိုးကြွယ်ဝတော်မူသော ထာဝရအရှင်ဘုရားသခင်အား ကျွန်ုပ်တို့၏အဘဟုခေါ်၍ဆည်းကပ်ရန်မှာ ကျွန်ုပ်တို့အဖို့အခွင့်ထူး တစ်ရပ်ဖြစ်သည်ဟု ယေရှုရှင်မိန့်တော်မူ၏။ ထိုကြောင့် ယင်းသို့ခေါ် ခွင့်၌အကျုံးဝင်သမျှအဓိပ္ပါယ်များကိုဆင်ခြင်ပါ။ သင့်အားဖန်ဆင်းထား တော်မူသောအရှင်အနေဖြင့် ဒုစရိုက်သားအားဖျောင်းဖျတော်မူသကဲ့သို့ မည်သည့်လူသားမိဘကမျှ လမ်းလွဲနေသောသားသမီးကို ထိုမျှလောက် စိတ်ပါကိုယ်ရောက်မဖျောင်းဖျခဲ့ဖူးပါ။ နောင်တမရသေးသောသူအား မည်သည့်လူသားမေတ္တာစိတ်ဝင်စားမှုကမှ ထိုမျှလောက်သိမ်မွေ့စွာ မဖိတ်ခေါ်ခဲ့ဖူးပါ။ မည်သည့်နေရာ၌မဆို ဘုရားရှိတော်မူသောကြောင့် ပြောသမျှစကားကိုကြားတော်မူ၏။ တောင်းလျှောက်သမျှသောပတ္ထနာ တို့ကို နားထောင်တော်မူ၏။ အသက်ဝိညာဉ်တိုင်းခံစားရသည့်ဝမ်းနည်း

ကြေကွဲခြင်းနှင့်စိတ်ပျက်အားလျော့ရခြင်းများကို မြည်းစမ်းတော်မူ၏၊ မိခင်၊ ဖခင်၊ နှမ၊ မိတ်ဆွေနှင့်အိမ်နီးနားချင်းတို့အား ပြုသမျှတို့ကို အသိအမှတ်ပြုအလေးထားတော်မူ၏။ မေတ္တာ၊ ကရုဏာနှင့်ကျေးဇူးတော်သည် ကျွန်ုပ်တို့၏အမှန်လိုအပ်ချက်များအတွက် အစဉ်စီးဆင်းလျက် ယင်းအမှန်လိုအပ်သည်များအတွက် စောင့်ရှောက်တော်မူ၏။

သို့သော်သင်တို့အနေဖြင့် ထာဝရအရှင်ဘုရားသခင်အား သင်တို့၏အဘဟုခေါ်ရာ၌ ကိုယ်တော်၏မေတ္တာတော်သည် ပြောင်းလဲခြင်းမရှိကြောင်းသိထားခြင်းအားဖြင့် သင်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း၊ ကိုယ်တော်၏ဥာဏ်တော်ဖြင့်စောင့်ရှောက်ထားတော်မူဖို့လိုအပ်ကြောင်း၊ အရာခပ်သိမ်း၌နားထောင်ကြဖို့လိုအပ်ကြောင်း ဝန်ခံအသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ထိုအခါ သင်တို့၏အသက်တာအတွက် ကိုယ်တော်၏စီမံချက်ကိုလက်ခံလိမ့်မည်။ ဘုရားသခင်၏သားသမီးများဖြစ်သည်အားလျော်ညီစွာ ကိုယ်တော်၏နာမတော်ကို ရိုသေမြတ်နိုးလိမ့်မည်၊ ကိုယ်တော်၏ဂုဏ်တော်ကိုထင်ရှားစေလိမ့်မည်။ ကိုယ်တော်၏မိသားစုနှင့်ကိုယ်တော်၏အမှုတော်များသည် သင်တို့အတွက် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်ဟု သဘောထားလိမ့်မည်။ အဘခမည်းတော်နှင့်လည်းကောင်း၊ ကိုယ်တော်၏မိသားစုဝင်အားလုံးနှင့်လည်းကောင်း သင်တော်စပ်ပုံကိုလေးစားဝမ်းမြောက်စွာအသိအမှတ်ပြုလိမ့်မည်။ သင်၏အမျိုးသားချင်းနှင့်ကိုယ်တော်၏ဂုဏ်တော်ကိုထင်ရှားစေဖို့ဖြစ်ပါက မည်မျှပင်သေးသိမ်သည့်ကိစ္စဖြစ်စေကာမူ ဝမ်းမြောက်စွာဆောင်ရွက်လိမ့်မည်။

"ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ" ဟု ကျွန်ုပ်တို့အနေဖြင့်မြင်သိကြဖို့ ခရစ်တော်ညွှန်ပြတော်မူသည့်အရှင်သည်

"ကောင်းကင်ဘုံ၌ရှိတော်မူ၏၊ အလိုတော်ရှိသမျှအတိုင်းပြုတော်မူ၏" "အကျွန်ုပ်သည် ကြောက်ရွံ့သောအခါ ကိုယ်တော်၌ခိုလှုံပါ၏" ဟုဆို၍ ကိုယ်တော်၌ ကျွန်ုပ်တို့လုံခြုံမှုရကြပါလိမ့်မည်။ ဆာလံ ၁၁၅း၃။ ၅၆း၃။

**"ကိုယ်တော်၏နာမတော်အား**
**ရိုသေလေးမြတ်ခြင်းရှိပါစေသော။"**
**ရှင်မဿဲ ၆း၉။**

ဘုရားသခင်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိဖို့မှာ အမြတ်ဆုံးသောအရှင်၏အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့မြွက်ဆိုသမျှ၌ ရိုသေကိုင်းရှိုင်းခြင်းရှိကြဖို့လိုအပ်ပါသည်။ "နာမတော်သည် သန့်ရှင်း၏ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏။" ဆာလံ ၁၁၁း၉။ သုံးပါးပေါင်းတစ်ဆူနှင့်ဆိုင်သည့်ဘွဲ့တော် (သို့မဟုတ်) နာမတော်များကို ကျွန်ုပ်တို့မည်သည့်အခါတွင်မျှ ပေါ့ပေါ့တန်တန်အသုံးမပြုသင့်ပါ။ ကျွန်ုပ်တို့ဆုတောင်းပတ္ထနာပြုကြသောအခါ အမြတ်ဆုံးသောကိုယ်တော်၏ရှေ့တော်မှောက်သို့ အခစားဝင်နေခြင်းဖြစ်ပါသည်။ ထိုကြောင့် ကျွန်ုပ်တို့အနေဖြင့် အံ့ဩလောက်သောရိုသေခြင်းဖြင့် ဝင်ရောက်ကြဖို့လိုပါသည်။ ကိုယ်တော်၏ရှေ့တော်၌ ကောင်းကင်တမန်တို့မျက်နှာများကို ဖုံးအုပ်ထားရကြပါသည်။ ခေရုဗိမ်နှင့်ထွန်းတောက်သည့် သန့်ရှင်းသောကောင်းကင်တမန်သရပ်များသည် ကိုယ်တော်၏ပလ္လင်တော်ခြေရင်းသို့ပလေးစားစွာသောရိုသေလျက် သေမျိုးဖြစ်ကြသောကြောင့် ကျွန်ုပ်တို့အားဖန်ဆင်းတော်မူသောဘုရားသခင်၏ရှေ့တော်သို့ဝင်ရောက်ကြရာ၌ မည်မျှလောက်ပို၍ ရိုသေကိုင်းရှိုင်းသင့်လှပါသနည်း။

ဘုရားသခင်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိမည်ဟု ဆိုရာ၌ ဆိုခဲ့ပြီးသည်ထက်ပင်များစွာပိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ခေတ်ကယုဒလူတို့နည်းတူ ဘုရားသခင်အားပြင်ပလက္ခဏာဖြင့် အထူးတလည်ရိုသေကိုင်းရှိုင်းပုံကိုပြရကြမည်ဖြစ်သော်လည်း ကိုယ်တော်၏နာမတော်အား အစဉ်မထီမဲ့မြင်ပြုလျက် လောကီရေးရာ၌ သာစိတ်ဝင်စားသူများဖြစ်နေနိုင်ကြပါသည်။ "ထာဝရဘုရား၏နာမတော်" သည် "ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော..... သနားခြင်း ကျေးဇူးတရားကိုစောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်ကိုဖြေလွှတ်" တော်မူ၏။ ထွက်မြောက်ရာ ၃၄း၅–၇။ ခရစ်တော်၏အသင်းတော်နှင့်ပတ်သက်၍ "ယေဟောဝါဇေဒကနု* ဟူသောဘွဲ့နာမရှိလိမ့်သတည်း" ဟု ယေရမိ ၃၃း၁၆ ၌မှတ်တမ်းတင်ထားပါသည်။ ထိုနာမတော်ကို ခရစ်တော်၏နောက်တော်သို့လိုက်သာသူများအား ပေးတော်မူပါသည်။ ဘုရားသခင်၏သားသမီးတိုင်းအတွက် အမွေဖြစ်ပါသည်။ ဖခင်၏ အမည်ကိုမိသားစုဝင်အားလုံးအားပေးပါသည်။ ဣသရေလပရိသတ်အနေဖြင့် နာကြည်းလှစွာစိတ်သောကရောက်လျက် အတိဒုက္ခများနှင့် ရင်ဆိုင်ရကြသောအချိန်က "အကျွန်ုပ်တို့သည် နာမတော်ဖြင့်သမုတ်သောသူများဖြစ်ပါ၏၊ အကျွန်ုပ်တို့ကိုစွန့်ပစ်တော်မမူပါနှင့်" ဟု ပုရောဖက်ယေရမိကလျှောက်ထားခဲ့ပါသည်။ ယေရမိ၊ ၁၄း၉။

ကောင်းကင်တမန်များနှင့်တကွ မကျမဆုံးသောကမ္ဘာများမှ ဗိုလ်ခြေအပေါင်းက ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ကြပါသည်။ "ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေသော" ဟု သင်တို့ဆုတောင်းသောအခါ ထိုနာမတော်သည် တစ်ကမ္ဘာလုံး၌လည်းကောင်း၊ သင်တို့၏စိတ်၌လည်းကောင်း ရိုသေလေးမြတ်ခြင်းရှိပါစေသောဟု ပတ္ထနာပြုခြင်းဖြစ်ပါသည်။ ကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့တွင် သင်တို့အား မိမိ၏သားသမီးများဖြစ်သည်ဟု ဘုရားသခင်အသိအမှတ်ပြုတော်မူ၏။ ထို့ကြောင့် "သင်တို့ကိုသမုတ်သောနာမတော်မြတ်" အား ရိုသေလေးမြတ်စေခြင်းအလို့ငှာ ဆုတောင်းပတ္ထနာပြုကြပါလော့။ ယာကုပ်၊ ၂း၇။ ကိုယ်တော်၏ကိုယ်စားလှယ်များအဖြစ် သင်တို့အား ဤလောကသို့ဘုရားသခင်စေလွှတ်တော်မူ၏။ သင်၏အသက်တာလှုပ်ရှားမှုတိုင်း၌ ဘုရားသခင်၏နာမတော်ကိုထင်ရှားစေရပါမည်။ သင်၏ကျင့်စာရိတ္တ၌ ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေဖို့ ဆုတောင်းပတ္ထနာပြုရပါမည်။ သင်၏အသက်တာနှင့်အကျင့်စာရိတ္တအားဖြင့် ဘုရားသခင်၏အသက်တာနှင့်ဂုဏ်တော်ကိုရောင်ပြန်မဟပ်ပါက သင့်အနေဖြင့် ကိုယ်တော်၏နာမတော်အား ဤလောက၌ ရိုသေမြတ်နိုးရာမရောက်ပါ၊ ကိုယ်တော်ကိုလည်း ကိုယ်စားမပြုနိုင်ပါ။ သင့်အနေဖြင့် ခရစ်တော်၏ဖြောင့်မတ်ခြင်းဆိုင်ရာကျေးဇူးတော်ကိုလက်ခံခြင်းအားဖြင့်သာ ဤသို့ပြုနိုင်ပါလိမ့်မည်။

"နိုင်ငံတော်တည်ထောင်ပါစေသော။"

ရှင်မဿဲ ၆း၁၀။

ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏သားသမီးများအဖြစ် ကျွေးမွေးပြုစုထားတော်မူသည့်အဘဖြစ်တော်မူ၏။ စကြဝဠာကြီး၏

ဘုရင်ကြီးလည်းဖြစ်တော်မူ၏။ ကိုယ်တော်၏နိုင်ငံတော်နှင့်ဆိုင်သော ရေးရာများမှာ ကျွန်ုပ်တို့၏ရေးရာများပင်ဖြစ်သောကြောင့် ယင်းရေးရာများကိုမြှင့်တင်ဖို့မှာ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်တာဖြစ်ပါသည်။

ကိုယ်တော်၏ဘုန်းတော်နိုင်ငံကို ချက်ချင်းလက်ငင်းတည်ထောင်တော်မူဖို့ ခရစ်တော်၏တပည့်တော်များက လိုလားစောင့်စားနေကြပါသည်။ သို့သော် ဤပတ္တနာကိုပေးတော်မူခြင်းအားဖြင့် ထိုအချိန်က နိုင်ငံတော်တည်ထောင်ဖို့ အချိန်မတန်သေးဟု သူတို့အား ယေရှုရှင်သင်ပြတော်မူခြင်းဖြစ်ပါသည်။ အနာဂတ်တွင် နိုင်ငံတော်တည်ထောင်ဖို့ သူတို့ဆုတောင်းရကြပါမည်။ ယင်းသို့ဆုတောင်းပတ္တနာပြုစေခြင်းဖြင့်လည်း သူတို့အား အာမခံချက်ပေးထားခြင်းဖြစ်ပါသည်။ သူတို့ခေတ်၌ နိုင်ငံတော်တည်ထောင်သည်ကို သူတို့မြင်ရကြမည်မဟုတ်သော်လည်း ယင်းသို့ပ သူတို့ဆုတောင်းကြဖို့ ယေရှုရှင်သင်ပေးတော်မူခြင်းမှာ ဘုရားသခင်သတ်မှတ်ထားတော်မူသည့်အချိန်၌ နိုင်ငံတော်ကိုအမှန်ပင်တည်ထောင်တော်မူမည်ဖြစ်ကြောင်း အထောက်အထားပြခြင်းဖြစ်ပါသည်။

အပြစ်ဒုစရိုက်နှင့်ပြည့်ဝလျက် ပုန်ကန်လိုစိတ်က စိုးမိုးထားသောအသက်ဝိညာဉ်များသည် တစ်နေ့ပြီးတစ်နေ့ဘုရားသခင်၏မေတ္တာတော်အလိုသို့လိုက်လျောကြသည်မှာ ယနေ့ဘုရားသခင်၏ကျေးဇူးတော်နိုင်ငံကိုတည်ထောင်နေခြင်းဖြစ်ပါသည်။ သို့သော် ပြီးပြည့်စုံသည့်ကိုယ်တော်၏ဘုန်းတော်နိုင်ငံကိုမူကား ဤလောကသို့ခရစ်တော်ဒုတိယအကြိမ် ကြွမလာမီတိုင်အောင် တည်ထောင်တော်မူမည်မဟုတ်ပါ။ “ကောင်းကင်အောက်၌ နိုင်ငံတော်နှင်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသောအမျိုး” အား

ပေးတော်မူလိမ့်မည်။ ဒံယေလ ၇း၂၇။ "ကမ္ဘာဦးကပင်" သူတို့အဖို့ ပြင်ဆင်ထားသောနိုင်ငံကို သူတို့အမွေခံရကြလိမ့်မည်၊ မဿဲ ၂၅း၃၄။ ထိုအခါ ခရစ်တော်သည် မိမိ၏မြတ်တော်မူသောဘုန်းတန်ခိုးအာနုဘော်ဖြင့် စိုးစံတော်မူလိမ့်မည်။

ကောင်းကင်တံခါးဝကြီးများကို တစ်ဖန်မလျက် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာသောသန့်ရှင်းသူများဝန်းရံလျက် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်အဖြစ်ကြွလာတော်မူလိမ့်မည်။ ယေဟောဝါဧမာနွေလသည် "တစ်ပြည့်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူမည်၊ ထိုနေ့ရက်၌ထာဝရဘုရားတစ်ပါးတည်း၊ နာမတော်တစ်ပါးတည်းဖြစ်တော်မူမည်။" "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏ ........သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။" ဇာခရိ ၁၄း၉။ ဗျာ ၂၁း၃။

သို့သော် ယင်းသို့ကြွမလာမီ ယေရှုရှင်မိန့်တော်မူသည်ကား "လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်" ဟူသတည်း။ ကိုယ်တော်၏ကျေးဇူးတော်ဆိုင်ရာသတင်းတရားကောင်းများကို ကမ္ဘာအရပ်ရပ်သို့ပို့ဆောင်၍မပြီးမီတိုင်အောင် ကိုယ်တော်၏နိုင်ငံတော်ကိုတည်ထောင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကိုယ်ကိုကိုယ်ဘုရားသခင်အား ဆက်ကပ်ထားကြသောအခါ၊ အခြားအသက်ဝိညာဉ်များကို ကိုယ်တော်ထံသို့ပို့ဆောင်နိုင်ကြသောအခါ ကိုယ်တော်၏နိုင်ငံတော်ကိုအလျင်အမြန်တည်ထောင်ဖို့တွန်းအားပေးနေခြင်းဖြစ်ပါသည်။ "အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်ပါ" ဟု လျှောက်ထားလျက် ဘုရားသခင်၏အမှုတော်အတွက်

ကိုယ်ကိုကိုယ်ဆက်ကပ်ထားသူများသာ (ဟေရှာယ ၆း၈)၊ “မှောင်မိုက်မှအလင်းသို့ကူးပြောင်း၍ စာတန်၏အာဏာထဲမှ ဘုရားသခင်အထံတော်သို့ပြောင်းလဲသောအားဖြင့် အပြစ်ဖြေလွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့်....သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့်ဆက်ဆံ၍အမွေခံရမည်အကြောင်း” သူတို့၏ဉာဏ်မျက်စိကိုဖွင့်ပေးသူများသာ (တမန်တော် ၂၆း၁၈)၊ “နိုင်ငံတော်တည်ထောင်ပါစေသော” ဟု စိတ်ရင်းစေတနာကောင်းဖြင့် ဆုတောင်းပတ္ထနာပြုသူများဖြစ်ပါသည်။

**“အလိုတော်သည် ကောင်းကင်ဘုံ၌**
**ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ**
**ပြည့်စုံပါစေသော။” ရှင်မဿဲ ၆း၁၀။**

ဘုရားသခင်၏အလိုတော်ကို ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်၌ အထင်အရှားဖေါ်ပြထားပါသည်။ ထိုပညတ်တော်၏အခြေခံသဘောတရားများမှာ ကောင်းကင်ဘုံ၌အခြေခံသဘောတရားများပင်ဖြစ်ပါသည်။ ကိုယ်တော်၏အလိုတော်ကိုကောင်းကင်တမန်တို့သိကြပါသည်၊ ထိုထက်မပိုပါ။ ကိုယ်တော်၏အလိုတော်ကိုဆောင်ခြင်းမှာလည်း သူတို့၏စွမ်းဆောင်ရည်ကိုအမြင့်ဆုံးအသုံးပြုနိုင်ခြင်းဖြစ်ပါသည်။

သို့သော် ကောင်းကင်ဘုံ၌အမှုတော်ကိုဆောင်ခြင်းမှာ အကျင့်တရားစိတ်ဓါတ်ဖြင့်မဟုတ်ပါ။ ယေဟောဝါအရှင်၏ပညတ်တော်ကိုစာတန်ဆန့်ကျင်ပုန်ကန်ချိန်က ပညတ်တော်ရှိနေသည်ဟုပင် ကောင်းကင်တမန်တို့ကြိုတင်၍မသိခဲ့ကြပါ။ ထိုအချိန်ရောက်မှနိုးကြားသိရှိကြပါသည်။ ကောင်းကင်တမန်တို့အမှုဆောင်ကြရာ၌ ကျေးကျွန်များနည်းတူ

မဟုတ်၊ သားများနည်းတူဆောင်ရွက်ကြပါသည်။ သူတို့အားဖန်ဆင်းထားတော်မူသည့်ဖန်ဆင်းရှင်နှင့် သူတို့စပ်ကြားစုံလင်သည့် စည်းလုံးမှုရှိပါသည်။ နားထောင်ခြင်းဆိုသည်မှာ– သူတို့အဖို့ပင်ပန်းတကြီးလုပ်ဆောင်ရခြင်းမဟုတ်ပါ။ ဘုရားသခင်အားမြတ်နိုးရိုသေကြသောကြောင့် သူတို့အမှုဆောင်ကြရာ၌ ဝမ်းမြောက်ကြပါသည်။ ထို့ကြောင့် မြော်လင့်ခြင်းဆိုင်ရာဘုန်းတော်တည်းဟူသောခရစ်တော်ကိန်းအောင်းတော်မူသည့်နှလုံးအတွင်း၌ "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏၊ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" ဟူ၍ ပဲ့တင်ထပ်နေလိမ့်မည်။ ဆာလံ၊ ၄၀း၈။

အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော" ဟု ပတ္ထနာပြုရာ၌ ဤကမ္ဘာပေါ်တွင်အဓမ္မဝါဒစိုးမိုးနေခြင်းကုန်ဆုံးပါစေသော၊ ဒုစရိုက်မကောင်းမှုကိုထာဝရဖျက်ဆီးပြီးဖြစ်ပါစေသော၊ ဖြောင့်မတ်ခြင်းတရားတည်ရာနိုင်ငံတော်ကိုတည်ထောင်၍ ပြီးစီးပါစေသောဟု ဆုတောင်းခြင်းဖြစ်ပါသည်။ ထိုအခါ "ကောင်းမြတ်တော်မူခြင်း၏စေတနာအပေါင်း" သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်၌လည်း ပြည့်စုံလိမ့်မည်။ ၂သက်၊ ၁း၁၁။

**"အသက်မွေးလောက်သောအစာကို**
**အကျွန်ုပ်တို့အားယနေ့ပေးသနား**
**တော်မူပါ။" ရှင်မဿဲ ၆း၁၁။**

ပတ္ထနာတော်၏ပထမပိုင်းတွင် ဘုရားသခင်၏နာမတော်၊ နိုင်ငံတော်နှင့်အလိုတော်အကြောင်းကို ယေရှုရှင်သင်ပြတော်မူ၏။ ဆိုလို

သည်မှာ– ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ရမည်၊ ကိုယ်တော်၏နိုင်ငံတော်ကိုတည်ထောင်ပြီးစီးစေရမည်၊ ကိုယ်တော်၏အလိုတော်နှင့်အညီ ဆောင်ရွက်ရမည်ဟူ၍ဖြစ်ပါသည်။ ယင်းသို့ပင် ဘုရားသခင်၏အမှုတော်ကို ပထမဦးစားပေးအရာ၌ထားပါက သင့်အတွက်အမှန်လိုအပ်သည့်အရာများကို ယုံကြည်စိတ်ချလျက် တောင်းလျှောက်နိုင်ပါသည်။ သင်သည်ကိုယ်ကျိုးအတွက်မငဲ့ကွက်ဘဲ ခရစ်တော်အားကိုယ်ရောစိတ်ပါဆက်ကပ်ထားပါက ဘုရားသခင်၏မိသားစု၌ အပါအဝင်ဖြစ်၍အဘဘုရား၏အိမ်တော်၌ရှိသမျှကိုရပိုင်ခွင့်ရှိပါသည်။ လာလတ္တံ့သောကမ္ဘာနှင့်တကွ ယခုကမ္ဘာ၌ရှိသမျှသောဘုရားသခင်၏ဘဏ္ဍာတော်များက သင့်အတွက် ဖွင့်ထားပြီးဖြစ်ပါသည်။ ကောင်းကင်တမန်တို့အမှုဆောင်ရွက်ခြင်းများနှင့် ကိုယ်တော်၏ဝိညာဉ်ဆုကျေးဇူးများအပါအဝင်ကိုယ်တော်၏ကျွန်ပုရောဖက်တို့ဆောင်ရွက်ခြင်းများသည်လည်း သင့်အဖို့ပင်ဖြစ်ပါသည်။ ကမ္ဘာကြီးတစ်ခုလုံးနှင့်တကွ ၎င်းအပေါ်၌ရှိရှိသမျှတို့သည် သင့်အားကောင်းကျိုးပြုမည်ဆိုပါက သင့်အဖို့ပင်ဖြစ်ပါသည်။ အဓမ္မလူ၏ရန်ငြိုးဖွဲ့ခြင်းသည်ပင်လျှင် သင့်အားကောင်းကင်နိုင်ငံတော်အတွက် ပြင်ဆင်မှုရဖို့စည်းကမ်းပေးခြင်းဖြစ်သောကြောင့် ကောင်းချီးမင်္ဂလာဖြစ်ပါသည်။ "သင်တို့သည်လည်းခရစ်တော်အဖို့" ဖြစ်ကြပါက "ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။" ၁ကောရိန်သု ၃း၂၃၊၂၁။

　　သို့သော်သင့်အနေဖြင့် မိမိရထိုက်သောအမွေဥစ္စာကိုမအုပ်ချုပ်နိုင်သေးသည့် ကလေးသူငယ်၏အခြေအနေ၌ပင်ရှိနေပါသေးသည်။ သင်၏အဖိုးတန်ပိုင်ဆိုင်ခွင့်များကို ဘုရားသခင်က သင်၏လက်ဝယ်သို့ပေးအပ်မထားသေးသည်မှာ စာတန်က သူ၏ပရိယာယ်ဝေဝုစ်များနှင့်

လိမ္မာပါးနပ်စွာ သင်၏လက်မှလုယူသွားမည်ကိုစိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ဒေင်ဉယျာဉ်မှပထမမင်္ဂလာစုံတွဲကို ယင်းသို့လှည့်စား ခဲ့ပြီးဖြစ်ပါသည်။ ဖျက်ဆီးတတ်သော ထိုသူ၏လက်ဝယ်သို့ရောက် မသွားစေရန် သင်နှင့်ဆိုင်သောအမွေဥစ္စာများကို ခရစ်တော်က ချုပ်ကိုင် ထားတော်မူပါသည်။ တစ်နေ့တာအတွက် သင်အမှန်လိုအပ်သမျှကို ကလေးသူငယ်ကဲ့သို့ နေ့စဉ်လက်ခံရရှိပါလိမ့်မည်။ ထိုကြောင့် "အသက် မွေးလောက်သောအစာကို ယနေ့ပေးသနားတော်မူပါ" ဟု နေ့စဉ် တောင်းလျှောက်ဖို့လိုအပ်ပါသည်။ မနက်ဖြန်အတွက်လုံလောက်မှုမရှိ ပါက တုန်လှုပ်ချောက်ချားဖို့မလိုပါ။ "ပြည်တော်၌နေ၍သစ္စာတရားကို ကျက်စားလော့" ဟူ၍ကတိတော်ရှိပါသည်။ "ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရသည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍ စားရသည်အကြောင်းကို ငါသည် အသက်ပျိုသည်ကာလမှစ၍ အိုသည် တိုင်အောင် မမြင်စဖူး" ဟု ဒါဝိဒ်မင်းကြီးကဆိုပါသည်။ ဆာလံ ၃၇း၃၊၂၅။ ခေရိတ်ချောင်းငယ်ဘေးမှာ တိမ်းရှောင်နေရသော ဧလိယ ထံသို့ ကျီးကလေးများကိုစေလွှတ်၍ ကျွေးမွေးတော်မူသည့်ဘုရားသခင် သည် ကိုယ်ကိုကိုယ်ငြင်းပယ်ကြသည့်သစ္စာရှိသောသားသမီးတို့အား လွှဲရှောင်သွားမည်မဟုတ်ပါ။ ဖြောင့်မတ်ခြင်းတရား၌ကျင်လည်သော သူအား "အစာကိုအစဉ်ပေးရလိမ့်မည်၊ သောက်ရေလည်းမပြတ်ရ" ဟူ၍လည်းကောင်း၊ "သူတို့သည် ခဲယဉ်းသောကာလ၌မျက်နှာမပျက် အစာခေါင်းပါးသည့်ကာလ၌ ဝစွာစားရကြ၏" ဟူ၍လည်းကောင်း "မိမိသားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှာစွန့်တော်မူ သောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား မပေးဘဲ အဘယ်သို့နေတော်မူမည်နည်း၊" ဟူ၍လည်းကောင်း ကတိပေး

ထားတော်မူ၏။ ဟေရှာယ ၃၃း၁၆။ ဆာလံ ၃၇း၁၉။ ရောမ ၈း၃၂။ မယ်တော်မုဆိုးမကြီး၏စိုးရိမ်ကြောင့်ကြစရာများကိုပေါ့ပါးစေလျက် နာဇရက်မိသားစုကလေးအတွက် ကူညီစောင့်ရှောက်တော်မူခဲ့သော အရှင်သည် မိမိသားသမီးတို့၏စားဝတ်နေရေးအတွက် ရုန်းကန်နေရသောဆင်းရဲသားမိခင်တိုင်းအား ကိုယ်ချင်းစာတော်မူ၏။ "ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲပစ်ထားသောသိုးကဲ့သို့" ဖြစ်နေသော (မဿဲ ၉း၃၆) လူထုပရိသတ်ကြီးအားသနားတော်မူသည့် ကိုယ်တော်သည် အတိဒုက္ခရောက်နေသည့်ဆင်းရဲသားအား ယနေ့တိုင်သနားကရုဏာရှိတော်မူ၏။ ထိုသို့သောသူတို့အပေါ်သို့ မိမိလက်တော်ကိုဆန့်လျက်ကောင်းချီးပေးတော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် ဆင်းရဲနွမ်းပါးသူများအားသတိရဖို့ တပည့်တော်များအား သင်ပေးသည့်ပတ္တနာ၌ပင် သင်ပြထားတော်မူ၏။

"အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ" ဟုဆုတောင်းကြသောအခါ ကျွန်ုပ်တို့အဖို့သာမဟုတ်၊ အခြားတစ်ပါးသောသူများအတွက်ပါ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ပေးသနားတော်မူသမျှသည်လည်း ကျွန်ုပ်တို့အတွက်သက်သက်မဟုတ်ကြောင်းကို အသိအမှတ်ပြုကြပါသည်။ ကျွန်ုပ်တို့အနေဖြင့်မွတ်သိပ်သောသူများအားဝေငှကျွေးမွေးနိုင်ဖို့ ဘုရားသခင်က ကျွန်ုပ်တို့အား ယုံမှတ်လွှဲအပ်ထားခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ဆင်းရဲနွမ်းပါးသောသူတို့အဖို့ ကျေးဇူးတော်အားဖြင့် ပြင်ဆင်ထားတော်မူ၏။ ဆာလံ ၆၈း၁၀။ ၎င်းအပြင် ကိုယ်တော်က "သင်သည် နံနက်စာ၊ ညစာလုပ်ကျွေးသောအခါ အဆွေခင်ပွန်း၊ ညီအစ်ကို၊ အမျိုးသားချင်း၊ ငွေရတတ်သောအိမ်နီးချင်းများကိုမဖိတ်မခေါ်နှင့်.....သင်သည်

ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ မျက်စိကန်းသောသူများကိုဖိတ်ခေါ်လော့။ ထိုသို့ဖိတ်ခေါ်လျှင် မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည် ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည်ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့ဟု မိန့်တော်မူ၏။" ရှင်လုကာ ၁၄း၁၂–၁၄။

"ကျမ်းစာလာသည်ကား သူသည်စွန့်ကြဲပြီ၊ ဆင်းရဲသောသူတို့အားပေးကမ်းပြီ။" "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြလော့။" ၂ကောရိန်သု ၉း၈၊၆။

အသက်မွေးလောက်သောအစာအတွက် ဆုတောင်းပတ္ထနာပြုရာ၌ ခန္ဓာကိုယ်အသက်ရှင်ဖို့အတွက် အာဟာရဓါတ်ကိုသာမက ဝိညာဉ်ရေးအသက်ထာဝရတည်မြဲဖို့ လိုအပ်သည့်အစာများကိုပါ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ထိုကြောင့် ယေရှုရှင်မိန့်တော်မူသည်ကား "ပျက်စီးတတ်သောအစာကိုရခြင်းငှာ မကြိုးစားကြနှင့်၊ လူသားသည် သင်တို့အားပေး၍ ထာဝရအသက်နှင့်အမျှ တည်တတ်သောအစာကိုရခြင်းငှာ ကြိုးစားကြလော့" ဟူသတည်း။ ယောဟန် ၆း၂၇။ ထိုမှတစ်ပါး "ငါသည် ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား လောကီသားတို့၏အသက်ဖို့အလို စွန့်သောငါ၏အသားပေတည်းဟုမိန့်တော်မူ၏။" ငယ်၊ ၅၁။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အသက်မုန့်ဖြစ်တော်မူ၏။ ကိုယ်တော်၏မေတ္တာတော်ကိုမျှော်ရှုခြင်းအားဖြင့်လည်းကောင်း၊ အသက်ဝိညာဉ်အတွင်း ကိုယ်တော်၏မေတ္တာတော်ကို

ခံယူထားခြင်းအားဖြင့်လည်းကောင်း ကောင်းကင်မှဆင်းသက်သော အသက်မုန့်ကို ကျွန်ုပ်တို့စားသုံးကြသည်မည်၏။

နှုတ်ပါဌ်တော်မှတစ်ဆင့် ခရစ်တော်အား ကျွန်ုပ်တို့လက်ခံရရှိကြပါသည်။ ယင်းနှုတ်ကပါဌ်တော်ကိုနားလည်ဖို့နှင့် သမ္မာတရားတော်ကိုထင်ရှားသိမြင်လက်ခံပို့ သန့်ရှင်းသောဝိညာဉ်တော်က လမ်းညွှန်ဖွင့်ပြတော်မူပါသည်။ တစ်နေ့တာအတွက် ကျွန်ုပ်တို့အား ဝိညာဉ်ခွန်အားပေးတော်မူဖို့ သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်၍ သမ္မာတရားတော်ကိုဖွင့်ပြတော်မူရန် ဘုရားသခင်ထံ နေ့စဉ်ဆုတောင်းလျက်နှုတ်ကပါဌ်တော်ကိုဖတ်ရှုလေ့လာကြရပါမည်။

လောကီရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဝိညာဉ်ရေးနှင့်စပ်ဆိုင်၍လည်းကောင်း ကျွန်ုပ်တို့အဖို့နေ့စဉ်လိုအပ်သမျှကိုသာ တောင်းလျှောက်ကြဖို့ သင်ပေးတော်မူရာ၌ ကျွန်ုပ်တို့အတွက်ကောင်းကျိုးဖြစ်စေဖို့ကိုသာ ဘုရားသခင်ကြံရွယ်ထားတော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်နှင့်နေ့စဉ် အဆက်အသွယ်ပြုနေကြဖို့ ဘုရားသခင်သည် ကျွန်ုပ်တို့အားအစဉ်ဆွဲဆောင်နေတော်မူသောကြောင့် ကိုယ်တော်၏စောင့်ရှောက်တော်မူခြင်းကို ကျွန်ုပ်တို့အစဉ်လိုအပ်နေကြောင်း၊ ကိုယ်တော်၌သာ ကျွန်ုပ်တို့မှီခိုဖို့လိုအပ်ကြောင်း သဘောပေါက်စေခြင်းငှာ ဘုရားသခင်အလိုတော်ရှိတော်မူ၏။ ဆုတောင်းပတ္ထနာပြုခြင်းအားဖြင့်လည်းကောင်း၊ နှုတ်ကပါဌ်တော်မှမြွက်တော်မူသော သမ္မတရားများကိုလေ့လာသင်ယူခြင်းအားဖြင့်လည်းကောင်း ခရစ်တော်နှင့် ယင်းသို့အဆက်အသွယ်ရှိနေကြပါက မွတ်သိပ်နေသောအသက်ဝိညာဉ်များပမာ အစာဝကြလိမ့်မည်။ အသက်ရေကိုဆာငတ်နေသောသူများကဲ့သို့ အသက်စမ်းရေတွင်းမှအသက်ရေကိုသောက်ရသဖြင့် ရွှင်လန်းချမ်းမြေ့ပေလိမ့်မည်။

**"အကျွန်ုပ်တို့ကိုပြစ်မှားသောသူရှိသမျှတို့၏
အပြစ်ကို အကျွန်ုပ်တို့သည်လွှတ်သောကြောင့်
အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ။"
ရှင်လုကာ ၁၁း၄။**

ကျွန်ုပ်တို့သည် သူတစ်ပါး၏အပြစ်ကိုလွှတ်ပါမှ ဘုရားသခင်က ကျွန်ုပ်တို့၏အပြစ်ကိုလွှတ်တော်မူမည်ဟု သခင်ယေရှုကသွန်သင်တော်မူ၏။ ဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အားကိုယ်တော်ထံသို့ဆွဲဆောင်တော်မူ၏၊ ကျွန်ုပ်တို့၏ညီအစ်ကိုများကိုချစ်ဖို့ ကျွန်ုပ်တို့မဖန်တီးနိုင်ပါက ဘုရားသခင်၏မေတ္တာတော်က ကျွန်ုပ်တို့၏နှလုံးသားကို မတို့မထိနိုင်ပါ။

သခင်ဘုရားသည် ပတ္ထနာတော်ကိုသင်ပြပြီးတော်မူသောအခါ "သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်။ သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကိုမလွှတ်လျှင် သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မမူ" ဟု–ယေရှုရှင်မိန့်တော်မူ၏။ အပြစ်မလွှတ်တတ်သောသူအနေဖြင့် ဘုရားသခင်၏ထံတော်မှ ကရုဏာတော်ရောက်လာဖို့ တစ်ခုတည်းသောလမ်းကြောင်းကို ဖြတ်တောက်လိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အား ပြစ်မှားသောသူတို့က ကျွန်ုပ်တို့အား ဝန်ချတောင်းပန်ခြင်းမပြုမီတိုင်အောင် သူတို့၏အပြစ်များကိုမလွှတ်ဘဲထားနိုင်သည်ဟု မထင်မမှတ်သင့်ပါ။ သူတို့အနေဖြင့် မာန်မာနနှိမ့်ချလျက် ဝန်ချတောင်းပန်ရန်မှာ သူတို့၏တာဝန်ဖြစ်သည်မှန်သော်လည်း သူတို့အနေဖြင့် သူတို့ပြုသောပြစ်မှားမှုအတွက် တောင်းပန်သည်ဖြစ်စေ၊

မတောင်းပန်သည်ဖြစ်စေ သူတို့အပေါ်၌ကရုဏာသက်ဝင်ဖို့မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ သူတို့က ကျွန်ုပ်တို့အား မည်မျှလောက်နာကြည်းဖွယ်သောနစ်နာမှုကိုပြုကြစေကာမူ ယင်းနစ်နာမှုကိုသာ စဉ်းစားလျက် ကိုယ်ကိုကိုယ်သနားမနေဘဲ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်အားပြစ်မှားမိသမျှကို ဘုရားသခင်ကလွှတ်တော်မူဖို့ အလိုရှိကြသည်နှင့်အမျှ ကျွန်ုပ်တို့အား ပြစ်မှားသောသူတို့၏အပြစ်ကိုလွှတ်ရကြပါမည်။

သို့သော် "အပြစ်ဖြေလွှတ်ခြင်း" ဟုဆိုရာ၌ အများထင်မှတ်သည်ထက်ပို၍ ကျယ်ပြန့်သောအဓိပ္ပါယ်ရှိပါသည်။ "အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူမည်" ဟုဘုရားသခင်ကတိထားတော်မူရာ၌ "ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ၊ မိုးကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏အကျင့်သည်လည်း သင်တို့၏အကြံအစည်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏" ဟု ဆက်၍မိန့်တော်မူသဖြင့် ထိုကတိတော်၏အဓိပ္ပါယ်သည် ကျွန်ုပ်တို့နားလည်သည်ထက်ပို၍ အဓိပ္ပါယ်ကျယ်ဝန်းပါသည်။ ဘုရားကိုယ်တော်ရှင်က ကျွန်ုပ်တို့အား အပြစ်မှဖြေလွှတ်တော်မူခြင်းမှာ ကျွန်ုပ်တို့အနေဖြင့် ပြစ်ဒဏ်သင့်နေသည့်အတွက် တရားနည်းလမ်းအရ လွတ်ငြိမ်းခွင့်ပေးလိုက်ခြင်းမျှသာမဟုတ်ပါ။ အပြစ်ပြုမိသည့်အတွက် အပြစ်ဖြေလွှတ်ခြင်းသက်သက်မဟုတ်ပါ။ အပြစ်တရား၏လက်အောက်မှရွေးနုတ်လိုက်ခြင်းဖြစ်ပါသည်။ ရွေးနုတ်သောမေတ္တာတော်စီးဆင်းခြင်းအားဖြင့် စိတ်နှလုံးပုံသဏ္ဍာန်ပြောင်းလဲပါသည်။ "အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ၊ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ" ဟု ဒါဝိဒ်မင်းကြီးက ပတ္ထနာပြုရာ၌ အပြစ်ဖြေလွှတ်ခြင်းနှင့်

ပတ်သက်၍ မှန်သောအယူအဆကိုပြပါသည်။ ဆာလံ ၅၁း၁၀။ ၎င်းအပြင် "အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့်ဝေးသည့်အတိုင်း ငါတို့အပြစ်ကို ငါတို့နှင့်ဝေးစေတော်မူ၏" ဟုထပ်လောင်း၍မြွက်ဆိုထားပါသည်။ ဆာလံ ၁၀၃း၁၂။

ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်အတွက် ခရစ်တော်အားဖြင့် မိမိကိုယ်ကိုပင်စွန့်တော်မူ၏။ ကျွန်ုပ်တို့၏အပြစ်ဝန်ထုပ်ကိုထမ်းလျက် "ဖြောင့်မတ်တော်မူသောသူသည် မဖြောင့်မတ်သောသူတို့အတွက်" လက်ဝါးကပ်တိုင်ပေါ်မှာ ရက်စက်လှစွာ အသေသတ်ခြင်းကိုခံတော်မူလျက်၊ ကျွန်ုပ်တို့အားမည်မျှလောက်ချစ်တော်မူကြောင်းကိုပြလျက် ကျွန်ုပ်တို့အား မိမိ၏ထံတော်သို့ဆွဲယူတော်မူ၏။ ၎င်းအပြင် "အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည်ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့" ဟူ၍လည်းမိန့်တော်မူ၏၊ ဧဖက် ၄း၃၂။ ခရစ်တော်အားဘုရားဇာတိဖြင့် သင်၏ကိုယ်၌အသက်ရှင်စေလျက်၊ ကောင်းကင်မှဖြစ်ဖွားစေသောမေတ္တာကို သင်၌ထင်ရှားစေလျက်၊ မြော်လင့်ခြင်းကင်းနေသောသူ၌ မြော်လင့်ခြင်းကိုနိုးထစေလျက် အပြစ်တရားစိုးမိုးခြင်းခံနေရသောသူ၏စိတ်နှလုံးအတွင်းသို့ ကောင်းကင်ငြိမ်သက်ခြင်းကိုပေးသွင်းပါ။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ထံတော်သို့ချဉ်းကပ်ကြသောအခါ ဦးစွာပထမစည်းကမ်းချက်တစ်ရပ်နှင့်ဆုံရပါသည်။ ၎င်းမှာကိုယ်တော်ထံမှရသည်နှင့်အမျှ သူတစ်ပါးအား ကိုယ်တော်၏ကျေးဇူးတော်ကိုဖော်ပြရန် ကိုယ်ကိုကိုယ်ဘုရားသခင်အားဆက်ကပ်ကြရပါသည်။

ဘုရားသခင်၏အပြစ်ဖြေလွှတ်သောမေတ္တာတော်ကို ကျွန်ုပ်တို့လက်ခံရရှိပြီး သူတစ်ပါးအားလက်ဆင့်ကမ်းနိုင်ဖို့ အရေးကြီးသော

အချက်မှာ—ဘုရားသခင်သည် ကျွန်ုပ်တို့အားချစ်တော်မူသည့်မေတ္တာတော်အကြောင်းကို ကျွန်ုပ်တို့သိ၍ယုံကြည်ရမည်၊ ၁ယောဟန် ၄း၁၆။ ထိုမေတ္တာတော်အကြောင်းကိုမသိနားမလည်ဖို့ စာတန်က သူ၏လိမ်လည်မှုစွမ်းအားရှိသမျှနှင့်ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့၏အမှားများနှင့်ဒုစရိုက်များကြီးလွန်းသောကြောင့် ကျွန်ုပ်တို့၏ပဌနာသံကိုဘုရားသခင်အလေးဂရုပြုတော်မူမည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့အားကောင်းချီးပေး၍ ကယ်တင်တော်မူမည်မဟုတ်ကြောင်း ယုံမှားသံသယဖြစ်ကြစေရန် စာတန်ကကြိုးစားနေပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်၌မည်သည့်ကောင်းမှုမျှမရှိ။ အားနည်းခြင်းသာရှိသည်၊ ဘုရားသခင်ထံတော်သို့ရောက်ဖို့ ထောက်ခံချက်မရှိသောကြောင့် ကျွန်ုပ်တို့အတွက်အကျိုးမထူး၊ ကျွန်ုပ်တို့၏ယိုယွင်းနေသောအကျင့်စာရိတ္တကိုလည်းပြုပြင်၍မရနိုင်ဟုစာတန်ကဆိုနေပါသည်။ ဘုရားသခင်၏ထံတော်သို့ချဉ်းကပ်ဖို့ ကျွန်ုပ်တို့အားထုတ်ကြသောအခါ သင့်အနေဖြင့် ပဌနာပြုသော်လည်း အလဟဿသာတည်း။ ထိုထိုအပြစ်မျိုးကို သင်ကျူးလွန်သည်မဟုတ်လော၊ သင်၏သြတ္တပ္ပစိတ်အလိုကိုဆန့်ကျင်ပြီး ဘုရားသခင်ကိုသင်ပြစ်မှားသည်မဟုတ်လော စသည်ဖြင့် သို့လောသို့လောဖြစ်အောင်ကျွန်ုပ်တို့အားစာတန်က တီးတိုးပြောပါလိမ့်မည်။ သို့သော် "ဘုရားသင်၏သားတော်ယေရှုရှင်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူပါ၏" ဟု ရန်သူအား ကျွန်ုပ်တို့ကပြန်၍ပြောရမည်။ ကျွန်ုပ်တို့သည် အပြစ်များသူများဖြစ်သောကြောင့် ဆုတောင်း၍ပင်မရနိုင်ဟု ကျွန်ုပ်တို့ခံစားရပါက ထိုအချိန်သည် ကျွန်ုပ်တို့အတွက်ဆုတောင်းဖို့ အကောင်းဆုံးသောအချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ရှက်ဖွယ်ဖြစ်၍ အထူးတလည်အနှိမ်ခံနေရမည်ဖြစ်သော်လည်း ယုံကြည်

လျက် ဆုတောင်းပတ္ထနာပြုရပါမည်။ "ယေရှုခရစ်သည် အပြစ်ရှိသော သူတို့ကိုကယ်တင်ခြင်းငှာ ဤလောကသို့ကြွလာတော်မူသည်ဟူသော စကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ယုံကြည်အပ်သောစကား လည်းဖြစ်၏၊ အပြစ်ရှိသောသူတို့တွင် ငါသည်အကြီးဆုံးဖြစ်၏။" ၁တိမောသေ ၁း၁၅။ အပြစ်ဖြေလွှတ်ခွင့်ရခြင်းနှင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းတို့မှာ ကျွန်ုပ်တို့၏အကျင့်အတွက်ဆုကျေးဇူး မဟုတ်ပါ၊ အပြစ်ကြီးသောလူသား၏ကျင့်ကောင်းသံလကြောင့်မဟုတ် ပါ၊ ခရစ်တော်၏အပြစ်အနာအဆာနှင့်လုံးဝကင်းစင်သည့် ဖြောင့်မတ် ခြင်းကိုအခြေခံလျက် ချီးမြှင့်သည့်ဆုကျေးဇူးဖြစ်ပါသည်။

ကျွန်ုပ်တို့ခံရမည့်ပြစ်ဒဏ်လျော့သွားဖို့ ဆင်ခြေမတက်သင့်ပါ။ အပြစ်၏အခလေးလံလိမ့်မည်ဖြစ်သော်လည်း ဘုရားသခင်သတ်မှတ် သည့်အတိုင်း လက်ခံရပါမည်။ အပြစ်တရားသည် ကြီးမားကြောက် မက်ဖွယ်ကောင်းလှပုံကို ကရာနီကသာထင်ရှားစွာဖေါ်ပြနိုင်ပါသည်။ အပြစ်အတွက် ကျွန်ုပ်တို့ခံထိုက်သည့်ပြစ်ဒဏ်ကို ကျွန်ုပ်တို့ကိုယ်တိုင် သာခံရမည်ဆိုပါက ကျွန်ုပ်တို့ကြေမွသွားမည်သာဖြစ်ပါသည်။ သို့သော် အပြစ်ကင်းတော်မူသောအရှင်သည် ကျွန်ုပ်တို့၏လွန်ကျူးခြင်းအပြစ် များကြောင့် မိမိနှင့်လုံးဝမဆိုင်သော်လည်း နာကျင်စွာထိုးခြင်းကိုခံတော် မူ၏။ ကျွန်ုပ်တို့အနေဖြင့် "ကိုယ်အပြစ်ကိုဖေါ်ပြတောင်းပန်" ကြပါက ကျွန်ုပ်တို့၏အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရား နှင့်လည်းကောင်း ပြည့်စုံတော်မူ၏။ ၁ယောဟန် ၁း၉။ ဘုန်းကြီးသော သမ္မာတရားဖြစ်တော်မူ၏၊ မိမိတရားတော်နှင့်အညီ တရားမျှတတော် မူ၏၊ ယေရှုရှင်အားယုံကြည်သူအပေါင်းကို တရားမျှတစွာစီရင်တော်မူ

သောအရှင်ဖြစ်တော်မူ၏။ "အပြစ်မှလွှတ်တော်မူထသော၊ ကျန်ကြွင်းသောအမွေတော်လူတို့၏လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ကရုဏာ၌မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရားရှိပါသနည်း။" မိက္ခာ ၇း၁၈။

**"အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲမကောင်းသော အမှုအရာမှလည်း ကယ်နုတ်တော်မူပါ။"**
**ရှင်မဿဲ ၆း၁၃။**

အပြစ်သွေးဆောင်ခြင်းဆိုသည်မှာ– အပြစ်ပြုလိုသောစိတ်ပေါ်ပေါက်စေဖို့ ဖြားယောင်းသွေးဆောင်ခြင်းဖြစ်ပါသည်။ ထိုကြောင့် ဘုရားသခင်ထံတော်မှမဟုတ်၊ စာတန်၏မြူဆွယ်ခြင်းဖြစ်ပါသည်။ သို့တည်းမဟုတ်ပါက ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းရှိ မကောင်းမှုစိတ်အလိုကြောင့်လည်းဖြစ်နိုင်ပါသည်။ "မကောင်းသောအရာသည် ဘုရားသခင်ကိုမသွေးဆောင်နိုင်ရာ၊ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။" ယာကုပ် ၁း၁၃။

ကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့၌ ကျွန်ုပ်တို့၏အကျင့်စာရိတ္တ ယိုယွင်းပုံထင်ရှားစေရန် ကျွန်ုပ်တို့ဒုစရိုက်ကျူးလွန်ဖို့ စာတန်ရှာကြံပါသည်။ သို့မှသာ ကျွန်ုပ်တို့အား သူပိုင်သည်ဟုအဆိုပြုနိုင်ပါလိမ့်မည်။ စာတန်သည် ကောင်းကင်တမန်တို့၏လက်ယာဘက်၌ရပ်လျက် ညစ်ညူးသောအဝတ်ကိုဝတ်ဆင်ထားသည့် ယဇ်ပုရောဟိတ်မင်းယောရှုအား မတရားစွပ်စွဲနေပုံကို သရုပ်ဆောင်ထားသည့်ရုပါရုံကို ပုရောဖက်ဇာခရိရှုမြင်ရပါသည်။ ယင်းရုပါရုံတွင် ဘုရားသခင်၏ကောင်းကင်တမန်က

ယောရှုအတွက်ပြုလုပ်သည့်အမှုကို စာတန်ကဟန့်တားနေပါသည်။ ခရစ်တော်အနေဖြင့် မိမိထံတော်သို့ဆွဲယူဖို့အလိုရှိသောသူအပေါ် စာတန်က မည်သို့သဘောထားကြောင်း ယင်းရူပါရုံဖြင့်သရုပ်ဆောင်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် အပြစ်ကျူးလွန်အောင် ရန်သူကရှေ့ဆောင်လမ်းပြပြီးမှ ဘုရားသခင်၏မေတ္တာတော်နှင့်ကျွန်ုပ်တို့မထိုက်တန်ဟု ကောင်းကင်စကြဝဠာရှေ့မှောက်တွင် စွပ်စွဲပါသည်။ သို့သော် "ထာဝရဘုရားသခင်၏ကောင်းကင်တမန်ကလည်း အိုစာတန်၊ ထာဝရဘုရားသခင်သည် သင့်ကိုဆုံးမတော်မူပါစေသော၊ ယေရုရှလင်မြို့ကိုရွေးချယ်ပြီးသော ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော၊ ဤသူသည် မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်ပါလောဟု စာတန်အားဆို၏။" ထိုနောက်ယောရှုဘက်သို့လှည့်၍ "သင်၏အပြစ်ကိုငါဖြေရှင်းပြီ၊ တင့်တယ်သောအဝတ်ကိုဝတ်စေမည်ဟုဆို၏။" ဇာခရိ ၃း၁–၄။

ကိုယ်တော်၏မြတ်တော်မူသောကျေးဇူးတော်များ ကျွန်ုပ်တို့၌ရှင်သန်ဖွံ့ဖြိုးဖို့ မိမိ၏မဟာမေတ္တာတော်ဖြင့် ဘုရားသခင်ရာကြဲတော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် အတားအဆီးများ၊ အနှောင့်အယှက်များ နှိပ်စက်ညှဉ်းဆဲခြင်းများ၊ အတိဒုက္ခများကိုရင်ဆိုင်ရဖို့ ဘုရားသခင်ခွင့်ပြုထားတော်မူခြင်းမှာ ကျွန်ုပ်တို့၏အသက်တာ၌ ကျိန်ခြင်းအမင်္ဂလာဖြစ်စေဖို့မဟုတ်ပါ၊ မဟာကောင်းချီးမင်္ဂလာဖြစ်စေလိုသောကြောင့်ဖြစ်ပါသည်။ ခုခံတွန်းလှန်ပြီးသောအပြစ်သွေးဆောင်မှုတိုင်း၊ ရဲရင့်တည်ကြည်စွာခံရပ်ပြီးသော အတိဒုက္ခတိုင်းက ကျွန်ုပ်တို့အားအသစ်သော အတွေ့အကြုံကိုပေး၍ အကျင့်စာရိတ္တတည်ဆောက်ရာ၌ တိုးတက်ဖွံ့ဖြိုးမှုပေးပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကိုအမှီပြုလျက် အပြစ်သွေးဆောင်ခြင်းကို ခုခံအောင်မြင်သောသူအနေဖြင့် ဤလောကနှင့်

ကောင်းကင်စကြဝဠာ၏ရှေ့မှောက်၌ ခရစ်တော်၏ကျေးဇူးတော်
စွမ်းဆောင်နိုင်ပုံကို ထင်ရှားစွာဖေါ်ပြပါသည်။

ကျွန်ုပ်တို့ခံရသည့်စမ်းသပ်စစ်ဆေးခြင်းများ မည်မျှလောက်ပင်
နာကြည်းစရာဖြစ်စေကာမူ ကြောက်ရွံ့တုန်လှုပ်ဖို့မလိုပါ။ ကျွန်ုပ်တို့၏
နှလုံးအတွင်းရှိမကောင်းသောစိတ်၏အလိုသို့ ကျွန်ုပ်တို့မလိုက်မိဖို့
ဘုရားသခင်မစတော်မူရန် ကျွန်ုပ်တို့ဆုတောင်းရပါမည်။ ခရစ်တော်
ပေးထားတော်မူသည့်ပတ္ထနာတော်နှင့်အညီ ကျွန်ုပ်တို့ဆုတောင်းကြပါက
ဘုရားသခင်ကိုယ်တော်တိုင် လမ်းညွှန်းဦးဆောင်တော်မူဖို့ ကျွန်ုပ်တို့
ကိုယ်ကိုကိုယ်ဆက်ကပ်လျက် လုံခြုံသောလမ်းစဉ်အတိုင်းပို့ဆောင်တော်
မူဖို့ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်စိတ်အလို
သို့လိုက်ဖို့ဆုံးဖြတ်ထားပါက စိတ်ရင်းမှန်ဖြင့် ဤပတ္ထနာတော်နှင့်အညီ
တောင်းလျှောက်နိုင်မည်မဟုတ်ပါ။ “ဤသို့သောလမ်းသည်မှန်၏၊
ဤလမ်း၌သွားလော့” ဟု ကျွန်ုပ်တို့၏နောက်မှပြောနေသော ကိုယ်
တော်၏အသံကိုနားထောင်၍ ကိုယ်တော်၏လက်တော်ဖြင့် ပို့ဆောင်
လမ်းပြတော်မူသည်ကို စောင့်ရပါမည်။ ဟေရှာယ ၃၀း၂၁။

စာတန်အကြံပေးသည့်အတိုင်းဆောင်ရွက်ခြင်းဖြင့် ရိတ်သိမ်း
ရမည့်အကျိုးကျေးဇူးများကို သုံးသပ်ဆင်ခြင်လျက် အချိန်ဆွဲနေပါက
လုံခြုံမှုရှိလိမ့်မည်မဟုတ်ပါ။ အပြစ်တရား၌မွေ့လျော်သောပုဂ္ဂိုလ်တိုင်း
ဂုဏ်အသရေယုတ်ပါသည်။ အန္တရာယ်ကြီးပါသည်။ သို့သော် အပြစ်၏
သဘာဝမှောင်မိုက်လှသောကြောင့် မြှောက်ပင့်မြူဆွယ်ခြင်းကို ကျွန်ုပ်
တို့ရင်ဆိုင်ရလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် စာတန်၏နယ်အတွင်းသို့
စွန့်စားဝင်ရောက်ကြပါက သူ၏တန်ခိုးလက်အောက်မှ အကာအကွယ်
ရဖို့ အာမခံချက်မရှိပါ။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ပတ်သက်ပါက သွေးဆောင်

မြူဆွယ်သူမဝင်မရောက်နိုင်စေရန် လမ်းပေါက်ဝရှိသမျှကို ပိတ်ထား သင့်ပါသည်။

"အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ" ဟုကျွန်ုပ်တို့ဆုတောင်း ရာ၌ ယင်းပတ္ထနာကပင် ကျွန်ုပ်တို့အဖို့ကတိတော်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ဘုရားသခင်အား ကိုယ်ကိုကိုယ်ဆက်ကပ်ထားကြပါက "သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သော ငှာ အခွင့်ပေးတော်မမူ၊ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်း နှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင် ပြုပြင်တော်မူလိမ့်မည်" ဟု ကတိထားတော်မူသည်အတိုင်း အာမခံ ချက်ရှိပါသည်။ ၁ကော၊ ၁၀း၁၃။

ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားကိုယုံကြည်လျက် ကျွန်ုပ် တို့၏စိတ်နှလုံးအတွင်း၌ ကိုယ်တော်အား ကိန်းအောင်းစေတော်မူပါက မကောင်းသောအမှုအရာမှ အကာအကွယ်ရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ၏စိတ်နှလုံးအတွင်း၌ ကိုယ်ကျိုးဖက်သာသဘောရှိနေသောကြောင့်သာ အပြစ်သွေးဆောင်ခြင်းက ကျွန်ုပ်တို့၏စိတ်ကိုလွှမ်းမိုးနိုင်ပါသည်။ သို့သော် ဘုရားသခင်၏မဟာမေတ္တာတော်ကိုမျှော်ကြည့်ပါက ယင်း ကိုယ်ကျိုးဖက်သောစိတ်ဓါတ်၏ကြောက်စရာကောင်းပုံနှင့် အကျည်း တန်အရုပ်ဆိုးပုံကိုမြင်ရပြီး ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အတွင်းမှ နှင်ထုတ် လိုကြပေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်က ခရစ်တော်၏ဂုဏ် တော်ကိုထင်ရှားစေသည်နှင့်အမျှ ကျွန်ုပ်တို့၏စိတ်နှလုံးများပျော့ပျောင်း လျက် နှိမ့်ချသောသဘောရှိလိမ့်မည်ဖြစ်ရာ အပြစ်သွေးဆောင်ခြင်း၌ တန်ခိုးစွမ်းအားရှိတော့မည်မဟုတ်ပါ။ ထိုအခါခရစ်တော်၏ကျေးဇူးတော် က ကျွန်ုပ်တို့၏အကျင့်စာရိတ္တပုံသဏ္ဌာန်ကို ပြောင်းလဲပေးပါလိမ့်မည်။

မိမိ၏အသက်ဖြင့်ရွေးယူထားသည့်အသက်ဝိညာဉ်ကို မည်သည့်အခါမျှ ခရစ်တော်စွန့်ပစ်တော်မူမည်မဟုတ်ပါ။ ထိုအသက်ဝိညာဉ်က ကိုယ်တော်အား စွန့်ကောင်းစွန့်ပေမည်၊ အပြစ်သွေးဆောင်မှုများဖြင့်လည်း ဖုံးလွှမ်းထားလျက်ရှိကောင်းရှိပေလိမ့်မည်။ သို့သော် မိမိအသက်ဖြင့်ရွေးနုတ်ထားသောသူအား မည်သည့်အခါတွင်မျှ ခရစ်တော်ကျောခိုင်းလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးမျက်စိကိုသာ နိုးထစေနိုင်မည်ဆိုပါက ဖိနှိပ်ချုပ်ချယ်ခြင်းနှင့်ပူဆွေးဒုက္ခဖြင့် ဝန်းလေးပင်ပန်းနေသူများသည် ကောက်လှိုင်းစည်းအမြောက်အမြားအောက်၌ပိနေသည့်လှည်းကလေးပမာ စိတ်ပျက်အားလျော့ကာ သေလုမြောပါးခံနေရပုံကိုမြင်ရပေလိမ့်မည်။ ကြောက်စရာချောက်ကမ်းပါးကြီး၏အစွန်း၌ရပ်နေရဘိသကဲ့သို့ အပြစ်သွေးဆောင်ခြင်းခံနေရသူများထံသို့ ကောင်းကင်တမန်တို့လျင်မြန်စွာသောအဟုန်ဖြင့် ပျံသန်းနေကြပုံကို ကျွန်ုပ်တို့မြင်သင့်လှပါ၏။ ယင်းသို့အပြစ်သွေးဆောင်ခြင်းခံနေရသည့်အသက်ဝိညာဉ်များအား ဝန်းရံထားသည့် အဓမ္မတမန်များကို ကောင်းကင်မှသန့်ရှင်းသောကောင်းကင်တမန်များက တွန်းလှန်တိုက်ဖျက်ကြပြီးလျှင် ယင်းအသက်ဝိညာဉ်တို့အနေဖြင့် ခိုင်မာသောအုတ်မြစ်ပေါ်၌ရပ်တည်နိုင်ကြစေရန် ပို့ဆောင်ကြပါသည်။ ယင်းပုံစံဖြင့် တပ်နှစ်တပ်တိုက်ပွဲဆင်နေကြသည်မှာ ဤကမ္ဘာမြေကြီးပေါ်၌တိုက်နေကြသည့် လူသားစစ်တပ်များကဲ့သို့ပင် လက်တွေ့တိုက်ပွဲဆင်နေကြပါသည်။ ယင်းသို့တိုက်ပွဲဆင်ရသည့်ဝိညာဉ်ရေးအကြောင်းရင်းပြဿနာအပေါ် သူတို့၏ထာဝရဘာဝအဆုံးသတ်မှုများ အမှီပြုနေပါသည်။

"ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့ စာတန်သည် သင်တို့ကိုချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍ သင်၏ယုံကြည်သော စိတ်မပျက်

စေခြင်းငှာ ငါသည် သင့်အဖို့ဆုတောင်းလေပြီ” ဟုပေတရုအားပြောခဲ့သည်နည်းတူ ကျွန်ုပ်တို့အား ယေရှုရှင်ပြောနေတော်မူ၏။ လုကာ ၂၂း၃၁၊၃၂။ ကျွန်ုပ်တို့အားတစ်ကိုယ်တည်းအဖြစ်စွန့်ပစ်ထားတော်မမူသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ “သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ.....လောကီသားတို့အားချစ်တော်မူ” သော ဘုရားသခင်သည် မိမိ၏ရန်သူနှင့်လူသားစပ်ကြား ဆင်နွှဲနေသည့်စစ်ပွဲ၌ ကျွန်ုပ်တို့ကျဆုံးဖို့စွန့်ပစ်တော်မူမည်မဟုတ်ပါ။ ယောဟန် ၃း၁၆။ “သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကိုနိုင်ရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသောအခွင့်တန်ခိုးကိုငါပေး၏” ဟု ကိုယ်တော်မိန့်တော်မူ၏။ ရှင်လုကာ ၁၀း၁၉။

အသက်ရှင်တော်မူသောခရစ်တော်နှင့်ဆက်သွယ်၍ အသက်ရှင်ပါက မည်သည့်အခါတွင်မျှ လက်တွဲမဖြုတ်ဘဲ သင့်အားဆွဲကိုင်ထားတော်မူလိမ့်မည်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်ထားတော်မူသည့်မေတ္တာတော်အကြောင်းကို သိအောင်ကြိုးစားလျက် ယုံကြည်ပါက သင်၌လုံခြုံမှုရှိလိမ့်မည်။ ထိုမေတ္တာတော်သည် စာတန်၏လိမ်လည်ဖြားယောင်းမှုအပေါင်းနှင့် ချင်းနင်းဝင်ရောက်တိုက်ခိုက်မှုမှန်သမျှကိုကာကွယ်သည့် မပျက်မပြိုနိုင်သည့်ခံတပ်တစ်ခုဖြစ်ပါသည်။ “ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာနေရကြ၏။” သု၊ ၁၈း၁၀။

**“အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။” ရှင်မဿဲ ၆း၁၃။**

သခင်ဘုရား၏ပတ္တနာတော်မှ နောက်ဆုံးဝါကျသည် ပထမဝါကျ ကဲ့သို့ပင် အကျွန်ုပ်တို့အဘ၏နာမတော်သည် ဘွဲ့နာမရှိသမျှနှင့် တန်ခိုး အာဏာစက်အပေါင်း၏အထွတ်အထိပ်ဖြစ်တော်မူကြောင်း ဖေါ်ပြထား ပါသည်။ တပည့်တော်တို့၏အနာဂတ်အရေးမှာ သူတို့ယူဆကြသည့် အတိုင်း လောကီရေးရာ၌ စီးပွားတိုးတက်အောင်မြင်လျက်၊ ဂုဏ်အသရေ ကြီးလျက် နေသာသောလမ်းအတိုင်းလျှောက်ရကြလိမ့်မည်မဟုတ်ပါ။ လူအများကမုန်းတီးကသောကြောင့် မိုးသက်မုန်တိုင်းအတွင်း မှောင်အတိ ကျလျက် စာတန်၏ဒေါသလွှမ်းမိုးသောလမ်းကိုသာ လျှောက်ရကြလိမ့် မည်ဖြစ်ကြောင်း ကယ်တင်ရှင်သိမြင်တော်မူ၏။ တပည့်တော်များ၏ အနာဂတ်လမ်းခရီးတွင် အမျိုးသားရေးမငြိမ်မသက်ဖြစ်ခြင်း၊ ပျက်စီး ဆုံးပါးခြင်းများအလယ်၌ အန္တရာယ်ပေါင်းစုံ၊ ဖိနှိပ်ချုပ်ချယ်မှုအဖုံဖုံ ကြောင့် စိုးရိမ်ကြောင့်ကြမှုအမျိုးမျိုးကိုရင်ဆိုင်ရကြပေလိမ့်မည်။ ယေရုရှလင်မြို့ပျက်သုဉ်းတိမ်ကောနေပုံ၊ ဗိမာန်တော်ကြီးရွေ့လျား ပြိုလဲသွားပုံ၊ ယင်းဗိမာန်တော်အတွင်း၌ ဝတ်ပြုပူဇော်ခြင်းထာဝရရပ်စဲ သွားပုံ၊ ဣသရေလပရိသတ်ကြီး နိုင်ငံအရပ်ရပ်သို့ပျံ့လွင့်သွားကြပုံများ ကို သောင်ပြင်ပေါ်က အပျက်အစီးများပမာ သူတို့ရှုမြင်ရကြပေလိမ့် မည်။ ထိုကြောင့် ကိုယ်တော်က "သင်တို့သည် စစ်တိုက်ခြင်းအကြောင်း ကိုလည်းကောင်း၊ စစ်တိုက်အံ့သောငှာ သတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်။" "လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်၊ အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာ များပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ ထိုအမှုအရာ တို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း။" ရှင်မဿဲ ၂၄း၆– ၈။ သို့သော် ခရစ်တော်၏နောက်လိုက်များအနေဖြင့် မြော်လင့်ချက်

လုံးဝမရှိတော့ဟူ၍လည်းကောင်း၊ ဘုရားသခင်သည် ဤလောကကို စွန့်ပစ်တော်မူပြီဟူ၍လည်းကောင်း စိုးရိမ်ကြောင့်ကြစရာမရှိပါ။ အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်သည် ဘုရားသခင်၌ရှိတော်မူသောကြောင့် ကိုယ်တော်၏ကြီးမြတ်သည့်ကြံရွယ်တော်မူချက်များသည် ရှေ့သို့ပင်တိုးတက်လျက် အဟန့်အတားမရှိဘဲ ပြီးပြည့်စုံရပါမည်။ ခရစ်တော်၏တပည့်တော်တို့အနေဖြင့် သူတို့အဖို့နေ့စဉ်လိုအပ်သည့်အရာများကိုတောင်းလျှောက်ကြသောအခါ မကောင်းမှုစိုးမိုးခြင်းဆိုင်ရာတန်ခိုးအာဏာများကိုကျော်လွန်ရှုမျှော်လျက် တန်ခိုးအာဏာစက်ရှိသမျှကို စိုးမိုးတော်မူသည့်သူတို့၏အဘ၊ သူတို့၏ထာဝရမိတ်ဆွေဖြစ်တော်မူသော ထာဝရအရှင်ဘုရားသခင်ကိုသာ အာရုံပြုကြရန် မှာထားတော်မူ၏။

နောက်ဆုံးသောကာလ၌ ဤကမ္ဘာကြီးကိုလွှမ်းမိုးသည့်ပျက်စီးဆုံးရှုံးမှုအပေါင်းတို့ကို ယေရုရှလင်မြို့ကြီး၏ပျက်စီးပုံနှင့်သရုပ်ဖော်ထားပါသည်။ ယေရုရှလင်မြို့ကြီး၏ပျက်စီးခြင်းနှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသပြည့်စုံပြီးသော အနာဂတ္တိဗျာဒိတ်တော်များမှာ နောက်ဆုံးသောကာလနှင့်ပို၍တိုက်ရိုက်သက်ဆိုင်ပါသည်။ ယနေ့ ကျွန်ုပ်တို့နောက်ဆုံးသောကာလနှင့်ဆိုင်သည့် အထူးတလည်ကြောက်မက်ဖွယ်ရာကောင်းသည့်ဖြစ်ရပ်ကြီးများ၏တံခါးဝသို့ ယခုပင်ရောက်နေကြပါပြီ။ ဤကမ္ဘာကြီးပေါ်တွင် မည်သည့်အခါမျှ မကြုံစဖူးသေးသည့်အရေးကြီးသောအချိန်များ ကျွန်ုပ်တို့မျက်မှောက်သို့ရောက်လုနီးနေပါပြီ။ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏နိုင်ငံတော်ကစိုးမိုးတော်မူမည်ဖြစ်ကြောင်း တပည့်တော်များစိတ်ချမ်းမြေ့ဖွယ်ရာအာမခံချက်ပေးတော်မူခဲ့သည်နည်းတူ ကျွန်ုပ်တို့လည်း ယနေ့ပင်ကတိပေးတော်မူ၏။ အနာဂတ်ဖြစ်ရပ်

အစီအစဉ်အားလုံးကို ကယ်တင်ရှင်ကိုင်ထားတော်မူ၏။ လူမျိုးတို့၏ ဘဝအဆုံးသတ်ပုံ၊ တိုင်းနိုင်ငံများပြီးဆုံးပုံနှင့် ကိုယ်တော်၏အသင်းတော်နှင့်ဆိုင်သည့်ရေးရာများကို ကောင်းကင်ဘုံရှင်ကိုယ်တော်တိုင် ကြီးကြပ်စိုးမိုးထားတော်မူ၏။ "သင်သည် ငါ့ကိုမသိသော်လည်း သင်၏ခါးကို ငါစည်း၏" ဟု ဟေရှာယ၊ ၄၅း၅ တွင် ကုရုမင်းကြီးအား မိန့်တော်မူသည်နည်းတူ ကိုယ်တော်၏စီမံကိန်းများပြီးမြောက်အောင်မြင်ရေးအတွက် အမှုတော်ဆောင်ရသောကိုယ်စားလှယ်အပေါင်းကိုလည်း ခပ်သိမ်းသောရေးရာတို့ကိုညွှန်ကြားတော်မူသည့်အရှင်မိန့်တော်မူ၏။

ခေရုဗိမ်၏အတောင်များအောက်၌ လက်ပုံသဏ္ဍာန်ကိုပရောဖက်ယေဇကျေလ၏ရူပါရုံ၌မြင်ရပါသည်။ ယင်းသို့ပြုတော်မူခြင်းမှာ မိမိ၏ကျွန်ပရောဖက်တို့အောင်မြင်မှုရကြသည်မှာ ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်ကြောင်း သင်ပြတော်မူခြင်းဖြစ်ပါသည်။ မိမိသတင်းစကားများကိုသယ်ဆောင်ဖို့ ဘုရားသခင်ခန့်အပ်ခြင်းခံရသောတမန်များအနေဖြင့် ဘုရားသခင်၏အမှုတော်သည် မိမိတို့အပေါ်၌အမှီပြုနေသည်ဟု မထင်မှတ်ရကြပါ။ ဤတာဝန်ကိုအကန့်အသတ်ရှိနေသည့်လူသား၏လက်၌သာ လုံးဝအပ်နှံထားခြင်းမဟုတ်ပါ။ ငိုက်မျဉ်းအိပ်ပျော်တော်မမူသည့် အရှင်တည်းဟူသော မိမိ၏အကြံအစည်တော်နှင့်အညီ ပုံစံဖေါ်ထားသည့်အတိုင်း အမှုတော်ပြီးမြောက်အောင်မြင်ဖို့ အစဉ်ဆောင်ရွက်တော်မူသောအရှင်သ်ည မိမိ၏အမှုတော်ကိုရှေ့သို့တိုး၍ဆောင်ရွက်တော်မူမည်ဖြစ်ပါသည်။ အဓမ္မလူတို့၏ရည်ရွယ်ချက်များနှင့် ကိုယ်တော်၏လူများအား ဆန့်ကျင်ဘက်ပြုလျက် အန္တရာယ်ဖြစ်စေမည့်အကြံဥာဏ်များကို ဘုရားသခင်ရှုပ်ထွေးစေတော်မူလျက် ပယ်ဖျက်လိမ့်မည်။ ခေရုဗိမ်တို့၏အလယ်၌လည်းကောင်း၊ ခိုက်ရန်ဒေါသပွားလျက် မငြိမ်မသက်ဖြစ်နေသောနိုင်ငံတကာအလယ်၌လည်းကောင်း ထိုင်တော်မူသည့်

ဗိုလ်ခြေတို့၏အရှင်၊ ဘုရင်တကာတို့၏ဘုရင်သည် မိမိ၏သားသမီးတို့အား ယနေ့တိုင်စောင့်ရှောက်တော်မူ၏။ ကောင်းကင်စကြဝဠာကို စိုးမိုးတော်မူသောအရှင်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်တော်မူ၏။ စုံစမ်းစစ်ဆေးခြင်းရှိသမျှကိုချင့်ချိန်တော်မူ၏။ အသက်ဝိညာဉ်တိုင်းအား စစ်ဆေးရမည့်မီးဖိုများကို စောင့်ကြည့်တော်မူ၏။ ဘုရင်တကာတို့၏ အခိုင်အမာခံတပ်များကိုဖြိုလှဲသောအခါ၊ မိမိရန်သူတို့၏နှလုံးများကို အမျက်တော်မြားတို့ဖြင့် ထိုဖေါက်သောအခါ ကိုယ်တော်၏လူတို့သည် မိမိလက်တော်အောက်၌ပင် ခိုလှုံခွင့်ရကြပါလိမ့်မည်။

"အိုထာဝရဘုရား၊ ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်၊ အောင်မြင်ခြင်းအခွင့်၊ အာဏာတော်နှင့်ပြည့်စုံတော်မူ၏။ ကောင်းကင်မြေကြီး၌ ရှိရှိသမျှကိုပိုင်တော်မူ၏။.....ခွန်အားအစွမ်းသတ္တိကိုပေးတတ်မူ၏။ ခပ်သိမ်းသောသူတို့အား ကြီးမြတ်သောအခွင့်နှင့်ခိုင်ခံ့သောအခွင့်ကို ပေးပိုင်တော်မူ၏။" ရာဇဝင်ချုပ်ပထမစောင် ၂၉း၁၁၊၁၂။

---ooo---

## စစ်ကြောဆုံးဖြတ်ရန်မဟုတ်၊ ဆောင်ရွက်ရန်

**"သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်
ကင်းလွတ်ရမည်အကြောင်း
သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို
မပြုကြနှင့်။" ရှင်မဿဲ ၇း၁။**

လူသည် ကယ်တင်ခြင်းရဖို့ ကိုယ်တိုင်အားထုတ်ကြိုးစားပါက အပြစ်တရားကိုကာဆီးထားရန် လူသားစည်းကမ်းချက်အထပ်ထပ်ဖြင့် မလွဲမရှောင်သာဘဲ တံတိုင်းတည်ဆောက်နေခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညတ်တရားကိုစောင့်ထိန်းဖို့ မလွယ်ကြောင်းသိရသည်နှင့်အမျှ ပိုင်ပိုင်နိုင်နိုင်စောင့်ထိန်းနိုင်ဖို့ နည်းလမ်းစည်းကမ်းချက်များကို တီထွင်ကြံဆခြင်းသာဖြစ်ပါသည်။ ယင်းသို့ပြုခြင်းအားဖြင့် ဘုရားကိုယ်တော်ရှင်ကို အာရုံမပြုနိုင်တော့ဘဲ ကိုယ်ကိုကိုယ်သာအာရုံပြုလာကြပါသည်။ ထို့ကြောင့် သူတို့၏စိတ်နှလုံးအတွင်း ဘုရားသခင်၏မေတ္တာတော်ပျက်သုဉ်းကာ ကိုယ်နှင့်စပ်ဆိုင်သောသူများအပေါ်တွင်လည်း ချစ်ခြင်းမေတ္တာမပွားနိုင်ကြတော့ပါ။ လူသားတို့တီထွင်ကြသည့် စည်းမျဉ်းဥပဒေများတင်းကျပ်မြားမြောင်လှသောကြောင့် ယင်းစည်းကမ်းဥပဒေ၊ နည်းဥပဒေများကိုအတိအကျမလိုက်လျှောက်နိုင်ကြသောအခါ စစ်ကြောဆုံးဖြတ်မှုများဝင်လာပါသည်။ ထို့ကြောင့် ကိုယ့်ဖို့သာကိုယ်သိတတ်သည့်စိတ်နှင့် သူတစ်ပါးအားပြစ်တင်ဝေဖန်လိုသည့် အမြင်ကျဉ်းအထင်သေးသောသဘောထားများကို နိုးထစေလျက် မြင့်မြတ်ထက်သန်သောစိတ်ထားများကို ထိုင်းမှိုင်းစေပြီးလျှင် ကိုယ်ဖို့သာကိုယ်သိသောတရားသူကြီးများနှင့် သူလျှိုငယ်များဖြစ်လာကြပါသည်။

ထိုကဲ့သို့သောလူအတန်းအစားများတွင် ဖါရိရှဲတို့ပါဝင်ကြပါသည်။ ဘာသာရေးထုံးစံများနှင့်အညီ ဝတ်ပြုပူဇော်ရာမှ သူတို့ထွက်လာကြသောအခါ သူတို့ကိုယ်တိုင်အားနည်းသူများဖြစ်ကြောင်း သူတို့မသိကြ၊ မာန်မာနနှိမ့်ချမှုမရှိကြ၊ သူတို့အားဘုရားသခင်ပေးအပ်ထားတော်မူသည့် အခွင့်ထူးအခါကောင်းများအတွက် ကျေးဇူးတော်ကိုပင် သူတို့မသိကြပါ။ ဝိညာဉ်ရေးမာန်မာနထောင်လွှားလျက် "ငါသာလျှင်ငါ၊ ငါ၏ခံစားမှု၊ ငါ၏ဉာဏ်ပညာ၊ ငါ၏သဘော" ဆိုသည့် စိတ်ဓါတ်အပြည့်အဝနှင့် ထွက်လာကြပါသည်။ သူတို့၏ကြိုးပမ်းမှုအရ အောင်မြင်မှုအပေါ်မူတည်လျက် သူတစ်ပါးအားသူတို့စစ်ကြောဆုံးဖြတ်ကြပါသည်။ ကိုယ်ကိုကိုယ်သိက္ခာတင်သည့်ဝတ်ရုံများကိုဆင်လျက် တရားစီရင်ရာပလ္လင်ထက်သို့တက်ကြပြီး သူတစ်ပါးအား စစ်ကြောစီရင်ကြပါသည်၊ ဝေဖန်သုံးသပ်ကြပါသည်။

လူအများကလည်း ယင်းသို့ပင်သဘောထားကြပါသည်။ ဘုရားသခင်နှင့်သက်ဆိုင်အသက်ဝိညာဉ်စပ်ကြား၌သာရှိသည့်အရေးကိစ္စများကို မိမိတို့ဩတ္တပ္ပစိတ်နှင့်ဆန့်ကျင်လျက် တစ်ဦးကိုတစ်ဦး စစ်ကြောဆုံးဖြတ်ကြပါသည်။ ယင်းသို့သောစိတ်ဓါတ်များနှင့် အကျင့်ခလေ့များကြောင့် "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းမပြုကြနှင့်" ဟု ယေရှုရှင်မိန့်တော်မူ၏။ ကိုယ်ပိုင်စံနှုန်းမထားရဟုဆိုလိုတော်မူ၏။ သင်၏စံနှုန်းအတိုင်းမလိုက်နာနိုင်ပါက သင်၏ကိုယ်ပိုင်သဘောအယူအဆများ၊ တာဝန်နှင့်ပတ်သက်၍ သင်၏အမြင်များ၊ သမ္မာကျမ်းနှင့်စပ်လျဉ်း၍ သင်၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကို မှတ်ကျောက်အဖြစ်အသုံးပြုလျက် သူတစ်ပါး၏အမှုကိုစစ်ကြောဆုံးဖြတ်ခြင်းမပြုပါနှင့်။

သင်၏စိတ်ထဲ၌ပင် သူတစ်ပါးအားအပြစ်မတင်ပါနှင့်။ သူတစ်ပါး၏ စိတ်ထားရည်ရွယ်ချက်များကို မျှော်မှန်းရမ်းဆပြီးဝေဖန်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်းမပြုပါနှင့်။

"မှောင်မိုက်၌ဝှက်ထားသောအရာတို့ကို ပွင့်လင်းစေ၍ စိတ်နှလုံးအကြံအစည်များကိုထင်ရှားစေလတ္တံ့သောသခင်ဘုရားကြွလာတော်မမူမီတိုင်အောင် အဘယ်အမှုကိုမျှ အဆုံးအဖြတ်မစီရင်ကြနှင့်။" ၁ကောရိန်သု ၄း၅။ သူတစ်ပါး၏စိတ်နှလုံးအကြံအစည်များကို ကျွန်ုပ်တို့မသိနိုင်ပါ။ ကျွန်ုပ်တို့ကိုယ်တိုင်၌ ချို့ယွင်းချက်အများရှိပါသည်။ သူတစ်ပါးအား စီရင်ဆုံးဖြတ်ဖို့ ကျွန်ုပ်တို့၌အရည်အချင်းမလုံလောက်ပါ။ အကန့်အသတ်ရှိနေသောလူသားများအနေဖြင့် အပေါ်ယံပုံသဏ္ဍာန်ကိုသာမြင်နိုင်ပါသည်။ လျှို့ဝှက်လုပ်ရှားမှုများကိုသိမြင်တော်မူ၍ ကရုဏာကြွယ်ဝစွာစီရင်ဆုံးဖြတ်တော်မူသောအရှင်ကိုသာလျှင် အသက်ဝိညာဉ်အပေါင်း၏အမှုတို့ကို စီရင်ဆုံးဖြတ်ဖို့ လွှဲအပ်ထားတော်မူ၏။

"သူတစ်ပါးကိုစစ်ကြောစီရင်တတ်သောသူ၊ သင်သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ၊ အကြောင်းမူကား သင်သည် စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍ သူတစ်ပါးကိုစစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ကိုစီရင်ဆုံးဖြတ်ရာရောက်၏။" ရောမသြဝါဒစာ ၂း၁။ ထိုကြောင့်သူတစ်ပါးအား စစ်ကြောစီရင်ခြင်း (သို့မဟုတ်) ပြစ်တင်ဝေဖန်ခြင်းပြုသောသူများသည် မိမိတို့ကိုယ်တိုင်အနေဖြင့်လည်း ထိုသူများကဲ့သို့ပင်ဖြစ်ကြောင်း ကြွေးကြော်နေခြင်းဖြစ်ပါသည်။ သူတစ်ပါးအားစီရင်ဆုံးဖြတ်ပါက ကိုယ်ကိုကိုယ်စီရင်ဆုံးဖြတ်ရာရောက်သောကြောင့် ယင်းသို့ကိုယ်ကိုကိုယ်စစ်ကြောစီရင်ခြင်းမှာ တရားမျှတသောစစ်ကြောစီရင်ခြင်းဖြစ်သည်ဟု ဘုရားသခင်အတိအလင်းမိန့်တော်မူ၏။ ယင်းသို့

ကိုယ်ကိုကိုယ်စီရင်ချက်ချမှတ်သည်ကို ကိုယ်တော်လက်ခံတော်မူ၏။

**"အနာဂတ်ပန်းကလေးများအား**
**ကိုးရိုးကားရားခြေလှမ်းများဖြင့်**
**ရွံ့မြေတွင်းမှာပင် နင်းချေလိုက်လေ၏။**
**စေတနာထက်သန်သော်လည်း**
**မာကျောသောလက်များဖြင့်**
**မိတ်ဆွေ၏မေတ္တာနှောင်ကြိုးကို**
**ထိုးဖြတ်ရာရောက်သွားလေ၏။"**

**"ညီအစ်ကိုမျက်စိ၌ရှိသော**
**ငြောင့်ငယ်ကိုအဘယ်ကြောင့်**
**ကြည့်ရှုသနည်း။" ရှင်မဿဲ ၇း၃။**

"သူတစ်ပါးကိုစစ်ကြောစီရင်ခြင်းတွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏" ဟူသော စီရင်ချက်သည်ပင်လျှင် ညီအစ်ကိုအား အပြစ်ရှိသည်ဟုသဘောထားလျက် စီရင်သူကိုယ်တိုင်၏အပြစ်ပမာဏကိုမမီသေးပါ။ "ကိုယ်မျက်စိ၌ရှိသောတံကျင်ကိုမအောက်မေ့ဘဲ ညီအစ်ကိုမျက်စိ၌ရှိသောငြောင့်ငယ်ကို အဘယ်ကြောင့်ကြည့်ရှုသနည်း" ဟု ယေရှုရှင်မိန့်တော်မူ၏။

သူတစ်ပါး၏ချို့ယွင်းမှုတစ်စုံတစ်ခုကို အလျင်အမြန်ရှုမြင်တတ်သောသူအား ယင်းစကားများနှင့်သရုပ်ဖော်ထားပါသည်။ သူ့အနေဖြင့် တစ်စုံတစ်ယောက်သောသူ၏အသက်တာ (သို့မဟုတ်) အကျင့်စာရိတ္တမှ

အမှားတစ်စုံတစ်ရာကိုထောက်ပြဖို့ အထူးတလည်အလိုရှိနေသည် အားလျော်စွာ ထောက်ပြခြင်းဖြစ်ရာ ခရစ်တော်နှင့်တူသည့် အကျင့်စာရိတ္တကိုတည်ဆောက်ခြင်းမဟုတ်သည်သာမက ယင်းကဲ့သို့ဝေဖန်သုံးသပ်ခြင်းမှာလည်း ညီအစ်ကို၏မျက်စိတွင်းမှငြောင့်ငယ်နှင့် မိမိ၏မျက်စိတွင်းမှ တံကျင်ပမာကွာခြားနေကြောင်း ယေရှုရှင်နှိုင်းယှဉ်ဖော်ပြတော်မူ၏။ မိမိကိုယ်တိုင်၌အောင့်အည်းသည်းခံခြင်းနှင့် မေတ္တာစိတ်ခေါင်းပါးသောကြောင့် အဏုမြူကိုကမ္ဘာလုံးဖြစ်အောင်ဋီကာချဲ့လိုက်ခြင်းဖြစ်ပါသည်။ စိတ်နှလုံးနှိမ့်ချလျက် မိမိကိုယ်ကိုခရစ်တော်အား လုံးလုံးလျားလျားဆက်ကပ်ထားသည့်အတွေ့အကြုံမရှိသူတို့အနေဖြင့် ကယ်တင်ရှင်၏ပျော့ပျောင်းစေနိုင်သော မေတ္တာဆွဲဆောင်မှုကို မိမိတို့၏အသက်တာပုံစံဖြင့်မဖော်ပြနိုင်ပါ။ ဧဝံဂေလိတရားတော်၏နူးညံ့သိမ်မွေ့ခြင်းနှင့် ယဉ်ကျေးဖွယ်ရာမှုကို သူတို့မဟုတ်မမှန်ကိုယ်စားပြုကြသောကြောင့် ခရစ်တော်အသက်ပေး၍ ရွေးနုတ်ထားသောအဖိုးတန်အသက်ဝိညာဉ်များ အနာတရဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်အသုံးပြုထားပုံအရဆိုပါက အပြစ်ရှာလိုစိတ်ရှိသောသူသည် စွပ်စွဲခံရသောသူထက်ပို၍ ကြီးလေးသည့်အပြစ်ကိုကျူးလွန်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် တူညီသောအပြစ်ဒုစရိုက်များကို ကျူးလွန်သည်သာမက ကိုယ်ကိုကိုယ်အထင်ကြီးခြင်းနှင့် သူတစ်ပါးအား စွပ်စွဲသည့်အပြစ်များပိုလာသောကြောင့်ဖြစ်ပါသည်။

အကျင့်စာရိတ္တနှင့်ပတ်သက်၍ ခရစ်တော်သာလျှင်မှန်သောစံနှုန်းဖြစ်တော်မူ၏။ ထို့ကြောင့် သူတစ်ပါး၏အကျင့်စာရိတ္တကို မိမိနှင့်နှိုင်းသောသူသည် ကိုယ်ကိုကိုယ်ခရစ်တော်၏အရာ၌ ခန့်ထားရာရောက်ပါသည်။ ခမည်းတော်ဘုရားသခင်သည် “တရားစီရင်ခြင်းအခွင့်ရှိသမျှကို

သားတော်အားအပ်ပေးတော်မူ" ပြီးဖြစ်သောကြောင့် (ယောဟန် ၅း၂၃)။ အခြားသူတို့၏စိတ်သဘောကိုစီရင်ဆုံးဖြတ်သောသူတို့သည် ဘုရားသခင်၏သားတော်နှင့်သာဆိုင်သောအခွင့်ထူးများကို အလွဲသုံးစားပြုရာရောက်ပါသည်။ ဤကဲ့သို့တရားသူကြီးအရာကို အလိုရှိသောသူများနှင့် သူတစ်ပါးအားဝေဖန်ပြစ်တင်လိုသောသူများသည် ကိုယ်ကိုကိုယ်အန္တိခရစ်၏ဘက်သို့ ပို့ကြသောကြောင့် "ထိုသူသည် ဘုရားသခင်ဟူ၍လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်းခေါ်ဝေါ်သမျှသောအရာတို့ကိုရန်ဘက်ပြု၍ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့် ဘုရားသခင်၏ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍ ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုကိုယ်ပြသောသူဖြစ်သတည်း။" ၂သက် ၂း၄။

မနုစ်မြို့ဖွယ်ရာအကြီးဆုံးသော အကျိုးသက်ရောက်မှုကိုဖြစ်စေသည့်အပြစ်တရားမှာ ဖါရိရှဲတို့နည်းတူ အေးစက်စက်နိုင်သောစိတ်ထားနှင့်တကွ ဝေဖန်ပြစ်တင်လိုသောသဘောဖြင့် အပြစ်မဖြေမလွှတ်တတ်ခြင်းဖြစ်ပါသည်။ ဘာသာရေးရာအတွေ့အကြုံ၌မေတ္တာမသက်မဝင်ပါကထိုသူနှင့်အတူ ယေရှုရှင်မရှိနိုင်ပါ၊ ကိုယ့်တော်ရှိတော်မူကြောင်း ထင်ရှားသည့်အလင်းရောင်လည်းမရှိနိုင်ပါ။ ယင်းလစ်ဟင်းမှုကို မည်သည့်လှုပ်ရှားမှု (သို့မဟုတ်) ခရစ်တော်မပါဝင်သော မည်သည့်စိတ်ထက်သန်မှုကမျှ မဖြည့်ဆည်းနိုင်ပါ။ သူတစ်ပါး၏အပြစ်ကိုအံ့ဩဖွယ်ရာတွေ့မြင်စရာအကြောင်းရှိမည်ဖြစ်သော်လည်း ယင်းသို့သောသဘောထားရှိသူများနှင့်ပတ်သက်၍ "လျှို့ဝှက်သောသူ၊ ကိုယ်မျက်စိ၌ရှိသောတံကျင်ကိုရှေးဦးစွာထုတ်ပစ်လော့၊ နောက်မှညီအစ်ကိုမျက်စိ၌ရှိသောကြောင့်ငယ်ကိုထုတ်ခြင်းငှာ ရှင်းလင်းစွာမြင်လိမ့်မည်" ဟု ယေရှုရှင်မိန့်တော်မူ၏။ အမှားကိုရှေးဦးစွာပြုသောသူအနေဖြင့် မိမိနည်းတူ သူတစ်ပါး

တို့လည်း မှားကြမည်ဟုထင်တတ်ကြပါသည်။ သူတစ်ပါးအား အပြစ်ဖို့ခြင်းဖြင့် မိမိ၏စိတ်နှလုံးအတွင်းမှ မကောင်းမှုကိုဖုံးကွယ်ဖို့ (သို့မဟုတ်) ခွင့်လွှတ်ဖို့ ကြိုးစားပါသည်။ မကောင်းသောအမှုအရာ၏အကြောင်းကို အပြစ်ကျူးလွန်ခြင်းဖြင့် လူတို့ပညာရလာကြပါသည်။ ပထမလူသားဇနီးမောင်နှံအနေဖြင့် အပြစ်ကျူးလွန်ပြီးသည်နှင့်တစ်ပြိုင်နက် အချင်းချင်းအပြစ်ဖို့ကြပါသည်။ အကယ်၍ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် မချုပ်တည်းပါက လူတို့၏နဂိုသဘာဝသဘောထားအရ မလွဲမရှောင်သာဘဲ ဤကဲ့သို့ပင်ပြုကြပေလိမ့်မည်။

ယင်းသို့သူတစ်ပါးအား စွပ်စွဲလိုသောစိတ်ဓါတ်ကို လူတို့မွေးမြူထားကြပါက ညီအစ်ကိုအနေဖြင့် မှားနေသည်ဟုသူတို့မှတ်ယူသည့် အချက်တစ်ခုကို ထောက်ပြရုံမျှနှင့်ပင် မကျေနပ်နိုင်တော့ပါ။ ယင်းသို့လူတို့က မှားသည်ဟုသဘောထားသောအချက်ကို ညီအစ်ကိုတို့က သူတို့အလိုကျမလိုက်နာမပြုပြင်ပါက အဓမ္မနည်းကိုအသုံးပြုကြပါသည်။ ခရစ်တော်ခေတ်က ယုဒလူတို့သည် ယင်းသို့သောနည်းလမ်းကိုအသုံးကြပါသည်။ အသင်းတော်အနေဖြင့်လည်း ထိုအချိန်ကစ၍ ခရစ်တော်၏ကျေးဇူးတော်နှင့်ကင်းဝေးသောအခါတိုင်း ယင်းသို့ပင်ပြုကြပါသည်။ မိမိ၌မေတ္တာတန်ခိုးယုတ်လျော့ပြီဟုသိရတိုင်း လောကီအစိုးရ၏တန်ခိုးအာဏာအထောက်အပံ့ကိုရယူလျက် မိမိ၏အခြေခံအယူဝါဒများကိုလိုက်နာဖို့ ဥပဒေပြုအမိန့်ထုတ်စီရင်ပါသည်။ ဤအချက်မှာ ဘာသာရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းခဲ့သည့် ဥပဒေစည်းမျဉ်းတိုင်းနှင့်ဆိုင်သည့် လျှို့ဝှက်ချက်ဖြစ်ပါသည်။ အာဗေလအချိန်မှစ၍ ယနေ့ကျွန်ုပ်တို့ခေတ်အထိ နှိပ်စက်ညှဉ်းဆဲခြင်းများ၏ လျှို့ဝှက်ချက်လည်းဖြစ်ပါသည်။

ခရစ်တော်သည် လူတို့အားနှင်ထုတ်တော်မမူပါ၊ မိမိထံသို့သာ ဆွဲဆောင်တော်မူ၏။ ကိုယ်တော်အနိုင်အထက်ပြုတော်မူသည့် တစ်ခု တည်းသောနည်းလမ်းမှာ မေတ္တာတော်အားဖြင့် အနိုင်အထက်သွေး ဆောင်တော်မူ၏။ အသင်းတော်အနေဖြင့် လောကီရေးရာအာဏာ၏ ထောက်ခံမှုကိုရဖို့ရှာကြံပါက ယင်းအသင်းတော်၌ခရစ်တော်၏တန်ခိုး တော်တည်းဟူသော ကိုယ်တော်၏မေတ္တာတော်အနိုင်အထက်သွေးဆောင် မှုချုပ်ငြိမ်းပြီဖြစ်ကြောင်း ထင်ရှားပါသည်။

သို့သော်အသင်းဝင်တစ်ဦးစီအတွက် အခက်အခဲရှိပြီဖြစ်သော ကြောင့် ယင်းအခြေအနေတွင် အရေးယူကုသဖို့လိုအပ်ပါသည်။ ယိုးစွပ် တတ်သောသူအနေဖြင့် မိမိမျက်စိ၌သာရှိသောတံကျင်ကိုရှေးဦးစွာထုတ် ပစ်ဖို့၊ ယင်းယိုးစွပ်တတ်သောစိတ်ဓါတ်ကိုစွန့်လွှတ်ဖို့၊ မိမိ၏အပြစ်ကို ဝန်ချတောင်းပန်ပြီးရှောင်ကြဉ်ဖို့လိုကြောင်း၊ သို့ပြီးမှ အခြားတစ်ပါး သောသူ၏အမှားကိုပြုပြင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ယေရှုရှင်မိန့်ကြား တော်မူ၏။ အဘယ်ကြောင့်ဆိုသော် "မကောင်းသောအသီးကိုသီးသော အပင်ကား ကောင်းသောအပင်မဟုတ်၊ ကောင်းသောအသီးကိုသီးသော အပင်ကား မကောင်းသောအပင်မဟုတ်" ကြောင်း ရှင်လုကာ ၆း၄၃ တွင်ဖေါ်ပြထားပါသည်။ သင်မွေးမြူထားသည့် ဤယိုးစွပ်တတ်သော စိတ်သည် မကောင်းသောအသီးပေတည်း။ ထိုကြောင့် အပင်မကောင်း ကြောင်းထင်ရှားပေ၏။ သင်တို့သည် ကိုယ်အဖို့ကိုယ်ပိုင်ဖြောင့်မတ် ခြင်းကိုတည်ဆောက်ရာ၌ အလဟဿသာဖြစ်ပါ၏။ စိတ်နှလုံးပုံသဏ္ဍာန် ပြောင်းလဲဖို့မှာ သင့်အဖို့လိုအပ်ချက်ဖြစ်ပါသည်။ သူတစ်ပါး၏အမှားကို ပြင်ပေးဖို့ သင့်လျော်သူဖြစ်ရန် သင့်အနေဖြင့် ရှေးဦးစွာယင်းအတွေ့ အကြုံရှိထားဖို့လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် "စိတ်နှလုံးအပြည့် ရှိသည်အတိုင်း နှုတ်မြွက်တတ်၏" ဟူသတည်း။ ရှင်မဿဲ ၁၂း၃၄။

တစ်စုံတစ်ယောက်သောသူ၏အသက်တာ၌ အရေးပေါ်သဖြင့် သင်ကအကြံပေးကူညီဖို့ (သို့မဟုတ်) သတိပေးဆုံးမဖို့ကြိုးစားပါက သင်၏စိတ်ဓါတ်မှန်ဖြင့် ပြုစုပျိုးထောင်ထားသည့်ပုံစံနမူနာအပေါ်မူတည် လျက် သင်၏စကားများ၌ ကောင်းသောဩဇာသက်ရောက်မှုရှိလိမ့်မည်။ သင့်အနေဖြင့် ကောင်းသောအမှုကိုပြုလုပ်နိုင်ဖို့ ရှေးဦးစွာသင်ကိုယ်တိုင် က ကောင်းသောသူဖြစ်ရပါမည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သင်၏စိတ်နှလုံးသည် ဦးစွာပထမနိမ့်ချခြင်းရှိပြီး၍ အညစ်အကြေးနှင့် ကင်းစင်လျက် နူးညံ့သိမ်မွေ့ပါက သူတစ်ပါးပုံသဏ္ဍာန်ပြောင်းလဲခြင်း သို့ရောက်ဖို့ အားထုတ်နိုင်ပါလိမ့်မည်။ ယင်းသို့ သင်ကိုယ်တိုင်ပြောင်းလဲ မှုရပြီးမှသာလျှင် နှင်းဆီချုံသည် မွှေးကြိုင်သည့်နှင်းဆီပွင့်များကို ပွင့်စေနိုင်သကဲ့သို့လည်းကောင်း၊ စပျစ်နွယ်ပင်သည် ခိုရောင်သန်းသော စပျစ်သီးခိုင်ကိုသီးစေနိုင်သကဲ့သို့လည်းကောင်း သင်၏အသက်တာ ပုံစံက သူတစ်ပါးအတွက် အလိုအလျောက်ကောင်းချီးမင်္ဂလာဖြစ် လိမ့်မည်။

"ဘုန်းအသရေကိုမြော်လင့်ခြင်းအကြောင်းတည်းဟူသော" ခရစ် တော်သည် သင်တို့အထဲ၌တည်နေတော်မူသောအခါ သူတစ်ပါး၏အပြစ် ကိုဖေါ်ထုတ်ဖို့ စောင့်ကြည့်နေသည့်စိတ်ရှိမည်မဟုတ်ပါ။ ပြစ်တင်ဝေဖန် ဖို့ရှာကြံမည့်အစား ကူညီယိုင်းပင်းဖို့၊ ကောင်းချီးမင်္ဂလာဖြစ်စေဖို့မှာ သင်၏ရည်ရွယ်ချက်ဖြစ်လိမ့်မည်။ လမ်းမှားနေသူများနှင့်ဆက်ဆံရာ၌ "အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည်အကြောင်း ကိုယ်ကိုကိုယ် သတိပြု" ရမည်ဆိုသော ကျမ်းစကားကိုလိုက်နာဖို့လိုပါသည်။ ဂလာတိ ၆း၁။ သင့်အနေဖြင့် အကြိမ်ကြိမ်လမ်းမှားခဲ့သည်ကိုလည်းကောင်း၊ ယင်းသို့တစ်ကြိမ်တစ်ခါလမ်းမှားသွားပါက လမ်းမှန်သို့ပြန်ရောက်ဖို့

မည်မျှလောက်ခက်ခဲကြောင်းကိုလည်းကောင်း သင်ကိုယ်တိုင်သတိရဖို့ လိုပါသည်။ ညီအစ်ကိုအားပို၍မှောင်မိုက်ရာသို့ပို့ခြင်းမဖြစ်စေဘဲ သူရင်ဆိုင်ရမည့်အန္တရာယ်များအကြောင်းကို ကြင်နာမှုအပြည့်အဝနှင့် ထင်ရှားအောင်ဖေါ်ပြရပါမည်။

ကရာနီလက်ဝါးကပ်တိုင်ပေါ်၌ ကယ်တင်ရှင်ရိုက်ထားခြင်းခံရသည်မှာ မိမိ၏အပြစ်များကြောင့်ဖြစ်သည်ဟု မကြာမကြာသတိရလျက် ထိုလက်ဝါးကပ်တိုင်ကိုမျှော်ကြည့်သောသူအနေဖြင့် မိမိ၏အပြစ်အခြေအနေကို သူတစ်ပါး၏အပြစ်ပမာဏနှင့်မည်သည့်အခါမျှ နှိုင်းယှဉ်ချင့်မှန်းလိမ့်မည်မဟုတ်ပါ။ သူတစ်ပါးအားတရားခံအဖြစ်စွဲချက်တင်ဖို့ မည်သည့်အခါမျှတရားပလ္လင်ဘက်သို့လျှောက်လိမ့်မည်မဟုတ်ပါ။ ကရာနီလက်ဝါးကပ်တိုင်၏အရိပ်၌ လျှောက်သွားသောသူတို့အနေဖြင့် မည်သည့်အခါမျှ ပြစ်တင်ဝေဖန်ခြင်း၊ ကိုယ်ကိုကိုယ်မြှောက်စားခြင်း ရှိလိမ့်မည်မဟုတ်ပါ။

လမ်းလွဲနေသောညီအစ်ကိုတစ်ဦးအား ကယ်တင်ဖို့သင်၏ဂုဏ်သိက္ခာကိုသာမက သင်၏အသက်ကိုပင်စွန့်ဖို့အဆင်သင့်ရှိပြီဟုခံစားရပါမှ သင်၏မျက်စိ၌ရှိသောတံကျင်ကိုထုတ်ပြီးဖြစ်လိမ့်မည်။ ထိုအခါမှသာ သင်၏ညီအစ်ကိုအားချဉ်းကပ်လျက် သူ၏နှလုံးသားကိုတို့ထိနိုင်လိမ့်မည်။ လမ်းလွဲနေသောညီအစ်ကိုအား ပြစ်တင်ဆုံးမခြင်းဖြင့် မည်သူကမျှမကယ်တင်နိုင်ခဲ့စဖူးပါ။ ယင်းပြစ်တင်ဆုံးမခြင်းများကြောင့် ခရစ်တော်နှင့်ဝေးသွားကြပြီး နောင်တသံဝေဂရဖို့ သူတို့၏စိတ်နှလုံးတံခါးများကိုပိတ်ထားလိုက်ကြပါသည်။ ကြင်နာတတ်သောစိတ်ထားနူးညံ့သိမ်မွေ့သောအမူအရာဖြင့်ဆွဲဆောင်ပါက လမ်းလွဲသောသူများကို ကယ်ဆယ်၍ ဒုစရိုက်မကောင်းမှုအမြောက်အမြားကို ဖုက်ထားနိုင်ပေ

လိမ့်မည်။ သင်၏အကျင့်စာရိတ္တ၌ ခရစ်တော်ထင်ရှားပါက သင်နှင့်ဆက်ဆံသောသူအများပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလိမ့်မည်။ သင်၏နေ့စဉ်အသက်တာ၌ ခရစ်တော်ထင်ရှားပါက ကိုယ်တော်၏နှုတ်ကပါဌ်တော်၌ အသစ်ပြုပြင်ဖန်ဆင်းနိုင်သောတန်ခိုးရှိကြောင်းကိုလည်းကောင်း၊ ထာဝရအရှင်ဘုရားသခင်၏တင့်တယ်ခြင်းအသရေတော်၌ နူးညံ့သိမ်မွေ့စွာဖျောင်းဖျဆွဲဆောင်နိုင်သည့်အင်အားအပြည့်အဝရှိကြောင်းကိုလည်းကောင်း သင်မှတစ်ဆင့် အခြားသောအသက်ဝိညာဉ်များအားထင်ရှားပြတော်မူလိမ့်မည်။

**"ဖြူစင်သောအရာကိုခွေးတို့အား မပေးကြနှင့်။" ရှင်မဿဲ ၇း၆။**

ဤနေရာ၌အပြစ်တရား၏ကျေးကျွန်ဘဝမှ မလွတ်မြောက်လိုသည့် လူတန်းစားတစ်ရပ်အကြောင်းကို ယေရှုရှင်ဖေါ်ပြထားတော်မူ၏။ သူတို့အနေဖြင့် ဖေါက်ပြန်ခြင်း၊ အဂတိလိုက်စားခြင်းများ၌ နစ်မွန်းနေကြပြီဖြစ်သောကြောင့် သူတို့၏သဘာဝအဆင့်အတန်းနိမ့်ကျလွန်းသဖြင့် သူတို့စွဲလမ်းနေသည့်မကောင်းမှုဒုစရိုက်များနှင့်ခွဲခွာလိုစိတ်မရှိကြတော့ပါ။ ဧဝံဂေလိတရားတော်ကိုအငြင်းပွားစရာဟူ၍လည်းကောင်း၊ ယုတ္တိမတန်ဟူ၍လည်းကောင်း သဘောထားသူများ၏နယ်နိမိတ်အတွင်းသို့ ခရစ်တော်၏အမှုဆောင်များရောက်မသွားကြစေရန် သတိပြုသင့်ပါသည်။

အထက်မှမွန်မြတ်သောသမ္မာတရားကိုလက်ခံလိုသောသူတစ်ယောက်အနေဖြင့် အပြစ်ဒုစရိုက်ညွှန်အတွင်း မည်မျှလောက်ပင်နစ်မွန်းနေ

စေကာမူ ထိုသူအား ကယ်တင်ရှင်ပစ်ထားတော်မမူပါ။ အခွန်ခံများနှင့် ပြည့်တန်ဆာဘဝအသက်တာသစ်ကိုအစပြုနိုင်ကြဖို့ကိုယ်တော်၏ နှုတ်တော်ထွက်စကားများက လမ်းစဖေါ်ပေးပါသည်။ ကိုယ်တော်အား ဖြင့် နှုတ်ဆိုးခုနှစ်ယောက်လက်မှလွတ်မြောက်ခွင့်ရခဲ့သောမာဂဒါလမာရိ သည် ကယ်တင်ရှင်၏သင်္ချိုင်းတော်မှ နောက်ဆုံးထွက်ခွာသွားသူဖြစ်၍ ထမြောက်တော်မူသည့်နံနက်တွင်လည်း ကိုယ်တော်ကပထမဦးစွာ နှုတ်ဆက်ခြင်းခံရသူစြဖ်ပါသည်။ တာရှုမြို့သားရှောလုသည် ဧဝံဂေလိ တရားတော်၏အကြီးဆုံးသောရန်သူများတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ သော်လည်း ပေလုအမည်သစ်ကိုရ၍ ကိုယ်ကိုကိုယ်လုံးလုံးလျားလျား ဆက်ကပ်ထားသည့် ခရစ်တော်၏ဓမ္မအမှုဆောင်ကြီးဖြစ်လာခဲ့ပါသည်။ တရားတော်ကိုမုန်းတီးစက်ဆုပ်ပုံပေါ်၍ ရာဇဝတ်ပြစ်မှုပေါင်းစုံကြောင့် အဆင့်အတန်းနိမ့်ကျနေသူဖြစ်သော်လည်း ခရစ်တော်၏ကျေးဇူးတော် အားဖြင့် ကယ်တင်ခြင်းသို့ရောက်၍ ကယ်တင်ရှင်၏သရဖူပေါ်တွင် တောက်ပသောကျောက်မျက်မွန်တစ်ခုဖြစ်လာနိုင်ပါသည်။

**“တောင်းကြလော့၊ တောင်းလျှင်ရမည်။**
**ရှာကြလော့၊ ရှာလျှင်တွေ့မည်။**
**တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။”**
**ရှင်မဿဲ ၇း၇။**

မိမိ၏နှုတ်တော်ထွက်စကားများကို မယုံကြည်ခြင်း၊ ယုံကြည်မှု လွဲမှားခြင်း(သို့မဟုတ်) အဓိပ္ပါယ်ဖွင့်ဆိုချက် မှားယွင်းမှုများမရှိစေခြင်း ငှာ ဤကတိတော်သုံးချက်တို့ကို သခင်ဘုရားပေးတော်မူ၏။ ဘုရား ကိုယ်တော်ရှင်ကိုရှာသောသူများသည် အရာခပ်သိမ်းကိုတတ်နိုင်တော်

မှုသောအရှင်အားတွေ့သိကြဖို့ ကိုယ်တော်အလိုရှိတော်မူ၏။ ထိုကြောင့် "တောင်းသောသူမည်သည်ကားရ၏၊ ရှာသောသူလည်းတွေ့၏၊ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏" ဟု ခရစ်တော်မိန့်တော်မူ၏။

ကိုယ်တော်၏ကရုဏာတော်ကိုဆာငတ်မွတ်ဖို့၊ ကိုယ်တော်ပေးတော်မူသည့်အကြံဉာဏ်ကိုအလိုရှိဖို့နှင့် ကိုယ်တော်၏မေတ္တာတော်ကိုတောင့်တဖို့မှလွဲ၍ အခြားမည်သည့်စည်းကမ်းချက်ကိုမျှ ဘုရားသခင်အထူးသတ်မှတ်ထားတော်မမူပါ။ "တောင်းကြလော့။" သင်၌အမှန်လိုအပ်သည့်အရာရှိနေကြောင်း တောင်းလျှောက်ခြင်းဖြင့် သာဓကပြပါသည်။ ထိုကြောင့် ယုံကြည်ခြင်းဖြင့်တောင်းလျှောက်ပါက ရရှိပါလိမ့်မည်။ သခင်ဘုရား၏နှုတ်တော်ထွက်စကားဖြင့် ကတိထားတော်မူပြီးဖြစ်သောကြောင့် ပျက်ကွက်စရာအကြောင်းမရှိပါ။ ကြေကွဲနှိမ့်ချသောစိတ်သဘောဖြင့် ဘုရားသခင်အား အမှန်ချဉ်းကပ်ပါက သခင်ဘုရားကတိထားတော်မူပြီးသည့်အတိုင်း တောင်းလျှောက်ခြင်းဖြစ်သောကြောင့် ထင်ကြေးအားဖြင့်သာတောင်းလျှောက်နေရသည်ဟု ခံစားရတော့မည်မဟုတ်ပါ။ ခရစ်တော်နှင့်တူညီသည့်အကျင့်စာရိတ္တစုံလင်ခြင်းသို့ရောက်ဖို့ကဲ့သို့သော အမှန်လိုအပ်သည့်ကောင်းချီးမင်္ဂလာကို တောင်းလျှောက်သောအခါ သင့်အနေဖြင့် ကတိတော်နှင့်အညီ တောင်းလျှောက်ခြင်းဟုတ်မဟုတ်စိစစ်ပြီးဖြစ်လိမ့်မည်ဟု သခင်ဘုရားစိတ်ချတော်မူ၏။ သင်သည်အပြစ်သားတစ်ဦးဖြစ်သည်ဟု အမှန်သိမှတ်ခံစားရခြင်းသည်ပင်လျှင် သင့်အနေဖြင့် ကိုယ်တော်၏မေတ္တာကရုဏာတော်ကိုခံစားရဖို့ ပတ္ထနာပြုရန်လုံလောက်သည့်အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သင်သည်သန့်ရှင်းသူဖြစ်မှသာ ဘုရားသခင်၏ထံတော်သို့ချဉ်းကပ်ရမည်ဟု စည်းကမ်းသတ်မှတ်မထားပါ။ သင်၏အပြစ်ဒုစရိုက်ရှိသမျှကို စင်ကြယ်

သန့်ရှင်းစေခြင်းငှာ မစတော်မူဖို့အလိုရှိပါက ကိုယ်တော်ထံချဉ်းကပ်၏နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ယခုသာမက အစဉ်အသနားခံဖို့လိုအပ်ကြောင်း ဆင်ခြင်မိပါကလည်းကောင်း၊ ကျွန်ုပ်တို့အနေဖြင့် လုံးဝခိုကိုးရာမဲ့ဖြစ်သည်ဟုခံစားရပါကလည်းကောင်း ကိုယ်တော်နှင့်တကွကိုယ်တော်၏ရွေးနုတ်သောတန်ခိုးတော်ကို ကျွန်ုပ်တို့အထူးလိုအပ်ကြောင်းပြပါသည်။

"ရှာကြလော့။" ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကိုသာမက ကိုယ်တော်ရှင်ကိုယ်တိုင်အားအလိုရှိပါ။ "ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့လော့၊ ထိုသို့ပြုမှကောင်းစားခြင်းသို့ရောက်လိမ့်မည်။" ယောဘဝတ္ထု ၂၂း၂၁။ ရှာကြလော့၊ ရှာလျှင်တွေ့မည်၊ သင့်အား ဘုရားသခင်ရှာနေတော်မူ၏။ သင်သည် ကိုယ်တော်ထံသို့ပြန်လာဖို့ လိုလိုလားလားဖြစ်လာပါက ကိုယ်တော်၏ဝိညာဉ်တော်ဆွဲဆောင်မှုကြောင့်ဖြစ်ပါသည်။ ယင်းဆွဲဆောင်မှုကိုလက်ခံပါ။ စုံစမ်းသွေးဆောင်ခြင်းကိုခံနေရသူ၊ လမ်းလွဲနေသောသူနှင့် ယုံကြည်ခြင်းကင်းမဲ့သူအား ခရစ်တော်ခေါ်နေတော်မူ၏။ ထိုသူတို့အနေဖြင့် မိမိနှင့်မိတ်သဟာယဖွဲ့ကြဖို့ ကိုယ်တော်မြှင့်တင်ပေးလိုတော်မူ၏။ "ကိုယ်တော်ကိုရှာလျှင် အတွေ့ခံတော်မူမည်။" ရာဇဝင်ချုပ်ပထမစောင် ၂၈း၉။

"ခေါက်ကြလော့။" အထူးဖိတ်ခေါ်ခြင်းခံရသောကြောင့် ဘုရားသခင်၏ထံတော်သို့ ကျွန်ုပ်တို့ချဉ်းကပ်ကြရာ ကိုယ်တော်သည် ကျွန်ုပ်တို့အားကြိုဆိုဖို့ ပရိသတ်စည်းဝေးရာညီလာခံခန်းမမှစောင့်၍နေတော်မူ၏။ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ခဲ့ကြသော ရှေးဦးပထမတပည့်တော်များက "ရဗ္ဗိ၊ ကိုယ်တော်သည် အဘယ်မှာနေတော်မူသနည်းဟုမေးလျှောက်ကြ၏။.....သူတို့သည် သွား၍နေတော်မူရာအရပ်ကိုကြည့်ကြ၏၊.....မိုးချုပ်သည့်တိုင်အောင် အထံတော်၌နေကြ၏။"

သို့သော် ယင်းသို့ခေတ္တမျှသာစကားပြောရကြသောကြောင့် သူတို့ကျေနပ်မှုမရကြပါ။ ယောဟန် ၁း၃၈၊၃၉။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့်အနီးကပ်ဆုံး၊ အရင်းနှီးဆုံးဆက်ခွင့်ရနိုင်စရာအကြောင်းရှိပါသည်။ "အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌာနတော်၌နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်။" ဆာလံ၊ ၉၁း၁။ ဘုရားသခင်၏ထံတော်မှ ကောင်းချီးမင်္ဂလာများခံစားရဖို့လိုလားသောသူအနေဖြင့် တံခါးကိုခေါက်လျက် ယင်းကရုဏာတော်တံခါးဝမှ အိုအဘဘုရား၊ "တောင်းသောသူမည်သည်ကားရ၏၊ ရှာသောသူလည်းတွေ့၏၊ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏" ဟုမိန့်တော်မူသောကြောင့် ယခုစောင့်နေပါသည်ဟုယုံကြည်စိတ်ချစွာစောင့်နေရပါမည်။

ယေရှုရှင်သည် မိမိ၏တရားနာပရိသတ်အား ကြည့်တော်မူလျက် ယင်းလူထုပရိသတ်ကြီးအနေဖြင့် ဘုရားသခင်၏မေတ္တာကရုဏာတော်ကို တန်ဖိုးထားကြဖို့ အထူးလိုလားတော်မူ၏။ သူတို့၏အမှန်လိုအပ်ချက်များနှင့်ပတ်သက်၍ ဘုရားသခင်ကလိုလားစွာပေးတော်မူမည်ဖြစ်ကြောင်း သရုပ်ဖော်ရန် အစာဆာနေသောကလေးသူငယ်တစ်ဦးက လူသားမိဘထံအစာတောင်းနေပုံနှင့် ဥပမာပြလျက် "သားသည်မုန့်ကိုတောင်းလျှင် မိမိသားအားကျောက်ကိုပေးမည့်သူ.....တစ်စုံတစ်ယောက်မျှ သင်တို့တွင်ရှိသလော" ဟုမေးတော်မူ၏။ သဘာဝအားဖြင့် မိမိတို့၏သားသမီးများကိုချစ်မြတ်နိုးသောမိဘတို့အား ယင်းသို့မေးတော်မူပြီးမှ "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် ဆုတောင်းသောသူတို့အား ကောင်းသောအရာကို

သာ၍ပေးတော်မူမည်မဟုတ်လော” ဟု ဆက်၍မေးတော်မူ၏။ ဆာလောင်မွတ်သိပ်နေသောကြောင့် စားစရာတောင်းနေသောသားကို မည်သည့်ဖခင်စိတ်ဓါတ်အပြည့်အဝရှိသောသူကမျှ စားစရာကိုမပေးဘဲ ကျောခိုင်းနေမည်မဟုတ်ပါ။ ကလေးငယ်အနေဖြင့်များစွာရမည်ဟု မျှော်လင့်နေပြီးမှ စိတ်ပျက်ရလောက်အောင် မလောက်မငတ်ပေးမည်လော၊ သားငယ်အပေါ် ယင်းသို့မဆင်မခြင်ပေါ့ပေါ့တန်တန်ပြုလိမ့်မည်ဟု မည်သူတို့ထင်မှတ်ကြပါမည်နည်း။ အာဟာရဓါတ်အပြည့်အဝရှိသည့် အစားကောင်းအသောက်ကောင်းကိုပေးမည်ဟုကတိထားပြီးမှ ကျောက်ခဲကိုပေးလိမ့်မည်လော။ ထိုမျှမက မိမိ၏သားသမီးတို့က အသနားခံကြသည်ကိုမတုံ့မပြန်ဘဲ နေတော်မူလိမ့်မည်ဟုတွေးတောခြင်းဖြင့် ကိုယ်တော်၏ဂုဏ်တော်ကို ထိခိုက်စေမည့်သူတစ်စုံတစ်ယောက်ရှိပါသလော။

ထိုကြောင့် သာမန်လူသားဖြစ်သောသင်တို့သည် “အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အားကောင်းသောအရာကိုပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်လောဟုမိန့်တော်မူ၏။” ရှင်လုကာ ၁၁း၁၃။ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏ကိုယ်စားလှယ်ဖြစ်တော်မူသောကြောင့် ဆုကျေးဇူးတော်တို့တွင် အမြတ်ဆုံးဖြစ်ရာ ယင်းဆုကျေးဇူးတော်၌ “ကောင်းသောအရာအားလုံး” အကျုံးဝင်နေပါသည်။ ကယ်တင်ရှင်ကိုယ်တော်တိုင်ပင်လျှင် ဤထက်သာ၍ကောင်းသော၊ သာ၍ကြီးသောဆုကျေးဇူးကို ကျွန်ုပ်တို့အားမပေးနိုင်ပါ။ ကျွန်ုပ်တို့စိတ်သောကကိုယ်ဒုက္ခရောက်သဖြင့် ကရုဏာပြတော်မူဖို့နှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

လမ်းပြတော်မူဖို့ ကိုယ်တော်အားတိုးလျှိုးတောင်းပန်အသနားခံကြသော အခါ ကျွန်ုပ်တို့၏ပတ္ထနာသံကိုလျစ်လျူရှုထားတော်မူမည်မဟုတ်ပါ။ ဆာလောင်မွတ်သိပ်နေသောသားငယ်ကို လူသားမိဘတို့ကကျော်ခိုင်း နေစေကာမူ ချို့တဲ့သူနှင့်မျှော်မှန်းတမ်းတနေသူတို့၏အော်ဟစ်တောင်း လျှောက်သံများကို မည်သည့်အခါမျှဘုရားသခင်မငြင်းပယ်နိုင်ပါ။ မိမိတို့အားဘုရားသခင်မေ့နေတော်မူပြီဟုထင်မှတ်နေကြသည့်အမှောင် ခေတ်ကလူတို့အား ကိုယ်တော်က "ဇိအုန်ကလည်း ထာဝရဘုရားသည် ငါ့ကိုစွန့်ပစ်တော်မူပြီ၊ ဘုရားသခင်သည် ငါ့ကိုမေ့လျော့တော်မူပြီဟု ဆိုသော်၊ မိန်းမသည် မိမိဖွားသောသားကိုမသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကိုမေ့လျော့နိုင်သလော၊ အကယ်၍မေ့လျော့နိုင်သော်လည်း သင့်ကိုငါမမေ့မလျော့၊ ငါသည် ကိုယ်လက်ဝါး၌သင့်ကိုစားထိုးပြီ" ဟု မိန့်တော်မူ၏၊ ဟေရှာယ ၄၉း၁၄–၁၆။ ၎င်းသည် ခမည်းတော်၏ နှလုံးတော်မှလာသောသတင်းစကားဖြစ်ရာ ကိုယ်တော်၏မေတ္တာ ကရုဏာတော်ကို မည်မျှလောက်အံ့ဩဖွယ်ရာသရုပ်ဖော်ထားပါသနည်း။

ဘုရားသခင်၏နှုတ်ကပါဌ်တော်လာကတိတော်တိုင်း၌ ပတ္ထနာ ပြုစရာ အချက်အလက်ကိုပါဖြည့်စွက်ထားပါသည်။ ယေဟောဝါ အရှင်၏ကတိတော်စကားများကိုလည်း ကျွန်ုပ်တို့စိတ်ချစရာဖို့ပူးတွဲ ဖော်ပြထားတော်မူ၏။ မည်သည့်ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာကို မဆို ကျွန်ုပ်တို့အလိုရှိပါက ယေရှုရှင်မှတစ်ဆင့်တောင်းလျှောက်ခွင့် ရှိပါသည်။ မည်သည့်အရာကိုကျွန်ုပ်တို့လိုအပ်ကြောင်း တိတိကျကျ ဖော်ပြလျက် ကလေးသူငယ်ကဲ့သို့ရိုးသားစွာတောင်းလျှောက်နိုင်ပါသည်။ ကျွန်ုပ်တို့၏လောကီရေးရာလိုအပ်ချက်များနှင့်ပတ်သက်၍ စားသောက် ဖွယ်ရာများနှင့်ဝတ်စားတန်ဆာများကိုသာမက ဝိညာဉ်ရေးနှင့်ပတ်သက်၍

အသက်မုန့်ကိုလည်းကောင်း၊ ခရစ်တော်၏ဖြောင့်မတ်ရာဝတ်ရုံကို လည်းကောင်းတောင်းလျှောက်ခွင့်ရှိပါသည်။ သင့်အနေဖြင့် ထိုအရာ အလုံးစုံတို့ကိုလိုအပ်ကြောင်း ကောင်းကင်ဘုံရှင်အဘသိတော်မူ၏။ ယင်းလိုအပ်သောအရာအပေါင်းကိုရရှိဖို့တောင်းလျှောက်ကြရန်လည်း ခေါ်နေတော်မူ၏။ ကျေးဇူးတော်အပေါင်းကို ယေရှုရှင်၏နာမတော် အားဖြင့်သာ ကျွန်ုပ်တို့လက်ခံရရှိကြပါသည်။ ဘုရားသခင်သည် ထိုနာမတော်ကိုဂုဏ်ပြုတော်မူလျက် ကိုယ်တော်၏ကြွယ်ဝတော်မူသော ကောင်းကင်ဘဏ္ဍာတိုက်မှ ကျွန်ုပ်တို့အမှန်လိုအပ်သောအရာများကို ရက်ရောစွာပေးတော်မူပါလိမ့်မည်။

သို့သော်ဘုရားသခင်၏ထံတော်သို့ချဉ်းကပ်ကြသောအခါ ဘုရား သခင်သည် ဖခင်၊ သင်တို့သည် သားသမီးများဖြစ်ကြောင်း အသိအမှတ် ပြုဖို့မမေ့ပါနှင့်။ သင့်အနေဖြင့် ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို ယုံကြည်ကိုးစားသည်သာမက ကိုယ်တော်၏မေတ္တာတော်သည် ပြောင်းလဲခြင်းမရှိကြောင်းသိထားခြင်းဖြင့် အရာခပ်သိမ်း၌ ကိုယ်တော် ၏အလိုတော်အတိုင်းလက်ခံပါ။ ကိုယ်တော်၏အမှုတော်ကိုဆောင်ဖို့ ကိုယ်ကိုကိုယ်ဆက်ကပ်ထားပါ။ "တောင်းကြလော့၊ ထိုသို့တောင်း လျှင်ရကြလိမ့်မည်" ဟု ယေရှုရှင်ကတိထားတော်မူရာ၌ (ယောဟန် ၁၆း၂၄)။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့ဟု မိန့်တော်မူပြီးမှ ထိုသူတို့အား ပေးထားသည့် ကတိတော်ဖြစ်ပါသည်။

ကောင်းကင်နှင့်မြေကြီးကို အစိုးပိုင်တော်မူသောအရှင်၏ဆုကျေး ဇူးများမှာ ဘုရားသခင်၏သားသမီးတို့အတွက်ဖြစ်ပါသည်။ မွန်မြတ် သည့် ထိုဆုကျေးဇူးများကို တန်ဖိုးကြီးမားသည့်ပူဇော်သကာဖြစ်တော်

မူသည့် ကယ်တင်ရှင်၏သွေးတော်အားဖြင့်သာ ကျွန်ုပ်တို့လက်ခံရရှိကြပါသည်။ ထာဝရတည်မြဲသည့်ဆုကျေးဇူးများနှင့် စိတ်နှလုံးအတွင်းမှ အလေးအနက်တမ်းတနေသည့် ဆုကျေးဇူးများကိုစိတ်ကျေနပ်ဖွယ်ရာ လက်ခံရရှိနိုင်ဖို့ ကလေးသူငယ်ကဲ့သို့သောယုံကြည်စိတ်ဖြင့် ဘုရားသခင်ထံတော်သို့ချဉ်းကပ်၍ တောင်းလျှောက်သူများဝမ်းမြောက်ဖွယ်ရာ လက်ခံရကြပါလိမ့်မည်။ ဘုရားသခင်၏ကတိတော်များမှာ သင့်အတွက်ဖြစ်သည်ဟုသဘောထားလျက် ကိုယ်တော်မိန့်တော်မူချက်များနှင့်အညီ ရှေ့တော်သို့ဝင်၍တောင်းလျှောက်ပါက ဝမ်းမြောက်ခြင်းအပြည့်အဝနှင့် လက်ခံရရှိပါလိမ့်မည်။

> **"သင်တို့သည်ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့။" ရှင်မဿဲ ၇း၁၂။**

ကျွန်ုပ်တို့အပေါ်ဘုရားသခင်ထားတော်မူသည့် မေတ္တာတော်ကို အာမခံထားလျက် ကျွန်ုပ်တို့အချင်းချင်းချစ်ခြင်းမေတ္တာရှိကြဖို့ယေရှုရှင် ဩဝါဒပေးတော်မူ၏။ ယင်းဩဝါဒမှာ မိတ်သဟာယဖွဲ့ဖို့အတွက် လုံလောက်၍နည်းလည်လွယ်သောအခြေခံသဘောတရားဖြစ်ပါသည်။

မည်ကဲ့သို့သောအကျိုးကျေးဇူးများကို ခံစားရကြပါလိမ့်မည်နည်းဟု ရှေးယုဒလူတို့စိုးရိမ်ခဲ့ကြပါသည်။ သူတို့၏ထိုစိုးရိမ်ကြောင်းကြမှုဝန်ထုပ်ကြီးမှာ သူတို့ရထိုက်သည်ဟုထင်မှတ်ယူဆသောတန်ခိုးအာဏာတည်မြဲဖို့၊ အရိုအသေပြုခံရဖို့နှင့် အလုပ်အကျွေးခံရဖို့အတွက်ဖြစ်ပါသည်။ မည်သည့်အကျိုးကျေးဇူးများကိုခံရကြပါလိမ့်မည်နည်းဟု ကျွန်ုပ်တို့စိုရိမ်ကြောင့်ကြစရာမဟုတ်ကြောင်း၊ သူတစ်ပါးအား မည်မျှ

လောက်အကျိုးပြုနိုင်ကြပါလိမ့်မည်နည်းဟုသာ စိုးရိမ်ကြောင့်ကြဖို့ လိုကြောင်း ခရစ်တော်ဩဝါဒပေးတော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် သူတစ်ပါးအပေါ်မည်သည့်တာဝန်ဝတ္တရားများရှိကြောင်းသဘောပေါက်ဖို့မှာ သူတစ်ပါးကကျွန်ုပ်တို့အတွက် မည်ကဲ့သို့တာဝန်ယူကြစေလိုသည့် အပေါ်မူတည်ပါသည်။

သင်သည် သူတစ်ပါးတို့နှင့်ဆက်ဆံပေါင်းသင်းရာ၌ ကိုယ်ကို ကိုယ်သူတစ်ပါး၏နေရာ၌ထားကြည့်ပါ။ သူတို့ခံစားရသလိုခံစားကြည့်ပါ။ သူတို့၏အခက်အခဲများ၊ သူတို့၏စိတ်ပျက်စရာများ၊ သူတို့၏ ဝမ်းမြောက်စရာများနှင့် သူတို့၏ဝမ်းနည်းစရာများကိုဝင်စားကြည့်ပါ။ သူတို့၏နေရာကိုယူ၍ ကိုယ်ချင်းစာလျက် သင့်အား သူတို့ကပြုစေလို သမျှအတိုင်းသူတို့အားပြုပါ။ ဤသည်ကား မှန်သောသစ္စာစည်းမျဉ်း ဖြစ်ပါသည်။ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟူသော (ရှင်မဿဲ ၂၂း၃၉) ပညတ်ကိုပုံစံတစ်မျိုးဖြင့် သရုပ်ဖော်ထား ခြင်းဖြစ်ပါသည်။ ပုရောဖက်တို့၏ဟောပြောချက်များဆိုင်ရာ အချုပ် သဘောလည်းဖြစ်ပါသည်။ ကောင်းကင်၏အခြေခံသဘောတရားဖြစ် သောကြောင့် ၎င်း၏သန့်ရှင်းသောအပေါင်းအဖော်တို့တွင်ပါဝင်ထိုက် သောသူတို့၌ ယင်းပညတ်တရားရှင်သန့်ဖွံ့ဖြိုးလိမ့်မည်။

ယင်းရွှေပညတ်သည် စစ်မှန်သောယဉ်ကျေးမှု၏အခြေခံသဘော တရားဖြစ်၍ အကောင်းဆုံးပုံစံနမူနာမှန်ကို ယေရှုရှင်၏အသက်တာနှင့် ဂုဏ်တော်၌တွေ့မြင်ရပါသည်။ ကျွန်ုပ်တို့ကယ်တင်ရှင်၏နေ့စဉ် အသက်တာတော်မှ နူးညံ့သိမ်မွေ့ခြင်းနှင့် တင့်တယ်လျောက်ပတ်ခြင်း လျှမ်းလျှမ်းတောက်ပါသည်တကား၊ ကိုယ်တော်ရှိနေတော်မူသည့်နေရာ၌ သာယာချမ်းမြေ့ဖွယ်ရာဖြစ်ပါသည်တကား၊ ကိုယ်တော်၏သားသမီး

တို့၌လည်း ယင်းသို့သောစိတ်ဓါတ်ထင်ပေါ်ပေလိမ့်မည်။ အကြင်သူတို့နှင့်အတူ ခရစ်တော်ရှိ၏၊ ထိုသူတို့၏ဝန်းကျင်၌ ဘုရား၏တန်ခိုးတော်ထိန်လင်းလိမ့်မည်။ သူတို့၏ဖြူသောဝတ်ရုံများစင်ကြယ်၍ သခင်ဘုရား၏ဥယျာဉ်တော်မှထွက်သော အမွှေးနံ့သာနှင့်ထုံသင်းလိမ့်မည်။ သူတို့၏မျက်နှာများသည် ကိုယ်တော်၏မျက်နှာတော်မှအလင်းကိုရောင်ပြန်ဟပ်သဖြင့် ပင်ပန်းယိမ်းယိုင်သောခြေများသည် ခလုတ်ဆူးငြောင့်မထိုစေဖို့ သူတို့သွားရာလမ်းကိုလင်းစေလိမ့်မည်။

စုံလင်သည့်အကျင့်စာရိတ္တ၌ မည်သည့်အချက်များပါဝင်ကြောင်းအမြင့်ဆုံးအဆင့်ဖြင့် အမှန်သဘောပေါက်ထားသူဖြစ်ပါက မည်သူမဆိုခရစ်တော်၏ကိုယ်ချင်းစာနာတတ်ခြင်းဖြင့် သနားကြင်နာခြင်းကိုထင်ရှားစွာမမြင်ဘဲမနေနိုင်ပါ။ ကျေးဇူးတော်၏ဆွဲဆောင်မှုမှာစိတ်ဝိညာဉ်ကိုပျော့ပျောင်းစေခြင်း၊ အညစ်အကြေးနှင့်ကင်းစင်သည့်စိတ်သဘောရှိစေခြင်း၊ ကောင်းကင်မှဖွားသည့် နူးညံ့သိမ်မွေ့ခြင်းနှင့်ပြုမူကျင့်ကြံပုံ၌ဖေါ်ရွေခြင်းတို့ဖြစ်ပါသည်။

ထိုမျှမက ထိုရွေပညတ်၌ပို၍ နက်ရှိုင်းလေးနက်သောအဓိပ္ပါယ်ရှိပါသေးသည်။ ကိုယ်တော်၏ကျေးဇူးတော်အစုံကိုထိန်းသိမ်းရသောဘဏ္ဍာစိုးဆိုသည်မှာ မသိနားမလည်၍ မှောင်မိုက်အတွင်းသို့ဆိုက်ရောက်နေသောအသက်ဝိညဉ်များ၏နေရာ၌ မိမိကိုယ်တိုင်ရောက်နေမည်ဆိုပါက မိမိအားထိုသူတို့က ပြုစေလိုသည့်အတိုင်း ကိုယ်ချင်းစာတရားထားလျက် ထိုသူတို့အား မိမိကအကူအညီပေးမစရန် ခေါ်တော်မူခြင်းခံရသောသူဖြစ်ပါသည်။ တမန်တော်ရှင်ပေါလုက “ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏” ဟုဆိုထားပါသည်။ ရောမ ၁း၁၄။ ဘုရားသခင်၏မေတ္တာတော်အကြောင်းနှင့်ပတ်သက်၍ သင်တတ်သိ

ထားသမျှနှင့် ကိုယ်တော်၏ကြွယ်ဝသောဆုကျေးဇူးများနှင့်ပတ်သက်၍ သင်ခံစားရရှိထားသမျှတို့သည် ဤကမ္ဘာပေါ်၌ဘုရားတရားနှင့်အဝေး ကွာဆုံးသောသူများနှင့် အဆင့်အတန်းအနိမ့်ကျဆုံးသောသူများထက် ပို၍ သင်ရရှိထားသမျှကို ထိုသူတို့အားလက်ဆင့်ကမ်းဝေငှဖို့ သင်၌ တာဝန်ကြွေးတင်နေပါသည်။

ဤအသက်တာနှင့်ပတ်သက်၍ သင်ရရှိထားသည့်ကောင်းချီး မင်္ဂလာဆုကျေးဇူးများသည်လည်း သင်နှင့်စပ်ဆိုင်သောသူများ ရရှိသည် ထက်ပို၍နေပါက ယင်းသို့ပို၍ရရှိထားသည့်အတိုင်းအတာနှင့်လျော်ညီစွာ ကိုယ့်ထက်လျော့နည်းရရှိထားသောသူများအားပေးဝေဖို့ သင်၌တာဝန် ကြွေးတင်နေပါသည်။ ကျွန်ုပ်တို့၌ကြွယ်ဝမှုရှိပါက (သို့မဟုတ်) အသက် တာ၌ချမ်းသာသုခရှိပါက ဒုက္ခဆင်းရဲနှင့်ရင်ဆိုင်နေရသောသူများ၊ မုဆိုးမများနှင့်မိဘမဲ့များအားကိုယ်ချင်းစာလျက် ကျွန်ုပ်တို့ကသာ သူတို့ ကဲ့သို့ဖြစ်နေပါက အကြည့်အရှုခံရဖို့ တောင့်တမည်ဖြစ်သည့်အတိုင်း သူတို့အားကြည့်ရှုစောင့်ရှောက်ဖို့ ထုံးစံနှင့်အညီ အလေးအနက်ဆုံး တာဝန်ရှိပါသည်။

"အကြင်ချိန်၊ တင်းပမာဏနှင့်သူတစ်ပါးအားပေး၏၊ ထိုပမာဏ အတိုင်းကိုယ်ခံရကြမည်" ဟု မင်္ဂလာတောင်တော်မှဟောကြားတော် မူသည့်ဒေသနာပါဩဝါဒနှင့် ဤရွေပညတ်တို့အဓိပ္ပါယ်တူညီပါသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သူတစ်ပါးအား ကျွန်ုပ်တို့ပြုသမျှ အတိုင်း ကောင်းချီးမင်္ဂလာနှင့်ဖြစ်စေ၊ ကျိန်ခြင်းအမင်္ဂလာနှင့်ဖြစ်စေ ကျွန်ုပ်တို့အပေါ်တုံ့ပြန်မှုရှိလိမ့်မည်။ ကျွန်ုပ်တို့ပေးသမျှအတိုင်း ပြန်၍ ရကြပါလိမ့်မည်။ လောကီရေးရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့ပေးသမျှ သောကောင်းချီးမင်္ဂလာများကို တူညီသောပစ္စည်းများဖြင့်ပင် အမြဲလိုလို

ပြန်၍ရတတ်ပါသည်။ အမှန်လိုအပ်နေသောအချိန်တွင် ကျွန်ုပ်တို့ပေးကြပါက သက်ဆိုင်ရာနိုင်ငံငွေဖြင့် လေးဆပြန်၍ရတတ်ပါသည်။ သို့သော် ဤမျှမက ကျွန်ုပ်တို့ကစေတနာနှင့်အခမဲ့ပေးသမျှကို ယခုအသက်တာ၌ပင် ကောင်းကင်ဆိုင်ရာဘုန်းအသရေနှင့်ဘဏ္ဍာရတနာအပေါင်းကို ကိုယ်တော်၏မေတ္တာအပြည့်အဝပါလျက် ကျွန်ုပ်တို့ပြန်၍ရကြပါသည်။ သူတစ်ပါးအားအပြစ်ဖို့ပါက (သို့မဟုတ်) စိတ်ပျက်စရာဖြစ်စေပါက မိမိကိုယ်တိုင် အတွေ့အကြုံတွင်လည်း မိမိနေဖြင့် ကိုယ်ချင်းစာခြင်း၊ ထောက်ထားညှာတာခြင်းမရှိခဲ့သည်နှင့်အမျှ သူတစ်ပါးအားပြုခဲ့သည့် အခြေအနေမျိုး၌ပင် သူတစ်ပါးအတိဒုက္ခရောက်ခဲ့သည်နည်းတူ မိမိကိုယ်တိုင်လည်း အတိဒုက္ခနှင့်ကြုံရပေလိမ့်မည်။

ကျွန်ုပ်တို့အား ဘုရားသခင်ချစ်မြတ်နိုးတော်မူသောကြောင့် ယင်းသို့ပညတ်ထားတော်မူ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးခိုင်မာခြင်းကို ကျွန်ုပ်တို့ကိုယ်တိုင် ရွံမုန်းကြစေရန်နှင့် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ယေရှုရှင်ကိန်းအောင်းတော်မူစေရန် ဘုရားသခင်ပြုပြင်ပို့ဆောင်တော်မူပါလိမ့်မည်။ သို့မှသာ မကောင်းသောစိတ်နေရာတွင် ကောင်းမြတ်သောစိတ်ဝင်၍ ကျိန်ခြင်းအမင်္ဂလာဟုထင်မှတ်ရသော်လည်း ကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်။

ရွှေပညတ်တော်၏စံနှုန်းသည် ခရစ်ယာန်အယူဝါဒ၏စံနှုန်းမှန်ဖြစ်သောကြောင့် ၎င်းစံနှုန်းအောက်လျှော့နည်းပါက ဟန်ဆောင်မှုသာဖြစ်ပါသည်။ လူသားအတွက် မိမိအသက်ကိုပင် ခရစ်တော်စွန့်၍ တန်ဖိုးထားတော်မူသောကြောင့် လူသားအားတန်ဖိုးမထားစေခြင်းငှာ လမ်းညွှန်သောဘာသာအယူဝါဒသည်လည်းကောင်း၊ လူသား၏အမှန်လိုအပ်ချက်များ၊ ဆင်းရဲခံရခြင်းများနှင့်ရပိုင်ခွင့်များကို အလေးဂရုပြု

စေခြင်းငှာ လမ်းညွှန်သောဘာသာအယူဝါဒသည်လည်းကောင်း စစ်မှန်သောဘာသာအယူဝါဒမဟုတ်တန်ရာ၊ ဆင်းရဲနွမ်းပါးသူများ၊ အတိဒုက္ခရောက်နေသူများနှင့် အပြစ်တရား၌နစ်မွန်းနေသူများရသင့်ရထိုက်သည့်အခွင့်အရေးများကို ကျွန်ုပ်တို့မလေးစားပါက ခရစ်တော်အပေါ်သစ္စာဖေါက်သောသူများဖြစ်ပါသည်။ မိမိတို့၏အကျင့်စာရိတ္တ၌ ခရစ်တော်၏ဂုဏ်တော်ကိုမထင်ဟပ်ဘဲ ခရစ်ယာန်အမည်ခံကြသောကြောင့် ဤလောက၌ခရစ်ယာန်အယူဝါဒတန်ခိုးမှေးမှိန်နေပါသည်။ ဤသို့ပြုကြသောကြောင့် သခင်ဘုရား၏နာမတော်မထီမဲ့မြင်ပြုခြင်းခံရပါသည်။

ရှေးတမန်တော်တို့၏ အသင်းတော်အပေါ်ထမြောက်တော်မူသောခရစ်တော်၏ဘုန်းတော်ရောင်ခြည်လျှမ်းလျှမ်းတောက်သောအချိန်က "အဘယ်သူမျှ ကိုယ်တော်ဥစ္စာတစ်စုံတစ်ခုကို ငါ့ဥစ္စာဟူ၍မဆို၊ " "ထိုသူတို့တွင် ဆင်းရဲသောသူတစ်ယောက်မျှမရှိ၊" "သခင်ယေရှု ထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။" "ထိုသူတို့သည်လည်း ဗိမာန်တော်၌နေ့တိုင်းတညီတညွတ်တည်းနေ၍ ကိုယ်အိမ်၌မုန့်ကိုကိုဖဲ့လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။ ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်းအခွင့်ကိုရကြပါသည်။ ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏" ဟူ၍မှတ်တမ်းတင်ထားပါသည်။ တမန်တော်ဝတ္ထု ၄း၃၂၊၃၄၊၃၃။ ၂း၄၆၊၄၇။

ကျွန်ုပ်တို့၏ကိုယ်ချင်းစာတရားနှင့်ထောက်ပံ့မှုကို အမှန်အလိုရှိနေသောသူများအား ကျွန်ုပ်တို့ကပြုစုသည့် ကရုဏာလုပ်ငန်းထက်ပို၍

တန်ဖိုးထင်ရှားသောအမှန်တရားကိုတွေ့ဖို့ ကောင်းကင်နှင့်မြေကြီး တစ်ခွင်လုံးတွင်ရှာသော်လည်း တွေ့ရမည်မဟုတ်ပါ၊ ယေရှုရှင်၌သာ ယင်းအမှန်တရားရှိပါသည်။ ခရစ်တော်၏အမည်ကိုခံယူထားသော သူများအနေဖြင့် ထိုရွေပြည်တော်၏အခြေခံသဘောတရားများကိုကျင့်သုံး ကြပါမှ တမန်တော်ခေတ်က ဧဝံဂေလိတရားတော်၌တန်ခိုးထင်ရှား ခဲ့သည်နည်းတူ ယနေ့ထင်ရှားပေလိမ့်မည်။

**"အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍။" ရှင်မဿဲ ၇း၁၄။**

ခရစ်တော်ခေတ်က ပါလတိနပြည်တွင် တောင်ကုန်းများပေါ်၌ မြို့တို့ကိုတည်ဆောက်၍ မြို့ရိုးများအတွင်း လူတို့လုံခြုံစွာနေထိုင်ကြ ပါသည်။ နေဝင်ချိန်မှစ၍ ပိတ်ထားသောမြို့တံခါးများသို့ရောက်ဖို့ မတ်စောက်သောကျောက်ခင်းလမ်းအတိုင်းတက်ရကြပါသည်။ ထိုကြောင့် ခရီးဝေးမှ မိမိနေအိမ်သို့ပြန်လာသည့်ခရီးသည်တစ်ဦးအနေဖြင့် နေမဝင်မီ မြို့တံခါးဝသို့ရောက်ဖို့စိတ်စောလျက် ကျဉ်းမြောင်းသောလမ်းဖြင့် ကြိုးစားအားထုတ်၍တက်ရပါသည်။ ဖင့်နွဲ့နေပါက မြို့တံခါးပြင်မှာ အိပ်ရလိမ့်မည်။

မိမိနေအိမ်(သို့မဟုတ်) အနားယူဖို့နေရာသို့ရောက်ရန် ကျဉ်းမြောင်း သည့်လမ်းအတိုင်း အထက်သို့တက်ရပုံကို ခရစ်ယာန်အသက်တာ လမ်းစဉ်နှင့်မမေ့မပျောက်နိုင်စေရန် ယေရှုရှင်တင့်အပ်လျောက်ပတ်စွာ ပုံဆောင်ထားတော်မူ၏။ သင်တို့ရှေ့မှောက်၌ ယခုချပြထားသောလမ်းစဉ် မှာ ကျဉ်းမြောင်းပါ၏၊ ဝင်ရသောတံခါးလည်းခက်၏၊ အကြောင်း မူကား ရွေပြည်တော်က မာန်မာနထောင်လွှားခြင်းနှင့်ကိုယ်ကျိုးဖက်ခြင်းကို

လက်မခံသောကြောင့်ပင်တည်း။ ကျယ်သောလမ်းအမှန်ရှိသော်လည်း အဆုံး၌ပျက်စီးခြင်းသို့ရောက်ရ၏။ ဝိညာဉ်ရေးအသက်လမ်းအတိုင်း တက်မည်ဆိုပါက အဘက်ဘက်သို့တက်သည့်လမ်းဖြစ်သောကြောင့် ဆက်တိုက်တက်ရမည်။ အောက်ဘက်သို့သွားရာလမ်းကိုရွေးသောသူ များသောကြောင့် အထက်လမ်းအတိုင်းလိုက်မည်ဆိုပါက လူနည်းစု နှင့်အတူလျှောက်ရလိမ့်မည်ဟု ယေရှုရှင်မိန့်တော်မူ၏။

မရဏာသို့သွားရာလမ်းကို လူတစ်မျိုးလုံးရွေးကြမည်ဖြစ်ရာ သူတို့နှင့်အတူ လောကီရေးရာအပေါင်း၊ သူတို့၏ကိုယ်ကျိုးဖက်မှု အပေါင်း၊ သူတို့၏မာန်မာနရှိသမျှ၊ သစ္စာမဲ့မှုရှိသမျှနှင့် ကိုယ်ကျင့် တရားယိုယွင်းမှုအပေါင်းကိုလည်း သယ်ဆောင်သွားကြလိမ့်မည်။ လူတိုင်း၏အယူအဆများနှင့်ဩဝါဒများအတွက် နေရာရှိလိမ့်မည်။ မိမိဆန္ဒနှင့်အညီ အလိုကျပြုနိုင်လိမ့်မည်၊ ကိုယ်ကိုကိုယ်မြတ်နိုးသည့် သဘောနှင့်အညီပြုနိုင်လိမ့်မည်။ အဆုံး၌ ပျက်စီးခြင်းသို့ရောက်သည့် လမ်း၏အစကိုရှာဖွေဖို့မလိုပါ၊ တံခါးဝကျယ်ပါ၏၊ လမ်းမလည်း ကျယ်ပါ၏၊ ထို့ကြောင့် မရဏာအဆုံးသတ်သောလမ်းသို့အလိုအလျောက် ခြေတို့ရောက်သွားကြပေလိမ့်မည်။

သို့သော်အသက်ရှင်ခြင်းသို့ရောက်သောလမ်းမူကား ကျဉ်းမြောင်း ၏၊ ဝင်ပေါက်လည်းကျဉ်းပါ၏၊ ထို့ကြောင့် သင့်အားဝန်းရံနေသည့် ဒုစရိုက်မကောင်းမှုများကို မစွန့်မလွှတ်သေးပါက ကျဉ်းမြောင်းသော လမ်းအတိုင်းလျှောက်သွားဖို့၊ ကျဉ်းသောတံခါးဝကိုဝင်ဖို့မဖြစ်နိုင်ပါ။ သင်၏ကိုယ်ပိုင်နည်းလမ်းများ၊ သင်၏ကိုယ်ပိုင်ဆန္ဒများ၊ သင်၏ မကောင်းသောအကျင့်ခလေ့များအားလုံးကိုစွန့်ပြီးမှသာ သခင်ဘုရား၏ လမ်းစဉ်အတိုင်း လိုက်လျှောက်နိုင်လိမ့်မည်။ ခရစ်တော်အားဆည်းကပ်

လိုသောသူအနေဖြင့် လောကီရေးရာအဆင့်အတန်းနှင့်ကြွယ်ဝမှုများဖြင့် တင့်တယ်ခမ်းနားစွာချီတက်ဖို့ ကောင်းကင်ခရီးကကျဉ်းမြောင်းလွန်း ပါသည်။ ကိုယ်ကျိုးကိုဗဟိုပြုသည့် ကြီးပွားလိုစိတ်နှင့်လည်း မလိုက်လျှောက် နိုင်ပါ။ တက်ရာလမ်းသည်မတ်စောက်ကြမ်းထော်လွန်းသောကြောင့် အသက်သာခိုသောသူများမတက်နိုင်ပါ။ ခရစ်တော်၏ဝေစုများမှာ ဆင်းရဲပင်ပန်းခြင်း၊ သည်းခံအောင့်အည်းရခြင်း၊ ကိုယ်ကျိုးစွန့်ရခြင်း၊ ပြစ်တင်ဝေဖန်ခံရခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အပြစ်သားတို့က ကိုယ် တော်အားဆန့်ကျင်ဘက်ပြုခြင်းတို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့်လည်း ဘုရားရှင်၏ပရဒိသုဘုံသို့ဝင်စားလိုပါက ယင်းဝေစုများကိုလက်ခံရ ပါမည်။

ထိုထိုသောအကြောင်းများကြောင့် အထက်သို့တက်ရာလမ်း၌ အခက်အခဲများရှိ၍ အောက်သို့ဆင်းသောလမ်းသည် ပန်းခင်းထား သောလမ်းဖြစ်သည်ဟု မယူဆပါနှင့်။ မရဏာသို့ဆင်းရာလမ်းတစ် လျှောက်လုံးတွင် နာကျင်ခြင်းဝေဒနာနှင့်ပြစ်ဒဏ်များ၊ ဝမ်းနည်းကြေကွဲ ရခြင်းနှင့်စိတ်ပျက်စရာများရှိပါသည်။ ရှေ့သို့တိုး၍မလျှောက်သွားရန် သတိပေးနိုးဆော်ခြင်းများလည်းရှိပါသည်။ သတိမမူသောသူများနှင့် ခေါင်းမာသောသူများပင် ကိုယ်ကိုကိုယ်ဖျက်ဆီးရာ၌မလွယ်ကူစေခြင်းငှာ ဘုရားရှင်သည် မိမိ၏မေတ္တာတော်ဖြင့် ဆောင်ရွက်တော်မူ၏။ စာတန်၏ လမ်းကိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသော်လည်း လိမ်လည် မှုသာဖြစ်ပါသည်။ မတရားသောလမ်း၌ပြင်းထန်သောနောင်တသံဝေဂ နှင့် တဖြည်းဖြည်းယိုယွင်းခြင်းရှိပါသည်။ ဂုဏ်ယူခြင်းနှင့်လောကီရေး၌ ကြီးပွားလိုသောလမ်းစဉ်သို့ပလိုက်ခြင်းမှာ ကျွန်ုပ်တို့အတွက် သာယာ ဖွယ်ဖြစ်သည်ဟုထင်မှတ်ရသော်လည်း အဆုံး၌ အတိဒုက္ခနှင့်ဝမ်းနည်း

ကြေကွဲရခြင်းသာဖြစ်ပါသည်။ ကိုယ်ကျိုးဖက်သောအစီအစဉ်များ၌ အထင်ကြီးစရာအလားအလာများနှင့် ဝမ်းမြောက်ဖွယ်ရာအကမ်းအလှမ်း များရှိနေမည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏ပျော်ရွှင်မှုသည် အဆိပ် အတောက်ဖြစ်၍ ကျွန်ုပ်တို့၏မျှော်မှန်းချက်သည်လည်း ကိုယ်ကျိုးကို ဗဟိုပြုထားသောကြောင့် အသက်တာ၌ ပြင်းထန်သောအတိဒုက္ခနှင့် ရင်ဆိုင်ရလိမ့်မည်။ အောက်သို့ဆင်းသောလမ်း၏တံခါးဝ၌ ပန်းများဖြင့် အလှဆင်ထားမည်ဖြစ်သော်လည်း လမ်းတစ်လျှောက်လုံး၌ ဆူးငြောင့် ခလုတ်များရှိနေပါသည်။ အဝင်ဝမှပြနေသောမျှော်လင့်ချက်အလင်း ရောင်သည်လည်း တဖြည်းဖြည်းမှေးမှိန်၍ မျှော်လင့်ချက်မရှိတော့ဘဲ စိတ်ပျက်စရာအမှောင်ထုအဖြစ်သို့ ရောက်သွားပေလိမ့်မည်။ ယင်းလမ်းစဉ် အတိုင်းလျှောက်သွားသောအသက်ဝိညာဉ်သည်လည်း အဆုံးမရှိသော ညဉ့်ကာလ အမှောင်ရိပ်တွင်းသို့ဆင်းသွားတော့လေ၏။

"ပြစ်မှားသောသူတို့လမ်းမူကား ခက်ခဲသောလမ်းဖြစ်၏။" သို့သော် "ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာလမ်းခရီး ရှိသမျှသည် ငြိမ်ဝပ်လျက်ရှိကြ၏။" သု ၁၃း၁၅။၃း၁၇။ ခရစ်တော်၏ စကားကိုနားထောင်လျက် လှုပ်ရှားသမျှ၊ ကိုယ်တော်အဖို့အလိုငှာ ကိုယ်ကိုကိုယ်ငြင်းပယ်၍ လှုပ်ရှားသမျှ၊ စုံစမ်းစစ်ဆေးခြင်းမှန်သမျှကို သည်းခံလျက် ရင်ဆိုင်သမျှ၊ စုံစမ်းသွေးဆောင်ခြင်းအပေါင်းကို အောင် မြင်မှုရသမျှတို့သည် နောက်ဆုံးသောအောင်မြင်မှုသို့ ရှေးရှုချီတက် သောခြေလှမ်းတစ်လှမ်းစီဖြစ်ပါသည်။ ခရစ်တော်သည် လမ်းပြရှင်ဖြစ် တော်မူသောကြောင့် ကိုယ်တော်ဦးဆောင်လမ်းညွှန်တော်မူသည့်အတိုင်း လိုက်နာကြပါက ကျွန်ုပ်တို့၏လမ်းခရီး၌ လုံခြုံမှုအပြည့်အဝရှိလိမ့်မည်။ အဆိုးဆုံးသောဒုစရိုက်သားပင် လမ်းလွဲစရာအကြောင်းမရှိပါ။ မည်မျှပင်

တုန်လှုပ်ယိမ်းယိုင်နေစေကာမူ စင်ကြယ်သန့်ရှင်းသောအလင်းရောင် အောက်မှ လျှောက်လိုက်သူမှန်သမျှသည် မည်သူတစ်ဦးတစ်ယောက် မျှ လမ်းမှားလိမ့်မည်မဟုတ်ပါ သွားရမည့်လမ်းအလွန်းကျဉ်းမြောင်း သော်လည်း အထူးတလည်သန့်ရှင်းသောကြောင့် ယင်းလမ်းအတွင်းသို့ အပြစ်တရားထို့ဖေါက်ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်ပါ။ လူတိုင်းစိတ်ချ လျက်ဝင်ရောက်နိုင်ပါသည်။ မည်သည့်သံသယဖြစ်နေသူမျှ၊ မည်သည့် တုန်လှုပ်ချောက်ချားနေသူမျှ "ငါ့အားထာဝရဘုရားလျစ်လျူရှုထား တော်မူပြီ" ဟုပြောလိမ့်မည်မဟုတ်ပါ။

လမ်းကြမ်းကောင်း ကြမ်းပေမည်၊ တက်ရသောလမ်းမတ် စောက်ပေမည်၊ လက်ယာလက်ဝဲဘက်များ၌ အန္တရာယ်များကောင်း များပေမည်၊ လမ်းခရီးတစ်လျှောက်လုံးတွင် အပတ်တကုတ်ကြိုးစား အားထုတ်လုပ်ဆောင်ရခြင်းမှာ ရှိကောင်းရှိပေမည်။ ပင်ပန်းနွမ်းနယ်၍ နားစရာဖို့ တောင့်တသောအချိန်၌ပင် ဆက်၍ဆက်၍ အပတ်တကုတ် ကြိုးစားဖို့ လိုကောင်းလိုပေမည်၊ အားနည်း၍ မူးမေ့သွားသည့်တိုင်အောင် တိုက်စရာရှိကောင်းရှိပေမည်။ စိတ်ပျက်အားလျော့စရာများနှင့်ရင်ဆိုင် ရသောအခါတွင်လည်း မြော်လင့်ချက်ဆက်၍ထားရပါမည်။ သို့သော် ကျွန်ုပ်တို့၏လမ်းပြရှင်ခရစ်တော်ရှိနေသမျှ စိုးရိမ်စရာမရှိပါ၊ ကျွန်ုပ်တို့ တောင့်တနေသည့် ကောင်းကင်ရွှေပြည်တော်သို့ နောက်ဆုံးတွင် အမှန်တကယ်ရောက်ကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ရှေ့မှ ယင်းလမ်းကြမ်း ကို ခရစ်တော်ကိုယ်တိုင်လျှောက်ခဲ့ပြီးဖြစ်၍ ကျွန်ုပ်တို့တို့သွားရာဖို့လမ်းကို ဖြူးဖြောင့်စေတော်မူ၏။

မတ်စောက်သည့်ထာဝရအသက်လမ်းတစ်လျှောက်တွင် အမော ပြေသောက်စရာဖို့ ဝမ်းမြောက်ခြင်းစမ်းရေတွင်းများရှိပါသည်။ပညာ လမ်းအတိုင်းလျှောက်သွားသောသူများအနေဖြင့် သူတို့မျက်စိဖြင့်မမြင် ရသော်လည်း သူတို့မြတ်နိုးသောအရှင်သည် သူတို့၏ဘေးမှသူတို့နှင့် အတူ လျှောက်နေတော်မူသောကြောင့် သူတို့သွားရာလမ်း၌ အတိဒုက္ခ များနှင့်ရင်ဆိုင်ရသော်လည်း စိတ်မပျက်ရဘဲ အထူးဝမ်းမြောက်ရကြ ပေလိမ့်မည်။ အထက်သို့ခြေတစ်လှမ်းတက်တိုင်း သူတို့အား ကိုယ်တော် တို့ထိတော်မူသည်ကို သူတို့ပို၍သိကြလိမ့်မည်။ သူတို့လျှောက်သွား ကြရသောလမ်းပေါ်တွင် သူတို့ခြေလှမ်းသောအခါတိုင်း သူတို့မမြင်ရ သောအရှင်ထံတော်မှ ပို၍တောက်ပသောဘုန်းတော်ရောင်ဖြင့် အလင်း ပေးလိမ့်မည်။ ကျေးဇူးတော်ကိုချီးမွမ်းလျက် သူတို့သီဆိုသောအသံများ သည်လည်း ပို၍သာယာငြိမ့်ညောင်းလျက် ပလ္လင်တော်ရှေ့မှသီဆိုနေ သည့်ကောင်းကင်တမန်တို့၏ သီဆိုသံများနှင့်ဆုံမိအောင် အထက်သို့ တက်ကြပါသည်။ "ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သော အရုဏ်ကဲ့သို့ဖြစ်၍ နေထွက်သည့်တိုင်အောင် တိုးပွားထွန်းလင်းတတ် ၏။" သု၊ ၄း၁၈။

**"ကျဉ်းမြောင်းသောတံခါးဝကို**
**ဝင်ခြင်းငှာ ကြိုးစားအားထုတ်**
**ကြလော့။" ရှင်လုကာ ၁၃း၂၄။**

နေဝ်လုဆဲဆဲ အရောက်နောက်ကျနေသောခရီးသည်အနေဖြင့် မြို့တံခါးဝသို့အချိန်မီရောက်ဖို့ ကြိုးစားအားထုတ်နေရသောကြောင့် လမ်းဘေးရှိစိတ်ဝင်စားစရာများကို လှည့်ကြည့်ချိန်မရပါ။ သူတို့စိတ်ာအာရုံက

မြို့တံခါးဝသို့ ဝင်ဖို့အကြောင်းတစ်ခုတည်းကိုသာ စွဲလမ်းနေပါသည်။ ခရစ်ယာန်အသက်တာ၌လည်း ယင်းသို့ပင်အားကြီးသောရည်ရွယ်ချက်ကောင်း ရည်ရွယ်ချက်မှန်ရှိသင့်သည်ဟု ယေရှုရှင်မိန့်တော်မူ၏။ ငါ၏နိုင်ငံတော်နှင့်ဆိုင်သည့် မှန်သောဘုန်းအသရေတည်းဟူသော အကျင့်စာရိတ္တဆိုင်ရာဂုဏ်အသရေကို သင်တို့အားဖွင့်ပြပြီးဖြစ်၏။ လောကီရေးရာအာဏာစက်ရဖို့ ကတိပေးမထားသော်လည်း သင်၏ အကြီးမားဆုံးသောဆန္ဒနှင့်ကြိုးပမ်းမှုအတွက်ထိုက်တန်ပေ၏။ ဤကမ္ဘာပေါ်၌ အင်ပိုင်ယာကြီးတစ်ခုကိုစိုးမိုးနိုင်ဖို့ တိုက်ပွဲဝင်ကြရန် သင်တို့အားခေါ်သည်မဟုတ်၊ သို့သော် တိုက်ပွဲမဝင်ရဟူ၍လည်းကောင်း၊ အောင်ပွဲမခံရဟူ၍လည်းကောင်း မထင်မမှတ်ကြနှင့်၊ ငါ၏ဝိညာဉ်ရေး နိုင်ငံတော်သို့သင်တို့ဝင်ရောက်နိုင်ကြဖို့ အထူးတလည်ကြိုးစားအားထုတ်ရခြင်းနှင့် ပြင်းစွာသောဆင်းရဲဒုက္ခကိုခံရကြပေလိမ့်မည်၊ ကြိုးစား၍ ခံရပ်ကြလော့။

ခရစ်ယာန်အသက်တာဆိုသည်မှာ– တိုက်ပွဲတစ်ပွဲ၊ချီတက်ခြင်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် လူ၏တန်ခိုးစွမ်းအားဖြင့် အောင်မြင်မှုမရနိုင်ပါ။ စိတ်နှလုံးစစ်နယ်မြေ၌ တိုက်ရသောစစ်ပွဲဖြစ်ပါသည်။ ကျွန်ုပ်တို့တိုက်ရမည့်တိုက်ပွဲမှာ လူတို့တိုက်ခဲ့ရသည့်တိုက်ပွဲတို့တွင် အကြီးဆုံးသောတိုက်ပွဲဖြစ်၍ ငါတည်းဟူသောမာန်မာနကို ဘုရားသခင်၏အလိုတော်၌ လုံးဝဥဿုံဆက်ကပ်လျက် စိတ်နှလုံးကိုမေတ္တာစိုးမိုးခြင်းလက်သို့အပ်ထားခြင်းဖြစ်ပါသည်။ အသွေးအသားနှင့်ဇာတိပကတိအလိုအားဖြင့် မွေးဖွားထားသည့်သဘာဝဟောင်းဖြင့် ဘုရားသခင်၏ နိုင်ငံတော်ကိုအမွေမခံနိုင်ပါ။ ယခင်အကျင့်ဓလေ့ဟောင်းများဖြစ်သည့် အမွေဆက်ခံရရှိထားသောဇာတိသဘောဆန္ဒများကို စွန့်လွှတ်ဖို့လိုပါသည်။

ဝိညာဉ်ရေးနိုင်ငံသို့ဝင်ရောက်ဖို့ ဆုံးဖြတ်ထားသောသူအနေဖြင့် မှောင်မိုက်နိုင်ငံကိုစိုးမိုးသောအင်အားစုများက တွန်းအားပေးနေသည့် မပြုမပြင်ရသေးသောအင်အားများနှင့်တပ်မက်မောသောစိတ်များက သူ့ကိုဆန့်ကျင်လျက် စစ်ဆင်နေကြပုံကိုတွေ့ရပေလိမ့်မည်။ အပြစ်ဖြစ်သည်ဟုသူတို့အားမြင်စေသောအရာအားလုံးကို ကိုယ်ကျိုးဖတ်ခြင်းနှင့် မာန်မာနထောင်လွှားခြင်းတို့က ကာဆီးထားလိမ့်မည်။ မကောင်းသောအလိုရမ္မက်များနှင့် အကျင့်ဓလေ့များစိုးမိုးနေခြင်းကို ကျွန်ုပ်တို့၏ကိုယ်ပိုင်စွမ်းအားဖြင့် မအောင်မြင်နိုင်ပါ။ ကျွန်ုပ်တို့အား သူ၏အစေခံကျွန်အဖြစ်စိုးမိုးထားသည့်မဟာရန်သူကြီးကို ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် အနိုင်ယူ၍မရနိုင်ပါ။ ယင်းအောင်မြင်ခြင်းကို ဘုရားရှင်ကသာပေးနိုင်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်တကွ ကျွန်ုပ်တို့၏အလိုဆန္ဒများနှင့် လမ်းစဉ်များကိုစိုးမိုးထားရန် ဘုရားရှင်အလိုရှိတော်မူ၏။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်ကသဘောတူခွင့်ပြုလျက် ပူးပေါင်းဆောင်ရွက်ပါမှ ကိုယ်တော်ကကျွန်ုပ်တို့အတွက် ဆောင်ရွက်နိုင်ပါသည်။ လူသားအားပေးအပ်ထားသည့် ထူးခြားသောအရည်အချင်းများနှင့်စွမ်းဆောင်ရည်များမှတစ်ဆင့် ဘုရားရှင်၏ဝိညာဉ်တော်က ဆောင်ရွက်တော်မူပါသည်။ ဘုရားကိုယ်တော်ရှင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်ုပ်တို့၏အင်အားများကိုလိုအပ်ပါသည်။

စိတ်ပါလျက်ပတ္တနာပြုခြင်းမများပါကလည်းကောင်း၊ ခြေလှမ်းတိုင်း၌ ကိုယ်ကိုကိုယ်နှိမ့်ချခြင်းမရှိပါကလည်းကောင်း အောင်မြင်မှုမရနိုင်ပါ။ ဘုရားရှင်၏ကိုယ်စားလှယ်တော်များနှင့်ပူးပေါင်းဆောင်ရွက်ကြဖို့ မိမိဆန္ဒကိုအနိုင်အထက်မပြုရပါ။ စိတ်ပါလျက် အလိုအလျောက်ဆက်ကပ်ခြင်းဖြစ်ရပါမည်။ ဝိညာဉ်တော်ခွန်အားထက် အဆတစ်ရာ

ပို၍ကြီးမားသောအင်အားဖြင့် ဆွဲဆောင်နိုင်စေကာမူ ကောင်းကင်နိုင်ငံတော်နှင့်ထိုက်တန်သည့်ခရစ်ယာန်တစ်ယောက် ဖြစ်မလာနိုင်ပါ၊ စာတန်၏အခိုင်အမာခံတပ်ကို မချိုးမဖေါက်နိုင်ပါ။ သင်၏အလိုဆန္ဒကို ဘုရားရှင်၏အလိုတော်ဘက်သို့ပို့ထားရပါမည်။ သင့်ကိုယ်တိုင်အနေဖြင့် သင်၏ရည်ရွယ်ချက်များ၊ အလိုဆန္ဒများနှင့်ဝါသနာထုံမှုများကို ဘုရားရှင်၏အလိုတော်နှင့်ညီစေဖို့ ဆက်ကပ်ထားရန် သင်ကိုယ်တိုင်မစွမ်းဆောင်နိုင်ပါ။ သို့သော်သင့်အနေဖြင့် "ကြည်ညိုစိတ်ပေါ်လာဖို့ ပြုပြင်ပေးတော်မူရန်" လိုလားတောင့်တပါက ပြီးပြည့်စုံအောင် ဘုရားရှင်ဆောင်ရွက်တော်မူလိမ့်မည်။ ထိုမျှမက "ဘုရားသခင်အား သိသောပညာကိုဆီးတားသောမာန်မာနရှိသမျှတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကိုဖမ်းသွားချုပ်ထားလျက် ခရစ်တော်၏စကားကိုနားထောင်စေ" ရန်လည်းကောင်း ပြုပြင်တော်မူလိမ့်မည်။ ၂ကောရိန်သု ၁၀း၅။ ထိုကြောင့်သင်တို့သည် "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့၊ အကြောင်းမူကား သင်တို့သည်အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူက ဘုရားသခင်ပေတည်း။" ဖိလိပ္ပိ ၂း၁၂၊၁၃။

ခရစ်တော်၏ကြည်ညိုဖွယ်သော တင့်တယ်ခြင်းနှင့်ကောင်းကင်ဘုံ၏ဘုန်းအသရေတော်ကြောင့် လူအများစိတ်ဝင်စားကြသော်လည်း ယင်းသို့သောဂုဏ်ဒြပ်များကို သူတို့ရရှိနိုင်ဖို့တွက် စည်းကမ်းများကို သိရကြသောအခါ တွန့်ဆုတ်သွားကြပါသည်။ ကျယ်သောလမ်းအတိုင်းလျှောက်နေသောသူအများအပြားရှိသော်လည်း စိတ်ကျေနပ်မှုအပြည့်အဝမရသူကများပါသည်။ သူတို့အနေဖြင့် အပြစ်ဒုစရိုက်၏ကျေးကျွန်ဘဝမှ

လွတ်မြောက်လိုကြသောကြောင့် မိမိတို့၏ကိုယ်ပိုင်စွမ်းအားဖြင့် ယင်းဒုစရိုက်အလေ့အကျင့်တို့ကို ကြိုးစားအားထုတ်တားဆီးကြပါသည်။ သူတို့အနေဖြင့် ကျဉ်းမြောင်းသောလမ်းနှင့်တံခါးဝကိုမျှော်ကြည့်ကြပါသည်။ သို့သော် ကိုယ်ကျိုးဖက်သောအပျော်အပါး၊ လောကီတပ်မက်ခြင်းများ၊ မာန်မာနထောင်လွှားမှုများ၊ မဝင်ကြယ်သည့်ကြီးပွားလိုသောဆန္ဒများက ကယ်တင်ရှင်နှင့်သူတို့စပ်ကြား၌ တံတိုင်းကြီးပမာကာဆီးနေပါသည်။ သူတို့၏အလိုဆန္ဒများ၊ သူတို့မြတ်နိုးရွေးချယ်ထားသည့်ရေးရာများ (သို့မဟုတ်) ဝါသနာထုံမှုများကိုသာစွန့်လွှတ်ရမည်ဆိုပါကမည်မျှလောက်အနစ်နာခံရမည်ကိုသိကြသောအခါ သူတို့စိတ်နှောင့်နှေး၍ချီတုံချတုံဖြစ်ပြီး နောက်ဘက်သို့လှည့်သွားကြပါသည်။ "အများသောသူတို့သည် ဝင်ခြင်းငှာအလိုရှိသော်လည်း မစွမ်းနိုင်ကြ" ဟုယေရှုရှင်မိန့်တော်မူ၏၊ ရှင်လုကာ ၁၃း၂၄။ ကောင်းသောအရာကို အလိုရှိကြသောကြောင့် ယင်းကောင်းသောအရာကိုရရှိဖို့ ကြိုးစားသင့်သလောက်ကြိုးစားကြပါသည်။ သို့သော်လည်း ၎င်းကိုအပိုင်ရဖို့မရွေးချယ်ကြပါ၊ ပေးရမည့်အဖိုးအခမည်မျှပင်ကြီးမားစေကာမူပေးလျက်အပိုင်ရဖို့ သူတို့၌တိကျသည့်ရည်ရွယ်ချက်မရှိပါ။

ကျွန်ုပ်တို့အောင်မြင်ခြင်းရဖို့ တစ်ခုတည်းသောမြော်လင့်ချက်မှာ ကျွန်ုပ်တို့၏အလိုကို ဘုရားရှင်၏အလိုတော်နှင့်ပေါင်းလျက် ကိုယ်တော်နှင့်အတူနာရီတိုင်း၊ နေ့ရက်တိုင်းပူပေါင်းဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်ကျိုးမစွန့်ဘဲ ဘုရားရှင်၏နိုင်ငံတော်သို့မဝင်နိုင်ပါ။ ကျွန်ုပ်တို့သန့်ရှင်းခြင်းသို့ရောက်ကြပါက ကိုယ်စိတ်အလိုကိုပယ်လျက်ခရစ်တော်၏စိတ်နေသဘောထားကို လက်ခံသောကြောင့်သာဖြစ်ပါသည်။ မာန်မာနထောင်လွှားခြင်းနှင့် ကိုယ်တိုင်ပြီးပြည့်စုံသည်ဟု

သဘောထားခြင်းတို့ကို လက်ဝါးကပ်တိုင်မှာ ပူဇော်ပြီးဖြစ်ပါမည်။ ကျွန်ုပ်တို့ပေးရမည့်အဖိုးအခကိုပေးဖို့လိုလားကြပါ၏လား၊ ကျွန်ုပ်တို့၏ အလိုဆန္ဒကို ဘုရားရှင်၏အလိုတော်နှင့်ညီစေဖို့ အလိုရှိပါ၏လား။ ယင်းသို့အလိုမရှိမီတိုင်အောင် ပုံသဏ္ဍာန်ပြောင်းလဲပေးနိုင်သည့်ဘုရားရှင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၌ထင်ရှားလိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်တို့ဆင်နွှဲရမည့်တိုက်ပွဲမှာ– "ယုံကြည်ခြင်းနှင့်ဆိုင်၍ကောင်းစွာသောတိုက်လှန်ခြင်း" ဖြစ်ပါသည်။ ထိုကြောင့် တမန်တော်ရှင်ပေါလုက "ထိုသို့အလိုငှာ ငါသည်အမှုဆောင်ရွက်၍ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏" ဟုဆိုထားပါသည်။ ၁တိမောသေ ၆း၁၂။ ကောလောသဲ ၁း၂၉။

ယာကုပ်အနေဖြင့် သူ၏အသက်တာ၌အရေးကြုံသောအခါ တစ်ဖက်သို့လှည့်၍ ပတ္ထနာပြုခဲ့ပါသည်။ သူ၏စိတ်နှလုံးအတွင်း၌ အထူးအရေးတကြီးနိုမ်နင်းဖို့ လိုအပ်နေသည့်ကိစ္စရပ်တစ်ခုမှာ သူ၏အကျင့်စာရိတ္တပုံသဏ္ဍာန်ပြောင်းလဲဖို့ဖြစ်ပါသည်။ သို့သော် ယင်းကိစ္စအတွက် ဘုရားရှင်ထံအသနားခံနေစဉ် ရန်သူဟုသူထင်မှတ်သောသူက သူ့အပေါ်သို့လက်တင်လိုက်သောအခါ သူအသက်ရှင်ဖို့တစ်ညလုံးအကြိတ်အနယ်လုံးထွေးခဲ့ပါသည်။ သို့သော် အသက်အန္တရာယ်နှင့်ဤကဲ့သို့ရင်ဆိုင်နေရသော်လည်း သူ၏စိတ်ဝိညာဉ်ရည်ရွယ်ချက်မပြောင်းလဲပါ။ သူ၏ခန္ဓာကိုယ်စွမ်းအား ကုန်ခန်းလုနီးသောအခါ ကောင်းကင်တမန်က ဘုရားတန်ခိုးကိုအသုံးပြုလိုက်ပါသည်။ ယင်းသို့ကိုယ်တော်၏တို့ထိမှုကိုခံရသောအခါ မည်သူမည်ဝါနှင့်ယှဉ်ပြိုင်တိုက်လှန်နေရကြောင်း ယာကုပ်အတပ်သိလေ၏။ ဒဏ်ရာရသဖြင့် အားကိုးရာမဲ့နေသောအခါ ကယ်တင်ရှင်၏ရင်ခွင်တွင်းသို့တိုးဝင်လျက် ကောင်းချီးမင်္ဂလာရဖို့ အသနားခံလေတော့၏။ သူ့ကိုရှောင်ဖယ်၍မရ၊ သူလိုရာကိုသာ

မရပ်မနားဆက်ကာဆက်ကာတောင်းလျှောက်နေပါသည်။ ထိုကြောင့် အားကိုးအားထားစရာမရှိ၊ နောင်တသံဝေဂရလျက် အသနားခံသော ယာကုပ်အား "ငါ၏အစွမ်းသတ္တိကို ကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ ကြစေ၊ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" ဟူသည့် မိမိ၏ကတိတော်နှင့် အညီ ခရစ်တော်ခွင့်ပြုတော်မူ၏။ ဟေရှာယ ၂၇း၅။ "ယာကုပ်က ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းချီးမပေးလျှင်မသွားရ" ဟုအလျှော့ မပေးသောစိတ်ဓါတ်ဖြင့် အသနားခံခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၃၂း၂၈။ ယာကုပ်၌ယင်းကြံ့ကြံ့ခံသောစိတ်ဓါတ်ရှိဖို့၊ ယာကုပ်အောင်မြင်ခြင်း ရဖို့ ယာကုပ်နှင့်လုံးထွေးသောကိုယ်တော်ကပင် ပေးတော်မူ၏။ ထိုမျှမက ဣသရေလအမည်သစ်ကိုလည်း တစ်ပါတည်းပေးတော်မူ၏။ "သင်သည် ဘုရားသခင်နှင့်လည်းကောင်း၊ လူနှင့်လည်းကောင်း မင်းကဲ့သို့ပြိုင်၍နိုင်လေပြီဟု မိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၃၂း၂၈။ မိမိကိုယ်ပိုင်စွမ်းအားဖြင့်တိုက်လှန်၍အနိုင်မရခဲ့သော်လည်း မိမိကိုယ်ကို လုံးလုံးလျားလျားဆက်ကပ်ခြင်းနှင့်ခိုင်မြဲသောယုံကြည်ခြင်းကြောင့် ယာကုပ်အောင်မြင်ပါသည်။ "လောကကိုအောင်ခြင်းအကြောင်းမူကား ငါတို့၏ယုံကြည်ခြင်းပေတည်း။" ၁ယောဟန် ၅း၄။

**"မိစ္ဆာပုရောဖက်တို့ကို**
**သတိနှင့်ရှောင်ကြလော့။"**
**ရှင်မဿဲ ၇း၁၅။**

မိစ္ဆာဆရာများပေါ်လာပြီး ကျဉ်းမြောင်းသောလမ်းနှင့်တံခါးမှ သင်တို့အားခေါ်ဆောင်သွားကြလိမ့်မည်။ ထိုကြောင်း သတို့ကိုသတိနှင့် ရှောင်ကြလော့။ သူတို့အနေဖြင့် သိုးရေကိုခြုံထားကြသော်လည်း အတွင်း

သဘောအားဖြင့် ငမ်းငမ်းတက်သောဝံပုလွေများဖြစ်ကြ၏။ မိစ္ဆာဆရာများနှင့်ဆရာမှန်များကို ခွဲခြား၍သိနိုင်ဖို့ ယေရှုရှင်မှာထားတော်မူသည်မှာ "သူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိရကြလိမ့်မည်" ဟူ၍ဖြစ်ပါသည်။ "ဆူးပင်၌စပျစ်သီးကိုဆွတ်တတ်သလော၊ ဆူးလေပင်၌သင်္ဘောသဖန်းသီးကိုဆွတ်တတ်သလော" ဟု ဥပမာပုံဆောင်လျက် ဆက်၍မေးတော်မူ၏။

သူတို့၏တင့်အပ်လျောက်ပတ်သောဟောပြောချက်များနှင့် သူတို့၏ကြီးမြင့်သောဂုဏ်ထူးများကိုထောက်၍ သိရကြလိမ့်မည်ဟု ကိုယ်တော်ကဆိုမထားပါ။ ဘုရားရှင်၏နှုတ်ကပါဌ်တော်ဖြင့် နှိုင်းယှဉ်၍ဆုံးဖြတ်ရမည်ဟုဆိုထားပါသည်။ "တရားကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်၊ သူတို့ပြောသောစကားသည်နှုတ်ကပါဌ်တော်နှင့်မညီလျှင် သူတို့၌အရုဏ်မတက်သေး၊" "ငါ့သား၊ ပညာတရားကိုပယ်စေခြင်းငှာ သွန်သင်သောသူ၏စကားကိုနားမထောင်နှင့်။" ဟေရှာယ ၈း၂၀။ သု၊ ၁၉း၂၇။ ထိုဆရာတို့မည်သည့်သတင်းစကားကိုယူဆောင်ခဲ့ကြပါသနည်း။ ယင်းသတင်းစကားများကသင်တို့အား ဘုရားရှင်ထံတော်သို့လမ်းညွှန်ပါ၏လား၊ ကိုယ်တော်၏ပညတ်တော်တို့ကိုသစ္စာရှိစွာစောင့်ထိန်းသောအားဖြင့် ကိုယ်တော်ကိုချစ်မြတ်နိုးကြောင်းပြဖို့ သင်တို့အားလမ်းညွှန်ပါသလား။ ကိုယ်ကျင့်တရားနှင့်ဆိုင်သောဥပဒေစည်းမျဉ်းများကို လူတို့မလေးစားပါက၊ ဘုရားရှင်၏ပညတ်တော်များကို လူတို့ပေါ့ပေါ့တန်တန်သဘောထားကြပါက၊ ပညတ်တော်တို့တွင် အငယ်ဆုံးသောပညတ်တော်တစ်ခုကိုချိုးဖေါက်ကြပါက၊ လူတို့အားလည်း ယင်းသို့ပြုကြရန်သင်ပေးပါက သူတို့အနေဖြင့် ကောင်းကင်ရှေ့မှောက်တွင် အကြည်အညိုခံရကြလိမ့်မည်။

မဟုတ်ပါ။ ထိုအခါ အဆိုပြုချက်များ၌ အခြေအမြစ်မရှိကြောင်း ကျွန်ုပ်တို့သိနိုင်ကြပေလိမ့်မည်။ ဘုရားရှင်၏ ရန်သူဖြစ်သည့်အမှောင်ကို စိုးမိုးသောမင်းအစပြုခဲ့သည့်လုပ်ငန်းကိုပင် သူတို့ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

ခရစ်တော်၏အမည်ကိုခံလျက် ကိုယ်တော်၏တံဆိပ်လက်မှတ်ကို ဆင်မြန်းထားသောသူတိုင်း ခရစ်တော်၏လူမဟုတ်တန်ရာ။ ငါ၏နာမကို အမှီပြုလျက် ဩဝါဒပေးသောသူများ တင်းပြည့်ကျပ်ပြည့်မဟုတ်ကြောင်း နောက်ဆုံးသောနေ့တွင်မှသိရလိမ့်မည်ဟု ယေရှုရှင်ဩဝါဒပေးတော်မူ၏။ "ထိုနေ့၌ကား၊ သခင်၊ သခင် အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့်ဆုံးမဩဝါဒပေးပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသော တန်ခိုးတို့ကိုပြပါပြီမဟုတ်လောဟု အများသောသူတို့သည်လျှောက်ကြပါလိမ့်မည်၊ ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါထံမှဖယ်ကြဟု ထိုသူတို့အားအတိအလင်းငါပြောမည်။"

သူတို့မှားနေပါလျက် မှန်သည်ဟု ယုံမှတ်သူများရှိပါသည်။ ခရစ်တော်သည် သူတို့၏သခင်ဘုရားဖြစ်ကြောင်း အဆိုပြုကြပါလျက်၊ ကိုယ်တော်၏နာမတော်အားဖြင့်လည်း ကြီးမားသောကိစ္စရပ်များကို ဆောင်ရွက်ကြပါလျက် အဓမ္မအမှုကိုပြုနေသူများဖြစ်နိုင်ကြပါသည်။ "အလွန်ချစ်ဖွယ်သောလင်္ကာကိုနှုတ်နှင့်ပြသော်လည်း စိတ်နှလုံးမူကား လောဘဥစ္စာကိုစွဲလမ်းလျက်ရှိ၏။" ဟုဆိုထားရာ ဘုရားရှင်၏နှုတ်ကပါဌ်တော်တို့ကိုကြေညာသောသူအား သူတို့က "သင်၏စကားသည် ကောင်းမွန်စွာတီး၍ သာယာသောအသံနှင့် ပြည့်စုံသောသူဆိုသည့်

နှစ်သက်ဖွယ်သောသီချင်းကဲ့သို့ သူတို့၌ဖြစ်၍ သူတို့ကြားရသော်လည်း နားမထောင်တတ်ကြ" ဟုဆိုကြပါသည်။ ယေဇကျေလ ၃၃း၃၁၊၃၂။

ကိုယ်ကိုကိုယ်တပည့်တော်အမည်ခံရုံမျှဖြင့် အရေးပါအရာရောက်ပြီဟု မဆိုနိုင်ပါ။ အသက်ဝိညာဉ်ကိုကယ်တင်ခြင်းပေးသည့်ခရစ်တော်၌ယုံကြည်ခြင်းဆိုသည်မှာ– "ယုံကြည်ပါ၊ ယုံကြည်ပါ၊ ပညတ်တော်ကိုစောင့်ထိန်းရန်မလိုပါ" ဟု လူအများသရုပ်ဖော်နေသည့်အတိုင်းမဟုတ်ပါ။ နားထောင်ခြင်းမရှိသော ယုံကြည်ခြင်းမှာ အယူအဆများသာဖြစ်ပါသည်။ တမန်တော်ရှင်ယောဟန်က "ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသောသူသည် မုသားကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ" ဟုဖော်ပြထားပါသည်။ သူတို့၏လုပ်ရပ်များ (သို့မဟုတ်) သူတို့၏ထောက်ခံချက်သဘောတရားများစစ်မှန်ကြောင်းခိုင်လုံဖို့ အထူးစီမံဖန်တီးတတ်ရန်လိုသည် (သို့မဟုတ်) နိမိတ်လက္ခဏာထင်ရှားဖို့လိုသည်ဟု မည်သူမျှစွဲလမ်းခြင်းမရှိပါစေနှင့်။ ဘုရားရှင်၏နှုတ်ကပါဌ်တော်နှင့်ပတ်သက်၍ ပေါ့ပေါ့တန်တန်ပြောဟောလျက် သူတို့၏သဘောထားများ၊ ခံယူချက်များနှင့်လုပ်ဆောင်ချက်များကို ဘုရားရှင်ချမှတ်ထားသောစံနှုန်းထက်ပို၍ ဦးစားပေးကြပါက သူတို့၌အရဏ်မတက်သေးကြောင်း ကျွန်ုပ်တို့သိနိုင်ပါသည်။

နားထောင်မှုရှိမှသာ တပည့်တော်မှန်ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏မေတ္တာခံယူချက်များ ရိုးသားစစ်မှန်ကြောင်း ပညတ်တော်တို့ကိုစောင့်ထိန်းခြင်းအားဖြင့် သာဓကပြပါသည်။ ကျွန်ုပ်တို့လက်ခံကျင့်သုံးသည့်ဩဝါဒက ကျွန်ုပ်တို့စိတ်နှလုံးအတွင်း၌ရှိသော အပြစ်ဒုစရိုက်ပြုလိုသောစိတ်ကိုချုပ်ငြိမ်းစေလျက် အသက်ဝိညာဉ်ညစ်ညူးနေသည်ကိုဖြူစင်စေပြီး

သန့်ရှင်းသောအသီးစေပါက ဘုရားရှင်၏သမ္မာတရား
တော်ဖြစ်ကြောင်း ကျွန်ုပ်တို့သိရပေလိမ့်မည်။ စိတ်ကောင်းစေတနာမှန်
နှင့်ကြင်နာသနားတတ်ခြင်း၊ နူးညံ့သိမ်မွေ့သောသဘောထားနှင့်
ကိုယ်ချင်းစာနာတတ်ခြင်းများကို ကျွန်ုပ်တို့ဦထင်ရှားပါက၊ မှန်သော
အရာကိုလုပ်ဆောင်ရခြင်းကြောင်း ကျွန်ုပ်တို့ဝမ်းမြောက်ကြပါက၊ ကိုယ်ကို
ကိုယ်အရေးမပေးဘဲ ခရစ်တော်ဂုဏ်တော်ကိုသာ ကျွန်ုပ်တို့ဦးစားပေး
မြှင့်တင်ကြပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေအနေမှန်ပေလိမ့်မည်။
"ပညတ်တော်တို့ကိုစောင့်ရှောက်လျှင်" "ထိုသခင်ကို ကိုယ်တိုင်သိ
ကျွမ်းသည်" မည်၏။ ၁ယောဟန် ၂း၃။

**"ကျောက်ပေါ်မှာတည်သောကြောင့်**
**မပြိုမလဲနေ၏။" ရှင်မဿဲ ၇း၂၅။**

ခရစ်တော်၏နှုတ်တော်ထွက်စကားများကြောင့် လူတို့စိတ်လှုပ်
ရှားကြပါသည်။ သမ္မာတရားတော်၏အခြေခံသဘောတရားများသည်
ဘုရားတန်ခိုးပါလျက် တင့်အပ်လျောက်ပတ်သောကြောင့် တရားနာ
ပရိသတ်စိတ်ဝင်စားကြပါသည်။ ပရိသတ်၏စိတ်နှလုံးအသီးသီးကို
ဘုရားရှင်ရှာဖွေလျက်ရှိတော်မူကြောင်း ခရစ်တော်၏လေးနက်သော
သတိပေးနှိုးဆော်စကားများက ဖော်ပြနေပါသည်။ သူတို့၏ယခင်က
သဘောထားနှင့်အယူအဆများကို ကိုယ်တော်၏စကားလုံးများက အခြေ
အမြစ်မှစ၍ တိုက်ရိုက်ထိုးနှက်လိုက်ပါသည်။ ထိုကြောင့် ကိုယ်တော်
၏ဩဝါဒများကိုလက်ခံလိုက်နာမည်ဆိုပါက သူတို့၏သဘောထား
လုပ်ရှားမှုများနှင့်ဆက်စပ်နေသောအကျင့်ခလေ့များကို စွန့်ပယ်ပြောင်းလဲဖို့

လိုအပ်ပါသည်။ ယင်းသို့ပြောင်းလဲကြပါက ယုဒရဗ္ဗိဆရာတို့နှင့် နှစ်ပရိစ္ဆေဒများစွာတည်ဆောက်ခဲ့ကြသည့် အဆောက်အအုံကြီးကို ဖြိုလှဲရမည်ဖြစ်သောကြောင့် သူတို့၏ဘာသာရေးဆရာများနှင့်ထိပ်တိုက်တွေ့ရကြပေလိမ့်မည်။ ထိုကြောင့် ကိုယ်တော်၏တရားစကားများနှင့်ပတ်သက်၍ တရားနာပရိသတ်၏စိတ်နှလုံးအသီးသီးအတွင်း တုံ့ပြန်မှုရှိနေသော်လည်း သူတို့အသက်တာ၏လမ်းညွှန်အဖြစ် လက်ခံမည့်သူအနည်းငယ်မျှသာရှိပါသည်။

မင်္ဂလာတောင်းတော်မှဟောကြားတော်မူသည့်တရားတော်ကို ယေရှုရှင်နိဂုံးချုပ်တော်မူရာ၌ ယင်းတရားစကားများကိုလက်တွေ့ကျင့်သုံးဖို့ မည်မျှလောက်အရေးကြီးကြောင်း ကွင်းကွင်းကွက်ကွက်ပေါ်လွင်ထင်ရှားစေရန် သရုပ်ဆောင်လျက်ဖော်ပြတော်မူ၏။ ကယ်တင်ရှင်အားဝန်းရံလျက်ရှိသည့်တရားနာပရိသတ်ကြီး၌ မိမိတို့၏အသက်တာတစ်လျှောက်လုံး ဂါလိလဲပင်လယ်တစ်ဝိုက်တွင်နေထိုင်ခဲ့သူအများအပြားပါဝင်ပါသည်။ တောင်ကမ်းပါးယံ၌ထိုင်ကြလျက် ကိုယ်တော်၏တရားတော်ကို သူတို့နာယူနေကြစဉ် လျှိုမြောင်တောင်ကြားများမှ ပင်လယ်ရေပြင်ထိ စီးဆင်းသွားသောမြစ်ငယ်ချောင်းသွယ်များကို သူတို့မြင်နေကြပါသည်။ နွေရာသီ၌ ယင်းမြစ်ငယ်ချောင်းသွယ်များလုံးဝခန်းခြောက်ပျောက်ကွယ်သွားလေ့ရှိပါသည်။ ထိုကြောင့် ၎င်းနေရာများ၌သဲသောင်ပြင်များပေါ်ပေါက်လာတတ်ပါသည်။ သို့သော် ယင်းတောင်ကမ်းပါးယံများ၌ ရာသီအလိုက်လေမုန်တိုင်းများဆင်လာပြီး မြစ်ငယ်ချောင်းသွယ်များကြားမှ ကြောက်မက်ဖွယ်ရာအရှိန်အဟုန်ပြင်းထန်သည့်ရေလုံးကြီးများသည် ရုံဖန်ရုံခါတက်လာပြီး ထိုလျှိုမြောင်တောင်ကြားများ၌ရှိသမျှကို သယ်ဆောင်သွားတတ်ပါသည်။ ထိုအခါများ၌ လယ်သမားတို့က

အန္တရာယ်မရှိဟုထင်မှတ်သဖြင့် မြက်ခင်းများပေါ်တွင်တည်ဆောက်ထားကြသည့် တဲငယ်နှင့်နွားတင်းကုပ်စသည်များ ရေအဟုန်ဖြင့်မျောပါသွားတတ်ပါသည်။ မြင့်သောတောင်ကုန်းများပေါ်ရှိ ကျောက်ဆောင်များပေါ်၌လည်း နေအိမ်များတည်ဆောက်ထားကြပါသည်။ အချို့နေရာများရှိနေအိမ်များကို ကျောက်တုံးများဖြင့်ဆောက်လုပ်ထားကြပါသည်။ နှစ်ပေါင်းတစ်ထောင်မျှလောက် လေမုန်တိုင်းဒဏ်ကိုခံခဲ့ကြပြီးသည့် အဆောက်အအုံအချို့ရှိပါသည်။ ယင်းနေအိမ်များအခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံခဲ့ကြပြီးဖြစ်ပါသည်။ ယင်းနေအိမ်များအခက်အခဲမျိုးစုံကို ၎င်းတို့တည်နေရာများကလည်း မြက်ခင်းပြင်များ၌တည်နေသော အဆောက်အအုံများကဲ့သို့ဆွဲဆောင်မှုမရှိပါ။ သို့သော်၎င်းတို့ကိုကျောက်ပေါ်မှာတည်ဆောက်ထားသောကြောင့် လေမုန်တိုင်းဒဏ်ကိုခံရပ်နိုင်၍ ရေလွှမ်းမိုးခြင်းဘေးနှင့်ဝေးလိမ့်မည်။

ခရစ်တော်၏တရားစကားများကိုလက်ခံလျက် မိမိတို့၏အသက်တာနှင့်အကျင့်စာရိတ္တအတွက် အုတ်မြစ်သဖွယ်အသုံးပြုသောသူများသည်လည်း ကျောက်ပေါ်မှာ အိမ်ဆောက်သောသူများကဲ့သို့ဖြစ်ကြသည်ဟု ကိုယ်တော်မိန့်တော်မူ၏။ ရှေးရာစုနှစ်ပေါင်းများစွာမှ ပုရောဖက်ဟေရှာယ "ထာဝရဘုရား၏နှုတ်ကပါဌ်တရားမူကား ကာလအစဉ်အမြဲတည်၏" ဟု မှတ်တမ်းတင်ထားခဲ့ပါသည်။ ဟေရှာယ ၄၀း၈။ ထိုနောက်မင်္ဂလာတောင်တော်မှ ဒေသနာတော်ကိုဟောကြားပြီး၍ နှစ်ပေါင်းများစွာကြာညောင်းသောအခါ ပုရောဖက်ဟေရှာယ၏ယင်းကျမ်းစကားကိုပင် ရည်ညွှန်းလျက် ရှင်ပေတရု "ထိုနှုတ်ကပါဌ်တော်သည် သင်တို့အား ဟောပြောသောဧဝံဂေလိတရားဖြစ်သတည်း" ဟု ထပ်လောင်းမြွက်ဆိုထားပါသည်။ ၁ပေတရု ၁း၂၅။ ထာဝရဘုရား၏

နှုတ်ကပါဋ်တော်တစ်ခုတည်းသာလျှင် မဖေါက်မပြန်ဘဲ အစဉ်တည်မြဲကြောင်းကို ဤကမ္ဘာကသိထားပါသည်။ ၎င်းသာလျှင် စစ်မှန်သောအုတ်မြစ်ဖြစ်ပါသည်။ "ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ၏စကားတည်လိမ့်မည်" ဟုယေရှုရှင်မိန့်တော်မူ၏။ ရှင်မဿဲ ၂၄း၁၅။

မင်္ဂလာတောင်တော်မှခရစ်တော်ဟောကြားတော်မူခဲ့သည့် တရားစကားများ၌ ဘုရားသခင်၏သဘာဝဖြစ်သောပညတ်တော်၏မဟာအခြေခံသဘောတရားများပါဝင်ပါသည်။ ယင်းတရားစကားများအပေါ်၌ စာရိတ္တတည်ဆောက်သောသူများသည် ထာဝရကျောက်ပေါ်တွင်တည်ဆောက်သောသူများဖြစ်ပါသည်။ နှုတ်ကပါဋ်တရားတော်ကိုလက်ခံပါက ခရစ်တော်ကိုလက်ခံခြင်းဖြစ်ပါသည်။ ထိုသို့ကိုယ်တော်၏နှုတ်ကပါဋ်တော်စကားများကို လက်ခံသောသူတို့သာလျှင် ကိုယ်တော်၌စာရိတ္တတည်ဆောက်သောသူများဖြစ်ပါသည်။ "ယေရှုခရစ်တည်းဟူသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။" ၁ကော ၃း၁၁။ "ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ။" တမန်တော် ၄း၁၂။ ကိုယ်တော်၏ဂုဏ်တော်၊ ကိုယ်တော်၏ပညတ်တော်၊ ကိုယ်တော်၏မေတ္တာတော်နှင့်ကိုယ်တော်၏အသက်တာဖြစ်တော်မူသည့် နှုတ်ကပါဋ်တော်တည်းဟူသောခရစ်တော်သည် ထာဝရဘုရား၏ဗျာဒိတ်တော်ဖြစ်တော်မူလျက် ကျွန်ုပ်တို့အတွက် ကြံ့ခိုင်စိတ်ချရသောစာရိတ္တကိုတည်ဆောက်နိုင်သည့် တစ်ခုတည်းသောအုတ်မြစ်ဖြစ်တော်မူ၏။

ကိုယ်တော်၏နှုတ်ပါဌ်တော်ကို လိုက်နာစောင့်ထိန်းခြင်းအားဖြင့် ခရစ်တော်အပေါ်၌ ကျွန်ုပ်တို့စာရိတ္တတည်ဆောက်ကြပါသည်။ ဖြောင့်မတ်သောအရာ၌သာ ဖြောင့်မတ်ခြင်းကိုနှစ်သက်နေသောသူမဟုတ်၊ ဖြောင့်မတ်သောအမှုကိုပြုသောသူဖြစ်၏။ သန့်ရှင်းခြင်းဆိုသည်မှာ– ဘဝင်ကျနေခြင်း (သို့မဟုတ်) စိတ်အာရုံ၌ခံစားနေရခြင်းမျှသာမဟုတ်၊ ဘုရားရှင်အား လုံးဝဥဿုံဆက်ကပ်ထားခြင်း၏အကျိုးသက်ရောက်မှုဖြစ်ပါသည်။ ကောင်းကင်ဘုံရှင်အဘဘုရားသခင်၏အလိုတော်နှင့်ညီလျော်စွာ ဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။ ကတိထားတော်မူရာနိုင်ငံ၏နယ်စပ်သို့ ဣသရေလပရိသတ်ရောက်လာပြီး တပ်ချ၍နေကြသောအခါ ခါနာန်ပြည်၏အကြောင်းအရာများကိုသိရုံမျှနှင့်လည်းကောင်း၊ ခါနာန်ပြည်နှင့်ဆိုင်သောသီချင်းများကို စပ်ဆိုနိုင်ရုံမျှနှင့်လည်းကောင်း မလုံလောက်ပါ။ ဤမျှလောက်ဖြင့် ထိုမျှလောက်ကောင်းသောပြည်နယ်၏စပျစ်ဥယျာဉ်များနှင့်သံလွင်တောအုပ်များကို ပိုင်ဆိုင်ခွင့်ရလိမ့်မည်မဟုတ်ပါ။ သတ်မှတ်ထားသည့်စည်းကမ်းနည်းလမ်းများအတိုင်း လိုက်နာလျက်၊ ဘုရားရှင်၌အသက်ရှင်သောယုံကြည်ခြင်းထားလျက် ကိုယ်တော်၏ကတိတော်နှင့်အညီ၊ မိမိတို့ရထိုက်သောအမွေဝေစုကို ကိုယ်တော်၏လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ လက်တွေ့သွားရောက်သိမ်းပိုက်ကြမှသာ မိမိတို့အမှန်ပိုင်ဆိုင်သည်ဟုဆိုရပေလိမ့်မည်။

ဘာသာအယူဝါဒဟုဆိုရာ၌ ခရစ်တော်၏နှုတ်ပါဌ်တော်စကားများနှင့်အညီ ဆောင်ရွက်မှုပါဝင်ပါသည်။ ဘုရားရှင်၏ထံတော်မှ မျက်နှာသာရဖို့မဟုတ်ပါ၊ ကျွန်ုပ်တို့နှင့်လုံးဝမထိုက်တန်သော်လည်း ကိုယ်တော်၏မေတ္တာတော်ဆုကျေးဇူးများကို ကြွယ်ဝစွာရရှိခံစားရကြပြီးသောကြောင့် နားထောင်ခြင်းဖြစ်ပါသည်။ ခရစ်တော်အလိုတော်အရ

လူသားကယ်တင်ခြင်းရဖို့ လူသား၏ဂုဏ်ဒြပ်အပေါ်မူတည်ပါသည်။ ဖြောင့်မတ်ခြင်းဆိုင်ရာဆောင်ရွက်လုပ်ဆောင်မှုအပေါ်မူတည်ပါသည်။ ခရစ်တော်၏နောက်တော်သို့လိုက်သောသူများအနေဖြင့် အပြောမျှသာ မဟုတ်၊ အမှန်တကယ်လုပ်ဆောင်ကြဖို့လိုအပ်ပါသည်။ လှုပ်ရှားဆောင်ရွက်မှုအားဖြင့်သာ အကျင့်စာရိတ္တကိုတည်ဆောင်နိုင်ပါသည်။ "ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။" ရောမ ၈း၁၄။ ဘုရားရှင်၏ဝိညာဉ်တော်တို့ထိခြင်းကိုခံရသောသူများမဟုတ်၊ တန်ခိုးတော်ပြုပြင်ခြင်းကို တစ်ခါတစ်ရံခံစားရသောသူများမဟုတ်၊ ဘုရားသခင်၏ဝိညာဉ်တော်လမ်းညွှန်ပဲ့ပြင်ခြင်းကိုခံရသောသူများသာလျှင် ဘုရားရှင်၏သားဖြစ်ကြ၏။

သင့်အနေဖြင့် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူဖြစ်လိုသော်လည်း မည်သို့မည်ပုံအစပြုရမည်ဟု မသိဖြစ်နေပါသလား။ အမှောင်ထုအတွင်းသို့ရောက်နေသောကြောင့် အလင်းတရားကိုရှာဖို့ခက်နေပါသလား၊ သင်၌ရှိပြီးသမျှအလင်းတရားအတိုင်းလိုက်လျှောက်ပါ၊ ဘုရားရှင်၏နှုတ်ကပါဌ်တော်နှင့်ပတ်သက်၍ သင်သိနားလည်သမျှအတိုင်းလိုက်နာဖို့ စိတ်ဆုံးဖြတ်ပါ၊ ကိုယ်တော်၏နှုတ်ကပါဌ်တရားတော်၌ ကိုယ်တော်၏တန်ခိုးနှင့်ကိုယ်တော်၏အသက်ရှိပါသည်။ နှုတ်ကပါဌ်တရားတော်ကိုယုံကြည်ခြင်းအပြည့်အဝနှင့်လက်ခံပါက လိုက်နာစောင့်ရှောက်နိုင်ဖို့တန်ခိုးရလိမ့်မည်။ သင်ရရှိပြီးသောအလင်းတရားကို အလေးထားပါက ပို၍ကြီးမြတ်သောအလင်းတရားရောက်လာလိမ့်မည်။ သင့်အနေဖြင့် ဘုရားရှင်၏နှုတ်ကပါဌ်တော်အပေါ်စာရိတ္တတည်ဆောက်နေခြင်းဖြစ်သောကြောင့် ခရစ်တော်နှင့်သဏ္ဍာန်တူသည့်အကျင့်စာရိတ္တကို တည်ဆောက်ပြီးဖြစ်လိမ့်မည်။

ခရစ်တော်သည် အသက်ရှင်သောကျောက်ဖြစ်တော်မူသော ကြောင့် စစ်မှန်သောအုတ်မြစ်ဖြစ်တော်မူ၏။ ကိုယ်တော်အပေါ်၌ စာရိတ္တတည်ဆောက်သောသူအားလုံးအား အသက်ကိုပေးတော်မူ၏။ "အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက် ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။" "ထိုကျောက်နှင့်တစ်တိုက်လုံးသည် စေ့စပ်၍ကြီးပွားသဖြင့် သခင်ဘုရားအဖို့အလိုငှာ သန့်ရှင်းသောဗိမာန်တော်ဖြစ်၏။" ၁ပေတရု ၂း၅။ ဧဖက် ၂း၂၁။ အားလုံးသောကျောက်များသည်အုတ်မြစ်နှင့်တစ်သားတည်းစေ့စပ်ပြီးဖြစ်နေသည်မှာ တစ်ဆူတည်းသောအသက်တော်သည် အားလုံးတို့၌တည်သောကြောင့်ဖြစ်ပါသည်။ ယင်းအဆောက်အအုံကို မည်သည့်လေမုန်တိုင်းကမျှ ဖြိုလှဲနိုင်မည် မဟုတ်ပါ။

**"ဘုရားသခင်နှင့်အတူထာဝရ**
**အသက်ရှင်တော်မူသောကိုယ်တော်၌**
**လူတိုင်းအသက်ရှင်နိုင်ပါသည်။"**

ဘုရားသခင်၏နှုတ်ကပါဌ်တော်မှအပ အခြားသောအရာများ ပေါ်၌ တည်ဆောက်သောအကျင့်စာရိတ္တအဆောက်အအုံများပြိုလဲ ပေလိမ့်မည်။ ခရစ်တော်ခေတ်က ယုဒလူများကဲ့သို့လူသားသဘော တရားများနှင့်အယူအဆများ၊ လူတို့တီထွင်ထားသည့်ထုံးစံဓလေ့များနှင့် အခမ်းအနားများ (သို့မဟုတ်) ခရစ်တော်၏ကျေးဇူးတော်ကိုအမှီမပြုဘဲ သူတို့၏ဆောင်ရွက်မှုအမျိုးမျိုးကိုအုတ်မြစ်ပြုလျက် တည်ဆောက်ကြ သည့် အကျင့်စာရိတ္တအဆောက်အအုံများသည် မတည်ငြိမ်သောသဲပေါ်မှာ တည်ဆောက်သော အဆောက်အအုံများဖြစ်ပါသည်။ ပြင်းထန်သည့်

စုံစမ်းနှောင့်ယှက်ခြင်းဆိုင်ရာမိုးသက်မုန်တိုင်းဆင်လာပါက မတည်ငြိမ်သော ယင်းသဲအုတ်မြစ်ကို ရေတိုက်စားသွားပေလိမ့်မည်ဖြစ်ရာ ၎င်းအဆောက်အအုံသည်လည်း အချိန်ကာလဆိုင်ရာကမ်းခြေမှာ အမှိုက်ပုံဖြစ်လျက် ကျန်ရစ်လိမ့်မည်။ "အရှင်ထာဝရဘုရားက..........တရားမှုကိုဆုံးဖြတ်ခြင်း၊ ဖြောင့်မတ်စွာစီရင်ခြင်းကို မျဉ်းကြိုးနှင့်မှန်ထုပ် (ချိန်သီး) အားဖြင့် ငါပြုမည်၊ မိုးသီးရွာ၍ ကိုးစားစရာမုသားကိုပယ်ရှားလိမ့်မည်၊ ပုန်းကွယ်ရာအရပ်ကိုလည်း ရေလွှမ်းမိုးလိမ့်မည်" ဟုမိန့်တော်မူ၏။ ဟေရှာယ ၂၈း၁၆၊၁၇။

"အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်းဆိုးသောသူသည် အသေခံခြင်းအမှုကိုငါနှစ်သက်သည်မဟုတ်၊ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့၊ သင်တို့လိုက်သောလမ်းမှလွှဲကြလော့၊ လွှဲကြလော့ အဘယ်ကြောင့်အသေခံလိုကြသနည်း" ဟုယနေ့အပြစ်သားကိုလည်း ကရုဏာတော်ဖြင့်ဖျောင်းဖျ၍ခေါ်နေတော်မူ၏၊ ယေဇ၊ ၃၃း၁၁။ နောက်တသံဝေဂမရသောလူအား ယနေ့ပင်ခေါ်လျက်နေတော်မူသောအရှင်သည် မိမိမြတ်နိုးတော်မူသောမြို့တော်ကြီးကို ရှုစားတော်မူလျက် ပြင်းစွာသောစိတ်ဝေဒနာကိုခံစားရသဖြင့် "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့သင်သည် ပရောဖက်တို့ကိုသတ်မြဲရှိ၏၊ သင်ရှိရာသို့စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏၊ ကြက်မသည် မိမိ၏သားငယ်တို့ကိုအတောင်အောက်၌စုရုံးသကဲ့သို့သင်၏သားတို့ကိုစုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာငါအလိုရှိ၏၊ သင်မူကားအလိုမရှိ၊ သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏" ဟုနှုတ်မြွက်တော်မူ၏၊ ရှင်လုကာ ၁၃း၃၄၊၃၅။ မိမိ၏ကျေးဇူးတော်

ကိုမထီမဲ့မြင်ပြုလျက် မိမိအားငြင်းပယ်သောဤကမ္ဘာလောကကိုလည်း ယေရုရှလင်မြို့၌ပင် ဥပမာပုံစံအဖြစ် ယေရှုရှင်ရှုမြင်တော်မူ၏။ အို ခေါင်းမာသောသူ၊ သင့်အဖို့ကိုယ်တော်မျက်ရည်ကျတော်မူပါသည် တကား။ ထိုအချိန်ကမင်္ဂလာတောင်တော်ပေါ်မှယေရှုရှင်မျက်ရည်ကျ တော်မူစဉ်က ယေရုရှင်မြို့တော်အနေဖြင့် နောင်တရဖို့အချိန်မနှောင်း သေးပေ။ ကြမ္မာဆိုးမှလွတ်မြောက်ဖို့အချိန်ရှိပါသေးသည်။ ကောင်းကင် ဆုကျေးဇူးတော်ကိုလက်ခံဖို့ အနည်းငယ်မျှသာကျန်သောအချိန်ကလေး အတွင်း ကိုယ်တော်စောင့်နေတော်မူသေး၏။ ထို့ကြောင့် အိုအသား နှလုံး "ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏၊ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့် အတူစားသောက်မည်၊ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့် မည်" ဟူ၍လည်းကောင်း၊ "ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏၊ ယခုပင် ကယ်တင်ရာနေ့ရက်ကာလရှိ၏" ဟူ၍လည်းကောင်း ယေရှုရှင် သည်မေတ္တာတော်အသံဖြင့် သင့်အားစောင့်၍ခေါ်နေတော်မူ၏။ ဗျာဒိတ်ကျမ်း ၃း၂၀။ ၂ကောရိန်သု ၆း၂။

မိမိကိုယ်တိုင်ကိုကိုးစားလျက် အကျင့်စာရိတ္တတည်ဆောက်နေ သောသူသည် မတည်ငြိမ်သောသဲပေါ်မှာ အိမ်ဆောက်သောသူနှင့်တူ၏။ သို့သော် ပျက်စီးဖို့အန္တရာယ်နီးကပ်လွန်းပြီဟု မဆိုနိုင်သေးပါ။ လွတ် မြောက်ရာနည်းလမ်းရှိပါသေးသည်။ မိုးသက်မုန်တိုင်းမဆင်မီ သေချာ သောအုတ်မြစ်ရှိရာသို့ပြေးဝင်ပါ။ "အရှင်ထာဝရဘုရားက စုံစမ်းသော အမြစ်ကျောက်တည်းဟူသောမလှုပ်နိုင်အောင် မြဲမြံသောတိုက်ထောင့် အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာငါချထား၏၊ ထိုကျောက်ကို အမှီပြုသောသူသည် ပြေးရသောအကြောင်းမရှိ။" "မြေကြီးစွန်းသား အပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့၊

ငါသည် ဘုရားသခင်ဖြစ်၏၊ ငါမှတစ်ပါးအခြားသောဘုရားမရှိ။”
“မစိုးရိမ်နှင့်၊ ငါသည်သင့်ဘက်မှာရှိ၏၊ မကြောက်နှင့်၊ သင်၏ဘုရား
သခင်ငါသည် သင့်ကိုခိုင်ခံ့စေမည်၊ သင့်ကိုစောင့်မမည်၊ ငါ့သစ္စာ
လက်ယာလက်ဖြင့်ထောက်ပင့်မည်။” “သင်တို့သည်ရှက်ကြောက်ခြင်း၊
မှိုင်တွေခြင်းနှင့်ကမ္ဘာအဆက်ဆက်ကင်းလွတ်ကြလိမ့်မည်။” ဟေရှာယ
၂၈း၁၆။ ၄၅း၂၂။ ၄၁း၁၀။ ၄၅း၁၇။

---ooo---